# သဒ္ဒါတာမန်

# သစ္စာတာဖို

" ပြုစုသူ "

မြကဝိန်

( ဦးကဝိဓဇာဘိဝံသ )

သီရိပဝရဓမ္မာစရိယ ပါဠိပါရဂူ

အောင်မြေမင်္ဂလာကျောင်း

မိုးကုတ်မြို့ ။

ဣဿာသယပိဋကတ်စာပုံနှိပ်တိုက်

၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၁၇။ ၅၂၅ ကောဇာ-၁၃၃၅။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်

**ကင်းလွတ်ခွင့်အမှတ် (၀၂၁၀၆)**

* ထုတ်ဝေသူ — ဦးကဝိဓဇာဘိဝံသ
အောင်မြေမင်္ဂလာကျောင်း
စည်ပင်သာယာရပ်၊ မိုးကုတ်မြို့။

* ပုံနှိပ်သူ — ဦးသန်းမောင်
ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၇၉၄)
ဣစ္ဆာသယ စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

## ဓမ္မဒါန

**ပထမအကြိမ် စာအုပ်ရေ - ၂၀၀၀။**

၁၃၃၅-ခု၊ တော်သလင်းလ။ ၁၉၇၃-ခု၊ စက်တင်ဘာ

# စာအုပ်လမ်းညွှန်


| (ဂန်း | အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | ဦးဝင်းနိုင် (ဘီ-အီ-ဒီ) ၏ မိတ်ဆက် အမှာ | (စ) |
| | | သစ္စာကန်တော့ပန်း | (ဈ) |
| | | နိဒါန်း | (ဋ) |
| (၁)အတိမ်-အနက် | ၁ | မသိသံသရာ | ၁ |
| ။ | ၂ | ဉာဏ်မျက်စိ | ၁၆ |
| ။ | ၃ | ရုပ်ကို တည်ဆောက်သောစိတ် | ၁၈ |
| ။ | ၄ | အသိ(၃)မျိုး | ၁၉ |
| ။ | ၅ | ဘဝဇာတ်ဆရာ | ၂၀ |
| ။ | ၆ | အတုမရှိချမ်းသာ | ၂၂ |
| ။ | ၇ | အမှန်ကိုဖုံးကွယ်သောအမှား | ၂၅ |
| ။ | ၈ | ကုန်တတ်သောသုခ | ၂၆ |
| ။ | ၉ | ဒုက္ခကိုငွေပေးဝယ်ခြင်း | ၂၇ |
| ။ | ၁၀ | အမိုက်ထဲကရွှေ | ၂၉ |
| ။ | ၁၁ | ရှုပနန္ဒာ၏ အလှရှူး ကကွက် | ၃၀ |
| (၂)အမှီ-အတွယ် | ၁၂ | အတ္တာဟိ အတ္တနော နာထော လမ်းစဉ် | ၄၆ |
| ။ | ၁၃ | လူသားတာဝန် | ၄၇ |
| ။ | ၁၄ | ကမ္ဘာ့တာဝန် | ၅၀ |

စာအုပ်လမ်းညွှန်


| အခန်း | အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ။ | ၁၅ | နိုင်ငံတာဝန် | |
| ။ | ၁၆ | မိမိတာဝန် | |
| ။ | ၁၇ | ကိုယ့်ကိုယ်ကို ဝေဖန်ရေး | |
| ။ | ၁၈ | ဝေဖန်ခံရခြင်း | ၅၂ |
| ။ | ၁၉ | အားကိုးရာလျှင်ဘယ်မှာ ရှိသနည်း | ၅၇ |
| (၃)အကျင့်-အကြံ | ၂၀ | ကမ္ဘာပျက်ပုံ | ၆၇ |
| ။ | ၂၁ | ကမ္ဘာတည်ပုံ | ၇၁ |
| ။ | ၂၂ | အပရာဇိတပလ္လင်မြေနှင့် ကြာပန်း | ၇၄ |
| ။ | ၂၃ | မြေထု-ရေထု-လေထုနှင့် လျှောင်လုပ်ခြင်း | ၇၅ |
| ။ | ၂၄ | မြင့်မိုရ်စကြဝဠာ | ၇၆ |
| ။ | ၂၅ | ကမ္ဘာကြီး၏ပုံသဏ္ဍာန် | ၇၈ |
| ။ | ၂၆ | ကမ္ဘာဦးလူ့အစ | ၇၉ |
| ။ | ၂၇ | နေ-လ-၊ နေ့-ည၊ လဆန်း-လဆုတ် | ၈၀ |
| ။ | ၂၈ | လဗိမာန်သို့ လူရောက်-မရောက် | ၈၃ |
| ။ | ၂၉ | ရာသီဥတု | ၈၄ |
| ။ | ၃၀ | နေ့တာ-ညတာ | ၈၆ |
| ။ | ၃၁ | နေကြတ်-လကြတ်ခြင်း အကြောင်း | ၉၇ |

| | အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ။ | ၃၂ | ကမ္ဘာဦး လူ့အစာအမျိုးမျိုး | ၉၀ |
| ။ | ၃၃ | ယောကျ်ား-မိန်းမအစ | ၉၀ |
| ။ | ၃၄ | မေထုန်မှုနှင့် အိုးအိမ် ပေါ်လာခြင်း | ၉၁ |
| ။ | ၃၅ | ခိုးမှု-လိမ်မှုများ စတင်ခဲ့ခြင်း | ၉၂ |
| ။ | ၃၆ | ကမ္ဘာဦးလူတန်းစားကြီး လေးရပ် | ၉၃ |
| ။ | ၃၇ | လေးကျွန်းတမြင့်မိုရ်လူ့ပြည်နှင့် တိုက်ကြီးခြောက်တိုက် လူ့ပြည် | ၉၅ |
| ။ | ၃၈ | အသက်တမ်း-အတိုးအဆုတ် | ၉၇ |
| ။ | ၃၉ | ခေတ်ဆိုး | ၉၈ |
| ။ | ၄၀ | ခေတ်ကောင်း | ၉၉ |
| ။ | ၄၁ | ဝမ်းတထွာနှင့် ဒုစရိုက်မှု | ၁၀၀ |
| ။ | ၄၂ | စီးပွားရေးသောင်းကျန်းမှု | ၁၀၁ |
| ။ | ၄၃ | ကမ္ဘာကိုထုလုပ်သော ပန်းပု ဆရာ | ၁၀၃ |
| ။ | ၄၄ | အသက်တိုခြင်းရှည်ခြင်း | ၁၀၄ |
| ။ | ၄၅ | တရားနှင့် မိုးလေဝသ | ၁၀၇ |
| ။ | ၄၆ | မိုးရွာခြင်းအကြောင်းရှစ်ပါး | ၁၀၈ |
| ။ | ၄၇ | နတ်ရှိသလား | ၁၀၉ |
| ။ | ၄၈ | နတ်ဘဝကိုလေ့လာခြင်း | ၁၁၀ |

စာအုပ်လမ်းညွှန်


| အခန်း | အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ။ | ၄၉ | မိုးလေဝသကို ဖန်တီးနိုင်သောနတ် | ၁၁၁ |
| ။ | ၅၀ | ဘဝပေးအစွမ်းသတ္တိ | ၁၁၉ |
| ။ | ၅၁ | မိုးလေဝသကိုဓမ္မ–အဓမ္မဖြင့် စမ်းသပ်သူ | ၁၁၅ |
| (၄)အရှက်အကြောက် | ၅၂ | ကျားစေဥ်းလဲ | ၁၁၉ |
| ။ | ၅၃ | သိမ္မ–ကျင့်မှု | ၁၂၀ |
| ။ | ၅၄ | ဆိတ်ကွယ်ရာနှင့် မကောင်းမှု | ၁၂၁ |
| ။ | ၅၅ | စိတ်၏ကွယ်ရာ | ၁၂၃ |
| ။ | ၅၆ | ရသေ့တသောင်းနှင့် ဥရုဝေလ | ၁၂၃ |
| ။ | ၅၇ | ဆိတ်ကွယ်ရာဘယ်မှာလဲ | ၁၂၄ |
| ။ | ၅၈ | လောကပါလတရား ၂–ပါး | ၁၂၆ |
| ။ | ၅၉ | ရှက်တတ်အောင်လေ့လာနည်း | ၁၂၈ |
| ။ | ၆၀ | ကြောက်တတ်အောင်လေ့လာနည်း | ၁၃၀ |
| ။ | ၆၁ | ဓမ္မနိယာမ | ၁၃၂ |
| ။ | ၆၂ | ခလုတ်ထိမှ အမိတ | ၁၃၃ |
| ။ | ၆၃ | အရှက် နှင့် အသက် | ၁၃၄ |
| ။ | ၆၄ | ခန္တီဝါဒီ | ၁၃၆ |

# စာအုပ်လမ်းညွှန်


| အခန်း | အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| (၅)သစ္စာတမန် | ၆၅ | သစ္စာအနက်ရှာဖွေခြင်း | ၁၅၁ |
| ။ | ၆၆ | ဒုက္ခဝါဒ | ၁၅၄ |
| ။ | ၆၇ | စိတ်ကိုထိန်းမတ်နည်း | ၁၅၆ |
| ။ | ၆၈ | အာဠဝကာချွတ်ခန်း | ၁၅၈ |
| ။ | ၆၉ | ဘဝလွှတ်မြောက်ရေး လမ်းသုံးသွယ် | ၁၈၁ |
| ။ | ၇၀ | ၁-သိစရာဒုက္ခ | ၁၈၁ |
| ။ | ၇၁ | ကလေးတမန် | ၁၈၃ |
| ။ | ၇၂ | သူအိုတမန် | ၁၈၉ |
| ။ | ၇၃ | သူနာတမန် | ၁၉၃ |
| ။ | ၇၄ | အကျဉ်းသားတမန် | ၁၉၆ |
| ။ | ၇၅ | သူသေတမန် | ၂၀၁ |
| ။ | ၇၆ | သိရိမာအလောင်းကိုလေလံ တင်ခြင်း | ၂၀၇ |
| ။ | ၇၇ | သံဝေဂဝတ္ထုရှစ်ပါး | ၂၁၀ |
| ။ | ၇၈ | ၂-ပယ်စရာတဏှာ | ၂၁၁ |
| ။ | ၇၉ | စိတ်ကိုဖျက်ဆီးသူ | ၂၁၂ |
| ။ | ၈၀ | စိတ်ကို ဆေးကြောနည်း | ၂၁၅ |
| ။ | ၈၁ | ၃-ပွားစရာမဂ္ဂင် | ၂၁၇ |
| ။ | ၈၂ | မသေဆေးရှာဖွေခြင်း | ၂၁၉ |
|  |  | နိဂုံး | ၂၃၂ |

# ဝိတ်ဆက်အမှာ

ဤ "သစ္စာတမန်" ကို ပြုစုသူ မြကဝိန် (ခ) ဦးကဝိဇောတိ ဝံသမှာ တချိန်က ဗုဒ္ဓ ဓမ္မ လောက တရား စာစောင်တွင် "ဇေယျ အရှင်ကဝိဇ"အမည်ဖြင့် ဆောင်းပါးများ ရေးသား၍ လှူကြိုက်များခဲ့သော စာပေလုပ်သားဟောင်း တပါးပင် ဖြစ်ပါသည်။

မြောင်းမြမြို့ "အဂ္ဂမဟာပဏ္ဍိတ" ဇေယျမေဒနီ ဆရာတော်ကြီးသည် ဤအရှင်ကို စာရေး သင်ပေးလိုက်သော ဆရာတဆူဖြစ်၏၊ စာပေရေးရာ ကိစ္စမှန်သမျှကို ဆရာတော်ကြီးက နှုတ်မှ ပြော၍ ဤအရှင်ကို လိုက်ရေးစေခြင်း၊ အကြမ်း ရေးခိုင်းခြင်း၊ တိုက်(ပ်)ရိုက်စေခြင်း စသည်ဖြင့် အလိုလို စာရေးသင်ပေးပြီး သားဖြစ်အောင် ဆောင်ရွက်ခဲ့သည်၊ ထို့ကြောင့် ဤအရှင်၏ ကလောင်စွမ်းသည် ငယ်စဉ်ကပင် ထက်ခဲ့သည်ဟု ဆိုရပေမည်၊ "ဇေယျ ရှင်ကဝိဇ" ဟူသော ဓမ္မ ဆောင်းပါးရှင် အမည်ကို သာမဏေဘဝကပင် တွေ့မြင်ခဲ့ရပါသည်။

သူဝါသနာပါသော စာရေးခြင်းအလုပ်ကို ရဟန်း (၅)ဝါ ရသည့်အထိ ဆက်တိုက် လုပ်ဆောင်ခဲ့ပြီး မအားလပ်သော သာသနာ့ တာဝန် အရပ်ရပ်ကြောင့် ဗုဒ္ဓ ဓမ္မ လောက၏ ဆောင်းပါးရှင် အဖြစ်မှ ယခု အချိန်အထိ ပျောက်ကွယ် နေခဲ့ခြင်း ဖြစ်သည်၊ သူသည် ခုနစ်နှစ် တိုင်တိုင် လစ်လပ်ခဲ့သော စာရေးခြင်း အလုပ်ကို ဤ "သစ္စာတမန်" ဖြင့် အားရပါးရ ပြန်လည်ဖြည့်တင်းရင်း စာရှုသူတို့၏ မျက်မှောက်သို့ နောက်ထပ် တကြော့ဦးလှည့် ရောက်ရှိလာခဲ့ပါပြီ။

ကျွန်ုပ်သည် ဤအရှင်၏ ပုံမနှိပ်ရသေးသော "သစ္စာတမန်" မူကြမ်းကို လေ့လာ ဖတ်ရှုခွင့် ရခဲ့ပါသည်၊ သူငယ်စဉ်က ရေးသားပုံနှင့် ယခု ရေးသားပုံတို့၏ ထူးခြားချက်တခုကို သတိပြုမိ၏၊ သူ၏ ငယ်စဉ်ရေးစာပေများမှာ အတွေးအခေါ်ကိုသာ ပမာနထားခဲ့၏၊ ဤ "သစ္စာတမန်" တွင်ကား အတွေးအခေါ်ထဲမှာပျင်းရိခြောက်သွေ့နေသည့် စာဖတ်ပရိသတ်ကို "ဗုဒ္ဓစာပန်းချီ" ဇာတ်လမ်းကလေးများဖြင့် ထိုးဇာတ်ခင်း၍ ဆွဲဆောင်ခေါ်ငင်သွားသည်မှာ အရသာတမျိုးထူးသော သူ၏ တီထွင်ဆန်းသစ်ချက်ပင် ဖြစ်၏။

ဤ "သစ္စာတမန်"သည် ဘာသာရေး စာပေကို ခြောက်သွေ့တတ်သူများ အတွက်ပင် စိတ်ပါဝင်စား အကြိုက် တွေ့စေမည့် ဆွဲဆောင်အားကောင်းသည့် စာအုပ်တအုပ်ဖြစ်၏၊ အချို့အခန်းများတွင် လက်တွေ့ ဖြစ်ရပ်များကို ဝတ္ထုသဘွယ် ဇာတ်အိမ်ဖွဲ့၍ စာပန်းချီ ခြယ်သထား၏၊ထို့ကြောင့် ဘာသာရေး သဘာဝတ္ထုကို ကွက်ကွက်ထင်ထင် မြင်လာအောင် လက်တွေ့ လောကထဲမှ ထုတ်ဆောင် ပေါ်ပြသော စာအုပ်တအုပ်ဟုလည်း "သစ္စာတမန်" ကို ဆိုနိုင်၏။

ဤအရှင်သည် ဥပရိပဏ္ဏာသ-ဒေဝဒူတ သုတ်တွင် ဗုဒ္ဓ ဟောပြခဲ့သည့် သေမင်းတမန်နှင့် တူသော (ကလေး-သူအို-သူနာ-အကျဉ်းသမား-သူသေ) တို့ကို "သစ္စာတမန်" ဟူသော ခေတ်အမည်တမျိုးဖြင့် သုံးစွဲထားခြင်း ဖြစ်သည်၊ "အကန်းတစ္ဆေ မကြောက်" ဆိုသလို ဘဝ အမှောင်ထဲတွင် ကချတ်ကင်း လျှောက်၍ ပဋိသန္ဓေ၊ အို၊ နာ၊ သေရေး ဒုက္ခဘေးတို့ကို

(ည) သစ္စာကန်တော့ပန်း

သစ္စာသံ မြည်ထစ်ကြိုးပါလို့
သစ္စာခိုး ဝေထက်သာဝေ။
သစ္စာနတ် ပရမေသည်–
သစ္စာရေ ချွေသွန်းလို့
သစ္စာခွန်း သစ္စာလှုင်
သစ္စာဖွဲ့ထွင်။
သစ္စာမှူး သစ္စာရှင်ကို–
သစ္စာတင် ဦးညွတ်ရှိခိုး။ ။

မြကဝိန်။

# နိဒါန်း

စာပေ သမားတိုင်း၏ အဓိက ခံယူချက်မှာ စာပေအနုပညာ အမွေအနှစ်ကို ထိန်းသိမ်းရန်နှင့် ယင်းစာပေ၏ အဆီအနှစ်ကို စာပေလေ့လာသူ သုတေသီတို့က ထုတ်ယူ ခံစားနိုင်ရေး၊ အသိဉာဏ် နယ်ပယ် ကျယ်ဝန်းစေရေးဖြစ်ပါသည်။

ကျွန်ုပ်တို့လည်း ဤခံယူချက်ကို ဦးတည်၍ စာပေလေ့လာသူတို့ ရှေ့မှောက်အရောက် "သစ္စာတမန်" ကို စိုက်ပျိုး ပေးလိုက်ပါပြီ၊ ဤသစ္စာတမန်တွင် အရွက်လည်းပါ၏၊ အပွင့်လည်းပါ၏၊ အသီးလည်းပါ၏၊ စားသုံးသူတို့က ကြိုက်ရာကို ရွေးချယ်စားသုံးကြရန်ပင် ဖြစ်ပါသည်၊ စားသုံးသူတို့အတွက် စားသုံးစရာ အနည်းဆုံး တခုမျှပါလာ၍ သိမ်မွေ့သောစိတ်၏ ဩဇာအာဟာရ ဖြစ်စေနိုင်လျှင် သစ္စာတမန်ကို စိုက်ပျိုး ရကျိုးနပ်ပါပြီ၊ စိုက်ပျိုးသူတွင် ရရှိလာသောပီတိဖြင့် ကလောင်ကိုင်၍ ညောင်းခဲ့ရသော လက်ကလေးများကို နှစ်သိမ့် စေနိုင်ပါပြီ။

သစ္စာတမန်တွင် ကမ္ဘာကြီး၏ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ ငြိမ်းချမ်းမှု၊ ဆူပူမှုများကို ဖန်တီးပေးနေသူအား (ဘဒ္ဒကမ္ဘာဦးသမိုင်း)ကိုပါ လှန်ပြီး ဗုဒ္ဓအလိုကျ ရှာပြထားပါသည်၊ ကမ္ဘာကြီးကို ဆူပူမှုဖန်တီးပြီး မီးလောင်တိုက်ထဲသွင်းမည့် တရားခံကို ကမ္ဘာသားတိုင်းက ဝိုင်းဝန်းပိတ်ဆို့ တားမြစ်ကြစေ လိုသော အချက်မှာ သစ္စာတမန်၏ "အဓိကဆန္ဒ"ဖြစ်ပါသည်။

မျက်စိနှင့် နားရွက်လို နီးလျက်နှင့် ဝေးနေရသော ကမ္ဘာသားတို့၏ ပတ်ဝန်းကျင်မှ (ခန့်အပ်လွှာမပါသည့်) သဘာဝတမန်တော်ငါးဦး၊ ယင်းတို့၏လုပ်ရှားချက်၊ တာဝန်ထမ်းဆောင်

ချက်၊ တမန်တော်တို့၏အပေါ် ကမ္ဘာသားတို့က မြင်သင့်သည့် အချက်၊ တမန်တော်တို့၏ဘဝမှ အမှန်တရားကို ထုတ်ယူတတ်ရန် အချက်အလက်များအပြင် တမန်တော်တို့၏ဘဝကို သင်္ကေတားစားယူ၍ ဤသို့သော ဘဝဆိုးမှ လွတ်မြောက်ရန် ရုန်းကန်လှုပ်ရှားကြ စေလိုသော အချက်သည်လည်း သစ္စာတမန်၏ "အာသီသ"ဖြစ်ပါသည်။

သစ္စာတမန်တို့သည် သူငယ်အပေါင်း၏ လက်တွင် ရှိနေသော ကစားစရာအရုပ်ကလေးများနှင့်တူကြ၏၊ ကလေးတို့သည် အရုပ်ကလေးကို အရုပ်ကလေးလိုသာမြင်ကြ၏၊ အရုပ်ကလေး၏ ဟိုဟိုဒီဒီ လူးလိမ့်နေရသောဒုက္ခကို မမြင်ကြ၊ အရုပ်ကလေးကိုယ်တိုင်ကလည်း သူ့ဒုက္ခကိုသူမသိ၊ အရုပ်ကလေး၏ ဘဝနှင့်သဘောကို ကိုယ့်ဘဝနှင့်နှိုင်းနှော၍ နက်နက် နှောနှော မတွေးတတ် မမြင်တတ်ကြချေ၊ သတ္တဝါတို့လက်မှာ ရှိနေပြီ ဖြစ်သော သစ္စာတမန်တို့မှာလည်း အလှအပ ကစားစရာ၊ ကာမဂုဏ်စိတ်၏ အသုံးတော်ခံရာ အနေဖြင့်သာ သတ္တဝါတို့က သဘောထားကြ၏၊ မရအရရှာကြံကြ၏၊ အမှန်တရား ရှာကြံရမည့် နေရာတွင်ကား အရေးမစိုက်ဘဲ ချောင်ထိုးခံ ဘဝမှာပင် ထားကြလေသည်၊ ယင်းသို့ ချောင်ထိုး စွန့်ပစ်ခံထားရသောအမှိုက် အရှုပ်ပုံထဲမှ အမှန်တရားနှင့် တူသော အဘိုးတန် ရတနာ ရွှေငွေများကို ကျင်ထုတ် ရယူကြစေလိုသော သဘောရင်း မှာလည်း သစ္စာတမန်၏ "ရည်ရွယ်ချက်" ဖြစ်ပါသည်။

သခါရလောက ဘော်ဒီ ကိုယ်ထည် ပေါ်တွင် အချက်ပြခလုတ် အပြောက်အမြား ပါသော သုစရိုက်စက် တပ်ဆင်၍ "သစ္စာတမန်"ကို တည်ဆောက်ထားပါသည်။

နေ–လ–ကမ္ဘာ–စကြာဝဠာ တို့နှင့် ပတ်သက်၍ လောက၏ အကြောင်းအရာကို ဂဃနဏ အတိအကျသိနိုင်သော "ဓမ္မပညာရှင်"ကြီးတို့၏ မိန့်ဆိုချက်ကိုသာ ကျွန်ုပ်တို့က တဆင့် ပြန်လည်တင်ပြခြင်းဖြစ်ပါသည်၊ ကျွန်ုပ်တို့၏ အသိဉာဏ်ဖြင့် သိရသော အကြောင်းအရာများမဟုတ်ပါ၊ ယင်းသို့ အတိ အကျ သိနိုင်သော အဆင့်အတန်းသို့ရောက်အောင် ကျွန်ုပ်တို့လည်း များစွာကြိုးပမ်းရန် ကျန်ပါသေးသည်။ လောကဓာတ်ပညာရှင် တို့ကလည်း လောကဓာတ် ပညာနှင့် တိုင်းတာ၍ နေ–လ–ကမ္ဘာ–စကြာဝဠာတို့၏ အကြောင်းအရာများကို ဖော်ထုတ်လက်ခံ ထားကြ၏၊ ယင်းတို့၏ထုတ်ဖော်ချက်ကို ကမ္ဘာသား အများစုက လက်ခံသည့်အဆင့်အထိသို့ပင် ရောက်နေလေပြီ။

သို့သော်–ဓမ္မ ပညာရှင်တို့၏ သိမြင်ချက်နှင့်ကား အနည်းအကျဉ်းလောက် တူသည်မှအပ ကွာခြားချက် များစွာ ရှိနေပါသေးသည်၊ အကယ်၍ လောကဓာတ်ပညာရှင်တို့သည် ဓမ္မပညာရှင်တို့၏ အသိဉာဏ် အဆင့်အထိ ရောက်အောင် ကြိုးစားနိုင်မည်ဆိုလျှင်တော့ ယင်းတို့၏ ယူဆချက်များ တမျိုးတဖုံပြောင်းလဲသွားနိုင်စရာ ရှိပါသည်၊ ယူဆချက်ချင်းလည်း တူညီသွားနိုင်ပါသည်၊ ကိုယ်တိုင် လက်တွေ့ သိနိုင်သည့် အဆင့်အတန်း မရှိသေးသော ကျွန်ုပ်တို့မှာလည်း မည်သူ၏ ယူဆချက်ကသာ မှန်သည်၊ မည်သူ၏ ယူဆချက်မှာ ရယ်စရာသာ ဖြစ်သည်ဟု အကြောက်အကန် ငြိစကားနွှားရ မငြင်းလိုတော့ပါ။

သစ္စာတမန်သည်ဘာသာရေး၏သားပျိုတယောက်ဖြစ်သဖြင့် ဘာသာဘာခင်ကြီးက မကြိုက်သော "ဝိဝါဒ" မှန်သမျှကို

စက်ဆုပ်ရမည်သာ ဖြစ်ပါသည်၊ မိမိဘဝ မိမိမျိုးရိုးက ပေးအပ်လာသော "ဘာသာရေးတာဝန်" ကိုသာ သစ္စာတမန်က ဦးဆွေး ဆံမြွေ ထမ်းဆောင်သွားပါမည်။

"ရုပ်ဆိုးလျှင် လူဆိုး၏၊ ရုပ်လှလျှင် လူလှ၏ ဟု ဗုဒ္ဓက ဟောပြတော်မမူ၊
စိတ်ဆိုးလျှင် လူဆိုး၏၊ စိတ်လှလျှင် လူလှ၏ ဟုသာ ဗုဒ္ဓက ဟောပြတော် မူခဲ့၏"။

လောကကြီး၏ "အလှ" ကို ရှာပြရာတွင် သစ္စာတမန်သည် "ရုပ်လောက၏ အလှ" ကို ဟတ်နိုင်သမျှ မျက်ကွယ်ပြု၍ ပင်ရင်းမူလကျသော "စိတ်၏အလှ" ကိုသာ ရှာပြထားပါသည်။

စိတ်လှမှုသည် ပထမ၊

ရုပ်လှမှုသည် ဒုတိယ ဟူသော ခံယူချက် ဆောင်ပုဒ်ဖြင့် စာရှုသူတို့၏ မျက်မှောက်သို့ "သစ္စာတမန်" ကို ပထမ ဦးဆုံး ပွဲထုတ်လိုက်ရခြင်း ဖြစ်ပါသည်။

အို–လေးစားအပ်သော သုတေသီ အပေါင်းတို့–

(၁) စာသင်တာထက် စာပြခက်၏၊

(၂) စာပြတာထက် စာဟောခက်၏၊

(၃) စာဟောတာထက် စာရေးခက်၏ ဟု "အခက်" သုံးမျိုး ရှိသည့်အနက် အခက်ဆုံး နေရာတွင် တာဝန်ယူထားရသော "သစ္စာတမန်" မှာလည်း အနည်းနှင့် အများ ဆိုသလို အမှားရှိပါလိမ့်မည်၊ ထိုအမှားများကို ကြည်ဖြူစွာ ခွင့်လွှတ်၍ အမှန်ရောက်အောင် ပို့ဆောင် လမ်းပြတော်မူကြပါရန် အနူး အညွတ် ပန်ကြားလိုက်ရပါသည်။

ဤစာအုပ် ရေးသားရာတွင် မှီးငြမ်းရမည့် စာအုပ်စာတမ်း ရရှိရေးမှ စ၍ အဘက်ဘက်မှ အကြံပေး ကူညီကြသော–

(၁) မိုးကုတ်မြို့၊ အောင်မြေမင်္ဂလာကျောင်း ဆရာတော် ဦးဣန္ဒသရ၊

(၂) မိုးကုတ်မြို့၊ ရတနာသိရိလယ်ဦးကျောင်း ဆရာတော် ဦးဩဘာသ (ဓမ္မာစရိယ)

(၃) ရန်ကုန်မြို့၊ ကမ္ဘာအေး ဇမ္ဗုဒီပကျောင်းဆောင် ပါဠိ ပဠိဝိသောဓက ဆရာတော် ဦးပညောဘာသ၊

(၄) ရန်ကုန်မြို့၊ သာသနာရေး ဦးစီးဌာနမှ စာရေးကြီး ဦးမြင့်အုံး၊

တို့အားလည်း ကျေးဇူး မမေ့ထိုက်သော ပုဂ္ဂိုလ်များအဖြစ် ဂုဏ်ပြု မှတ်တမ်းတင်လိုက်ပါသည်။

မြကဝိန္ဒ
ကဝိဓဇာဘိဝံသ

(ဓမ္မာစရိယ ပါဠိပါရဂူ)
အောင်မြေမင်္ဂလာကျောင်း
မိုးကုတ်မြို့။

နေ့စွဲ–၁၃၃၄–ခု၊ တပို့တွဲလဆန်း (၁၀) ရက်
(၁၂–၂–၇၃) တနင်္ဂလာနေ့။



အခန်း (၁)

# အတိတ်အနာဂတ်

မသိ သံသရာ

အုံ့ဩဘွယ်မင်းသားတပါး ဖွားမြင်ခဲ့သည်မှစ၍ ကပ္ပိလဝတ်ပြည်ကြီးသည် အတော် ထူးခြားနေ၏၊ မွေးဖွားစ ကလည်း မြေလျှင်တွေ့ လျှပ်ခဲ့၏၊ အကာလ ပန်းတွေ့ ပင်လုံးညွတ်မျှ ပွင့်ကြ၏၊ မွေးမွေးချင်းလည်း လမ်းလျှောက်ပြနိုင်သည့် အပြင် ခြေဘဝါးအောက်မှ ကြာပဒုံတို့က ခံလင့်သည်ကို အံ့ဩဘွယ်ရာ တွေ့မြင်ကြရ၏၊ "လောကမှာ ငါ့အမြတ်ဆုံး၊ ငါအကြီးဆုံး၊ ငါ့အတွက် ဤဘဝကား အဆုံးတည်း" ဟု အရွယ်နှင့်မလိုက်

ရဲဝံ့ပြတ်သားသော စကားကိုလည်း ကြုံးဝါးနိုင်ခဲ့၏၊ သူကား လူအပေါင်းကို ဒုက္ခတွင်းမှ နည်းပြကယ်တင်မည့် ဗောဓိလောင်းလျာ မဟာကရုဏာရှင်ပင် ဖြစ်ပေ၏။

အမည်ကား–သိဒ္ဓတ္ထတဲ့။

ဤအန္ဓတ္ထသညာနှင့် လိုက်အောင်ပင် အကျိုးစီးပွားအားလုံး ပြီးစီးနိုင်ခဲ့၏၊ နောင်ကိုလည်း ထူးထူးခြားခြား ပြီးစီးစေဦးမည်သာ ဖြစ်၏၊ သူ၏ သံသရာခရီးတလျှောက် ကြိုးပမ်းခဲ့မှု များမှာလည်း အများအကျိုးကိုသာ ရှေးရှုခဲ့ခြင်းဖြစ်၏၊ "ဒုက္ခအပေါင်းက ငါလွတ်ရလျှင် သူများတွေကိုလည်း လွတ်အောင် ကြိုးပမ်းပေးမည်" ဟု ဗုဒ္ဓဆုထူးကြီး ပန်ခဲ့စဉ် တခုသော ဘဝက ကြုံးဝါး မိဋ္ဌာန်ချက်သည် အများ အကျိုးကိုသာ ပဓာနထားကြောင်း ထင်ရှားလှပေသည်။

သူကား သူတပါးအကျိုးဆိုလျှင် အသက်တမျှ ချစ်ရသော ဇနီး သားသမီးများကိုပင် စွန့်လွှတ်နိုင်သူတည်း၊ လက်ကိုလည်း လှူခဲ့ဘူး၏၊ ခြေကိုလည်း လှူခဲ့ဘူး၏၊ နားရွက်ကိုလည်း အဖြတ်ခံရ၏၊ မျက်စိကိုလည်း ထုတ်လှူခဲ့၏၊ အသက်ကိုပင် တွယ်တာနေမည်မဟုတ်၊ သူမလှူခဲ့ဘူးသော အရာသည် လောကသုံးပါးတွင် ရှာ၍မရတော့အောင် ကိုယ်ကျိုးစွန့်ခဲ့သော မဟာကရုဏာရှင်ပင် ဖြစ်လေသည်။

ယင်းသည့် မဟာကရုဏာရှင်၏ ကြီးမားသော စီမံကိန်းမှာ သတ္တဝါအားလုံးကို ဆင်းရဲမှ အပြီးသတ် ကယ်တင်ရန်ပင် ဖြစ်၏၊ မိမိတဦးတည်းအတွက် ဘဝလွတ်လပ်ရေးကို လွန်ခဲ့သည့် မရေတွက်နိုင်သော ကမ္ဘာများ အချိန်ကပင်ရရှိနိုင်ခဲ့သော်လည်း ကိုယ်လွတ်ရုန်းလိုမှုကို စွန့်လွှတ်ခဲ့၏၊ သည်နောက်တွင် စီမံကိန်းကို

စောက်ချကာ ပြင်းပြင်းထန်ထန် ကျင့်ခဲ့ရ ကြံခဲ့ရ အားထုတ်ခဲ့ရသော အချိန်တို့မှာ မရေမတွက်နိုင်တော့ပါ။

ဤ စီမံကိန်းကြီး အောင်မြင်ဘို့ရန် ပထမ မိမိ ကိုယ်တိုင် လောကကြီးရှိ သိစရာများကို တခုမကျန် သိအောင် လုပ်ရမည်၊ ထို့နောက်မှ သူများတွေကို သိအောင် လုပ်ပေး၍ ဒုက္ခကြီးမှ အပြီးသတ် ကယ်တင်ရမည်၊ ဒါမှသာ စီမံကိန်းကြီး၏ အထွတ်အထိပ်သို့ ရောက်ပြီဟု ဆိုရမည်ဖြစ်၏။

ဤမျှ ကြီးကျယ် မြင့်မြတ်သော မဟာစီမံကိန်းကြီးနှင့် ထိုစီမံကိန်းကို အကောင်အထည် ဖော်မည့် မဟာကရုဏာရှင်ကြီး၏ နောက်တွင် အစဉ် ကပ်၍ ပါနေသည်ကား– အဖျက်သမားများ။

ဤအဖျက်သမားကို အမြဲတိုင်း တွေ့ခဲ့ရ၏၊ အဖျက်ခံခဲ့ရသည့် အကြိမ်တို့မှာလည်း မရေတွက်နိုင်ခဲ့၊ မဟာကရုဏာရှင်ကြီး၏ မှန်ကန်တိကျသော မူဝါဒ ဦးဆောင်သည့် လုပ်ငန်း၊ အဆုံးမရှိ ကြင်နာတတ်သော နှလုံးသား၊ ရင့်ကျက်သော စိတ်ဓာတ်၊ အမာခံ ကမ္မသတ္တိတို့ကို အဖျက်သမားက မကျော်လွှန်နိုင်ခဲ့ပေ၊ မဟာကရုဏာရှင်ကသာ အောင်ပွဲ ရခဲ့သည်ချည်း ဖြစ်ပေသည်၊ ယခုလို အခါတွင် မဟာကရုဏာရှင်က ပို၍ပင် မှုတော့မည် မဟုတ်ပေ၊ ပို၍ပင် အားတက်စရာ ဖြစ်နေ၏၊ နောက်ဆုံးဖြစ်သော ဤဘဝတွင်ပင် အကောင်အထည်ပေါ်တော့မည့် စီမံကိန်းကြီး၏ မုခ်ဦးကို မြင်နေရပြီ မဟုတ်ကလော။

မဟာကရုဏာရှင့် အဘို့ အမှောင်တွင်းမှ သာမညလူသားတို့က အကောင်းဆုံးဟု အသိအမှတ် ပြုယားကြသည့် စည်းစိမ်အခြံအရံတို့မှာလည်း ဘာမျှ လိုလေသေးမရှိ ပြည့်စုံလှသည်၊

ဘခင်ကလည်း စကြာမင်းဖြစ်အံ့ နိုးနိုး မြှော်ကိုး၍ အရိပ်တကြည့်ကြည့်၊ လက်ညှိုး တချောင်းသာထောင်သော ကောဏ္ဍညပုဏ္ဏား၏ ဟောကိန်းကြောင့် မြှော်ကိုးချက် လွဲမှား၍ လမ်းတပါးသွားမှာကို စိုးရသည်မှာလည်း တထင့်ထင့်။

မဟာကရုဏာရှင်ကတော့ ဒါတွေကို ဘာမျှ စိတ် မဝင်စား၊ အရေး ထားတာကတော့ မဟာ စီမံကိန်းကြီး အောင်မြင်ရေးပင်။

ဒါနဲ့ တလ နှစ်လ၊ တနှစ် နှစ်နှစ် အချိန်တွေ ကုန်ခဲ့ရ၏၊ ၁၆–နှစ်သားအရွယ်တွင် မိမိလမ်းစဉ်ကို အမြဲ အကူအညီပေးခဲ့သော ဘဒ္ဒကစ္စာနာ ယသော်ဓရာ ရွှေမင်းသမီးနှင့် လက်ဆက်၍ နန်းမကြီးအလယ် ဝင်ခဲ့ရပြန်၏၊ ဒုက္ခဝဋ်ကြွေး မကုန်သေးလို့ဘဲလို့ သဘောပိုက်ပြီး ၁၃–နှစ် လုံးလုံး တဏှာ လက်သမား၏ လက်တွင် စိတ်ကြိုက်စီမံခြင်းကို ခံခဲ့ရ၏၊ စင်စစ် သူ၏ ဘဝသည် ရွှေဘုံပေါ်က အကျဉ်းသမား ဖြစ်နေ၏၊ လောက၏ အပြင်ဘက်သို့ ထွက်ခွါကျက်စားလိုသော သူ၏စိတ်သည် မလိုလားအပ်သော အနှောင်အတွယ်များ၏ တားမြစ်ပိတ်ပင်ခြင်းကို ခံနေရ၏၊ သူ့ဘဝကို အကျဉ်းချရန်အတွက် သူ့ဘခမည်းတော်က ကာရံထားသည့် တံတိုင်းတို့ကလည်း အထပ်ထပ်၊ ချထားသည့် အစောင့်တို့မှာလည်း နေရာမလပ်။

ဥယျာဉ်တော်ထွက်စဉ် အခါတွေ့တုန်းက မြင်ရသော အတွေ့အကြုံတို့ကလည်း မဟာကရုဏာရှင်၏ စိတ်ကို ပိုမို အားသစ်စေခဲ့၏၊ ရှုပ်လှတဲ့ သင်္ခါရဝဋ္ဋတွေကို အပြီးသတ် ခွါလိုစိတ်ပေါက်စေ၏၊ သူသည် ရမ္မ သုဘ သုရမ္မ ဟု ဆိုအပ်သော နန်းမ သုံးဆောင်နှင့် နန်းတွင်းသူတို့ကို မမြင်၊ သူအို–သူနာ–

သူသေ ရဟန်းနိမိတ်ကြီး လေးပါးကိုသာ မြင်နေ၏၊ သူ့ကို သံဝေဂ စိတ်များကသာ နှိုးဆော်နေသည်။

ဒီကြားထဲ နောက်ဆုံး ကြားရသည့် သတင်းက ရာဟုလာ သား ဖွားမြင်ခြင်း၊ သံယောဇဉ် ကြိုးတပင်က အမှတ် တမဲ့ ဝင်ရောက် တုပ်နှောင်ခြင်းကို ခံလိုက်ရပြန်၏၊ အင်း–လကို ငပုပ်ဖမ်းသလို တခါတော့အဖမ်းခံရပြန်ပြီ ကော။

ဒီကြိုး မပြတ်လျှင်တော့ ဒီရဟတ်ဗွေက ငါလွတ်တော့မည် မဟုတ်၊ ငါ့ရဲ့ မဟာစီမံကိန်းကြီးလည်း ပျက်ရချေရဲ့။

ထိုအခိုက် "အေးဂါထာ" ကို သီဆို ကျူးရင့်လိုက်သော ကိသာ ဂေါတမီ မင်းသမီးအသံသည် အတွေး ရေယဉ်ကြော မြောနေသော မဟာကရုဏာရှင်၏ ရင်တွင်းသို့ လှိုင်းခတ် ဝင် ရောက်လာ၏၊ အိပ်ရာမှ နှိုးပေးလိုက်သကဲ့သို့ အေးငြိမ်းလိုစိတ် များ နိုးကြားလာကြ၏၊ ယင်းသည့် အေးဂါထာသံသည် သခါရ ဝဋ္ဋတွေကို အပြီးသတ် ရှောင်ခွါ ထွက်ပြေးရန် ယတိပြတ် ဆုံးဖြတ်နိုင်သည့်အထိ မဟာကရုဏာရှင်၏ စိတ်ကို ဆွဲဆောင်နိုင်ခဲ့၏။

အချိန်ကား ဝါဆိုလပြည့်နေ့ညဖြစ်၏၊ မိုးရာသီ ဆိုရပေမဲ့ ကောင်းကင်တပြင်လုံး မိုးသား တိမ်လိပ်တွေ ကင်းစင်နေ၏၊ ဆီး နှင်း မြူ တိမ် သူရိန် မီးခိုး ညစ်မျိုး ငါးပါးမှ ကင်း သည့်အလျောက် လရောင်က ရွှန်းရွှန်းစားစား တွန်းလင်းသာ ယာလျက်ရှိ၏၊ မဟာကရုဏာရှင်၏ အကြံအစည်သည် လမင်း ကြီးလို အဖျက်အဆီးရန်မှ ကင်းလွတ်ပါစေဟုပင် ဆုတောင်းရ ပေမည်။

နန်းတော်ကြီး တခုလုံးကိုလည်း ဆိတ်ငြိမ်မှုက ဖုံးလွှမ်းနေ၏၊ နန်းတွင်းသူတို့၏ မြင်ကွင်းကား မသတိစရာ သုသာန်တစ ပမာ ဤအခါမျိုးသည် သုသာန်တွင် အတုံးအရုန်း တွေ့မြင်ရသော သူသေများနှင့် ဘာထူးဦးမည်နည်း၊ သဘာဝကို နက်နက် နောနော တွေးတတ်သူတို့အဘို့ ဤမြင်ကွင်းသည် သုသာန်တစ၊ သုသာန်တစသည် ဤမြင်ကွင်း၊ ဘာမျှ ခြားနားပေလိမ့်မည် မဟုတ်၊ ဤမြင်ကွင်းရှိ လူအားလုံး၏ နောက်ဆုံးလဲလျောင်းရာ သည် သုသာန်တစပင် မဟုတ်ပါလော၊ အော်–နောင်အနှစ်တရာ ကြာသည့်အခါ ဒီလူတွေ တယောက်မျှ ရှိတော့မှာမဟုတ်ပါ ကလား။

သန်းခေါင်ယာမ် အချိန်တိုင်ခဲ့ပြီ၊
မောင်ဆန်–မောင်ဆန် ထ–ထ၊
ကန္တကကို အမြန် ကကြိုးဆင်စမ်း၊ဒီနန်းတွင်းက အခုဘဲ ခွါကြစို့ ။
တိုးတိုး အမိန့်ပေးသံ တခုက အကာလ အချိန်တွင် ပေါ် ထွက်၍လာ၏။

မဟာကရုဏာရှင်၏ လမ်းစဉ်ကို အမြဲ အကူအညီပေးခဲ့သော မောင်ဆန်မှာလည်း ဘာမျှမငြင်းသာ၊ အအိပ် ပျက်တယ်လို့လဲ မညီး၊ မမှောင်ကြီးထဲမှာလို့လဲ မဆို၊ အရှင်စေရာကိုသာ အမြန် ပြီးအောင် စီစဉ်လျက်ရှိသည်။

အတိုင်းမသိ ဝမ်းမြောက်ခြင်းကို ဆောင်သော ကန္တက မြင်း၏ ကျယ်လောင်လှသော ဟီသံကြီးသည် ဘဝဂ်က ကြား လောက်အောင် ထွက်ပေါ်လာ၏၊ သို့သော် လူသားထဲမှဆိုလျှင် မဟာကရုဏာရှင်နှင့် မောင်ဆန်တို့မှ တပါး ကြားနိုင်စွမ်းသူ

မရှိချေ၊ နန်းတော်ကြီးတခုလုံးကား ဘာမျှမသိ၊ အိပ်မောကျလျက်ပင်။

မကြာမီမှာပင် လူသားနှစ်ဦးတို့သည် လက်သုံးတော် မြင်းကြီး၏ အကူအညီဖြင့် ကပ္ပိလဝတ် နန်းတော်ကြီးကို အပြီးတိုင်စွန့်လွှတ် ထွက်ခွါခဲ့ကြလေသည်။

"အချင်း သိဒ္ဓတ် အမြန်ရပ်လော့"။

မြို့တံခါးအထွက်မှ ရုတ်ချည်းပေါ်လာသော အဖျက်သမား၏ အသံက မဟာကရုဏာရှင်အား ဝင်ရောက် နှောင့်ယှက်လိုက်လေသည်၊ အဖျက်သမားဟူသည် နေရာတိုင်းမှာ ရှိသည်သာ၊ အဖျက်သမားတို့သည် သူများအလုပ်ကို နှောင့်ယှက် ဖျက်ဆီးရမှသာ နေသာထိုင်သာ ရှိလေရော့သလား၊ နန်းတွင်းသူ နန်းတွင်းသားတို့၏ အဖျက်ရန်မှ ဝေးခဲ့သော်လည်း ဟော-အခု တွေ့ရပြန်ပြီ အဖျက်သမား တယောက်။

သူကား-အန္တက၊ ဝသဝတ္တိ၊ ပါပိမ၊ ပဇာပတိ၊ ပမတ္တဗန္ဓု၊ ကဏှ၊ နမုစိ၊ မာရ ဟု ရှစ်မည်ရ အကျော်ဇေယျ မဟာအဖျက်သမားကြီးပင် ဖြစ်၏၊ နတ်ပြည် ခြောက်ထပ်ကို လှည့်ပတ်ဖျားယောင်း စိုးမိုးနေသူနတ်မင်းတဆူဟုလည်း ဆိုနိုင်၏၊ သူ၏အမည်များသည် ယုတ်မာညစ်ညမ်းသောစိတ်ရှိသူ၊ သူများကို လှည့်ပတ်ဖျက်ဆီးတတ်သူ၊ ဒုစရိုက် မကောင်းမှုတို့၌သာ အမျိုးစပ်ထားပြီးသူ့ အလိုကျ အောက်လက်နတ်များ၏ လုပ်အားကို ခေါင်းပုံဖြတ် သွေးစုတ်ချယ်လှယ်နေသူဟု အဓိပ္ပါယ် ဆောင်နေသည်။

"ဟဲ့-မာရ်နတ်ယုတ် နောက်ဆုတ်လိုက်ပါ"

"ငါ့ရဲ့ မှန်ကန်သော အလုပ်မှာ သင် ဝင်မရှုပ်ချင်စမ်းပါနဲ့"

လည်း ဝေဝေဆိုင်းဆိုင်း တောင်စွယ် မြိုင်စောင်းမှ သစ်ပင် အငုံပေါင်းတို့ကလည်း စိမ်းလဲ့လဲ့ ညိုပြာပြာ သာယာလိုက် သည် ဖြစ်ခြင်း။

မဟာကရုဏာရှင်၏ အရင် ရဟန်းပြုနှင့် နေကြသော "ပဥ္စဝဂ္ဂီ" ငါးဦးတို့မှာလည်း မဟာကရုဏာရှင်နှင့် မဓွေးမနှောင်း မှာပင် ဥရုဝေလသို့ လိုက်ပါရောက်ရှိလာကြ၏၊ မဟာကရုဏာ ရှင်သည် ပဥ္စဝဂ္ဂီတို့ အကူအညီကြောင့် အခြား ပလိဗောဓ ဘာမျှ မရှိဘဲ စိမ့်ကိန်းကြီးကို ပြည့်ပြည့်ဝဝ အကောင်အထည် ဖော်လျက် ရှိလေသည်၊ သည်နေရာမှာကျင့်သည်ကတော့ ပြင်းပြင်းထန်ထန်၊ အကုသိုလ်ဝင်မည့် တံခါးပေါက်တွေကို လုံအောင်ပိတ်၏၊ စိတ်ကို ချုပ်တည်း၏၊ ဒါနဲ့ နောက်က ခြေရာခံ လိုက်နေသော အဖျက် သမားမာရ်ယုတ်၏ ပြောစရာအကွက် ဘာမျှမရှိခဲ့ချေ။

အမ်းကို ဖြတ်၍ သစ်သီးကိုသာ သုံးဆောင်တော့၏၊ နောက် သစ်သီးကိုလည်း ဝလင်အောင်မစား-တလုံး နှစ်လုံးသာ မဖြစ်၍ သုံးဆောင်ရှာ၏၊ အာဟာရ အရေးဟာ တရား အလုပ်ကို ရှုပ်ထွေးစေတတ်တယ်လို့ အာဟာရကို လုံးဝ ဖြတ်လိုက်တဲ့အခါ မြင်ရသော မဟာကရုဏာရှင်၏အသွင်တော်က အရေအောက်က အရိုးနှင့်ကဲ့ကဲ့ ဒုက္ကရစရိယာ ကျင့်သည့်ပွဲ။

ဒါနဲ့ တနှစ် နှစ်နှစ် သုံးနှစ် လေးငါး ခြောက်နှစ် ရာသီ စက်ဝန်း ခြာခြာလည်ခဲ့၏၊ သမင်ငယ်ကလေးတွေ ကြီးပြင်းခဲ့ပြီ၊ သစ်ပင်ပျိုကလေးတွေ သီးပွင့်ချိန် ရောက်ခဲ့ရသည်၊ ခြောက်နှစ် တောင် ကြာလာတော့ အဖျက်သမား၏ မျက်စိများလည်း ညောင်းခဲ့ရပြီပေါ့။

တနေ့တော့ မဟာကရုဏာရှင်၏ ဉာဏ်တော်တွင် “ငါ့အကျင့်တွေဟာ အတ္တကိလမထာနုယောဂ ဆန်နေပြီ၊ ဒီလို ကျင့်လျှင်တော့ ငါ့ရည်မှန်းချက်တွေဟာ အောင်မြင်ဘို့ ဝေးဦးမှာဘဲ၊ မဇ္ဈိမပဋိပဒ် လမ်းစဉ်ကသာ ငါလိုရာကို ပို့ဆောင်နိုင်မှာဘဲ” ဟု အသိတမျိုး ဝင်လာ၏၊ ထိုအသိဉာဏ်၏ ခေါ်ဆောင်ရာ အတိုင်း လမ်းစဉ်တမျိုးဖြင့် ပြောင်းလဲ ကျင့်ကြံတော့မှ တနေ့ထက်တနေ့ ခရီးတွင်ကျယ် ပေါက်ရောက်လာခဲ့ရလေသည်။

မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လဆန်း ၁၄–ရက် အင်္ဂါနေ့ည–

မဟာကရုဏာရှင် အဘိုကား လက်တလှမ်းသာ ကွာတော့သည့် အောင်မြင်မှု အထွတ်အထိပ် အတွက် ဝမ်းသာမဆုံး ပီတိလှိုင်းတွေ အိဖုံးလျက်–

အဖျက်သမား မာရ်မင်းအဘိုကား မိမိတောင်တွင်းမှ လွတ်ထွက်သွားမည့်သူ တဦးအတွက် မချိခံခက် ဒေါသတွေ ထွက်၍ အကြံအိုက်လျက် တမှိုင်မှိုင်–

နောက်ဆုံး ကြံမိသည်ကတော့ ဆင့်အကြံ၊

တောင်လောက် နီးနီးရှိ သူ့ လက်ရုံးတော် ဂိရိမေခလာ ဆင်ကြီးမှာလည်း သခင်စေရာကို လုပ်ကိုင်ရန် အသင့်သင့် ရှိနေပြီ၊ အခြားမာရ်စစ်သည်တွေကိုလည်း အသင့်တပ်လှန့် နှိုးဆော်ထား၏။

“အော်–မင်းသိဒ္ဓတ် မင်းသိဒ္ဓတ်၊ ဒီအထိတောင်မှ သင်ရဲ့ အားမာန်တွေဟာ ကြံ့ကြံ့ ခိုင်တုန်းဘဲလား၊ သိကြသေးတာပေါ့၊ အနုနည်းနှင့် မရလျှင် အကြမ်းနည်းနဲ့ တပွဲတလမ်း စမ်းကြသေးတာပေါ့လေ”။

အကြံအိုက်နေသော မာရ်မင်း၏ နှလုံးအိမ်မှ အဖျက်သရုပ်သည် အံထွက်လာခဲ့ပြန်၏။

မဟာကရုဏာရှင်ကြီးကား နောက်ဆုံးအောင်မြင်မှု၏ အထွတ်အထိပ်ကို ရယူမည့် ဗောဓိပလ္လင်ဝယ် ထက်ဝယ်ဖွဲ့ခွေလျက် စျာန်သမာပတ်များကို အစဉ်အတိုင်း ဝင်စားနေတော်မူ၏။

ဗောဓိပလ္လင်၏ ရှေ့တွင်ကား ရှိသမျှ အားအစွမ်းကို အကုန်ထုတ်၍ လက်ရုံးတထောင် ဆန့်တန်းကာ စစ်သည် အပြည့်ဖြင့် ချီတက် ရောက်ရှိလာသော အဖျက်သမား မာရ်ယုတ်။

အေးချမ်းသော ဗောဓိနယ်မြေ တခုလုံးမှာ စစ်မြေပြင်ကြီး အတိ ဖြစ်ခဲ့လေပြီ။

"အချင်း သိဒ္ဓတ်– အမြန် ဆင်းလော့၊ ဤဗောဓိပလ္လင်ဟာ သင်နဲ့ မဆိုင် ငါပိုင် ပလ္လင်သာ ဖြစ်၏"။

ပိုင်စိုး ပိုင်နင်း ရာဇမာန်တင်းသော အမိန့်ပေးသံကြီးသည် ဗောဓိနယ်မြေ၏ အေးချမ်း တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်သည်၊ လှုပနေသော ဗောဓိနယ်မြေကို အသရေမဲ့စေသည်။

မာရ်ယုတ်ကတော့ မှန်မြတ်သော အလုပ်ကို အကြမ်းနည်းဖြင့် ဖျက်ဆီးလို့ ရမည်ဟု အောက်မေ့တုန်းပင် ရှိသေး၏၊ မဟာကရုဏာရှင်တွင် ရှိသော မေတ္တာ–ခန္တီ– သမာဓိခေတ် စစ်သည်တော်တို့က စုပေါင်းကာကွယ်နေကြသည်ကို သူမသိချေ၊ အစဉ်သဖြင့် လက်တွဲစုစည်းလျက်ရှိသော ထိုစိတ်ခေတ်တို့သည် မာရ်မင်းကိုသာ မဟုတ်၊ တလောကလုံးက စုရုံး တိုက်ခိုက်လာသည့်တိုင်အောင် မှုကြမည် မဟုတ်ပေ။

တိုက်ခတ်လာသည့် လေကြီးများမှာ မြင့်မိုရ်တောင်ပင် ကျွတ်ထွက်သွားလုမတတ်၊ ရွာလာသော မိုးကြီးများမှာ သမုဒ္ဒရာ

ပြင်ကြီးအလား၊ ပြာပူမီးတို့မှာလည်း အခိုးကတလျှံလျှံ–အရောင်တညီးညီး အဝီစိငရဲသဘွယ်၊ ကုလာသော မှောင်မိုက်ကြီးမှာလည်း ပိန်းပိန်းချုပ်လျက်၊ ဒါးမိုးလှံမိုးတို့မှာလည်း တချွင်ချွင် တချပ်ချပ် အရာဝတ္ထု အားလုံး အပိုင်းပိုင်း အပြတ်ပြတ်၊ မှဲ့တပေါက်မျှ မစွန်းသည်ကတော့ မဟာကရုဏာရှင်။

မဟာကရုဏာရှင်၏ အမြတ်တစစ်သည်တော်တို့ကို မထိုးဖောက်နိုင်သော မာရ်ယုတ်သည် ကစဉ့်ကလျား ဆုတ်ခွါထွက်ပြေးခဲ့ရလေတော့သည်။

ဗောဓိနယ်မြေတွင် စုရုံးရောက်ရှိ နေကြသော သမ္မာဒေဝနတ်အပေါင်းတို့၏ ကောင်းချီးသံများနှင့်အတူ မဟာကရုဏာရှင်၏ "မဒေဝပုတ္တမာရ်" အောင်ပွဲသည် ထိုနေ့ည ညဦးယာမ်မှာပင် နိဂုံးချုပ်ခဲ့လေသည်။

သည့်နောက်တွင် အတွင်း အဖျက်သမားများ ဖြစ်ကြသည့် ကိလေသ–ခန္ဓ–မစ္စု–အဘိသင်္ခါရ မာရ်များကို အဆင့်ဆင့် ဆက်လက် အောင်ပွဲခံတော်မူပြီး မိုးသောက်ယာမ်အဆုံး နေမင်းထွက်ပြူစ အချိန်ရောက်သည်နှင့် တပြိုင်နက် အဖျက်သမားအားလုံးကို အကုန်အောင်၍ "ဗုဒ္ဓ" အဖြစ်ကို ခံယူကာ အောင်မြင်မှု၏ အထွတ်အထိပ်သို့ ရောက်ရှိတော်မူခဲ့လေသည်။

"ဘခင်–ဘယ်အတွက် စိတ် မကောင်း ဖြစ်နေရပါသလဲ"

မည်သည့် ဖိုသတ္တဝါကိုမဆို ကိလေသာ အာရုံ ရမ္မက်ဖြင့် စွဲမက်အောင် တချက်ထဲ မှုဆွယ်နိုင်ကြတဲ့ သမီးတော် တဏှာ–အရတိ–ရာဂါတို့က ချတ်တရက်မေးလိုက်သောကြောင့် အကြံကုန်၍ အရှုပ်ကြိုးပြတ် ဖြစ်နေသော မာရ်ယုတ်ခမျာ ထိတ်ထိတ်ပြာပြာ ဖြစ်သွားရသည်၊ သမီးများကိုလည်း အာရုံ သိပ်စိုက်ပုံ မရပါ။

"ဘာလဲ ဘခင်-သမီးတို့ အကူအညီ ပေးပါရစေ၊ ဘခင် ကိစ္စကို ကူညီပေးနိုင်တာ သမီးတို့ဘဲ ရှိတယ်မဟုတ်လား"။

"ဒီကိစ္စ သမီးတို့ မဆောင်ရွက်နိုင်ပါဘူး"။

"ဘာကိစ္စပါလဲ ဘခင်-သိရအောင် ပြောပြပါအုံး"။

"ဟို သိဒ္ဓတ်မင်းသား အတွက်လေ၊ သူ့ရဲ့ မွားကွက်ကို ဖေဖေ ၇-နှစ်တိုင်တိုင် ခြေရာခံ ကြည့်ခဲ့တယ်၊ ဒါပေမဲ့ ဘာ အကွက်မှ မဆိုက်ခဲ့ဘူး၊ အခု ဗုဒ္ဓတောင် ဖြစ်သွားပြီ"။

"ဘခင်ကလည်း ခက်တာလိုက်လို့၊ ဒါများ စိတ်ညစ်နေရ သေးသလား၊ ဒီမှာ ဘခင်-သမီးတို့ဟာ ကာမဂုဏ်သား ဖို ယောကျ်ားတွေကို နွားသိုး ကြိုးပြတ်ဖြစ်အောင် အကွက်ဆင် တဲ့ နေရာမှာ ဘယ်လောက် စွမ်းဆောင် နိုင်တယ်ဆိုတာ ဘခင် အသိပါ၊ ဒီအတွက် ဘခင် မပူပါနဲ့၊ သမီးတို့ မာယာထောင် ချောက်က လွတ်ပေါက် မရှိပါဘူး၊ ဘခင် စိတ်ချသာနေ၊ ဒီတာဝန် သမီးတို့အတွက် ထားပါ"။

အဇပါလ ညောင်ပင်ကြီးသည် ဆိတ်ကျောင်းသားတို့ နေခို နားနေရာတွင် အားတားမည်ဆိုကလည်း အားထားလောက်စရာ ပါပေ၊ ပင်စည်ထွားထွား အကိုင်းကားကား အရွက်များများ၊ ခိုနားသူတို့အား လုံလောက်သော အရိပ်အာဝါသကို ပေးစွမ်း နိုင်ပါပေ၏။

ဗုဒ္ဓသည် အဇပါလ ညောင်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေလျက် "ဝိမုတ္တိသုခ" ကို ခံစားနေသည်မှာ ဖူးမြင်ရသူတို့အဘို့ ကြည်နူး မဝနိုင်စရာပင်။

အဖျက်သမားစနက်ကတော့ မဆုံးနိုင်သေးပေ။

ဗုဒ္ဓ၏ ပတ်ဝန်းကျင်တွင်ကား ဖိုသတ္တဝါတို့ ကြိုက်လောက်သည့်မက်လုံး အမျိုးမျိုး၊ ညှုလုံး အထွေထွေ၊ ရုပ်ပြောင်းရုပ်လွှဲ အသွယ်သွယ်တို့ဖြင့် ဘခင်၏ အရှက်ကို ငွမ်းငွမ်းဟာမန်ကာကွယ်နေကြသည့် တဏှာ–အရတိ–ရာဂါတို့ပင် ဖြစ်ကြသည်။

သို့သော် ဗုဒ္ဓကား ဝိမုတ္တိသုခကို ခံစားမြဲမပျက်၊ လောကသားတို့၏ ရမ္မက်လုံးများကို လျစ်လျူရှုလျက်သာ။

ဗုဒ္ဓ၏ ထံမှ စုပေါင်း ကာကွယ်နေကြသော မေတ္တာ–ခန္တီ–ဥပေက္ခာဓာတ် စစ်သည် ရဲမက်တို့၏ ဒဏ်ကို မခံနိုင်သော အဖျက်သမား မာရ်မင်း၏ သမီးပျိုတို့မှာလည်း အရှက်သွေး ကွဲ၍ထွက်ပြေးခဲ့ကြရပြန်လေသည်။

ဗုဒ္ဓတည်းဟူသော မြင့်မိုရ်တောင်မင်းကို မည်သည့် ကာမဂုဏ်လေမုန်တိုင်းသည် တိုက်ခတ် လှုပ်စင်စေနိုင်ပါမည်နည်း၊ ဗုဒ္ဓသည်ကာမဂုဏ် လေမုန်တိုင်း၏ ဘေးရန်ကို သိ၍ ကြိုတင်ကာကွယ်ပြီးဖြစ်၏၊ ထိုသည့် ဗုဒ္ဓတည်းဟူသော မြင့်မိုရ်တောင်ကြီးကိုမှ ဝံ့ဝံ့စားစား တိုက်ခတ် ထိပါးလာရဲသော ကာမဂုဏ် လေမုန်တိုင်းသည် မည်မျှ မသိဆိုးဝါးရာ ကျလေသနည်း။

ဘဝ၏ ဤမှာဘက်ကမ်းသည် ကာမဂုဏ် ဓားပြ သူခိုးတို့၏ ခိုးဆိုး သောင်းကျန်မှုကို ခံနေရသော မလွတ်လပ်သည့် နယ်မြေဖြစ်၏၊ ဘဝ၏ ဟိုမှာ ဘက်ကမ်းသည် ကာမဂုဏ် ဓားပြ သူခိုးတို့ကို လုံးဝတော်လှန်ပြီးသော လွတ်လပ် အေးချမ်းသော နယ်မြေဖြစ်၏၊ ဘဝရန်ကို သိ၍ ရန်းကန် တော်လှန်ခြင်းဖြင့် လွတ်လပ်အေးချမ်းသော ဘဝတဘက်ကမ်းကို အရောက် ကူးနိုင်ကြသည်၊ ရန်သူကို မိတ်သွေး ထင်မှား၍ ကာမဂုဏ်တို့၏ လှည့်

ဖျားမှုကို သဘောတွေ့နေသူတို့ကား ဘဝ၏ ဤမှာ ဘက်ကမ်းတွင်ပင် မသိသံသရာ လည်နေဦးမည်သာတည်း။

မသိသံသရာတွင်းဝယ် သေမင်းနှင့် ပြေးတမ်း လိုက်တမ်း ကစားနေကြသူများမှာ မည်သူတို့ပေနည်း။

## ဉာဏ်မျက်စိ

"တိမ်တိမ် တွေးတတ်သူတို့အဘို့ မိုးကောင်းကင်သည် နီး၏၊
နက်နက် တွေးတတ် သူတို့အဘို့ မိုးကောင်းကင်သည် အဆုံး
မရှိ ဝေးလှ၏"။

မိုးကောင်းကင်၏ အဆုံးမရှိ ဝေးလှပုံကို သိနိုင်ခွင့်သည် ရိုးရိုးပသာဒမျက်စိ၏ အရာမဟုတ်၊ ထူးထူးခြားခြား မြင်စွမ်းနိုင်သော ဉာဏ်မျက်စိ၏ အရာသာ ဖြစ်၏၊ သဘောတခုကို ခရေစေ့တွင်းကျ သိနိုင်ရန် အတွက် ဉာဏ်မျက်စိကို သုံးရ၏၊ ဉာဏ်မျက်စိသည် မြေကြီးအတွင်းကိုလည်း ထိုးဖောက်၍ မြင်နိုင်၏၊ ရေလေတို့ အတွင်းကို ထိုးဖောက်၍လည်း မြင်နိုင်၏၊ ရှေးနောက် ဘဝများစွာကိုလည်း အတိအကျ သိနိုင်၏၊ ဒုက္ခလုံးဝ မရှိသော နေရာကိုလည်း ထူးထူးခြားခြား သိနိုင်၏၊ အချုပ်ဆိုရသော် ရိုးရိုးမျက်စိဖြင့် မမြင်နိုင်သော အရာမှန်သမျှ ဉာဏ်မျက်စိဖြင့် ကြည့်မှ မြင်ရလေသည်။

ရိုးရိုးမျက်စိသည် အလင်းဓာတ်- အဆင်း ဓာတ်- မျက်စိအကြည်ဓာတ် နှလုံးသွင်းမှုတို့ကို ရရှိမှသာ မြင်နိုင်သည်၊ ဉာဏ်မျက်စိမှာကား ၎င်းတို့ကို အမှီ ပြုနေစရာမလို၊ နက်နက်နဲနဲ တွေးတော ဆင်ခြင်မှု၏ သတ္တိထူးဖြင့် စိတ်ဓာတ်တွင် ထင်ရှားပေါ်လွင်စွာ တွေ့မြင်ရလေသည်။

အရာဝတ္ထုတခု (သို့မဟုတ်) သဘော သဘာဝတခုကို ဘာ့ကြောင့် မမြင်နိုင်သနည်း။

ထိုအရာဝတ္ထု ထိုသဘောကို မမြင်နိုင်အောင် ဖုံးကွယ်ပိတ်ဆို့ထားသော အကာကို ကျွန်ုပ်တို့ ခွါမပစ်နိုင်သောကြောင့် မမြင်ရခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် မြင်အောင် ကြည့်ချင်ပါသည် ဆိုလျှင် အဖုံးအကာများကို ခွါပစ်ရပေမည်၊ တင်းတိမ်၏ နောက်ကွယ်တွင် ရှိသော သူကိုမြင်လိုလျှင် ထိုတင်းတိမ် အကာ အရံကို လှန်ပစ်လိုက်ပါက ပကတိ မျက်စိဖြင့်ပင် မြင်နိုင်သည်၊ ဉာဏ်မျက်စိကိုပင် သုံးစရာမလို၊ ပကတိ မျက်စိ၏ မြင်တတ်သော အလုပ်သည် များစွာ သိမ်မွေ့နက်နဲမှု မရှိလှပေ။

ထိုပကတိ မျက်စိ၏ အရာမဟုတ်သော သဘောတခုကို သိနိုင်ရန်အတွက်မူကား ဉာဏ်မျက်စိကို အသုံးချရ၏၊ အဖန်ဖန်တွေးရ၏၊ ဆင်ခြင်စဉ်းစားရ၏၊ ဆက်စပ်ရ၏၊ အဖုံးအကာများကိုလည်း ဉာဏ်ဖြင့်ပင် ဖွင့်လှစ်ရ၏၊ဉာဏ်မျက်စိ၏ အလုပ်တာဝန်မှာ ကြီးလေးလှပေသည်၊ ခက်ခဲနက်နဲလှပေသည်။

"တောင်ထိပ်ကြာပေါက်" ဆိုသော ပေးထားချက် တခုကို မှန်-မမှန် သိနိုင်ရန် ကျွန်ုပ်တို့ သွားကြည့်ကြမည်လား၊ ဤအရာသည် ပကတိ မျက်စိ၏ တာဝန်မဟုတ်သဖြင့် သွားကြည့်က ညောင်းရုံသာ ရှိမည်၊ မိုက်မဲရာလည်း ကျပေတော့မည်၊ "ရေရှိလျှင် ကြာရှိတာဘဲ" ဟူသော အစွဲတခုသည် ထိုအရာကို မသိအောင် ဖုံးကာထား၏၊ ရေရှိမှ ကြာရှိမည်၊ ရေမြင့်မှ ကြာတင့်မည်ဆိုတာမှန်၏၊ သို့သော် ရေဆိုတာ အမြင့်မှာ တာရှည်မနေ၊

အနိမ့်သို့သာ စီးဆင်းရ၏၊ တောင်ထိပ်မှာ ရေမရှိဟု အဖုံးအကာကို ဉာဏ်မျက်စိဖြင့် ခွါပစ်ရ၏၊ တောင်ထိပ်၏ သဘာဝ အခြေအနေ ပထဝီ အနေအထားစသော အချက်အလက်တို့ကို စဉ်းစားတွေးတော၍ ဉာဏ်မျက်စိကို အသုံးချလိုက်ပါကထိုပေးထားချက် မမှန်ကန်ကြောင်း ထိုင်ရာမထသိနိုင်လေတော့သည်၊ ထို့ကြောင့် ဉာဏ်မျက်စိသည် ဆင်ခြင် တွေးတောမှုကို အခြေခံရ သဖြင့် သိမ်မွေ့နက်နဲ ကျယ်ဝန်းလှ၏။

## ရုပ်ကိုတည်ဆောက်သောစိတ်

ကျွန်ုပ်တို့သည် လောကအတွင်း နေ့စဉ် ဖြစ်ပျက်နေသော သဘောများကို မျက်ခြေမပြတ် ကြည့်ထားသင့်ကြ ပေသည်၊ ရေလမ်းခရီးကို သွားမည့်သူသည် ရေကြောင်း ကျွမ်းကျင်ပြီး မိုးလေဝသ သဘောအခြေအနေကို သိသင့်သလို လောကသား တယောက်အဘို့ လောကသဘာဝအကြောင်းကို တတ်နိုင်သမျှ သိပါမှ လောကအခက်အခဲကိုကျော်လွှားနိုင်ပေမည်၊ ဤသို့ သိရန်မှာ တိမ်တိမ်တွေးတတ်သူအဘို့ များစွာ ခက်ခဲသော်လည်း နက်နက်တွေးတတ်သူအဘို့ တဖြည်းဖြည်း လွယ်ကူလာမည်။

မြင်လာလျှင် ကြည့်တတ်ဘို့ လိုသည်၊ ကြည့်တတ်မှ သဘောမှန်ကို မြင်မည်၊ ထို့ကြောင့် မြန်မာ့တွေးခေါ်ရှင်တို့က "ကြည့်သောသူသည် မြင်၏" ဟူသောပုံသေနည်း ပေးထားချက်တခုကို ထုတ်ဖော်ဖြန့်ချီလျက် ရှိကြသည်၊ယနေ့ စက်မှုပညာများ အထွတ်အထိပ်သို့ ရောက်နေသည်မှာ တွေးတတ် ကြည့်တတ် မြင်တတ်သူတို့၏ ထူးခြားသော အသိဉာဏ်ကြောင့် ဖြစ်သည်၊ စက်တခု၏ အစသည် စိတ်ကူးဉာဏ် ဖြစ်၏၊ စိတ်ကူးဖြင့် ဆောက်လုပ်ပြီးသော

စက်ကိုမှ ရုပ်ဝတ္ထုဖြင့် စိတ်ဗိသုကာ၏ ညွှန်ကြားချက်အတိုင်း ဆောက်လုပ်ဖြစ်ပေါ်လာရလေသည်။

“စိတ်ထဲက တိုက်အိမ်ဆောက်” ဆိုသော ရုပ်ဝတ္ထု မပါသည့် ပျက်ပြယ်ပြယ်စကားကို “သဘာဝတ္ထပညာ” အရ လိုက်လိုက်လှဲလှဲ ခြွင်းချက်မရှိ ထောက်ခံရပေတော့မည်။

သဘောတရားတခုကို နက်နက်နဲနဲ မြင်ရလေလေ တန်ဘိုး ရှိလေလေ ဖြစ်၏၊ လောကသမိုင်း အဆိုအရ ကမ္ဘာဦး လူတို့ မီးကို တွေ့ရှိကာစက မီးမှ အပူဓာတ် ရရှိရုံလောက်သာ သိရှိကြ၏၊ မီးထဲသို့ ကျသွားသော အသားတစ်တခုကို စားကြည့်သည့် အခါ မီး၏ သဘောကို ပိုမို နက်ရှိုင်းစွာ ထပ်ဆင့် သိရှိလာကြသည်၊ မီးသည် အချမ်းလုံရုံသာမက ချက်ပြုတ် ဖုတ်ကင် စားသောက်ရမှန်း တိုးတက် သိရှိလာကြသည်၊ လူတို့ ဘဝ အခြေအနေမှာလည်း အဆင့်မြင့်လာခဲ့လေသည်၊ ဤသည်မှာ နက်ရှိုင်းစွာ သိမြင်သော အသိဉာဏ်၏ တန်ဘိုး ကြီးလှကြောင်း သက်သေသာဓက တခုပင် ဖြစ်လေသည်။

## အသိသုံးမျိုး

အမိလက်တွင် ဝတ်ဆင်ထားသော ရွှေလက်ကောက်ကို သားအမိ သားအဖ သုံးယောက်လုံး မြင်ကြ၏၊ သို့သော် သားငယ်သည် ထိုအရာကို ဝါဝါကလေးဟု မှတ်မိရုံသာ ရှိမည်၊ ကစားစရာ တခုအနေဖြင့် အဓိကထား၍ မြင်မည်၊ တန်ဘိုးကို သိရှိလိမ့်မည် မဟုတ်ပေ၊ အမိသည် ရွှေမှန်းလည်း သိမည်၊ လက်ဝတ်ရတနာ လုပ်ရကြောင်း မည်မျှ တိုက်တန်ကြောင်းကိုလည်း မှန်းဆနိုင်မည်၊ အဘပန်းထိမ်သည်ကတော့ သူတို့ သိသမျှ အားလုံးကို

သိသည့်အပြင် အစစ် အတု အခေါက်အတုံး အရော အနှော စသော ရွှေ၏ အကြောင်းအရာ မှန်သမျှကို သိရှိထားသူ ဖြစ်ပေမည်၊ ထို့ကြောင့်သူသည် တအိမ်သားလုံး၏ စားဝတ်နေရေးကို ရွှေအလုပ်ဖြင့် တာဝန်ယူနိုင်ခြင်း ဖြစ်ပေသည်။

ဤသို့ ဉာဏ်အတိမ်အနက် အလိုက်သိမှုများကို ဗုဒ္ဓ၏ "အဘိဓမ္မပညာ" အရ သညာသိ-ဝိညာဏ်သိ-ပညာသိ ဟု သုံးမျိုးခွဲခြားထားသည်။

အဖြူ-အမည်း စသည်ဖြင့် သိရုံ မှတ်သားမိရုံ သဘောကို "သညာသိ" ဟု ခေါ်သည်။

သဘောတရားကိုပါ ငုံမိအောင် သိမှုမျိုးကို "ဝိညာဏ်သိ" ဟု ခေါ်သည်။

လိုအပ်သည့် အကျိုးကို ပြီးစေနိုင်သည့်အထိ အဘက်ဘက်မှ အစုံအလင် နိုက်နိုက်ချွတ်ချွတ် ထိုးထွင်း သိမြင်မှု ပြောင်းလဲဖောက်ပြန်ခြင်း မရှိသော သိမှုမျိုးကို "ပညာသိ" ဟု ခေါ်သည်။

ထိုအသိ သုံးမျိုးသည် အစဉ်အတိုင်း နက်ရှိုင်းသွား၏၊ ဟန်ဘိုးလည်း အဆင့်ဆင့် ကွာခြားသွားလေသည်၊ သာမန်လောကသားတို့သည် သညာသိ-ဝိညာဉ်သိ တို့ဖြင့်သာ စခန်းသွားနေကြရ၏၊ ထို့ကြောင့် ၎င်းတို့၏ အသိဉာဏ်သည် အကာအကွယ် အပိတ်အဖုံးများ၏ ဤမှာဘက်တွင် ပျောက်ကွယ်လွင့်စင်ခဲ့ကြရသည်၊ အမာခံ အဖြစ် ရပ်တည်ခြင်းငှာ မစွမ်းနိုင်ကြချေ။

## ဘဝဇာတ်ဆရာ

ဘုံသုံးပါးတွင် ဖြစ်ပေါ်နေသော စိတ်အလိုကျ သာယာဖွယ်များကို "သုခ" ဟုရင်း၊ စိတ်အလို မကျသည့် နာလိုခံ

ခက်သဘောများကို "ဒုက္ခ" ဟုငြင်း သတ္တဝါတို့က အသိအမှတ် ပြု၍ မြင်ကြ၏၊ သုခကို ရအောင် လုပ်ကြ၏၊ ထိုသုခ ဒုက္ခများကို ခံစားမှု "ဝေဒယိတသုခ–ဝေဒယိတဒုက္ခ" ဟု ခေါ်၏၊ ယင်းသို့သော ချမ်းသာမှု–ဆင်းရဲမှုများ ရလာအောင် ပြုပြင် စီမံပေးနေသော ဘဝဇာတ်ဆရာမှာ ထိုသတ္တဝါတို့၏ ရှုန်းကန်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာသည့် "ကံ– စိတ်– ဥတု– အာဟာရ" အကြောင်းတရားများ ဖြစ်ကြ၏။

"ကောင်းတာလုပ်သူသည် ကောင်းကျိုးရ၏၊ မကောင်းတာလုပ်သူသည် မကောင်းကျိုးရ၏၊ အကြွင်မျိုးစေ့ကို စိုက်ပျိုး၏၊ ထိုမျိုးစေ့နှင့် အလားတူသော အသီးသီး၏"။

သတ္တသံယုတ်–သမုဒ္ဒကသုတ်ပါဠိ။

လောကချမ်းသာကို ခံစားရမှုမှာ ကောင်းတာကို လုပ်ခဲ့သောကြောင့် ဖြစ်၏၊ ထို့အတူ မကောင်းတာကို လုပ်ခဲ့သူသည် ဒုက္ခကို ခံစားရစမြဲ ဖြစ်ပေသည်၊ဤသို့လျှင် ချမ်းသာရဖို့အတွက် ကောင်းတာကို ရှုန်းကန်လှုပ်ရှား အားထုတ်ရ၏၊ ဆင်းရဲလိုချင်လျှင် မကောင်းတာလုပ်ရ၏၊ ချမ်းသာမှု ဆင်းရဲမှုတို့သည် ကိုယ်ဖြစ်လိုတိုင်း မဖြစ်၊ ကောင်းမကောင်း ကံကို အမှီပြုနေကြရ၏၊ ကိုယ်ပိုင်လွတ်လပ်ရေး မရှိကြ၊ ကံတရားက ကြိုးကိုင်နေသည်။

တိုင်းတပါး၏ နှောင်ကြိုးမကင်းသေးသော ကိုလိုနီ နိုင်ငံကလေးတခုကို ကြည့်ကြပါစို့၊ ထိုနိုင်ငံကလေးသည် မည်မျှပင် ဆန်ရေစပါး ပေါများ၍ သာယာဝပြောသည် ဆိုပါသော်လည်း ထိုနိုင်ငံသားတို့၏ ချမ်းသာမှုသည် အငှား ချမ်းသာမှုများသာ ဖြစ်ကြ၏၊ ကိုယ့်ချမ်းသာကို ကိုယ်အမြဲ သိမ်းပိုက်ထားနိုင်မည့်

မဟုတ်ပေ၊ ကိုလိုနီအစိုးရက အခွန်အကောက် လျှော့ပေါ့လျှင် သက်သာမည်၊ အခွန်အကောက် တိုးမြှင့်လျှင် ကြပ်တည်းမည်၊ သူတို့ထားရာမှာ နေရမည်၊ စားခိုင်းတာကိုသာ စားရမည်၊ ထို့ကြောင့် သူတို့၏ ချမ်းသာကို ကမ္ဘာ့အလယ်မှာ ဝင့်ကြွားနိုင်လောက်အောင် တန်ဘိုးထားနိုင်ပါမည်လော၊ လုံချည်ငှားနှင့် အလှူသွားသူကဲ့သို့ အမျှားလူတကာအလယ်မှာ ကိုလိုနီနိုင်ငံသားများ ဝင့်ကြွားနိုင်ကြမည် မဟုတ်ပါ။

## အတုမရှိချမ်းသာ

ထို့ကြောင့် ကျွန်ုပ်တို့သည် "သူပြုမှ နရသော" ခံစားမှု ဝေဒယိတ သုခကို အနှစ်သာရအဖြစ် မယူဆသင့်ကြပေ၊ ရေမြင့်မှ ကြာတင့် ရတာမျိုး၊ ဗူးကောင်းမှ စင်ခံရတာမျိုး၊ လင်ကောင်းမှ ဇနီး စံရတာမျိုးကို မက်မောမနေသင့်ကြပေ၊ သူတပါး အကူအညီ အပြုအပြင် မပါဘဲ ချမ်းသာသော သုခ မျိုးကိုသာ တန်ဘိုး ထားသင့်ကြပေသည်၊ ယင်းသို့သော ဝေဒယိတ သုခမျိုးသည် ခံစား၍ ကုန်နိုင်သည့် အတွက် နောက်ထပ်ရအောင် လုပ်ရပြန်၏၊ ထိုသို့ ထပ်ရအောင် လုပ်သဖြင့် ပင်ပန်းဆင်းရဲသည်မှာ ရလာမည့်သုခနှင့်မတန်အောင် ဒုက္ခများလှ၏၊ ထိုဒုက္ခနှင့် ရင်း၍ ရလာသော သုခကို မတင်းတိမ် နိုင်ပြန်သဖြင့် သုခမှန်သမျှကို အဓမ္မနည်းဖြင့် တိုက်ယူခံစားတတ်ကြပြန်သည်၊ ဤအခါ သုခ အရင်းလုံးလုံးမြုပ်ပြီး အကြွေးတင်ကာ ပြောမပြနိုင်သော အပါယ်ဒုက္ခဖြင့် ပေးဆပ်ရလေတော့သည်။

ဗုဒ္ဓဘာသာဝင် တို့၏ အထွတ်အထိပ် ပန်းတိုင် ဖြစ်သော "နိဗ္ဗာန်" ဆိုသည်မှာ သူတပါး အကူအညီ အပြုအပြင် အစီအမံ

မပါသော ရှုပ်ရှုပ် ရှက်ရှက် သဘောမှ ကင်းလွတ်သည့် ချမ်းအေးငြိမ်သက်သော "သန္တိသုခ" ဖြင့် ပြည့်နှက်လျက် ရှိ၏၊ မည်သည့် လှုပ်ရှားမှု ကံတရားမှ လာရောက်နှောက်ယှက် ပြုပြင် စီမံပိုင်ခွင့် မရှိတော့ချေ၊ ဒါကိုပင်လျှင် "အတုမရှိချမ်းသာ သို့မဟုတ် နိဗ္ဗာန်" ဟု ဆိုရလေသည်။

ထိုနိဗ္ဗာန်၏ အလွန်ဆန်းကြယ်သော အတုမရှိ ချမ်းသာကို ကျွန်ုပ်တို့လည်း တခါမျှ မခံစားဘူးသေးချေ၊ သူတပါးကို လည်း အတိအကျ ခံစားနိုင်စေရန် အလွန်ခဲယဉ်း၏၊ နိဗ္ဗာန်၏ သန္တိသုခကို အပူရှိလျှင် အအေးရှိရမည်၊ အမှောင်ရှိလျှင် အလင်း ရှိရမည်၊ ဒုက္ခရှိလျှင် သုခရှိရမည်ဟူသော မှန်းဆချက်လောက်နှင့် ပင် သာမန် သတ္တဝါတို့ သိရှိကြရ၏။

မိလိန္ဒမင်းကြီး....အရှင်နာဂသိန်– နိဗ္ဗာန်ဆိုတာ ရှိပါ သလား။

ရှင်နာဂသိန် ....အိမ်း–တကယ်ရှိပေ၏။

မိလိန္ဒမင်းကြီး....ထိုနိဗ္ဗာန်ကို မမြင်ရသောကြောင့် ရှိတယ်ဆိုတာ ဟုတ်ပါ့မလား။

ရှင်နာဂသိန် ....မင်းကြီး၊ လေကို သင်မြင်ရသလား။

မိလိန္ဒမင်းကြီး....မမြင်ရပါ။

ရှင်နာဂသိန် ....ဒါဖြင့် လေ မရှိဘူးပေါ့။

မိလိန္ဒမင်းကြီး....ရှိပါသည်။

ရှင်နာဂသိန် ....ယင်းသို့ဖြစ်လျှင် မမြင်ရလို့ နိဗ္ဗာန်မရှိဟု မဆိုထိုက်၊ နိဗ္ဗာန်ကို အရိယာတို့၏ ကိုယ်ပိုင်ဉာဏ် မျက်စိဖြင့်သာ မြင်နိုင်ကြ ပေသည် ဟု ရှင်နာဂသိန်က နိဗ္ဗာန်ရှိ

ကြောင်း အကောင်းဆုံး ဥပမာဖြင့်
ဖြေပြခဲ့၏။

ထိုနိဗ္ဗာန်ချမ်းသာကို အတိအကျ တကယ် ခံစားနိုင်သူတို့မှာ ပညာသိ ရရှိပြီးသော ပုဂ္ဂိုလ်ထူးတို့သာ ဖြစ်ကြပေသည်၊ ထို ပညာသိဖြင့် ရရှိခံစားပြီးသော သန္တိသုခသည် မည်သည့်အခါမျှ လက်လွတ်ဆုံးရှုံးမှု မရှိတော့ချေ၊ ဤသို့ အထက်တန်း အကျ ဆုံးသော အတုမရှိ ချမ်းသာကို ခံစားခွင့်ရရှိရေးတွင် "ပညာသိ" သည် မည်မျှ အရေးပါလှကြောင်း အခြားသိမှုများကို ပညာ သိက မည်မျှ လွှမ်းမိုးထားနိုင်ကြောင်း ပညာသိ သိမှုသာ ထိပ်တန်း အကျဆုံးဖြစ်ကြောင်း ရိပ်စားမိလောက်ပေပြီ။

ဘုရား-ပစ္စေကဗုဒ္ဓါအရိယာတို့သည် ပညာသိ ရှိပြီးသော ပုဂ္ဂိုလ်ထူးတို့ ဖြစ်ကြ၏၊ ကျွန်ုပ်တို့သည် သညာသိ-ဝိညာဏ်သိ လောက်နှင့်သာ အဘက်လုပ်နေသူများ ဖြစ်ကြ၏၊ အသိဉာဏ် အတိမ်အနက် ကွာခြားသည့်အလျောက် ကျွန်ုပ်တို့က အမဲရိုး ကိုက်သော ခွေးငယ်ကလေးလို ဝေဒယိတသုခကိုသာ တကယ် အဟုတ် ထင်နေကြ၏၊ တောရိုင်းတိရစ္ဆာန်များ ပတ္တမြားကို အလကား ထင်သလို သန္တိသုခကို တန်ဘိုးမထားဘဲ ကျွန်ုပ်တို့နှင့် ဝေးချင်တိုင်း ဝေးနေကြတုန်း ရှိသေး၏၊ပညာသိရှိပြီး သူတို့ကား ကျွန်ုပ်တို့ အမဲရိုးကို တန်ဘိုး မထားသလို ဝေဒယိတ သုခကို အသေးအဖွဲ့ အညံ့စား သဘောထားပြီး သန္တိသုခကိုသာ ခံစား တော်မူကြ၏။

ကျွန်ုပ်တို့ ဘာကြောင့် သန္တိသုခကို မမြင်ကြသနည်း၊ ထို သန္တိသုခကို မမြင်အောင် ဖုံးကာထားသော သဘာဝများ ရှိနေ သေးသောကြောင့် ဖြစ်၏။

## အမှန်ကို ဖုံးကွယ်သော အမှား

ဘုံသုံးပါးအတွင်းရှိ ရုပ်နာမ်မှန်သမျှသည် တကယ့် ဆင်းရဲ အစစ်အမှန် "ဒုက္ခသစ္စာ" ဖြစ်၏။

ထိုဆင်းရဲ ရုပ်နာမ်ကိုမှ ပြန်၍ လိုချင်တတ်သော (သို့မဟုတ်) ရုပ်နာမ် ဆင်းရဲကို ဖြစ်အောင် လုပ်တတ်သော တဏှာလောဘသည် တကယ့်ဆင်းရဲ ရကြောင်း အစစ်အမှန် "သမုဒယသစ္စာ" ဖြစ်၏။

ထိုဒုက္ခတုံး ဒုက္ခခဲ ရုပ်နာမ်တို့ မရှိသော နိဗ္ဗာန်သည် တကယ့် ဆင်းရဲကုန်ရာ အစစ်အမှန် "နိရောဓသစ္စာ" ဖြစ်၏။

ကောင်းကောင်း ပြုလုပ် ပြောဆို ကြံစည်မှု ယူဆမှု စသော မဂ္ဂင်ရှစ်ပါးသည် တကယ့်ဒုက္ခငြိမ်းကြောင်း အစစ်အမှန် "မဂ္ဂသစ္စာ" ဖြစ်၏ဟု ဗုဒ္ဓက သူတပါးတို့ မထုတ်ဖေါ်နိုင်သော အမှန်တရားလေးပါးကို ထုတ်ဖော်တော်မူခဲ့သည်။

သမင်ကလေးများက တံလျှပ်ကို ရေထင်၍ လိုက်ကြ၏၊ ပိုးပရံကောင်ကလေးများက မီးရောင်ကို ရွှေတောင်အထင်နှင့် ဝင်တိုးကြ၏၊ အပျော်ကြူးကြ၏၊ စင်စစ် သူတို့သည် ပူသော တံလျှပ်မှန်း မီးမှန်း မသိကြသောကြောင့် လိုက်မှားမိ တိုးမှားမိကြခြင်း ဖြစ်၏၊ ဤကိစ္စအတွက် မည်သူ့တွင် တာဝန်ရှိသနည်း၊ တံလျှပ်နှင့် မီးတို့၏ တာဝန်လား၊ သမင်နှင့်ပိုးပရံတို့ရဲ့အပြစ်လား၊ တံလျှပ်ကလဲ လိုက်ပါလို့ မခေါ်၊ မီးရောင်ကလဲ လာတိုးပါလို့ မတိုက်တွန်းကြ၊ တိမ်တိမ်တွေးမှားတတ်သော သမင်နှင့် ပိုးပရံတို့၏ အပြစ်သာ ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ထိုသမင်နှင့် ပိုးပရံကောင်လေးများကို အပြစ်တင်ကြမည်လော၊ သို့ဖြစ်လျှင် သူတို့က ရယ်ကြမည်၊ အဘယ့်

ကြောင့်ဆိုသော် ကျွန်ုပ်တို့လည်း သူတို့နှင့် မခြားနားသော ကြောင့် ဖြစ်၏၊ ဤအပြုအမူသည် ဝေါင်းတုံးပေါ် ထိပ်ကွက်ရာ ရောက်နေ၏။

## ကုန်တတ်သော သုခ

ဗုဒ္ဓ ထုတ်ဖော်ပြတော်မူသော အမှန်တရား လေးပါး အရ ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် ချမ်းသာ ဘာတခုမျှ ရှာ၍မရချေ၊ ကျွန်ုပ်တို့ ကိုယ်ခန္ဓာသည်ပင်လျှင်ဒုက္ခတုံး ဒုက္ခခဲကြီးဖြစ်နေသည့် အပြင် ဒုက္ခသားငယ်ကလေးတွေကိုပင် ပေါက်ဖွားပေးနေကြ၏၊ လောကအတွင်းရှိ ရုပ်ဝတ္ထုနှင့် နာမ်အစုမှန်သမျှ ဒုက္ခ ချည်းသာ တည်း၊ပဋိသန္ဓေ–အို–နာ–သေ စသော ဆင်းရဲမှုတို့သည် ရုပ်နာမ် အစဉ်တမျိုးမှတမျိုးသို့ ပြောင်းလဲ ဖောက်ပြန်နေကြခြင်းဖြစ်၏၊ အနာရှိသောကြောင့် ဒုက္ခဖြစ်ရ၏၊ အနာမရှိလျှင် ဒုက္ခမခံရသလို ရုပ်နာမ်ရှိလို့ ဒုက္ခပေါ်၏၊ ရုပ်နာမ် မရှိလျှင် ဒုက္ခ မပေါ်တော့ ချေ၊ ရုပ်နာမ်သည် ဒုက္ခ–ဒုက္ခသည် ရုပ်နာမ်ပင် ဖြစ်၍ အစဉ် ဒွန်တွဲလျက် ရှိ၏။

တယောက်ယောက်က အိပ်ပျော်နေတုန်းလာနှိုးလျှင် လွန်စွာ စိတ်ဆိုးမိမည်၊ အိပ်နေစဉ်မှာ ခံစားမှု အထင်အရှားမရှိ၊ ဘဝင် စိတ်မျှလောက်သာ ဖြစ်နေပါလျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ရတာ ကိုပင် ကောင်းသော ချမ်းသာတခုအဖြစ်နှစ်သက်သည်၊ ချမ်းသာ စွာ အိပ်ပျော်ရခြင်း သုခကိုပင် ဤမျှ မြတ်နိုးကြပါသေးလျှင် တကယ် ငြိမ်းအေးလှသော သန္တိသုခ နိဗ္ဗာန်ကိုကား "အတုမရှိ ချမ်းသာ" ဟု ဘယ်မှာ မဆိုနိုင်ဘဲ ရှိပါမည်နည်း။

နိဗ္ဗာန်ကို ဤသို့ ဂုဏ်မြှောက်တော်သော ဒုက္ခရုပ်နာမ်များ မရှိ သောကြောင့် တကယ့်ချမ်းသာ အစစ်ဟု ဆိုရသည်၊ နိဗ္ဗာန်၌

ရုပ်နာမ်မရှိ၍ ခံစားမှုမပါလျှင် ဘယ်လို ချမ်းသာနိုင်သလဲဟု အချို့က ထင်မှားတတ်ကြ၏၊ ခံစားရသည့် သုခမျိုးသည် ကုန်တတ်၏၊ မကုန်မီသာ စိတ်ချမ်းသာမှု ရ၏၊ ကုန်၍ ထပ်ရှာရသည့် အခါ ဒုက္ခနှင့် ပြန်တွေ့ရပြန်လေသည်၊ နိဗ္ဗာန်၏ သန္တိသုခ၌ကား ကုန်လည်းမကုန် ထပ်ရှာရန်လည်း မလိုတော့သည့်အတွက် ဒုက္ခ ကျော့ကွင်းမှ ထာဝစဉ် လွတ်လပ်ပြီ ဖြစ်သောကြောင့် တကယ့် ချမ်းသာအစစ်ဟု ခေါ်ရလေသည်။

## ဒုက္ခကို ငွေပေးဝယ်ခြင်း

ကျွန်ုပ်တို့သည် ဆင်းရဲလှပါတယ်ဆိုသော ဒီဒုက္ခကိုမှ နေ့စဉ် ရအောင် လှုပ်ရှားရုန်းကန်ရှာဖွေနေကြ၏၊ ကုသိုလ်ပြုရာမှာပင် စည်းစိမ်ကို လိုချင်တောင့်တပြီး ဒုက္ခကိုငွေပေးဝယ်နေကြသေး၏၊ ဤ ကောင်းမှုကြောင့် ပစ္စည်းဥစ္စာ ချမ်းသာ ရပါလို၏ဟု ဆုတောင်းခြင်းသည် ဒုက္ခပေးပါဟု တောင်းသည်နှင့် ဘာခြား သေးသနည်း၊ အကြောင်းမှာ ယင်းပစ္စည်း ဥစ္စာတို့သည် ရုပ်တရား ဖြစ်ကြ၍ ထိုရုပ်တရားသည် ဒုက္ခဖြစ်နေသောကြောင့်ပင် ဖြစ်၏၊ လိုချင်သည့် အရာကို ဒုက္ခမှန်းမသိ၊ အဟုတ်အဟာတ် သုခကြီးဟု ထင်နေကြသောကြောင့် ဖြစ်၏။

ဆာလောင်လှသော လူတယောက်သည် အဆိပ်ထည့်ထား သော ထမင်းပွဲမှန်း မသိသေးသမျှ ကာလပတ်လုံး ထိုထမင်းပွဲကို စားရအောင် အစွမ်းကုန် ကြိုးစားပေလိမ့်မည်၊ အဆိပ်ထည့် ထားမှန်း သိသည့်အခါ၌ကား ထို ထမင်းပွဲကို ကိုင်တောင်ကိုင် တော့မည် မဟုတ်ပေ။

သမင်နှင့် ပိုးပရုံတို့က ပူမှန်းမသိ၍ လိုက်ကြ တိုးကြ၏၊ ဆာလောင်သူက အဆိပ်ထမင်းမှန်း မသိ၍ စားလို၏၊ ကျွန်ုပ်

တို့က ဒုက္ခမှန်း မသိ၍ ရုပ်နာမ်တွေကိုလိုချင်ကြ၏၊ ဤသို့ အတွေး တိမ်သူချင်း မသိသူချင်း တူနေလျှင် သူတို့နှင့် ဘာထူးခြား သေးသနည်း၊ သူတို့ကိုချည်း အပြစ်တင်ရတော့မှာလား။

> “မသိတတ်သူ မှန်သမျှသည် စက်ဆုပ်ဘွယ်ချည်းသာ ဖြစ်၏၊ သိတတ်သူ မှန်သမျှသည် နှစ်သက်ကြည်ညို ဘွယ်ချည်းသာ ဖြစ်၏၊ မသိရှူးသူတို့ ဒုက္ခပင်လယ်ဝေ နေရသလောက် အသိထူးသူတို့ ဒုက္ခပင်လယ်ကို ကူး မြောက်ခဲ့ကြလေပြီ”။

ဒုက္ခရုပ်နာမ်ကိုသုခဟု ထင်နေမှုသည် မသိတတ်သော အကွယ် အကာ အဖုံးအအုပ်ကြီး ဖြစ်၏၊ ထိုမသိတတ်သော မျက်နှာဖုံးကို ခွါ၍ ရုပ်နာမ်မှန်သမျှ ဒုက္ခချည်းပါကလားဟု သိရမည်၊ ထိုရုပ် နာမ် ဒုက္ခကို လိုချင်တတ်သော လောဘကို ဒုက္ခ ဖြစ်ရတာ သူ့ ကြောင့် ပါကလားဟု သိရမည်၊ ထိုဒုက္ခရုပ်နာမ် ရဘို့ကို လုံးဝ အာသာဖြတ်ပြီး ကောင်းကောင်းလုပ် ကောင်းကောင်းပြော ကောင်းကောင်း ကြံစည်သွားလျှင် ဇာတ်မသိမ်းသေးသဖြင့် အဆက်ဆက်ဖြစ်ပျက်–ဖြစ်ပျက်နေသော ရုပ်နာမ်များကို အညစ် အကြေးမဝင်အောင် ဆေးကြောသွားလျှင် ဒုက္ခ ကုန်အောင် လုပ်နေတာပါကလားဟု သိရမည်၊ ဒီဒုက္ခ ရုပ်နာမ် ကုန်မှသာ လျှင် အတုမရှိ နိဗ္ဗာန်ကို ရရှိမှာပါကလားဟု သိရမည်။

ရုပ်နာမ်ပါသော လောကတွင် သုခအစစ်မရှိ၊ ရုပ်နာမ်မရှိရာ တွင်သာ သုခအစစ်ရှိ၏၊ ဤသို့ မရှိကို မရှိ အတိုင်း၊ အရှိကို အရှိ အတိုင်း၊ အမှန်ကို အမှန်အတိုင်း၊ အမှားကို အမှားအတိုင်း နက်နက်မြင်တတ်ဘို့ လိုသည်။

အတုမရှိ ချမ်းသာဖြစ်သော သန္တိသုခကို မသိမူ မောဟ တိမ်သလာက ဖုံးအုပ်ထား၏၊ ထိုတိမ်သလာကို ခွါပစ်ဘို့လိုသည်၊ ရုပ်နာမ်တို့၏ အတွင်း ဒုက္ခသဘောကို သိ၍ ထိုရုပ်နာမ် ရအောင် ကျွန်ုပ်တို့ မည်သည့်အခါမျှ အားမထုတ်တော့သည်နှင့် တပြိုင်နက် မောဟတိမ်သလာ စင်၍ အတုမရှိ ချမ်းသာကို မြင် လေတော့သည်။

ထိုရုပ်နာမ်တို့ကို သတိထားရန် လို၏၊ ၎င်းတို့သည် ကိုယ့် ကိုယ်ကို အဟုတ်ထင်လာအောင် လှည့်ဖျားတတ်ကြ၏၊ သညာသိ ဝိညာဏ်သိလောက်သာ ရှိသူတို့မှာ သူတို့၏ မာယာထောင် ချောက်တွင် မိနေကြရလေသည်၊ ပညာသိ အဆင့်သို့ ရောက်မှ သာ အညာခံ ဘဝမှ လွတ်ကြရ၏။

## အမှိုက်ထဲကရွှေ

ဇာတ်ပွဲတခုတွင် ဇာတ်လူကြမ်း၏ သရုပ်ဆောင်မှုကြောင့် ဇာတ်ဆောင်မင်းသွီး ငိုရ၏၊ အနှိပ်စက်ခံရ၏၊ ပင်ပန်းဆင်းရဲရ၏၊ သို့သော် လူကြမ်းမပါလျှင် ဇာတ်ဆောင်မင်းသွီး၏ အနုပညာ သည် မတောက်ပြောင်နိုင်ချေ၊ လူကြမ်းကြောင့် ဇာတ်ဆောင် မင်းသမီး၏ အနုပညာသည် အထွတ်အထိပ်သို့ ရောက်ရ၏၊ ရုပ်နာမ်တို့သည်လည်း ဘဝဇာတ်ခုံတွင် လူကြမ်းအဖြစ် ကပြကြ ပေမဲ့ သူတို့မပါလျှင် အသိပညာ၏အထွတ်အထိပ်သို့ မရောက်နိုင်၊ ပညာသိရရေးတွင် သူတို့သည်ကြည့်မှတ်ရှုမှတ်များဖြစ်ကြ၏၊သူတို့ ၏ဖြစ်ပုံ ပျက်ပုံ အမူအရာစုံကိုကြည့်ရင်းအသိဉာဏ် ရင့်သန်အောင် လုပ်ယူရ၏၊ အသိ ရင့်ကျက်လာသောအခါ ခံနိုင်ရည် ရှိသာ၏၊ သူတို့ကြောင့် တုန်လှုပ်ခြင်း မရှိတော့ချေ၊ ရိုးနေပြီ ဖြစ်သဖြင့်

သူတို့နှင့် ကင်းကွာလိုစိတ်များသာ ပေါ်ပေါက်လာ၏၊ ထိုအခါ သူတို့နှင့် မနီးစပ်ရေးကိုသာ ရှေ့ရှု အားထုတ်တော့၏။

နေရောင်သည် ပူ၏၊ သို့သော် နေရောင်ကို မတွေ့ထိဘူးလျှင် ပူမှန်းမသိ၊ နေရောင်နှင့် တွေ့ရ၍သာ ပူမှန်းသိ၏၊ နေဆိုတာ ပူတတ်ပါကလားဟု နေနှင့် ပတ်သက်၍ အသိဉာဏ် တိုးတက်လာ၏၊ နေနှင့်မတွေ့ရမှ အေးမှာပါကလားဟု မြင်လာ၏၊ ထို အခါမှသာ နေနှင့်ဝေးရာသို့ ပြေး၍ အပူဒုက္ခမှ ကင်းလွတ်ရလေ သည်၊ ဤသို့ ချမ်းသာရခြင်းသည် နေရောင်၏ ပူတတ်သော သဘာဝကို အခြေခံ၍ ဖြစ်ပေါ်လာရလေသည်၊ အသိဉာဏ် မှန်သမျှ ဘဝအတွေ့အကြုံ ခံစားချက်မှ ပေါ်ပေါက်လာစမြဲဖြစ် ၏၊ ရုပ်နာမ်တည်းဟူသော အမှိုက်တွင်းမှ အသိဉာဏ်တည်းဟူ သော ရွှေကို ကျင်ထုတ်ရယူခြင်းဖြင့် ရုပ်နာမ်တို့ကို နေရာတကျ အသုံးပြုတတ်ရပေမည်။

## ရှူပနန္ဒာ၏ အလှရူး ကကွက် (ဓမ္မပဒ)

ဗုဒ္ဓသည် ရုပ်နာမ်တို့၏ ဖြစ်ပျက်မမြဲ ဆင်းရဲဒုက္ခ ကိုယ့်အလို မကျပုံကို သာဓကများစွာပြ၍ လက်တွေ့ ထုတ်ဖော်တော်မူခဲ့၏၊ ဗုဒ္ဓ၏ ညီမတော် ဇနပဒကလျာဏီခေါ် ရှူပနန္ဒာမှာ ဗုဒ္ဓ၏ ထုတ် ဖော်ချက်ကို နည်းနည်းမျှ သဘောမကျခဲ့၊ ဗုဒ္ဓအတွေး ဗုဒ္ဓအမြင် မှာ နက်နဲသလောက် ရှူပနန္ဒာမှာ ဇကောတချပ်၏ ဇောက် လောက်မျှပင် မနက်ဘဲ ရှိသေး၏။

ရှူပနန္ဒာ၏ အသိဉာဏ်သည် ဗုဒ္ဓထုတ်ဖော်သော သဘာဝကို အစင့်မှီအောင် မကြည့်တတ် မမြင်တတ်အောင် ကိမ်လှ၏၊ ထို့ ကြောင့် သူသည် ဗုဒ္ဓနှင့် ဝေးအောင်သာ ရှောင်ခဲ့၏၊ သူ့အလှ

ကို သူအဟုတ်ထင်ပြီး မာန်တက်ခဲ့၏၊ဗုဒ္ဓနှင့်တွေ့လျှင် ငါ့အလှကို မှိုချိုး မျှစ်ချိုး အပြောခံရမှာဘဲဟု ရှုံ့တစိုးစိုးရှိခဲ့၏၊ ဗုဒ္ဓအမြင်နှင့် သူ့အထင်သည် မိုးနှင့်မြေပမာ ကွာခြားလှ၏။

ရူပနန္ဒာ၏ မယ်တော် မဟာပဇာပတိဂေါတမီ မိဖုရားကြီးမှ စ၍ သာကီဝင် အတော်များများသည် ဗုဒ္ဓ၏ သဘာဝတ္ထပညာ ရိပ်ဝယ် နှစ်ခြိုက်ချမ်းသာစွာ အိပ်ပျော်သွားခဲ့ကြသော်လည်း ရူပနန္ဒာမှာကား သူ့အတွေးပေါင်း အိပ်မက်ကမ္ဘာထဲမှာပင် ကြက်အိပ်ကြက်နိုး အိပ်မက်ဆိုးတို့ဖြင့်သာ မယ်ကျန်ရစ်ကလေး ဖြစ်နေတုန်း ရှိသေး၏။

"သမီး ရူပနန္ဒာ–ညီးပျော်ရာမှာ မနေပါနဲ့၊ မယ်မယ်တို့နဲ့ တော်ရာကို လိုက်နေပါ၊ ညီး အစ်ကိုတော် ဗုဒ္ဓထံကိုလည်း ချဉ်းကပ်စမ်းပါ၊ ဗုဒ္ဓထံ ချဉ်းကပ်သူတိုင်းဟာ အချည်းနှီး မဖြစ်ပါဘူး၊ တကယ်တော့ ညီးတို့လောကမှာ ပျော်စရာ အစစ် မရှိပါဘူး၊ အပျော်လွန်ပြီးရင် ငိုရတာချည်းပါဘဲ၊ အစ်ကိုတော် ဗုဒ္ဓရဲ့ အမတ စည်သံကို ညီးနားခံကြည့်စမ်းပါ၊ ဒီအခါ ဒါမှ ပျော်စရာ အစစ်ပါကလားဆိုတာ ညီးသိပါလိမ့်မယ်" လို့ပြောတဲ့ မယ်တော်၏ မေတ္တာတေးသံများကိုလည်း မျောက်မင်း အူသံ လောက်ပင် သူထင်၍ နားမဝင်ခဲ့။

ခုတော့ သူသည် တကောင်ကြွက် ဖြစ်ရန် တဲတဲသာ ကျန်တော့၏၊ နန်းတော်ကြီးမှာ တိုးတိုးဖော်ပင် မရှိလောက်အောင် တိတ်ဆိတ်ခြင်းက စိုးမိုးလျက်သာနေ၏။

ပတ်ဝန်းကျင်ကို မက်မောသူသည် သူ့ ပတ်ဝန်းကျင်တွင် ကြောင်တကောင် ကြွက်တမြီးမှ မရှိသည့်အခါ ပျင်းရိငြီးငွေ့မှု တို့၏သာ လွှမ်းမိုးခြင်းခံရ၏၊ ဆိတ်ငြိမ်ရာကို နှစ်သက်သူသည်

ဟိမဝန္တာ တောကြီးထဲမှာပင် တယောက်တည်း ပျော်မွေ့နိုင်၏။

ရူပနန္ဒာသည် လူ့ပတ်ဝန်းကျင်တွင် ကြီးပြင်းလာရသူဖြစ်သဖြင့် ပတ်ဝန်းကျင်ကြောင့်ပင် သူပျော်မွေ့ခဲ့၏၊ ပတ်ဝန်းကျင်၏ မြှောက်စားမှုကြောင့် မောက်ကြွားခဲ့ရ၏၊ ယခုအခါ သူ့အလှသည် အမှန်းတင်သူ မရှိသည့် အပယ်ခံဘဝတွင် ကြေမွပျက်စီးလု အခြေသို့ ဆိုက်ခဲ့ရလေပြီ၊ သို့သော် သူ့အလှကို သူတယောက်ထည်းကတော့ မှုန့်နှံ့သာချယ်သတုန်းပင် ရှိသေး၏၊ ကြေးမုံပြင်မှ သူ့ရုပ်သွင်ကို သူကြည့်ရင်း "မလှဘူး"ဆိုသော အစ်ကိုတော်ဗုဒ္ဓ၏ စကားကို ကြားယောင်ပြီး ငိုချင်လာ၏။

"အစ်ကိုတော် ဗုဒ္ဓဘုရား-နှမတော် ရူပနန္ဒာမှာ အလှပေါင်း ခလျက်ပါ၊ ထင်တိုင်း လှလျက်ပါ၊ ဒါကိုမှ မလှဘူး၊ မမြဲဘူး၊ ဆင်းရဲတယ်၊ ကိုယ့်အလိုမကျဘူးလို့ ပြောရက်ဆိုရက်ပါပေတယ်" ဟု နာကျည်း ကြေကွဲသံများလည်း သူ့နှုတ်မှ တဖွဖွ ထွက်လာတုန်း ရှိသေး၏။

"မချစ်ခင်သူတို့နှင့် အတူနေရခြင်းသည် ဆင်းရဲ၏၊ ချစ်ခင်သူတို့နှင့် ခွဲခွာနေရခြင်းသည် ဆင်းရဲ၏" ဆိုသော အစ်ကိုတော်ဗုဒ္ဓ၏ ပေးထားချက် သဘောကိုကား သူမလွန်ဆန်နိုင်ပါ၊ ဝန်ခံရတော့မလို ဖြစ်ခဲ့၏၊ သူ့ပတ်ဝန်းကျင်တွင် သူချစ်ခင်သော နန္ဒမင်းသားလည်း မရှိတော့၊ မယ်တော်လည်း ခွဲခွာသွားခဲ့ပြီ၊ ရဲရွေတော်တို့လည်း တတိတတိ ပြုန်းခဲ့လေပြီ၊ဒီအခါမှာ ပျော်စရာကို သူဘယ်မှာ ရှာမည်နည်း၊ သူချစ်ခင်သူတို့သည် ဗုဒ္ဓ အသိုင်းအဝိုင်းအတွင်းသို့ ရောက်ကုန်ပြီ၊ ဒီအခါ သူသည် ထိုအသိုင်းအဝိုင်းသို့ သာ မဝံ့တဝံ့ ချဉ်းကပ်ရန် ရှိတော့၏။

"သမီး–မယ်မယ့်ထံ ခုလို အချိန်မီ ရောက်လာတာ မယ်မယ် ဝမ်းသာမဆုံးတော့ဘူး၊ သမီး လိမ်မာလာပြီ၊ သမီး အသိ ခေတ်တွေ မကြာမီ တိုးတက်ပါစေကွယ်"။

မယ်တော် မဟာပဇာပတိဂေါတမီ၏ နှစ်သိမ့်သံများနှင့်အတူ ရူပနန္ဒာ၏ ရုပ်ပြောင်း ရုပ်လွှဲကလည်း မြန်ဆန်လွန်း လှသည်ဟု ဆိုရမလားမသိ၊ သင်းပျံ့လန်းဆန်းသော ပန်းပွင့်ကလေးများ လည်း သူ့ခေါင်းမှာမရှိတော့ပါ၊ ကောင်းခြင်း ငါးဖြာတွင် ဝင်ခဲ့သော သူ့ပိတုန်းရောင် ကေသာများ မှာလည်း အမိုက် ကမ္ဘာမှာပင် ကျန်ရစ်ခဲ့ပါပြီ၊ မှုန့်နံ့သာများကလည်း သူ့ပါး ပြင်နုနုသို့ မကပ်ဝံ့ကြလေတော့ သလား၊ အကျန် ပြောရလျှင် မိန်းကလေးတို့၏အလှကို ဝံ့ကြွား တောက်ပ စေသော အရာ မှန်သမျှသည် သူ့ထံမှ ဖယ်ခွါပြေးသွားကြလေပြီ၊ အခု သူသည် အဝါရောင် ဖန်သင်္ကန်းဖြင့် အသွင်ဆန်းသော ရူပနန္ဒာ ထေရီမ ဘဝသို့ ရောက်ခဲ့ရပါချေပြီ။

မလှဘူးဆိုရင် ငိုချင်သော ရူပနန္ဒာ–သူ့ဘဝတွေ ဘယ်လို ပြောင်းခဲ့ပေမဲ့ တင့်တယ် ဆူဖြိုးသော သူ့ရင်၊ သူ့တင်၊ သေးသွယ်သောခါး၊ ဖောင်းကြွ ချောမွေ့သော သူ့ပါးပြင် စသော အလှနယ်ခွင်မှ ထူးခြားသော အသွင်အဆင်တို့ကြောင့် ခေါင်းတုံးသခင်မ ဘဝမှာပင်သူ့အလှကို သူချီးမွမ်း၍ မကုန် သေးပါ၊ နေရောင် မတွေ့ခင်သော လှနိုင်သော ပန်းအဘိဓမ္မာ ကိုလည်းသူမသိ၊ သူ့ဘဝနဲ့ မနှိုင်းယှဉ်တတ်၊ အစ်ကိုတော်ဗုဒ္ဓ၏ ပုံသေနည်း အဘိဓမ္မာကို သူကငြင်းတုန်း၊ စောဒကတက်တုန်း ရှိသေး၏၊ သူ့အလှမှန်သမျှ ဗုဒ္ဓထံရောက်လျှင် ကြေမွ ပျက် ပြုန်းရချေရဲ့ဟု စိုးရွံ့မဆုံးပင် ရှိသေး၏။

ထို့ကြောင့် သူသည် ဗုဒ္ဓအသိုင်းအဝိုင်း ထဲမှာပင် ဗုဒ္ဓနှင့် မတွေ့ရအောင်ပြေးတုန်း၊ ပုန်းတုန်း၊ ရှောင်တုန်း ရှိသေး၏။ စင်စစ် ဗုဒ္ဓကို သူမမုန်းပါ၊ မလှဘူးဆိုလာသူကိုတော့ မည်သည့် နည်းနှင့်မျှ ခွင့်မလွှတ်နိုင်သေးချေ။

သူက ဗုဒ္ဓကို တနည်းအားဖြင့် မုန်း၍ ပြေးနေ သော်လည်း ဗုဒ္ဓက သူ့ကို ဘယ်နည်းနှင့်မျှ မမုန်းပါ၊ ဗုဒ္ဓ၏ မဟာကရုဏာ ဉာဏ်ကွန်ချာသည် သူ့အပေါ် အမြဲဖုံးအုပ် ထားလျက် ရှိ၏၊ ထို့ကြောင့် ကျန်းမာရေး ရှိသော ရဟန်းမတိုင်း ဗုဒ္ဓအထံ တရားနာ လာရမည် ဟူသော ထူးခြားသော ဥပဒေတရပ်ကို ဗုဒ္ဓက ထုတ်ဆင့်တော် မူလိုက်၏၊ အကယ်၍ ဒီအချိန်မှာ သူတခြားတိုင်းပြည် ရောက်နေလျှင် ဒီဥပဒေကို သူလေးစား စရာမလိုပါ၊ ခုတော့ သူသည် ဗုဒ္ဓတိုင်းပြည်ထဲမှာ ဗုဒ္ဓ တိုင်းရင်း သားဘဝသို့ ရောက်နေချေပြီ၊ ထို့ကြောင့် သူသည် ဒီဥပဒေကို ဘယ်လိုလွန်ဆန်ဝံ့ပါမည်နည်း၊ ဥပဒေကလည်း သူ့ကိုမည်သည့် နည်းနှင့်မျှ ခွင့်လွှတ်လိမ့်မည်မဟုတ်ပါ၊ သူက ကံဆိုး မိုးမှောင် ကျချေပြီဟု ထင်ပေမဲ့ တကယ်တော့ သူကံကောင်းခဲ့ ချေပြီ၊ သူ့အသိဉာဏ်သည် အတိမ်မှ အနက်သို့ ရောက်ရမည့် အချိန် တန်လာပေပြီ၊ ဗုဒ္ဓက ဥပဒေ အကူအညီဖြင့် သူ့အသိဉာဏ်ကို နက်အောင် ထွင်းပေးဘို့စီစဉ်လျက်ရှိပြီ၊ ဥပဒေက သူ့ကို တည့် မတ်ပေးလျက် ရှိချေပြီ၊ ချောက်ထဲမှ အတင်း ဆွဲတင်လျက် ရှိလေပြီ။

သူသည် ဥပဒေ၏ ခေါ်ဆောင်ရာနောက်သို့ စိတ်မပါ့တပါ လိုက်ခဲ့ရသော်လည်း ဘဝကို လုံခြုံဟန်မထင်၊ သို့နှင့် တနည်း တဖုံ သူ့အလှ မှုံမစွန်းရေးအတွက် စီစဉ်ရပြန်၏၊ ဗုဒ္ဓက သူ့ကို

မမြင်ရအောင် ရဟန်းမ အားလုံးကို အကွယ် အကာ ယူ၍ နောက်ဆုံးမှ နေလိုက်၏၊ သူသည် ပရိသတ်များအကြားမှ ဗုဒ္ဓကို ချောင်း၍ကြည့်၏၊ ဝိုးတဝါးသာ သူမြင်ရ၏၊ ဗုဒ္ဓ ကတော့ သူဘယ်လိုပုန်းပေမဲ့ သူ့ကို ခြေဆုံး ခေါင်းဆုံး မြင်တော်မူ လျက်ပါ။

"ဟယ် ရူပနန္ဒာ သင်ဟာ နာမည်နဲ့လိုက်အောင် ကိုယ့်အလှကို ကိုယ် တပ်မက်ခြင်း ကြီးလေစွ၊ အသားကြောင့် ဆူဖြိုးသော ဝက်သည် အသားကြောင့်ပင်သေရ၏၊ အစွယ်ကြောင့် ပဏာ ရသော ဆင်သည် အစွယ်ကြောင့်ပင် သေရ၏၊ ရူပတဏှာကြောင့် ရူပနန္ဒာ သေခဲ့ရသောဘဝတွေလဲ မရေတွက် နိုင်တော့ပြီ၊ ရူပ တဏှာဇာတ်ကို မသိမ်းနိုင်သမျှ ရူပနန္ဒာ၏ အေးငြိမ်းခွင့် ရှိနိုင် တော့မည်မဟုတ်၊ အချိုကြိုက်သော ယင်ကောင်ကို အချိုနှင့် ဖမ်းမှ မိမည်၊ နေဇာမြက်ကြိုက်သော သမင်ကို နေဇာမြက်နှင့် ဖမ်းမှ မိမည်၊ အဆင်းမက်သော ရူပနန္ဒာကိုလည်း အဆင်းနဲ့ ငါဖမ်းအံ့"။

သတ္တဝါတို့၏ အလိုဆန္ဒကို ဂဃဏန သိတော်မူ တတ်သော ဗုဒ္ဓသည် ရူပနန္ဒာ၏ အလိုဆန္ဒကို ဆင်ခြင်လျက်ဤသို့ "ပုဂ္ဂလ ဇ္ဈာသယ" ဉာဏ်ကို ကွန့်မြူးတော်မူလိုက်၏။

ဗုဒ္ဓ၏ ဣဒ္ဓိဝိဓ အဘိညာဏ်တန်ခိုးတော်ကြောင့် ပေါ်ပေါက် လာသော လူမက နတ်တမျှချောလှသော အပျိုစင် ကလေး သည် ဗုဒ္ဓကို ယပ်လေခတ်၍ ဝတ်ပြုလျက်ရှိ၏၊ "ဤအပျိုစင် ကလေးကို ရူပနန္ဒာတဦးတည်းသာ မြင်စေသား" ဟုလည်း ဗုဒ္ဓက မိန့်ခွန်ထား၏၊ ထို့ကြောင့် ရူပနန္ဒာ၏ မြင်ကွင်းမှာ သာလျှင် အပျိုစင်ကလေး၏ အလှ ကြက်သရေသည် ရှုမဆုံး မြင်မဆုံး၊

အံ့ဩမဆုံး လှချင်တိုင်းလှ ယဥ်ချင်တိုင်း ယဥ်လျက်ရှိ၏၊ အသက်ရှူမှားမတတ် ရင်သပ်ရှုမောဖြစ်နေသော ရူပနန္ဒာသည် မျက်တောင်ပင် မခတ်နိုင်လောက်အောင် ငေးကြည့်ကြ ပျက်နေ၏၊ "ဟယ်-လှလိုက်လေ လှလိုက်လေ" ဟူသော အာမေဍိတ်သံများကိုလည်း ထပ်ခါထပ်ခါ တိုးတိုးရေရွတ်နေမိ၏။

ဟင်-အလှဆိုတာ ရူပနန္ဒာမှာသာ ရှိတယ်ဆို ငါ့အလှတွေကို သူအကုန်ယူသွားပြီ၊ ငါ ဘယ်မှာ လှတော့လို့လဲ၊ အော်-တကယ်တော့ ငါက ကျီး သူကဥဒေါင်း၊ ငါက မျောက်ရုပ် သူကနတ်ရုပ်၊ ငါနဲ့သူ ဘယ်လိုလုပ် နိုင်းမလဲ၊ ဘယ်လိုမှ ယှဥ်လို့မရပါတကား၊ ရှုံးပြီ ရူပနန္ဒာ၊ နင့်အလှတွေ ဒီပွဲမှာ သူ့ခြေအောက် ရောက်ကုန်ပြီ၊ ဟော-ဒီအလှကတမျိုး၊ ဟင်-ဒီအချောကတသွယ်၊ ဟယ်-ဒီအယဥ်က တဖုံပါကလား၊အမလေး-လှပြီးတိုင်း လှလို့ မကုန်နိုင်တဲ့ အလှဘုရင်မ ကလေးရယ်၊ ထိပ်ထားကို အမ မပြိုင်ရဲပါဘူး၊ ဒီက ရူပနန္ဒာရဲ့ ရင်ခွင်မှာ ခဏလောက်ဘဲဖြစ်ဖြစ် မှေးစက်လှည့်စမ်းပါ။

အလှရှုံး ကကွက်မှာတော့ ရူပနန္ဒာဟာ ပြိုင်ဘက်ကင်းသူပါဘဲ၊ ကကြိုးကကွက်စုံအောင်လဲ ကနိုင်အားပါပေရဲ့၊ ကိုယ့်အလှနဲ့ ကခဲ့သည်မှာ သူသာ အဦးအထူး၊ သူ့အလှနဲ့ ကရသည်မှာလည်း သူသာအရှုံးအမူး၊ လှသူများဆိုရင် ရူပနန္ဒာက ငုံထားချင်သူပါ။

ရူပနန္ဒာ၏ အလှရှုံးကကွက် မဆုံးမီမှာပင် သူ့ထိပ်ထား၏ အလှရှုခင်းသည် ဖြုတ်ချည်း ရုပ်ချည်း ပြောင်းလဲခဲ့လေပြီ တကား။

ဟော့ ခုနက အပျိုစင် ခုတော့ သားတယောက် မိခင်လိုပါ ကလား၊ အို–ဘယ်လို ဖြစ်ပါလိမ့်၊ ငါ့မျက်စိ ပြာနေလို့လား၊ မျက်စိတွေလဲ အကြည်သားဘဲ၊ ပြောင်းသွားတာတော့ မလွဲဘူး၊ ဟင်–ယုံဘို့ ခက်လှပါတယ်လေ။

ရူပနန္ဒာ ကကွက်ပျောက်ခဲ့ချေပြီ။

ရုပ်နာမ်နှင့် မကင်းသော လောကမှ သဘာဝဓမ္မတို့သည် အချိန်တိုင်း ပြောင်းလဲ လှုပ်ရှားနေကြ၏၊ သူတို့သည် မည်သည့် အခါမျှငြိမ်သက်၍နေခွင့်မရကြ၊ ဒါကိုပင်လျှင် အတွေးတိမ်သူ လူ သာမညတို့က တဆင်တည်း တသွင်တည်း အကြိတ်အခဲ အမြဲဟု ထင်နေကြ၏၊ စိတ်တခုဖြစ်သောခဏ (သို့မဟုတ်) မျက်စိ တမှိတ် လျှပ်တပျက် ကာလကလေးမှာပင် ကုဋေတသိန်းမက ပြောင်းလဲနေကြပုံကို ဗုဒ္ဓက အတွင်း နှိုက်၍ ထုတ်ပြတော် မူခဲ့၏။

"လျှပ်တပျက် လက်တတွက်၌ ဖြစ်ပျက်အနေ ရုပ်နာမ်သေလို့ ကုဋေတသိန်း ရေကိန်းတမျှ" ဟု မန်လည် ဆရာတော်က သရုပ် ဖော်ပြခဲ့သည်။

မနှစ်က တတောင်လောက် သစ်ပင်ကလေးကို ခုနှစ် တလုံ လောက်၊ နံနက်က ပွိုးရှင်နေသူကို ညနေတွင် အလောင်းကောင် အဖြစ် တွေ့ကြရမှ ပြောင်းလဲပုံကို သိမြင်ကြ၏၊ ဒါဟာ တကယ်တော့ အတွေးတိမ်သူတို့၏ မျက်စိကို မောဟတိမ်သလာ ဖုံးနေခြင်းပင် ဖြစ်၏။

"သန်းခေါင်လကွယ် တောအုပ်လယ်၌ ရှစ်နယ် ပတ်ကုံး အပြည့်ဖုံးသည့် မိုးလုံးတိမ်တိုက် လျှပ်မကြိုက်သား အမိုက်အပြား ဤလေးပါးထက် နင်ကားရာထောင် မကမှောင်၏" ဟု ဝိဇ္ဇာ

မဂ္ဂ ဒီပနီကျမ်းတွင် လယ်တီဆရာတော်က အမှောင်ဆုံးလူကို ညွှန်ပြထား၏။

လှတာကိုသာ ရွေး၍ မြင်တတ်သော ရူပနန္ဒာ– အလှရဲ့ နောက်ကွယ်မှာ အကျည်းတန်ပေါင်းများစွာ လျှို့ဝှက် ပါဝင်နေသည်ကို သူမဖော်ထုတ်နိုင်ခဲ့သည်မှာ ခုတိုင်အောင်ပင် ဖြစ်၏၊ တကယ်တော့ သူ့အမြင်သည် တိမ်လွှန်းကျဉ်းလွန်းလှချေသေး၏၊ သူသည် အတွေ့အကြုံတခုကို လိုရာဆွဲပြီး ရှုဒေါင့် တမျိုးတည်းမှသာ ကြည့်တတ်သူ ဖြစ်နေ၏၊ ဘက်စုံ ရှုဒေါင့်မှ သူမမြင်တတ် မကြည့်တတ်ချေတကား၊ အမြင်တမျိုးသာ သန်ခဲ့သော သူ့အဘို့ မြင်ကွင်းအမျိုးမျိုးနှင့် ကြုံလာရသောအခါ သဘာဝတရားတို့၏ ထိုးနှက်ချက်ကို လက်လွတ် အရှုံးပေးရချေပြီ၊ သူ့နှလုံးတို့သည် ပြောင်းလဲ လှုပ်ရှားပြုံနေသော လောကသဘာဝ သံပုထဲမှာ ကြေမွ ပျက်ပြုံးရလေပြီ။

"အလို–တမျိုးဖြစ်သွားပြန်ပြီ၊ သားနှစ်ယောက် မိခင်ပုံ၊ ဟော–သားသုံးယောက် လေးယောက်မိခင်ပုံ အတိုင်းဘဲ၊ ဟယ်–အဖွားကြီး ဖြစ်သွားပါပေါ့လား၊ ပါးရေတွေဘဲ ဆံပင်တွေဖြူ ခါးကလဲကုန်း အရိုးပေါ်မှာ အရေသာဖုံးလို့"။

"အလိုလေး–ထိုင်ရာက လဲသွားရှာပြီ၊ ဆန့်ငင်ဆန့်ငင်နဲ့ သေးပါပြီ၊ အပုပ်ရေတွေ ကျလို့ပါလား၊ ဟင်–အပုပ်ကောင်ကို ကျီးတွေ စားကုန်ပြီ၊ ရှိစရာ မသတီစရာကြီး၊ ချစ်စရာ ဘယ်မှာ ရှိတော့လို့လဲ၊ ရူပနန္ဒာဆီ မလာပါနဲ့၊ အော်–ခုတော့ အရိုးစုသာ ကျန်တော့ပါကလား"။

"အလို–အနိစ္စ အနိစ္စ၊ အလှဆိုတာ တကယ်တော့ မရှိပါကလား၊ ခုနမြင်ရတဲ့ အလှတွေ ဘယ်ကို ရောက်ကုန်ပြီလဲ၊

ရှက်လို့များပုန်းကုန်ကြပြီလား၊ ငါ့ဆီ ပြန်ရောက်လာတာလား၊ မဟုတ်ပါဘူးလေ၊ အစက လှတဲ့သူ ခု မလှတော့ဘူး၊ ဒီလောက် လှတဲ့ သူတောင် အရိုးစု ဖြစ်ရသေးတာ ငါလို ကျီးမကကော အလှတွေကို ဘယ်လိုလုပ် သိမ်းထားနိုင်ပါ့မလဲ၊ သူဖြစ်တာတွေ အားလုံး ငါလဲ ဖြစ်ရမှာပါကလား၊ အော်-မမြဲလေစွ၊ ဆင်းရဲ လေစွ၊ အစိုးမရလေစွ၊ တနေရာတည်းမှာ ရပ်တည်၍ မရသော လောကကြီးပါကလား၊ အချိန်တိုင်း အချိန်တိုင်း ပြောင်းလဲ လှုပ်ရှားဖောက်ပြန်နေကြလေသည်တကား၊ ဗုဒ္ဓအမြင်တော်သည် မှန်လှချေတကား၊ ငါ့အမြင်သည် ဟန်မကျချေ တကား"။

ရူပနန္ဒာသည် ဘဝအတွေ့အကြုံမှ အသိပညာ သင်ခန်းစာ များကို ထုတ်ယူနိုင်ခဲ့လေပြီ၊ဗုဒ္ဓ၏ သဘာဝတ္ထပညာသင်ခန်းစာ များကို ရူပနန္ဒာ ကျက်မိပြီ မှတ်မိပြီ လေ့လာမိပြီ စိတ်ပါ ဝင်စား သဘောကျချေပြီ လက်တွေ့ပိုင်ပြီ၊ ဗုဒ္ဓ၏ စာသင်ခန်းမှ သူဘယ်ဘော့မှ မထွက်လိုတော့ပါ၊ ဗုဒ္ဓ၏ တပည့်အစစ် ဖြစ် သွားလေပြီ၊ ဗုဒ္ဓကို မြင်ပြီ၊ ဗုဒ္ဓနှင့် ဝေးရာကို သူမပြေးလိုတော့ ပါ၊ ဗုဒ္ဓအနားမှ မခွါလိုတော့ပါပြီ။

သူ့အတွေးဟောင်း အမြင်ဟောင်းများလည်း ကျယ်ဝန်း နက်ရှိုင်းသော အတွေးသစ် အမြင်သစ်တို့၏ နောက်ကွယ်မှာ ကျန်ခဲ့လေပြီ၊ လက်တွေ့ ဖြစ်ရပ်များက သူ့အတွေးဟောင်း များကို တော်လှန်လိုက်ပါပြီ၊ လူသာမညတို့အား စေစားနေကြ သော တကယ်မရှိ အဟုတ်မရှိသော တရားတို့သည် သူ့အသိ တရားမှ ပြေးသွားကုန်ကြပြီ၊ တကယ်ရှိ အဟုတ်ရှိသော ရုပ်နာမ် တို့သာ သူ့အမြင်မှာ ထင်လင်းခဲ့ပါပြီ၊ အစဉ်လှုပ်ရှား ပြောင်း လဲနေကြသော သဘာဝမှတို့၏ တခုတည်းသော အသွင်အပြင်

ပုံစံမျိုး၌ မည်သည့်အခါမျှ အကြိတ်အခဲအမြဲ တည်မနေနိုင်ပုံကို သူသဘောကျပါပြီ၊ ကျယ်ဝန်းနက်ရှိုင်းစွာ တွေးမြင်နိုင်စွမ်းရှိသည့် အသိဉာဏ်ကို လွတ်လပ်ခွင့် မရအောင် အမြဲ ပိတ်ပင်တားဆီးခဲ့သည့် အလိုမှား အထင်မှား အမြင်မှား အကွယ်အကာ အပိတ်အဖုံးများကို သူသည် တစ်ုတခုသော အတိုင်းအတာအထိ ဖယ်ရှားနိုင်ခဲ့ပါပြီ။

မြည်းညစ်သော အကုသိုလ်အဘို့မှ ထစေ၍ ဖြူစင်သော ကုသိုလ်အဘို့၌ တည်စေတော်မူတတ်သော မြတ်စွာဘုရား။

သံသရာတည်းဟူသော ဝဲသြဃရေအယာဉ်မှ ထုတ်နုတ် ကယ်တင်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်း ထက်၌ ထားတော်မူတတ်သော မြတ်စွာဘုရား။

အစ-အဆုံး မထင်သော ဘဝ အသချေ်တို့ ကာလပတ်လုံး အမိုက်ဖုံးခဲ့သော တပည့်တော်မ ရူပနန္ဒာအား အမိုက်တုံးအောင် ဆုံးမတော်မူပါဘုရား၊ တပည့်တော်မ၏ ဒုက္ခ အဝဝမှ ကယ်မ ချမ်းသာစေတတ်သော နည်းနာနိဿယကို ပြသလျက် မှိခိုရာ အားတားရာ လဲလျောင်းရာဖြစ်တော်မူပါ ဘုရား။

"ချစ်သမီး ရူပနန္ဒာ-ဝေဒနာများစွာ တို့ကြောင့် ကျင်နာခံခက်သော၊ မစင်ကြယ်သော၊ ပုပ်သိုးနံစော်သော အရိုးသုံးရာကို တိုင်ပမာပြု၍ စိုက်ထောင်အပ်သော နှပ်, မျက်ချေး, တံထွေး စသော အညစ်အကြေးများ ကိုယ်အထက်သို့ အမြဲ ဆန်တက်လျက်ရှိသော ကျင်ကြီး ကျင်ငယ်စသော အညစ် အကြေးများ ကိုယ်အောက်သို့ အမြဲ စီးယိုလျက်ရှိသော ဤကိုယ်ခန္ဓာကို ဇေ့ငုံ ဖန်ခါ သင်ကြည့်စမ်းပါလော့"။

"ဒီလောက် သမတီစရာ ကိုယ်ခန္ဓာကိုပင်လျှင် ပညာရှားပါး ငမိုက်သားတို့က အမွန်းတင်ကာ လိုလားတောင့်တ၍သာနေကြ ကုန်၏"။

"ချစ်သမီး ရူပနန္ဒာ–ခုန သင်မြင်ရသော မိန်းမငယ်ကဲ့သို့ ပင်လျှင် သင့်ခန္ဓာကိုယ် သည်လည်း မစင်မကြယ် ရှုံ့စဘွယ် ပုပ်သိုး၍နေ၏၊ သင်ပုပ်သိုးသလို ထိုမိန်းမငယ်သည်လည်း မစင် မကြယ်ရှုံ့စဘွယ် ပုပ်သိုး၍ နေ၏"။

"ဤမည်သော ခန္ဓာကိုယ်ကို ပုဂ္ဂိုလ် သတ္တဝါ အသက် လိပ်ပြာ ငါဆိုတဲ့ ပညတ်အကာအနေနဲ့ မမြင်ဘဲ ရုပ်နာမ် ပေါင်း စပ်ထားသော ဓာတ်ပရမတ် အစုအဝေးအားဖြင့် အမှန် အတိုင်း မြင်အောင်ရှုစမ်းပါလော့၊ ဒီလောက်ဆိုးလှသော သတ္တလောက ထဲသို့ သင်–နောက်ထပ်တကျော့ ပြန်မလာချင်ပါနဲ့တော့"။

"ချစ်သမီး ရူပနန္ဒာ–ရုပ်နာမ် တို့နှင့် မကင်းသော ပူပြင်း လှသည့် ဘဝသုံးပါးကို လားလားမမက် စွန့်ခွါ ပြေးထွက်နိုင် ပါက လောဘတဏှာ အာသာရမ္မက် ငြိမ်းအေးလျက် သာလျှင် နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ဆက်ဆက် မသွေ သင်–သွားရောက်ရပေလတ္တံ့"။

ဗုဒ္ဓ၏ ငြိမ့်ညောင်း သာယာသော ဓမ္မစည်တော် သံသည် ရူပနန္ဒာ၏ စိတ်နှလုံးကို ယူကြုံး နှစ်သိမ့်စေခဲ့ပါပြီ၊ ဗုဒ္ဓ၏ ဓမ္မ အေးယင်သည် ရူပနန္ဒာကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် စေခဲ့ ပါပြီ၊ ဗုဒ္ဓ၏ မဂ္ဂင် ဖောင်တော်ကြီးသည် ရူပနန္ဒာကို နိဗ္ဗာန် ကမ်းစပ်ရောက်အောင် ပို့ဆောင်ခဲ့ပါပြီ။

"ချစ်သမီးရူပနန္ဒာ–အရိုးပေါင်း သုံးရာတို့ကို တိုင်စိုက် ထုတ် တင်၍၎င်း၊ အကြောတို့ဖြင့် နှီးလုပ်ချည်နှောင် မြွေးယှက်၍၎င်း၊

အသေးအသားတို့ဖြင့် အင်္ဂတေမြေညက်သဘွယ် လိမ်းမံအပ်သည် ဖြစ်၍ရှင်း ဤမည်သော အတ္တဘော ခန္ဓာအိမ်ကို တဏှာ လက်သမားက ဆောက်လုပ်၍ ထား၏၊ အိုခြင်း၊ သေခြင်း၊ ထောင်လွှားခြင်း၊ ကျေးဇူးကန်းခြင်းစသော ဒုစရိုက် အညစ် အကြေးတို့သည် ဤအတ္တဘောခန္ဓာအိမ်အတွင်း၌ သိုလှောင်၍ ထားလေသည်တကား”။

ဗုဒ္ဓဥယျာဉ်မှူးက အမြိုက် ရေလောင်း၍ စိုက်ပျိုး ရာမှ ပွင့်လာသည့် အဆင်း အနံ့ အရသာနှင့် ပြည့်စုံသော ပန်းပွင့်၏ ဝတ်ရည်ကို အဘယ်မည်သော လိမ်မာသည့် ပျားပိတုန်းသည် မစုတ်ယူ မသောက်သုံးဘဲ နေနိုင်ပါမည်နည်း၊ ရူပနန္ဒာသည် ဓမ္မပန်းဝတ်ရည်ကို အားပါးတရ စုတ်ယူ သောက်သုံး လိုက်ရလေပြီ၊ သူ့အမိုက်တွေကို အမြိုက် ရေဖြင့် အပြီးတိုင် ဆေးကြောလိုက်ပါပြီ၊ သူသည် ခန္ဓာမှာ အလှမရှာတော့ပါ၊ သူ့အလှသည် သူ့အမြင် ဟောင်းများနှင့် အတူ အတိတ် ခန္ဓာစဉ်မှာ ချုပ်ပျောက်ခဲ့ပါပြီ၊ အလှထက် သဘာဝဘက်ကိုသာ သူအမြင်သန်ခဲ့ပါပြီ၊ သူ့အသိဉာဏ်သည် ပညာသိစခန်းသို့ တက်လှမ်းခဲ့ချေပြီ၊ သူသည် ခန္ဓာမှာ အလှ မရှာတတ်တော့သည့် အတွက် သူ့ဘဝစက်ဝိုင်းလည်း ဒီမှာပင် ရပ်ခဲ့လေပြီ၊ ဤဘဝသည် သူ့အတွက် နောက်ဆုံး၊ နောက်ဆုံးဘဝသည် ဤဘဝ၊ ဤမှတက်၍ ဘဝဆက်ရန် သူ့၌မရှိပြီ၊ အတွယ်အတာ အမှောင်အမဲ အပိတ် အဖုံး မှန်သမျှသည် သူ့ရဲ့ ကြွင်းကျန် နေသေးသော ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်အစဉ်ကို နောက်ထပ် မည်သို့မျှ နှောက်ယှက် ကွယ်ကာ ပိတ်ဖုံးနိုင်တော့မည်မဟုတ်ချေတကား ။

ရူပနန္ဒာသည် အတွေးတိမ်သော ကာလ တလျှောက်လုံး ဘဝဇာတ်ခုံတွင် အလှရှူးကကွက်ဖြင့် တပင်တပန်း ကပြခဲ့ရ၏၊ အတွေးနယ် ကျယ်လာသော အခါ သူ့ကကွက် များ၏ အနုပညာ မမြောက်ပုံကို သိ၍ ဘဝဇာတ်ခုံကိုပါ ရိုက်ချိုးနိုင်ခဲ့၏၊ အမှောင်သည် လူကို ကြောက်စိတ် မွေးပေး၍ အရာဝတ္ထုကို ဖုံးကွယ်ထားသလောက် အလင်းသည် လူကို ရဲရင့်စေ၏၊ အရာဝတ္ထုကိုမြင်စေနိုင်၏၊ တိမ်သောအတွေးသည် လူ၏တက်လမ်းကို ချုပ်နှောင် တားဆီးထားသလောက်နက်သောအတွေးသည် လူ၏ တက်လမ်းတံခါးကို အမြဲ ဖွင့်ပေးနေ၏၊ လင်းလင်း နေပါ၊ နက်နက်တွေးပါ။



## အခန်း (၂)

# အမှီအတွယ်

"ပုဂ္ဂိုလ် သတ္တဝါတိုင်းတွင် အမှီအတွယ် ရှိသင့်၏၊ သို့သော် မှီတတ်ဘို့လိုသည်၊ မမှီတတ်လျှင် ထိုမှီရာက မှီခိုသူကို ပြန်၍ ပိတတ်လေသည်"။

ဘာသာဝင်တိုင်းတွင် မှီရာ ဘုရားတရား ရှိ၏။

သားသမီးတိုင်းတွင် မှီရာ မိဘရှိကြ၏။

တပည့်တိုင်းတွင် မှီရာ ဆရာရှိကြ၏၊ သို့သော် ဘာသာဝင် တိုင်း နိဗ္ဗာန်ရောက်ကြပါသလား၊ သားသမီးတိုင်း ကြီးပွား

ချမ်းသာ သွားကြပါသလား၊ တပည့်တိုင်း အထက်တန်းရောက် သွားကြပါသလား၊ ဤအချက်ကို မည်သူမျှ ထောက်ခံနိုင်ကြမည်မဟုတ်ပါ၊ တမိပေါက် တယောက်ပင် ထွန်းနိုင်ခဲလေစွ။

ဘာ့ကြောင့် မှီခိုသူတို့ မတိုးတက် မကြီးပွားကြသနည်း။ ကိုးကွယ်မှီခိုရာ အစစ်ကို မသိကြသောကြောင့်ပင် ဖြစ်၏။

နို့သက်ခံစို့ပြီး ကိုယ့်အားကိုယ် မျှားမျှား အသုံးမချတတ်သော ပျင်းရိဆုတ်နစ်သည့် စိတ်သည် ကြီးပွားတိုးတက်မှုကို အမြဲ ပိတ်ပင် ဟန့်တားတတ်၏၊ ဘာသာဝင်တိုင်းက မိမိတို့ ဘုရားတရားကို မှီခိုရာအစစ်ဟု စွဲမြဲယုံကြည်နေကြ၏၊ တပည့် သားသမီးတို့က မိမိတို့ ဆရာမိဘများကို မှီတွယ်ရာ အစစ်ဟု ထင်နေကြ၏၊ တကယ်သော် ဘုရားတရား ဆရာ မိဘတို့သည် နည်းပေးလမ်းပြများသာ ဖြစ်ကြ၏၊ အမှီခံရသူတို့က ပေးသော ကောင်းမြတ်သည့် လမ်းညွှန်ချက်များကို လက်တွေ့ အကောင် အထည်ဖော်၍ အထက်တန်း ရောက်အောင် ပြုလုပ်ရေးမှာ မှီခိုသူတို့အပေါ်တွင် လုံးဝတာဝန် ရှိသည် မဟုတ်ပါလော။

အကယ်၍ တစုံတယောက် ကြီးပွားချမ်းသာရေး အတွက် အမှီခံရသူ အပေါ်မှာသာ အများဆုံး တာဝန်ရှိသည်ဆိုလျှင် သတ္တဝါတွေ ဆင်းရဲမှာ တကယ် သနားတော်မူသော ဗုဒ္ဓက တပါတည်း နိဗ္ဗာန်ကို တဦးမကျန် ခေါ်ဆောင်သွားပြီး ဖြစ်နေမည်၊ ကျွန်ုပ်တို့ အားလုံးကို ယခုအခါ သံသရာထဲမှာ တဝဲလယ်လယ် တွေ့ရတော့မည် မဟုတ်ချေ၊ ဆင်းရဲဒုက္ခ ရောက်နေရသော တပည့် သားသမီးများကိုလည်း ကျွန်ုပ်တို့ လောကတွင် ဘယ်အခါမျှ တွေ့ရတော့မည် မဟုတ်ပေ။

## အတ္တာ ဟိ အတ္တနော နာထော လမ်းစဉ်

အားထားကိုးကွယ်ရာ အစစ်ကို ကမ္ဘာလောကကြီးတခုလုံး ရှောက်၍ ရှာပါသော်လည်း ဝေးဝေးမှာ တွေ့ရမည် မဟုတ်၊ အနီးဆုံး နေရာတွင်သာ ရှိ၏၊ တစုံတယောက်သော သူသည် ကြီးပွားချမ်းသာရေးအတွက် ပထမ နည်းလမ်းကောင်း ပြမည့်သူကို ရှာသင့်သည်မှာ မှန်၏၊ တကယ်လုပ်သည့်အခါ ကိုယ့်ခြေနှင့် ကိုယ်သာ ရပ်တည်၍ ဖြစ်နိုင်၏၊ ကိုယ့်ဇွဲ ကိုယ့်အား ကိုယ့်လုံ့လ ကိုယ့်ပယောဂကို အသုံးပြု၍ မဆုတ်နစ်သော ယုံကြည်ချက်ဖြင့် လုပ်ဆောင်မှသာ ကြီးပွားချမ်းသာမှုကို ရရှိနိုင်လေသည်၊ သူရလာသော သုခကို အမှီခံ နည်းပြဆရာက လုပ်ယူပေးပါသလော၊ မဟုတ်ပါ၊ သူအားသူကိုး၍ သူကိုယ်တိုင် လုပ်ယူလို့ ရခဲ့သော သုခသာဖြစ်၏၊ ထို့ကြောင့် တကယ့်ကိုးကွယ်အားထားရာ အစစ်သည် အနီးဆုံး မိမိပင် မဟုတ်ပါလော။

ဤလမ်းစဉ်ကို ဗုဒ္ဓက "အတ္တာ ဟိ အတ္တနော နာထော" မိမိကိုယ်သာ ကိုးကွယ်ရာ လမ်းစဉ်အဖြစ် ထုတ်ဖော်သွန်သင်ခဲ့၏၊ ကိုယ်တိုင်လည်း ဤလမ်းစဉ်ဖြင့်ပင် ဗုဒ္ဓတ္တစရိယ အကျင့်များကို ကျင့်ခဲ့၏၊ အဖျက်ရန်များကို မဆုတ်မနစ် ခုခံခဲ့၏၊ အတုမရှိ လူသားဘဝကို ရောက်အောင် ဤလမ်းစဉ်က ထိန်းကိုင် တည့်မတ်ပေးလိုက်၏၊ မိမိမှတပါး ကိုးကွယ်ရာကို မရှာဘဲ အထွတ်အထိပ်သို့ ပထမဦးဆုံး ရောက်ခဲ့သူမှာ ဗုဒ္ဓပင် ဖြစ်လေသည်၊ ဗောဓိပင်သည် ဗုဒ္ဓ၏ မှီရာဖြစ်၏၊ သို့သော် ဗောဓိပင်ကိုသာ မှီခိုနေပါက ဗုဒ္ဓ ဘွဲ့ထူးကို ဆွတ်ခူးနိုင်ဘို့ အဆုံးအစမရှိ ဝေးနေပေလိမ့်ဦးမည်၊ ဗုဒ္ဓအဖြစ်သို့ ရောက်မည့် နောက်ဆုံးည

တိုင်အောင် မွေးစက်ချိန်ကိုပင် ဂရုမထားနိုင်ဘဲ ကိုယ့်ဇွဲ ကိုယ့်လုံ့လ ကိုယ့်အားကို ထက်သန်စွာ ထားနိုင်သောကြောင့်သာ အရဟတ်တက်သည်နှင့်တပြိုင်နက် သဗ္ဗညုတဉာဏ်ကို ရ၍ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့ရ လေသည်။

## လူသားတာဝန်

ဗုဒ္ဓသည် ဘုရားဆုကိုစတင် ပန်ဆင်ခဲ့သည့် အခါမှစ၍ တာဝန်ကြီးသုံးရပ်ကို စိုက်လိုက်မတ်မတ် မပြတ်ဆောင်ရွက်တော်မူခဲ့သည်၊ ၎င်းတာဝန်ကြီးများမှာ–

(၁) လောကတ္ထစရိယခေါ် ကမ္ဘာ့တာဝန်
(၂) ဉာတတ္ထစရိယခေါ် အမျိုးသားတာဝန် (နိုင်ငံတာဝန်)
(၃) ဗုဒ္ဓတ္ထစရိယခေါ် မိမိတာဝန် (ဘုရားဖြစ်ရေးတာဝန်) တို့ဖြစ်ကြ၏။

သုမေဓာရှင်ရသေ့ဘဝနှင့် ဒီပင်္ကရာဗုဒ္ဓထံတွင် ဘုရားကေန်အမှန်ဖြစ်လိမ့်မည်ဟူသော "နိယတဗျာဒိတ်" ခံယူစဉ်ကပင် လောကအတွင်းမှ လုံးဝထွက်သွားနိုင်သော ဉာဏ်ပညာ အဆင့်အတန်း ဗုဒ္ဓတွင်ရှိနေပြီးဖြစ်၏၊ သို့သော် လောက အတွင်းမှ လုံးဝထွက်သွားဘို့ စိတ်မကူးသေးပါ၊ သံသရာ၏ ဟိုဘက်ကမ်းသို့ လက်ပစ်ကူးသွားရန် စိတ်မပါသေးပါ၊ ယင်းသို့ဆိုလျှင် တကိုယ်ကောင်းဆန်ရာ ကျနေမည်ဟု ဗုဒ္ဓက စဉ်းစားမိခဲ့၏။

"ငါ့မှာ သတ္တဝါအပေါင်းတို့၏ အကျိုးကို ဆောင်ရွက်နိုင်သော အားအစွမ်း ရှိပါလျက် ငါတယောက် ထည်းထည်း ကူးမြောက်သွားသဖြင့် ဘာအကျိုး ရှိအံ့နည်း၊ ဗုဒ္ဓ အဖြစ်ကို ရအောင်ယူ၍ သတ္တဝါ အပေါင်းကို နည်းပြ ကယ်တင်ပေဦး

အံ့”ဟု မွန်မြတ်လှသော ရည်ရွယ်ချက်ကြီးကိုချ၍ ကိုယ့်အကျိုး စွန့်ထားခဲ့သည်၊ သံသရာ ဒုက္ခကိုပင် မမှုအားတောဘဲ လေး သင်္ချေနှင့်ကမ္ဘာတသိန်းတို့ ကာလပတ်လုံး အများအကျိုးကို ဆောင်ရွက်တော်မူခဲ့သည်။

သတ္တဝါတို့၏အကျိုး ဒုက္ခထောင်ခေါ် လောကအတွင်းမှ လုံးဝထွက်သွား နိုင်သည့်အထိ ထိထိရောက်ရောက် ဦးစီးနည်းပေး လမ်းပြ ကယ်တင်ဆောင်ရွက်နိုင်သူမှာ ဗုဒ္ဓသာဖြစ်သည်၊ ကမ္ဘာ လောက၌ ဗုဒ္ဓခေါ်သော ပုဂ္ဂိုလ်မျိုး မည်သည့်အခါမျှ ပေါ် ပေါက်ခွင့်မရှိ၊ပေါ်ပေါက်မလာခဲ့လျှင် ဒုက္ခထောင် လောကကြီး အတွင်းမှ လုံးဝထွက်သွားနိုင်သောနည်းလမ်းလည်း ပေါ်ပေါက် လာနိုင်မည်မဟုတ်ပေ၊ ဤမျှ အဆင့်အတန်း မြင့်သော နည်း လမ်းကို ထုတ်ဖော်ပေးနိုင်သူမှာ ဗုဒ္ဓသာဖြစ်၏၊ ထိုသို့ ဗုဒ္ဓ ဖြစ် အောင် လုပ်ရသည်မှာလည်း စင်စစ် အလွန့် အလွန် ခက်ခဲ လှသောအလုပ်ဖြစ်၏၊ သို့သော် ဗုဒ္ဓ မဖြစ်လျှင်လည်း လောက အကျိုးကို ရည်မှန်းသလောက် လုပ်ဆောင် ဘို့ရန် မလွယ်ကူ၊ အလွန့်အလွန် ခက်ခဲသော အလုပ်ကို ဗုဒ္ဓက လုပ်ခဲ့သည်မှာ ကမ္ဘာကြီး၏တာဝန်ကို ဆောင်ရွက်လိုသော ထူးကဲ မွန်မြတ် လှသည့် စေတနာကြောင့်ပင် ဖြစ်လေသည်။

ဗုဒ္ဓသည် ဒီပင်္ကရာဗုဒ္ဓထံမှာပင် ရရှိမည့်နိဗ္ဗာန်ဆုကြီးကို မယူခဲ့ ခြင်းဖြင့် “လောကတ္ထစရိယ”ခေါ် ကမ္ဘာ့တာဝန်ကြီးကို စတင် ထမ်းရွက်ခဲ့သည်၊ ကမ္ဘာ လောကကြီး အတွက် ဒုက္ခတွေကို မမှု အားဘဲ မိမိကိုယ်ခန္ဓာကို ပေးဆက်ခဲ့သည်။

“ကိုယ်တည်း တယောက်၊ ချမ်းသာရောက်၍၊ ကိုယ့်နောက် အများ၊ ဆင်းရဲပွားမူ ကျိုးမယူနဲ့”။

"ကိုယ်တည်း တယောက်၊ ဆင်းရဲရောက်၍၊ ကိုယ့်နောက် အများ၊ ချမ်းသာပွားမူ၊ ကျိုးဆောင်ယူလေ့" ဟူသော ပရဟိတ သဲ့ပုပ်ငန်းသည် ဗုဒ္ဓ၏ ကြီးမားသော ခံယူချက်ဖြစ်၏။

အလောင်းတော် မျောက်မင်းဘဝက မိမိအမျိုးသားများ ရန်သူဘုရင်လက်မှလွတ်၍ အသက် ချမ်းသာရာ ရရေး အတွက် နွယ်ကြိုးတစကို သစ်ပင်မှာချည်လျက် မိမိခါးမှာ တစကို ချည်၍ မြစ်တဘက် သစ်ပင်ကိုခုန်ဆွဲပြီး ကိုယ်ကို တံခါးခင်းပေးခဲ့သည်၊ မိမိအသက်ကို ပေးအပ်ခြင်းဖြင့် အမျိုးသား တာဝန်ကို ထမ်း ဆောင်ခဲ့သည်မှာ ဗုဒ္ဓ၏ မျိုးချစ်စိတ်ဓာတ် ကြီးမားမှု သာဓက ဖြစ်စေခဲ့သည်။

ယုန်မင်း ဘဝ၌ ဒါနပါရမီ၊ ဘူရိဒတ် နဂါးမင်းဘဝ၌ သီလ ပါရမီ၊ ယုဓဋ္ဌိလမင်းသား ဘဝ၌ နေက္ခမ္မပါရမီ၊ မဟောသဓော ဘဝ၌ ပညာပါရမီ၊ မဟာဇနကမင်းဘဝ၌ ဝီရိယပါရမီ၊ ခန္တိဝါဒီ ရသေ့ဘဝ၌ ခန္တီပါရမီ၊ ငုံးမင်းဘဝ၌ သစ္စပါရမီ၊ တေမိမင်း ဘဝ၌ အဓိဋ္ဌာနပါရမီ၊ သုဝဏ္ဏသာမ ဘဝ၌ မေတ္တာ ပါရမီ၊ မဟာလောမဟံသ ဘဝ၌ ဥပေက္ခာပါရမီ စသည်ဖြင့် မရေ မတွက်နိုင်သော ဘဝတို့ပတ်လုံး ပါရမီ ဆယ်ပါးတို့ကို မနေ မနား ဖြည့်ကျင့် ဆည်းပူးခြင်းဖြင့် မိမိတာဝန် (သို့မဟုတ်) ဗုဒ္ဓ ဖြစ်ရေးတာဝန်ကိုလည်း ဆောင်ရွက်ခဲ့သည်။

ကမ္ဘာကြီးထဲမှ လုံးဝထွက်မသွားရသေးသမျှ ကာလပတ်လုံး အမိကမ္ဘာကို ကျေးဇူး ဆပ်သော အားဖြင့် သတ္တဝါတိုင်း (သို့မဟုတ်) လူသားတိုင်းက ဤတာဝန်ကြီး သုံးရပ်ကို မိမိ တတ်နိုင်သော ပမာဏဖြင့် ဗုဒ္ဓနည်းတူ ဆောင်ရွက်မှု သင့်တော်

ကြပေမည်၊ဒါမှသာ တာဝန်သိတတ်သောလူသားတဦး၏ အဖြစ်ကို ခံယူနိုင်ကြပေမည်။

လူသည် မိမိကိုယ်ကို မိမိ အတ္တအကျဥ်းသားဘဝသို့ ရောက်အောင် တွန်းမပို့ထိုက်၊ အဘယ့်ကြောင့်နည်း၊ လူနှင့် ပတ်ဝန်းကျင်မှာ မကင်းကောင်းသောကြောင့်ဖြစ်၏၊ လူနှင့် ပတ်ဝန်းကျင်သည် အချင်းချင်း အပြန်အလှန် ကျေးဇူး ပြုနေသည်၊ လူသည် ပတ်ဝန်းကျင်၏ အကျိုးကို မလိုလားသော အခါ ပတ်ဝန်းကျင်ကလည်း လူ၏အကျိုးကို ရှေးရှုလိမ့်မည် မဟုတ်၊ လူသည် ပတ်ဝန်းကျင်ကို ကျေးဇူးပြုသည်နှင့်အတူ ကိုယ့်အကျိုးလည်း ထက်ချပ်မကွာ ပါလာသည်၊ ပတ်ဝန်းကျင်၏ ပြန်လှန်ကျေးဇူး ပြုမှုကိုလည်း ကြည်ဖြူစွာ ခံယူရပေမည်၊ လူသည် ပတ်ဝန်းကျင်နှင့် ဝင်ဆန့်သော အားဖြင့် လူသား တာဝန်ကြီးသုံးရပ်ကို အလိုလိုပြုပြီးသား ဖြစ်နေလေတော့သည်။

## ကမ္ဘာ့တာဝန်

ကမ္ဘာ့တာဝန်ဆိုသော စကားမှာ လွန်စွာကြီးကျယ် နေပေသည်၊ သို့သော် ကုလသမဂ္ဂ အတွင်းဝန်ချုပ် ဖြစ်မှသာ ကမ္ဘာ့တာဝန်ကို ထမ်းဆောင်ရာ ရောက်သည်ဟု မမှတ်သင့်ပါ၊ လောကပါလ ကမ္ဘာစောင့် တရားဥပဒေကို လိုက်နာခြင်း၊ လေးစားခြင်း၊ ဆင့်ပွားဖြန့်ဝေ ဟောပြောခြင်း၊ ကမ္ဘာသားတို့အပေါ်၌ မေတ္တာထားခြင်း၊ ကမ္ဘာ့ ငြိမ်းချမ်းရေးကို မြတ်နိုးခြင်း၊ ကာကွယ်ခြင်း စသည်တို့မှာလည်း ကမ္ဘာ့ တာဝန်ကို တနည်းတလမ်းအားဖြင့် ထမ်းရွက်နေခြင်းပင် ဖြစ်ပါသည်။

## နိုင်ငံတာဝန်

အမျိုးသားတာဝန် (သို့မဟုတ်) နိုင်ငံတာဝန် ဆိုသည်မှာ တော့ ကမ္ဘာ့တာဝန်ထက် များစွာ လေးစားရ ပါမည်၊ မဖြစ်မနေ ကျရာအပိုင်းမှ ထမ်းဆောင်ရမည့် တာဝန်ကြီး ဖြစ်နေပါသည်၊ ဘာ့ကြောင့်နည်း၊ အမိနိုင်ငံ၏ မြေပေါ်မှာမွေး၊ အမိပြည်မှ ထွက်သောဆန်ကိုစား၊ အမိပြည်ကရေကိုသောက်ပြီး အသက်ရှင်နေရသူ ဖြစ်သဖြင့် အမိနိုင်ငံအပေါ် သစ္စာထားရမည်၊ မြတ်နိုး လေးစားရမည်၊ ကျေးဇူး သိတတ် ရမည်၊ သို့မဟုတ်လျှင် သူသည် လုံးဝတာဝန်မဲ့သူ၊ ကျေးဇူးမသိတတ်သူ အောက်တန်းစားဘဝသို့ ရောက်သွားမည်။

သူမှစ၍ တပြည်လုံး တညီ တညွတ်တည်း ပေါင်းစည်းထားသော အင်အားသည် မည်မျှ ထုထယ် ကြီးမားသော ကျူးကျော်စော်ကားလာသူကိုမျှ ကြောက်စရာ မလိုပါ၊ တကယ်ညီညွတ်သော လူတရာသည် ကျူးကျော်သူ တသန်းကို တွန်းလှန်အောင်မြင်ရန် လုံလောက်ပါသည်၊ သူသည် အမိပြည်၏ နို့ကို အတူစို့ဖော် စို့ဖက်ဖြစ်သော တိုင်းရင်းသား များနှင့် ဥမကွဲ သိုက်မပျက် လက်တွဲ ညီညွတ်စွာ နေထိုင် ခြင်းဖြင့် အမိနိုင်ငံ၏တာဝန်ကို အချိန်မရွေးဆောင်ရွက်နိုင်ရန် အသင့် ဖြစ်နေပေမည်၊ နိုင်ငံ၏ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်နိုင်ပေမည်၊ အမိနိုင်ငံ၏ သစ္စာကို စောင့်သိသူ အဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ပေမည်၊ သူသည် အမိနိုင်ငံ၏ တာဝန်ကို ထမ်းဆောင်သည်နှင့်အမျှ သူ့အကျိုးလည်း ထာဝစဉ် တိုးတက်ဖွံ့ဖြိုး နေမည်သာ ဖြစ်ပေသည်၊ အမိနိုင်ငံ၏ အချုပ်အခြာ အာဏာတည်မြဲနေသမျှ

သူ့အမျိုး သူ့ဘာသာ သူ့သာသနာ၏ ကြီးပွားတိုးတက်ရေးကို အစဉ်ရှေ့ရှု ဆောင်ရွက်နိုင်ပေတော့မည်။

## မိမိတာဝန်

မိမိတာဝန် မိမိအကျိုးကို ထမ်းဆောင်ရာ၌ လောကကျိုး သက်သက်လောက်နှင့်သာ ပျော်ရွှင်ရမနေသင့်ချေ၊ ဘာ့ကြောင့်နည်း၊ ဒီလောကကြီးထဲမှာ ပြေးသွားကျင်လည်နေခဲ့ရတာ ဘဝပေါင်းတွေ မရေတွက်နိုင်တော့ပြီ၊ ဘဝဒုက္ခ ဘဝသုခတွေကိုလည်း မခံစားဘူးတာ မရှိတော့ချေ၊ ကိုယ့်မြေပုံတွေ ကမ္ဘာတခုလုံး နှံ့ခဲ့ပြီ၊ ကိုယ့်အရိုးတွေ တောင်လိုပုံခဲ့ပြီ၊ ကိုယ့်မျက်ရည်တွေ သမုဒ္ဒရာရေထက်မက များခဲ့ပြီ၊ တော်လောက်ပြီ၊ ငြီးငွေ့စွန့်ပစ်သို့ကောင်းပြီ၊ ဗုဒ္ဓဖြစ်အောင် လုပ်ရန် ရည်ရွယ်ချက် မရှိလျှင် ဘဝထဲမှ အပြီးအပိုင် ထွက်သွားဘို့ ကြိုးစားသင့်ပေပြီ၊ ဤနည်းဖြင့် လူသည် မိမိအကျိုးကို အကောင်းဆုံး ဆောင်ရွက်ရာ ရောက်၏။

## ကိုယ့်ကိုယ်ကိုဝေဖန်ရေး

ဘဝ လွတ်မြောက်ရေးအတွက် ကြိုးစားမည်ဆိုလျှင် ကိုယ့်ကိုယ်ကို စစ်ဆေး၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်အပြစ် ကိုယ်ရှု၍ ကိုယ့်ကိုယ်ကို ပြုပြင်ရပေတော့မည်၊ စေတနာနှင့် ပြောဆိုပြုပြင်ပေးခြင်းမျိုးမှတပါး သူတပါးအပြစ်ကို ကြည့်ရှုကာ့ရဲ့ဝေဖန်နေခြင်းသည် မိမိ၏ ဘဝလွတ်မြောက်ရေးကို အထောက်အကူမပေးသည့်အပြင် အဟန့်အတားပင် ဖြစ်စေလျက်ရှိသည်။

လူသတ္တဝါတွင် သူတပါးအပြစ်ကို မှတပေါက်ကအစ ကွက်ကွက်ထင်ထင် မြင်တတ်ကြည့်တတ် ဝေဖန်တတ်သော်လည်း အဝီစိငရဲကို အရှင်လတ်လတ် ရောက်သွားစေနိုင်လောက်သည့် ကြီး

မားသော မိမိအပြစ်မျိုးကိုကျတော့ မမြင်တတ် မကြည့်တတ် ဖုံးကွယ်ထားတတ်သော အကျင့်ဆိုးကြီး တခုရှိ၏၊ ဤအကျင့်ဆိုးကြီးသည် သူ့အား အမြဲတမ်း ဒုက္ခလောကကြီးထဲသို့ တွန်းပို့ခေါ်ဆောင်နေသည်ကို သူသတိထားတတ်ရန် လိုသည်။

"သူတပါးအပြစ်ကို အမြဲတမ်းကြည့်၍ ဝေဖန်ကဲ့ရဲ့နေသူအား တပ်မက်မှု မမြင်တတ်မှု မသိမိုက်မှားမှု အာသဝေါတရားဆိုးများ အမြဲတိုးပွားယိုစီးလျက် ရှိကုန်၏၊ ထိုသူသည် ထိုတရားဆိုးတို့၏ ကုန်ခန်းရာဘဝလွတ်မြောက်ရေးပန်းတိုင်နှင့် အလွန်ဝေးလှ၏"။ (ဓမ္မပဒ၊ ဥဇ္ဈာနသညီထေရဝတ္ထု)

ဗုဒ္ဓသည် ဤဒေသနာဖြင့်သဘာဝအကျဆုံးသော ဝေဖန်ရေးလမ်းစဉ်ကို ချပြတော်မူခဲ့သည်။

လူသည် မိမိတိုးတက်ရေးကို အစဉ်ရှေးရှု ဆောင်ရွက်လိုသည်ဆိုပါက အတ္တ–ပရ ဝေဖန်ရေး လမ်းစဉ် နှစ်မျိုးအနက် ပရဝေဖန်ရေးကို နည်းနိုင်သမျှ နည်းစေ၍ အတ္တ ဝေဖန်ရေးလမ်းစဉ်ကိုသာ အမြဲကျင့်သုံးသင့်ပေသည်၊ ဗုဒ္ဓသည် မှုညင်းစေ့လောက်ရှိသော မိမိအပြစ်ကို မြင့်မိုရ်တောင်လောက်နီးနီး မြင်တတ်အောင် ကြည့်ပါဟု ဓမ္မရှာမှီးသူတို့အား ထပ်ဆင့်ညွှန်ကြားခဲ့သည်။

အဘယ့်ကြောင့်နည်း။

ဓမ္မရှာမှီးသူ လူသည် မိမိအပြစ်ကို မြင်တတ်မှ အပြစ်ဒဏ်ကို ကြောက်မည်၊ အပြစ် ဒဏ်ကိုကြောက်မှ မိမိ၏အမှား လမ်းကြောင်းကို ဖြောင့်စင်းအောင် ပြုပြင်မည်၊ ဒါမှသာ သူသည် ဘဝလွတ်မြောက်ရေး ပန်းတိုင်နှင့် တဖြည်းဖြည်း နီးကပ်လာမည်။

ဗုဒ္ဓ၏ လက်ျာတော်ရံ ရှင်သာရိပုတြာ မထေရ်ကြီးသည် ဗုဒ္ဓကလွဲလျှင် ဉာဏ်ပညာ ထိပ်တန်း အကျဆုံးသော ပုဂ္ဂိုလ်ကြီး ဖြစ်၏၊ ထိုမထေရ်ကြီးသည် တခါက သင်းပိုင်ကို မညီမညာ ဝတ်ထားမိ၏၊ ၇-နှစ်အရွယ် ကိုရင် ပေါက်စ ကလေးက- "မထေရ်ကြီး-သင်းပိုင်ဝတ်ပုံ မဟုတ်ကြောင်း" လျှောက်ထား၏၊ မထေရ်ကြီးသည် "သင်လို ကိုရင်ပေါက်စကလေးက ငါလို ပညာရှင်ကြီးကို ပြောရကောင်းလား"ဟု ကိုရင်ကလေး၏ အပေါ် တစုံတရာ ဝေဖန်ပြစ်ပြောမှု မပြုဘဲ ကိုယ့်အမှားကိုသာ ကိုယ်ကြည့်ပြီး ညီအောင်ပြန်ဝတ်၍ ကိုရင် ကလေးကို လက်အုပ်ချီလျက် "ဒီလောက်ဆို သင့်တော်ပါပြီလား ကိုရင်ကလေးဘုရား"ဟု ပြန်လည် လျှောက်ထားကာ မိမိအပြစ်ကို မဖုံးမကွယ် ဝန်ခံတော် မူခဲ့လေသည်၊ ရှင်သာရိပုတြာမထေရ်မြတ်၏ ဤသို့ကျင့်သုံးခဲ့သော လမ်းစဉ်မှာ ကိုယ့်အပြစ် ကိုယ်ရှု၊ ကိုယ့်အမှားကိုယ်ပြင်၍ ကိုယ့်ဂုဏ် ကိုယ်မြှင့်တင်သောလမ်းစဉ်၊ ကိုယ့်ဘဝကို ကိုယ်မြှင့်တင်ပေးသော "စံပြလမ်းစဉ်"ကြီးပင် ဖြစ်လေသည်။

(သဂါထာပဂ္ဂသံယုတ္တဋ္ဌကထာ၊ သုသိမသုတ်အဖွင့်)

အပြစ်နှင့်မကင်းကောင်းသော လောကကြီးထဲတွင် သူတပါး အပြစ်ကိုသာ ထုတ်ဖော်၍ မိမိကိုယ်ကိုမိမိ ခြောက်ပြစ်ကင်းသူ အဖြစ် အဘယ့်ကြောင့် ဟန်ဆောင်ကြွားဝါ နေချင်ပါသနည်း၊ ကိုယ့်အပြစ်တွေကို အစုလိုက် အပုံလိုက် အဘယ့်ကြောင့် တိတ်တိတ်လျှို့ဝှက် သိမ်းဆည်း ထားလို ပါသနည်း၊ သူတပါးကို မပြောပြလိုချင်လျှင်နေပါ၊ ကိုယ့်အပြစ်ကိုယ်ရှု၍ ကိုယ့်ဘာသာ ကြိုက်ပြီး ပြုပြင်နိုင်လျှင်ပင် သင်သည် အတ္တဝေဖန်ရေးလမ်းစဉ်

ဖြင့် ကိုယ့်ဘဝကို ကိုယ်အထက်တန်းသို့ တွန်းပို့နေသူ အဖြစ်ကို ခံယူနိုင်ပါပြီ။

## ဝေဖန်ခံရခြင်း

"ကိုယ်ကောင်းလျှင် ခေါင်းဘယ်မရွှေ့" ဆိုသော စကားပုံ တခုရှိ၏၊ အမှန်ကန်ဆုံးသော ဝေဖန်ရေးလမ်းစဉ်ကို မတတ်သိ မလိုက်နာ သူတို့က ကိုယ့်ကို မည်သို့ပင် ရှုတ်ချကဲ့ရဲ့ကြ စေကာမူ ကိုယ်က တကယ်အမှန် လမ်းကြောင်းပေါ်မှာ လျှောက်သွား နေသူဖြစ်လျှင် သူတို့၏ ကဲ့ရဲ့သတင်းဆိုမှု များသည် ကိုယ့်အမှန် တရားအောက်မှာ လွှမ်းဖုံးပျောက်ကွယ် သွားရမည်သာ ဖြစ်ပါ သည်၊ "ဟုတ်လို့ကျော်သည် ပုပ်လို့ပေါ်သည်" ဆိုသော စကား အတိုင်း အမှန်တရားသည်သာလျှင် ကျော်ကြားခြင်း၏နေရာကို ကြာမြင့်စွာယူနိုင်မည်၊ တကယ် ပုပ်မှ သာလျှင် တကယ်ပေါ် မည်၊ တကယ်မပုပ်ဘဲ လုပ်ကြံ ဖန်တည်း၍ ပေါ်လာသော မကောင်းသတင်းသည် အမှန်တရား၏ အရှိန်အဝါကို မယှဉ်ပြိုင် ရဲသဖြင့် မကြာမီပြန်လည် ငုပ်လျှိုးသွားရမည်သာ ဖြစ်ပါသည်၊ အမှားသည် အမှန်ကို အံတုယှဉ်ပြိုင်နိုင်စွမ်းမရှိပါ။

အတုမရှိ ဗုဒ္ဓကိုယ်တော်တိုင်ပင် တိတ္ထိအသင်း အပင်းများနှင့် ရှင်ဒေဝဒတ်စသော မသမာ သူတို့၏ ကဲ့ရဲ့ ရှုတ်ချမှုကို အကြိမ် ပေါင်းများစွာ ခံယူတော်မူခဲ့ရ၏၊ နောက်ဆုံးတွင် ဗုဒ္ဓ၏ အမှန် တရားများကသာ ဗူးပေါ်သလို ပေါ်လာပြီး ဆန့်ကျင့်သူတို့၏ လုပ်ကြံသတင်း များမှာ ကျောက်ခဲလို စုန်းစုန်းမြုပ် သွားရ သည်သာ ဖြစ်လေသည်၊ ဤသည်မှာ ဗုဒ္ဓ၏ အတိမ်း အစောင်း အညီအစွန်းလုံးဝမရှိ၊ ယထာဘူတကျသော ကျင့်သုံးမှုကြောင့် ဖြစ်ပါသည်၊ အစစ်ရှိလို့ အတုပေါ်ရပေမဲ့ အတုသည် အစစ်၏

နေရာမှာ ကြာရှည် ယူမထားနိုင်ပါ၊ ယှဉ်တွဲ သုံးစွဲ ကြည့်သည့် အခါ အစစ်နှင့် အတုတို့၏ အကောင်းအဆိုးကို သိလာကြသည်၊ အတုသည် သုံးစွဲ၍မကောင်းမှန် သိသောတနေ့တွင် အစွန့်ပစ်ခံ ဘဝသို့သာ ရောက်သွားရပါတော့သည်။

သူတပါး၏ ဝေဖန်မှုကို ခံရသည့်အခါ ကိုယ်က တုန်လှုပ် မလွန်မိရန် သတိထားဘို့ လိုပါသည်၊ ချီးမွမ်း ၇–ရက်၊ ကဲ့ရဲ့ ၇–ရက်ဆိုသော စကား၏ အဓိပ္ပါယ်ကို များစွာ ခံယူတတ်ဘို့ လိုပါသည်၊ ဝေဖန်ခံရခြင်းသည် ကိုယ့်သတင်းကို ထိခိုက်စေနိုင် သလို ကိုယ့်ဘဝ တက်လမ်းကိုလည်း များစွာ အထောက် အကူပြုနိုင်သည်၊ သူက ဝေဖန်လျှင် ကိုယ်က သုံးသပ် ရမည်၊ စေတနာနှင့် ဝေဖန်လာသူသည် အဘိုးတန်ပတ္တမြား လာပေး သူနှင့် တူပါသည်၊ ထိုသူ မျိုးကို ကိုယ့်စည်းစိမ် အားလုံး နှင့်ပင် ပြန်လည် ကျေးဇူး ပြုထိုက် ပါသည်၊ ဝေဖန်ခံရမှာကို ကြောက်သော သူသည် ကိုယ့်ဘဝ တက်လမ်းကိုဟန့်တား ပိတ် ပင်သူနှင့်တူ၏။

ကောင်းသော ဝေဖန်မှုဖြစ်က ကိုယ့်ဘဝ အထောက်အကူ ဖြစ်ရေးအတွက် လက်ခံကျင့်သုံး၍ မကောင်းသော လုပ်ကြံ ဝေဖန်လာမှုမျိုးကိုကား ဂရုစိုက်နေရန် မလိုပါ၊ တုန်လှုပ်နေရန် မလိုပါ၊ ပြန်လည်ဝေဖန်နေရန်မလိုပါ၊ ကိုယ့်လမ်းမှန်ပေါ်မှာသာ ကိုယ်ဆက်၍ လျှောက်မြဲလျှောက်နေရန် လိုအပ်ပါသည်၊ သူ၏ ဝေဖန်မှုကို ကိုယ်ကတုန်လှုပ်လွန်း အားကြီး သွားသည့် အခါ "ဟယ်–ပေါက်တဲ့နဖူး ထူးတော့ပါဘူး" ဆိုပြီး လမ်းမှန် တိမ်း စောင်းပြီး လမ်းဆိုးဘက်သို့ ရောက်သွားတတ်ပါသည်၊ ဒီအခါ မိမိဘဝ တိုးတက်ရေး အညွန့်အဖူးများပါ တုံးသွားပြီး "ဖွတ်

မရ ခါးမဆုံး”၍ ကိုယ်သာ အမှောင်ထဲ ပြန်ရောက် သွားနိုင်ပါသည်၊ လူသည် ပတ်ဝန်းကျင်ကို တော်တည့် မှန်ကန်စွာ အသုံးချတတ်ခြင်းဖြင့်သာ ကိုယ့်ဘဝ၏ တည်ငြိမ်ရပ်တည်ခွင့်ကို ရနိုင်မည် ဖြစ်ပေသည်။

လောကတွင်းမှ အောင်မြင်စွာ ထွက်မြောက်သွားကြသူများမှာ မိမိကိုယ်ကို မိမိဝေဖန်၍ မိမိခန္ဓာအတွင်းမှ အညစ်အကြေးကို လုံးဝဖြူစင်အောင် ခဝါချခဲ့ကြသော သူများသာဖြစ်ကြောင်း ဗုဒ္ဓ၏ ဒေသနာမှတ်တိုင်များက သက်သေပြလျက် ရှိကြသည်၊ ဤသို့ဖြင့် ဘဝထွက်ရပ်လမ်းကို ရှာမှီးသူသည် အမှန်ကန်ဆုံးသော မိမိကိုယ်ကို မိမိဝေဖန်ရေး လမ်းစဉ်ကို အတ္တာ ဟိ အတ္တနော နာထော လမ်းစဉ်ဖြင့် ပေါင်းစပ်၍ ယထာဘူတကျကျ အဟုတ်အဟတ် ကျင့်သုံးနိုင်သည်နှင့် အမျှ ဘဝလွတ်မြောက်ရေး ပန်းတိုင်မှာလည်း သူနှင့် တဖြည်းဖြည်း နီးကပ်လာပြီး နောက်ဆုံး အရဆွတ်ခူးနိုင်မည်သာ ဖြစ်လေသည်။

## အားကိုးရာလျှင် ဘယ်မှာရှိသနည်း

(ဓမ္မပဒ၊ ကုမာရကဿပမာတုကာမ ထေရီဝတ္ထု)

ကျွန်ုပ်တို့ ဗုဒ္ဓသမိုင်းတွင် ကုမာရကဿပမထေရ်နှင့် မယ်တော်မထေရီမတို့၏ ဖြစ်ရပ်မှာ အတ္တာ ဟိ အတ္တနော နာထော လမ်းစဉ်ကို ဗုဒ္ဓက အခိုင်အမာ ချပြခဲ့သော မှတ်တိုင်တခု ဖြစ်ပေသည်။

သူဌေးသမီးတဦးသည် ငယ်စဉ်ကပင် သာသနာ့ဝန်ထမ်းလိုခဲ့၏၊ ထို့ကြောင့် မိဘတို့ကို အကြိမ်ကြိမ် တောင်းပန်အသနားခံရှာ၏၊ သို့သော် မိဘတို့က ဓမ္မအရေးကို ဦးစား မပေးနိုင်ဘဲ

လောကရေးဘက်သို့သာ ဆွဲဆောင်ဖျားယောင်း၍ သမီးဆန္ဒကို ပိတ်ပင်ခဲ့သည်၊ ဒါနဲ့ သူ့ရဲ့ ပြင်းပြသော စိတ်အာသာကို မျိုသိပ်ထားရင်း နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့ရသည်။

အခွင့်အရေး ပေးလာသည့် တနေ့မှာ ဖြစ်သည့်နည်းနှင့် သာသနာ့ဘောင်သို့ ဝင်တော့မည့် သမီး၏ အရိပ်အခြေကို သိသော မိဘတို့ကနောက်ဆုံးနည်းတခုကို အသုံးပြုလိုက်ကြသည်၊ မိဘတို့ ပြုသမျှ နုရရှာသော အမျိုးသမီးသည် လင့်ခြေရင်းမှာ ဝပ်စင်းခစား ကာမဂုဏ်၏ သားကောင်ဘဝသို့ မနှစ်မြို့ဘဲ လျက် ရောက်ခဲ့ရရှာသည်၊ သို့သော် သူ၏ ဆန္ဒများကိုကား မျိုထားတုန်းပင်ရှိ၏၊ထွေးမပစ်သေးပါ၊ လင့်အလိုလိုက် အကြိုက် ဆောင်၍ ကိုယ့်ဘက်ပါအောင် ဆွဲသည့်နည်းလမ်းကို အသုံး ပြုရပါတော့သည်။

မကြာမီ သူ့နည်းလမ်း အောင်မြင်သဖြင့် ဗုဒ္ဓကို အတိုက် အခံပြုနေသော ရှင်ဒေဝဒတ်၏ တပည့် ရဟန်းမများထံတွင် ရဟန်းပြုခွင့် ရလေသည်၊ သူသည် ကြပ်တည်းပူလောင်လှသော လူ့ဘောင်မှ ဘိတုံးတလုံး အရှုံးခံ၍ ဗုဒ္ဓ၏ အေးမြသော သာသနာ့အရိပ်ကို ခိုလာခြင်းဖြစ်သည်၊ ကာလများစွာ မျိုသိပ် ထားခဲ့ရသော သူ့ဆန္ဒပြည့်ဝခဲ့သဖြင့် ဝမ်းသာလုံး ဆို့မတတ် ကြည်နူးနှစ်သိမ့်ခဲ့၏၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ အတွယ် အတာကင်းသော အေးမြသည့် ချမ်းသာထူးကို ကိုယ်တိုင်ခံစား ခွင့် ရခဲ့လေပြီ။

သို့သော် သူ၏ ကြည်နူးနှစ်သိမ့်မှုများ မဆုံးမီမှာပင် မမျှော် လင့်သော ပြဿနာကြီးတခုသည် သူ့ထံသို့ ဝင်တိုး ရောက်ရှိ

လာလေသည်၊ သာမညကိစ္စ ဆိုလျှင်တော့ သူ့မှာ ခံနိုင်ရည် အပြည့်ရှိပါသည်၊ ခုတော့ သာသနာရေးလောကတွင် မကြားဝံ့ မနာသာ လွန်စွာ ဆိုးဝါးသော ဖုံးဖိမရသည့် သူရဲ့ သန္ဓေသား ပြဿနာ ဖြစ်နေသဖြင့် ရဟန်းမတို့ကြားမှာ မျက်နှာ မဖော်ဝံ့ အောင်ပင် အရှက်သောက ရောက်ရပါတော့သည်။

လူသားတိုင်းမှာ ကြင်နာထောက်ထားတတ်သော နှလုံးသား မရှိကြပါ၊ ရှင်ဒေဝဒတ်နှင့် အပေါင်းပါတို့က မိမိတို့၏ ဂုဏ် သတင်း မညှိုးနွမ်းရေး တခုကိုသာ အလေးထား စဉ်းစားပြီး သန္ဓေရှင် ရဟန်းမကလေးကို သူတို့ ပတ်ဝန်းကျင်မှ အပပြုပြီး ရေနစ်ရာ ဝါးကူနှစ်လိုက်ကြလေသည်၊ ထို့ကြောင့် သူသည် ခိုကိုးရာမဲ့ ရဟန်းမကလေးဘဝဖြင့် သောကဇာတ်ကို ဆက်၍ ခင်းရရှာပြန်လေသည်။

သို့သော် သူသည် ကံကောင်းချင်တော့ အနန္တကရုဏာ တော်ရှင် ဗုဒ္ဓ မှမှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ရလေ သည်၊ ဗုဒ္ဓသည် ထိုရဟန်းမငယ်၏ ဖြစ်ပုံ အရင်းအမြစ်ကို စစ် ဆေးရန် ဝိသာခါအမှူးပြုသော သမာဓိအမျိုးသမီး အဖွဲ့အား လွှဲအပ်တော် မူလိုက်၏၊ ဝိသာခါသည် လက် ခြေ ချက် ဝမ်း ကိုယ်ဝန်အနုအရင့် ရက် လ၊ ရဟန်းမ ဖြစ်သည့် ရက်ချုပ် စသည့် အချက်အလက်များကို စစ်ဆေးပြီး လူ့ဘဝကပင် ရခဲ့ သော ကိုယ်ဝန်ဖြစ်ကြောင်း ဝိနည်း တေဒင် ရှင်ဥပါလိမထေရ် အား လျှောက်ထား အစီရင်ခံလိုက်သည်၊ ရှင်ဥပါလိသည် ပရိသတ်အလယ်၌ စစ်ဆေးသင့်သည်ကို ထပ်မံ စစ်ဆေး၍ ထိုရဟန်းမ၌ ဝိနည်းပြစ် တစုံတရာမရှိ၊ သန့်ရှင်းစင်ကြယ်သူ ဖြစ်ကြောင်း အဆုံးအဖြတ်ပေးတော်မူသည်။

သာသနာလောကတွင် ထောက်တည်ရာ ရခဲ့သော ထို ရဟန်းမမှ ဘုန်းရှင်ကံရှင် သားငယ် တယောက် ဖွားမြောက် သန့်စင်၍ လာခဲ့သည်၊ ဘဝ တလျှောက်လုံး သောက–ဒုက္ခတို့၏ အဖုံးအလွှမ်းကို ခံရ၍ နွမ်းနယ်ခဲ့ရသော ထိုရဟန်းမသည် သားကလေးရလာတော့မှ ပြုံးနိုင်ပေတော့သည်၊သူ့ သောကများ နေရာတွင် သားကလေးဖြင့် အစား ထိုးပစ်လိုက်လေသည်၊ ဒီသားကြောင့် သူပြုံးရသည်၊ သားရှိလို့ ပျော်သည်၊ ထို့ကြောင့် သားကို အသက်မက ချစ်သည် ခင်သည် မြတ်နိုးသည်၊အားကိုး သည် ၊တွယ်တာသည်၊ "အကယ်၍ သားကလေးများ မရှိခဲ့ လျှင်" ဟူသော အတွေးများကို ငွေ့ရင်း ခေါင်းနပမ်း ကြီးခဲ့ ရသည်။

ရဟန်းကိစ္စကိုပင် သူသတိမထားတော့၊ သားကို ချစ်သော အချစ်သည် သူ့အသဲနှလုံး ရိုးတွင်းခြင်ဆီအထိ စွဲခဲ့ပြီ၊ သူသည် သားကို ခုလဲ အားတားသည်၊နောင်ရေးအတွက်လည်း အားကိုး သည်၊ ဒီသားကို သူဘယ်တော့မှ မခွဲခွါနိုင်တော့ပါ။

တခါတော့ ပသေနဒီ ကောသလမင်းကြီးသည် ရဟန်းမတို့ ကျောင်းအနီးမှ ဖြတ်သန်းသွားစဉ် ကလေးငိုသံကြား၍ ရဟန်းမ ကလေးမှ မွေးသော သားဖြစ်ကြောင်း သိရှိသွားလေသည်၊ ခမ္မအလုပ် လုပ်နေသော သာသနာ့ဝန်ထမ်းတို့ ပတ်ဝန်းကျင်တွင် လောကအလုပ်များ မရှိသင့်သဖြင့် ထိုသားငယ်ကို မင်းကြီးက "ကုမာရကဿပ" ဟု နာမည်ပေး၍ မင်းသား အဆောင် အယောင်ဖြင့် ကောက်ယူမွေးစားလိုက်လေသည်။

ဒုက္ခသည် ရဟန်းမကလေးသည် မိမိ၏သားကို သောကနှင့် လဲလိုက်ရပြန်ချေပြီ၊ ဘုရင့်အာဏာမလွန်ဆန်ဝံ့၍သာ ပေးလိုက်ရ

တာပါ၊ တကယ်တော့ သူဟာ သားကိုမျက်စိအောက်ကတောင် အပျောက်မခံနိုင်ပါ၊ သားကြောင့် သူ့ဘဝ ထောက်တည်ရာ ရခဲ့သဖြင့် သားကို သူ့အားကိုးရာ အစစ် ထင်မှတ်၍မှ မဆုံး သေးပါ၊ သားသည် သူ့အသဲခွဲသွားရှာလေပြီ၊ သူသည် အားကိုး ရာမဲ့ ဘဝသို့ အမှတ်မထင် ပြန်ရောက်ခဲ့ရပြန်၏။

သားကိုတွေး၍ လွမ်းသည် ဆွေးသည် ပူပင်သည်၊ သူ၏ မျက်ရည် သူ၏ ရှိုက်ငိုသံ နွမ်းလျသော သူ့ပုံသဏ္ဌာန်တို့က သားရှူးမကလေးအဖြစ် ပီပြင်အောင် ဖော်ဆောင်နေသည်၊ ဒါနဲ့ ၁–မှ စခဲ့ရသော နှစ်သည် ၁၂–သို့ပင် ရောက်ခဲ့ရသည့် အထိ ပူရင်း ဆွေးရင်း ငိုရင်း ရှိုက်ရင်း အားကိုးရား သားကို ရှာရင်း သားရှူးမကလေး ဘဝဖြင့် ကျင်လည်ခဲ့ရရှာသည်။

သူ၏ သားမြတ်နှစ်စုံတို့မှ ဃနာငွေ့ရည်များသည် ၁၂–နှစ် ကာလတိုင်အောင် မခန်းခြောက်သေးပါ၊ လာစို့မည့် သား ကလေးကို ယခုတိုင် စောင့်မြော်လျက်ရှိတုန်းပါ၊ သက်ကျလျက် ရှိတုန်းပါ၊ဤမျှအထိ သူသည် သားကို ချစ်ရှာပါသည်၊အားကိုး ရှာပါသည်၊ သားကို တွေ့အောင် ရှာခဲ့ရသည်။

တနေ့တွင် ဆွမ်းခံသွားရင်း သားမျက်နှာကို ပိုးတဝါး မြင် လိုက်ရသည်၊ သို့သော် နှစ်ကာလ ကြာမြင့်စွာ ခွဲခွာခဲ့ရသဖြင့် ကောင်းကောင်း မမှတ်မိတော့ပါ၊နဖူး နှာယောင်အနေအထား များကို အတိတ်က အမှတ်သညာဖြင့် ပြန်လည်ဆက်စပ်တွေး တော့ကြည့်ရ၏၊ ပုံပန်းသဏ္ဌာန်ကိုတော့ အတော် ကျက်မိပါပြီ၊ ဒါပေမဲ့ သူတွေ့ရသော သားမှာ ရဟန်းဖြစ်နေ၏၊ "သူရဟန်း ဖြစ်နေတာ ဟုတ်ပါ့မလား၊ ဘုရင်က မေးစားထားတော့ သူ့ကို

ရဟန်းပြုခွင့် ပေးမတဲ့လား၊ အို-ဘာဘဲဖြစ်ဖြစ် ငါ့သားမှ ငါ့သား တထေရာထဲဘဲ”။

“သား...သား...သား”။

အတန်ငယ်ဝေးသွားသော သူ့သားကို ခေါ်ရင်း အတင်း ပြေးလိုက်၏၊ သားဇောကြောင့်လည်း တဆပ်ဆပ် တုန်နေ၏၊ အနေအထား မမှန်သော သူ့ခန္ဓာကိုယ်သည် မြေပေါ်သို့ လဲကျ သွားပြန်သည်၊ ပြန်၍ထသည်၊ မှီအောင် ပြေးလိုက်ပြန်သည်။

“သား....သား- စိမ်းကားနိုင်ပါပေ့ သားရယ်၊ အမေ့ကို အားကိုးရာမဲ့အောင် လုပ်တဲ့သား”။

သား၏ခြေကို ယုယစွာ ပွေ့ဖက်ထားလိုက်သည်၊နဖူးပါးပြင် တို့ဖြင့် ဦးတင်ပွတ်တိုက် တရှိုက်ရှိုက်ငို တလှိုက်လှိုက်ဖို့ရင်း သား ခြေကို သူ့မျက်ရည်ဖြင့် ဆေးပေးလိုက်သည်။

အမေကအချစ်နဲ့ သားကအချစ်နယ်ကို လွန်ခဲ့ပြီးပြီ၊အချစ်၏ ကျော့ကွင်းမှ လွတ်ခဲ့ပြီးပြီ၊ အချစ်လောကတွင်းမှ အမေမှာ သောကတွေ ပွေနေသလောက် အချစ်နယ်မှ လွတ်ထွက်ပြီးသော သားမှာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေ ဘာမျှမရှိ တော့ပါ၊ ဒီသားမျိုးက အမေကို ဘယ်လို ပြန်ချစ်တော့မလဲ၊ အမေနဲ့ဘယ်လို သူနိုင်ကိုယ်နိုင် အလွမ်းချင်း ပြိုင်နေတော့ မလဲ၊ အမေ့အပေါ် မေတ္တာကရုဏာထားရုံအပြင် အခြားအလွမ်း ဇာတ် ဖော်နေရန် အကြောင်းမရှိတော့ပါ။

“လူ့လောကက တော်ခဲ့ရသော ငါ့အမေကို ငါက သာယာ နူးညံ့သော စကားဖြင့် ခွန်းတုံ့ပြန်ခဲ့လျှင် မယ်တော်၏အချစ်မီး သည် ပို၍သာ တောက်လောင်လာတော့မည်၊ ငါ့အပေါ် သူ့ရဲ့

အချစ် ဇာတ်လမ်းတွေ အဆုံးသတ်နိုင်မှ သူ အေးရမှာပါ ကလား"။

အရိပ်သို့ ရောက်ပြီးသော သားတော် ကုမာရကဿပ မထေရ်က အပူတွင် ကျန်ရစ်နေသော အမေရဟန်းမ၏ လက်ရှိ အခြေအနေကို သုံးသပ်လိုက်သည်၊ ဆပ်မကုန်နိုင်သော အမေ့ ကျေးဇူးတွေကိုသုမာဘုတ်ဘောဇဥ်ကျွေး၍ ပြန်လည်ပေးဆပ်ရန် နည်းလမ်းတခုကို အသုံးပြုလိုက်သည်။

"အို....ဘုရာ့သမီးကြီး၊ သင့်လုပ်ပုံတွေ သတိထားပါဦး၊ အဝါရောင် ဝတ်ထားသည့် ဘုရားသမီးဖြစ်ပါလျက် ချစ်တာ ကိုမျှ သင်မဖြတ်နိုင်လေစွ"။

"အလို....သား....သား"။

"အမေ့ကို ဒီလိုပက်ပက်စက်စက် ပြောရက်ပါပေ့ သားရယ်၊ ကိုယ်ပြောလိုက်တာ သကာလား ပုါးလားဆိုတာ သတိထား ဦးမှပေါ့၊ ဒီလို ကြားရလိမ့်မယ်လို့ အမေ မထင်ဘူး၊ သားကို ဘယ်လောက်ချစ်တယ်ဆိုတာ အမေရင်ခွဲ ပြချင်ပါတယ်၊ သားက အမေ့ကို ဘာလို့ မချစ်နိုင်တာလဲ"။

"အို....ဘုရာ့သမီးကြီး၊ အချစ်ဆိုတာ လူ့အနွတ္တေမှာသာ ရှိတယ်၊ လူ့အနွတွေ စားတဲ့အစာကို သင်လိုက်စားနေတာ မရှက်ဘူးလား၊ အော်....ရှက်ဖွယ် ကောင်းလေစွ" ။

"အော်....ငါကတော့ ၁၂-နှစ် လုံးလုံး မျက်ရည် ဖိုးပြီး အချစ်ဆုံးသားကို ရှာခဲ့ပေမဲ့ သူကတော့ ငါ့ကို လားလားမှ မချစ်ပါလေတကား၊ ဟယ်-ချင်းစိမ်းနဲ့ မိတ်သလင် သူကြင်မှ ကိုယ်ကြင်တာပေါ့၊ ဒီလို အချစ်နှလုံးသားမရှိတဲ့သားကို ငါချစ် နေလို့ ဘာတူးဦးမှာလဲ"။

"အော်....အချစ်ကြောင့် စိုးရိမ်ပူဆွေးရ၏၊ အချစ်ကြောင့် ဘေးတွေ့ရ၏၊ အချစ်နယ်မှ ဖယ်ထွက်ပြီး သူတို့အား စိုးရိမ် သောက ဘေးဒုက္ခမတွေ့နိုင်ချေတကား"။

"အချစ်ဆိုတာ သားကိုမှ မဟုတ်ဘူး၊ ဘယ်သူ ဘယ်ဝါ ဘယ်အရာဝတ္ထု အပေါ်မှာမှ မထားသင့်သော တရားပါ ကလား၊ ဒုက္ခရဲ့အစဟာ အချစ်သမုဒယပါကလား၊ အချစ်ဆိုတာ ဆောင်းလိုချမ်းတယ် လလိုအေးတယ်လို့ ထင်ရပေမဲ့ တကယ် တော့ တိမ်ဖုံးသောနေ ပြာဖုံးသော မီးခဲလိုပါကလား၊ သူတပါး ကို ချစ်ခင်တွယ်တာ အားကိုးမှုသည် တကယ်တော့ အားကိုးရာ မရောက်ခဲ့ချေတကား၊ ကိုယ့်အားကိုယ်ကိုး၍ ကိုယ်ကြိုးစားမှ သာလျှင် မှီခိုရာ အစစ်ကို ရမှာပါကလား"။

သားအပေါ်၌ အချစ်သမုဒယကို လုံးဝ ဖြတ်တောက်နိုင်ခဲ့ ခြင်းနှင့်အတူ မထေရ်မ၏ သောက ဒုက္ခအပေါင်းတို့သည်လည်း ဘဝအဏ္ဏဝါ၏ ဤမှာဘက်ကမ်း (သို့မဟုတ်) အရဟတ္တမဂ်၏ ရှေ့စိတ်အတွင်းမှာပင် ကျန်ရစ်ခဲ့ပါချေပြီ။

"မိမိကိုယ်သာ မိမိကိုးကွယ်ရာ ဖြစ်၏၊ မိမိမှတပါး အခြား မည်သူသည် ကိုးကွယ်ရာ ဖြစ်မည်နည်း၊ ကိုယ်တိုင် လိမ်မာ ယဉ်ကျေးမှသာလျှင် အလွန်ရခဲသော အရဟတ္တမဂ် အရဟတ္တဖိုလ် ကိုးကွယ်ရာ အစစ်ကို ရနိုင်ပေ၏"။


ဗုဒ္ဓ၏ အမတစည်တော်သံသည် ဓမ္မသဘင်ကြီး၏ တိတ်ဆိတ် မှုကို ဖြိုခွင်း ထွက်ပေါ်လာသည်၊ ကြားရသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးချမ်းမြေ့စေသည်၊ သန့်ရှင်းသည်၊ သာယာသည်၊ သိလွယ်

သည်၊ နှာချင်ဘွယ်ရှိသည်၊ ပျံ့နှံ့သည်၊ တစည်းတလုံးတည်း ရှိသည်၊ နက်နဲလှသည်၊ ပဲ့တင် ထပ်လျက်ရှိသည်။

မယ်တော်ရဟန်းမသည် မိမိမှတပါး အခြား ကိုးကွယ်ရာ မရှာတော့ပါ၊ သူ၏ ကိုးကွယ်ရာအစစ်ဖြစ်သော အရဟတ္တဖိုလ် ထီးဖြူရိပ်ဝယ် ငြိမ်းအေးချမ်းသာစွာ အိပ်ပျော်ခဲ့ချေပြီတကား”။

———

# သစ္စာတမန်



## အခန်း (၃)

# အကျင့်အကြံ

ခေတ်ဆိုးခေတ်ကောင်း (သို့မဟုတ်) လောက၏ ဆုတ်ယုတ်ခြင်း ပျက်စီးခြင်းကို ထိုခေတ်သားတို့၏ ကိုယ်ကျင့်တရားက ပုံပြင်ပေးလျက်ရှိလေသည်၊ သတ္တဝါဟု ပေါ်ပေါက်လာသည်နှင့် တပြိုင်နက် ထိုသတ္တဝါ၏ ဘေးဒုက္ခကို ထိန်းသိမ်း ကာကွယ်ပေးရန် စည်းကမ်းဥပဒေ (သို့မဟုတ်) ကိုယ်ကျင့်တရားလည်း ပေါ်ပေါက် လာရလေသည်၊ ထို့ကြောင့် ခေတ်ကောင်းမကောင်းကို ကျွန်ုပ်တို့၏ ကိုယ်ကျင့်တရားတည်း ဟူသော ပြဒါးတိုင်ဖြင့် တိုင်းတာ သိရှိနိုင်လေသည်၊ ခေတ်သားတို့၏ ကိုယ်ကျင့်တရား ပြောင်းလဲသလောက် ခေတ်အမျိုးမျိုး ပြောင်း

ခဲ့ရပုံကို သမိုင်းအဆင့်ဆင့်က ပြောပြနေသည်၊ ကျွန်ုပ်တို့သည် ဤဘဒ္ဒကမ္ဘာ၏ သမိုင်းဦးကို ပြန်လှန်လေ့လာ ကြည့်ကြပါစို့။

## ကမ္ဘာပျက်ပုံ

(သီလက္ခန္ဓဝဂ္ဂဗြဟ္မဇာလသုတ်၊ ပါထိကဝဂ္ဂပါထိကသုတ်)

ရှေးဦးစွာပျက် ကုဋေဘက်သည့် သိန်းစက္ကဝါ မိုးကြီးရွာသော် ညီညာရှင်ပြ စိုက်ပျိုးကြသား ဂေါဏစားလောက် ပင်ငယ်ရောက်လျှင် တပေါက်မကျ တသိန်းမျှက လောကဗျူဟာ နတ်ဂါမာတို့ မေတ္တာပွားကြကြီးမိဘကို တုပ်ကွမြတ်လေး လုပ်ကျွေးကြပါ ကြွေးကြော်လာ၍ သတ္တဝါများ ဈာန်ကိုပွားလျက် စံလားဗြဟ္မာ ကာလကြာက ဒုတိယာနေ ပေါ်လာချေသော် မြစ်ငယ်ရေခြောက် ညဥ့်လည်းပျောက်၏။

သုံးမြောက်လေးစင်း ငါးစင်းဆင့် သတ္တမနေ ပေါ်ထွက်ချေသော် ခြောက်လေမြစ်ကြီး အိုင်ကြီးသမုဒ္ဒရာ စက္ကဝါခိုးထ မီးလှုံ့ကြွ၍ သခ်ါရခပင်း ပြာမကြွင်းခဲ့ ဟင်းလင်းထက်အောက် မိုက်မှောင်ရောက်သည် ကွယ်ပျောက်လုံးစုံ မမြဲတည်း။

(မဟာဝိသုဒ္ဓါရုံဆရာတော်)

ကမ္ဘာတည်ခြင်း၏ အစသည် ကမ္ဘာပျက်ခြင်း ဖြစ်၏၊ ကမ္ဘာပျက်ခြင်း၏ အစသည် ကမ္ဘာတည်ခြင်း ဖြစ်၏၊ ကမ္ဘာကြီး၏ သက်တမ်းတလျှောက်လုံးကို–

(၁) ကမ္ဘာပျက်တုန်းပျက်ဆဲကာလ၊
(၂) အပျက်အတိုင်း တည်နေသောကာလ၊

(၃) ကမ္ဘာတည်ဆောက်ဆဲကာလ၊

(၄) တည်ဆောက်ပြီးအတိုင်း – တောတောင် ရေမြေ ဘုံဗိမာန် နေ လ နက္ခတ် သတ္တဝါစသော ကမ္ဘာ့အင်္ဂါရပ်များ နှင့်အတူ တည်နေဆဲကာလဟူ၍ လေးမျိုးခွဲခြားထားသည်။

လူတို့ အသက်သည် ဆယ်နှစ်တမ်းမှ မရေမတွက်နိုင်သော အသင်္ချေတမ်းသို့ ရောက်အောင် တက်သည်၊ ထိုအသင်္ချေတမ်းမှ ဆယ်နှစ်တမ်းသို့ ရောက်အောင် ဆင်းရပြန်သည်၊ဤသို့သက်တမ်း အတက် အဆင်းတစုံကို "အကြားကပ်ငယ်ကလေးတခု" ဟု ခေါ်သည်၊ ကမ္ဘာကြီး၏ သက်တမ်းကာလတခုသည် ဤအတက် အဆင်း ကပ်ငယ်ကလေးပေါင်း (၆၄) ကပ်ခန့်ကြာသည်။

ကမ္ဘာကြီးသည် မီး, ရေ, လေ သုံးမျိုးတို့တွင် တမျိုးမျိုး ကြောင့် ပျက်စီးတတ်လေသည်၊ မီးကြောင့် ကမ္ဘာကြီး ၇–မျိုး ဆက်၍ ပျက်စီးပြီးသည့်အခါ ရေကြောင့် (၁)ကမ္ဘာပျက်ရ၏၊ ထို့နောက် မီးကြောင့် (၇)ကမ္ဘာ ပျက်ရပြန်သည်၊ ဤသို့ မီးရေ အလှည့်ကျ (၆၃)ကမ္ဘာ ပျက်ပြီးသည့်အခါ လေကြောင့် (၁)ကမ္ဘာပျက်ရလေသည်၊ ဤသို့ ကမ္ဘာသည် မီး, ရေ, လေ သုံးမျိုးတို့ကြောင့် အလှည့်ကျ ပျက်စီးနေရလေသည်၊ ဤ ဘဒ္ဒ ကမ္ဘာမှာ မီးအလှည့်ဖြင့် ပျက်မည့်ကမ္ဘာ ဖြစ်ကြောင်း အနာဂတဝင်ကျမ်း၌ ပြဆို၏။

ကမ္ဘာကြီးတခုတွင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဟူ၍ အပါယ်လေးဘုံ၊ လူ့ဘုံ၊ စာတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တီဟူ၍ နတ်ပြည် ခြောက်ထပ်၊ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာ

ဟူ၍ ပထမစျာန်ဗြဟ္မာ့ပြည်သုံးဘုံ၊ ပရိတ္တာဘာ၊ အပ္ပမာဏာဘာ အာဘဿရာဟူ၍ ဒုတိယစျာန် ဗြဟ္မာ့ပြည်သုံးဘုံ၊ ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာဟူ၍ တတိယစျာန် ဗြဟ္မာ့ပြည် သုံးဘုံ၊ ဝေဟပ္ဖိုလ်၊ အသညသတ်၊ အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ အကနိဋ္ဌဟူ၍ စတုတ္ထစျာန် ဗြဟ္မာ့ပြည် ခုနစ်ဘုံ၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာ နာသညာယတနဟူ၍ အရူပ ဗြဟ္မာ့ပြည်လေးဘုံ၊ ဤသို့ အောက်မှ အထက်သို့ အစဉ်အတိုင်း (၃၁) ဘုံရှိသည်။

ကမ္ဘာပျက်သည့်အခါ မီးကြောင့် မဟာဗြဟ္မာဘုံ အထိ ၎င်း၊ ရေကြောင့် အာဘဿရာဗြဟ္မာဘုံအထိ၎င်း၊ လေကြောင့် သုဘကိဏှာ ဗြဟ္မာဘုံအထိ၎င်း ပျက်စီးရ၏။

ကမ္ဘာသက်တမ်းကြွေလုကာနီး အနှစ်တသိန်းလောက် ရောက် သောအခါ သတ္တဝါတို့၏ ကိုယ်ကျင့်တရားမှာလည်း ရစရာ မရှိ အောင် ပျက်စီးလျက်ရှိလေသည်၊ ထိုကိုယ်ကျင့် ပျက်သူများကို လက်ခံထားနိုင်မည့်အပါယ်လေးဘုံနှင့်တကွ ဘုံအတော်များများ လည်း နောက်အနှစ်တသိန်း အကြာတွင် ပျက်စီးရတော့မည်၊ ထို့ကြောင့် ထိုသတ္တဝါများကို လက်ခံထားနိုင်မည့်ဘုံ လိုလာ၏၊ အထက်တန်း ဗြဟ္မာ့ဘုံများကလည်း အကျင့်ပျက်သူတွေကို လက်မခံနိုင်အောင် ဖြစ်နေ၏။

ထိုအကျင့်ပျက်သူများကို အထက်တန်း ဗြဟ္မာ့ဘုံများက လက်ခံထားနိုင်ခွင့်ရှိအောင် ကိုယ်ကျင့်တရား ပြန်လည် အဖတ် ဆယ်ရေး လိုလာသည်၊ ထို့ကြောင့် လောကဗျူဟာခေါ် ပန်း နီနီရဲရဲ ပန်ဆင်ထားသော ကာမာဝစရနတ်တို့က "အို....

အချင်းတို့-နောက်အနှစ်တသိန်းကြာလျှင် ကမ္ဘာပျက်တော့မည်။ ကုသိုလ်လုပ်ကြပါ၊ မေတ္တာစျာန် ပွားကြပါ” စသည်ဖြင့် တိုက်တွန်းလာကြ၏၊ ကျောချမ္ပ ခေးပြမ္ပန်း သိကြသော သတ္တဝါတို့သည် ဤအခါမှ လွန်စွာ ကြောက်ရွံ့ ထိတ်လန့်ကြပြီး မိမိတို့ဘဝ အဖတ်ဆည်နိုင်ရေး အတွက် မေတ္တာစျာန် တရားကိုဖောက်ချ၍ ပွားများကြလေသည်၊ ထို့ကြောင့် ကမ္ဘာ ပျက်ကာနီး အချိန်တွင် အားလုံးလိုလိုပင် အထက် ဗြဟ္မာ့ပြည်သို့ရောက်ကုန်ကြသည်၊ ပြင်းထန်သော မိစ္ဆာဒိဋ္ဌိ အယူကြောင့်ငရဲသက် မစေ့သေးသော ငရဲသားတို့ အတွက်ကား ဗြဟ္မာ့ပြည်တွင် နေရာမရှိ၊ ထို့ကြောင့် သူတို့သည် မပျက်သောကမ္ဘာသို့ ပြောင်းရွှေ့ခံစားကြရလေသည်။

ဤသို့ သတ္တဝါအားလုံး နေသားတကျ ရှိပြီးသော အခါမီးကြောင့် ပျက်ရမည့် ကမ္ဘာ ဖြစ်ပါက ရှေးဦးစွာ လက်ရှိနေတစင်းအပြင် နောက်ထပ် နေတစင်းထွက်၍နေနှစ်စင်းပြိုင်တူပေါ်လာ၏၊ လက်ရှိနေက နေ့အခါထွက်၍ ညအခါ နေသစ်ကဆက်ထွက်သဖြင့် ညဉ့်လုံးလုံး ပျောက်လေတော့သည်၊ ထိုအခါမြစ်ငယ်၊ ချောင်းငယ်များလည်း ခန်းခြောက် ကုန်ကြသည်၊ ဤအချိန်ဝယ် သုံးစင်းမြောက်နေ ထွက်ပေါ်လာပြန်၍ မြစ်ကြီးများပါ ခန်းခြောက်ကုန်တော့သည်။

လေးစင်းမြောက် နေထွက်လာသည့်အခါဟိမဝန္တာမှအိုင်ကြီးခုနစ်အိုင်၊ ငါးစင်း မြောက် နေတွင် သမုဒ္ဒရာ ရေများပါခန်းခြောက် ကုန်ကြလေသည်၊ ခြောက်စင်းမြောက် နေထွက်လာသည့်အခါတွင် ကမ္ဘာကြီး တခုလုံး အစို အစေးဓာတ်လုံးဝမကျန် ခန်းခြောက်ကုန်ပြီး နောက်ဆုံး ခုနစ်စင်းမြောက်

နေပေါ်လာသောအခါတွင် ကမ္ဘာကြီး တခုလုံး မီးဟုန်းဟုန်း ထလျှက် မဟာဗြဟ္မာဘုံအထိ မည်သည့် အရာဝတ္ထုကိုမျှ ချန်မထားဘဲ တောက်လောင် ဝါးမျိုပစ်လိုက် လေသည်၊ ကမ္ဘာမီးငြိမ်းပြီး ပြာမှုန်ပါမကျန်တော့သည့် အချိန်ကျမှ ကမ္ဘာပျက်မှုကိစ္စပြီးစီးလေသည်။

ရေဖျက်သည့်ကမ္ဘာတွင် ဆားငန်ရည် ထိ၍ မြည့်မြည့်ကြေပျက်စီးရသည်၊ လေပျက်သည့်ကမ္ဘာတွင် လေမုန်တိုင်းကျ၍ မွမွကြေပျက်စီးရလေသည်။

ဤသို့ဖြင့် ကမ္ဘာကြီးသည် အနိစ္စသရုပ်ကို ပီပီပြင်ပြင် ဖော်ထုတ်ရင်း နိဂုံးချုပ်ရလေတော့သည်။

## ကမ္ဘာတည်ပုံ

(ပါတိကဝဂ္ဂ–စက္ကဝတ္တိသုတ်၊ အဂ္ဂညသုတ်)

ထို့နောင်ကမ္ဘာ ပြုမိုးရွာသော် လောင်ရာတလျှောက် လေခံထောက်သား ခန်းခြောက်စဉ်သင့် ရှေးတိုင်းဖြင့် လျှင် တည်လင့်ထက်ဘုံ မြေရောက်တုံသော် ဝါယုံဆို့နေ ရေစစ်ရေသို့ တည့်နေမယို ခန်းတိုင်းမိုလျက် ရေချိုအထက် မြေချိုတက်သား ထို့ထက်ဗြဟ္မာ စုတေလာ၍ ရသာပထဝီ ထိုမြေဆီကို လုပ်ချိုသုံးဆောင် တဏှာလောင်လျက် ကိုယ်ရောင်ကွယ်ပျောက် မိုက်မှောင်ရောက်၍ အကြောက်ရကာ ရဲကြရာဘို လျော်စွာဆန္ဒ နေနှင့် လတို့ ပေါ်ကြ ထင်ရှား နက္ခတ်များလည်း လှည့်သွားဖြစ်ကြ တပေါင်းလဟု ပုဏ္ဏရက်တွင်း ဆပ်ထမင်းသို့ ကုန်းကျင်းစုံစွာ ဖြစ်လာကြ၏။

ရသာမြေကို စာလေတုံမြို့ တဖျာဘို့၍ တချို့မလှ တချို့လှတည်း ဆင်းလှသသူ မလှသူကို မာန်မူသည့်တွက် မြေချိုညက်လည်း ကွယ်ဝှက်ပြန်ဘိ ဘူမိပပ္ပဋက မြေလွှာမြနှင့် ပဒါလတာ ထို့တူလာ၏ ရသာလိုပေး ထင်းနှင့်ဝေးသည့် သလေးဆန်စင် စားလေလျှင်မူ မစင်ငယ်ကြီး ဖြစ်စေပြီး၍ ယိုစီးဘို့ရာ ထွက်ဘို့ဌာဟု အမာဝပေါက်ဘောလည်းရောက်၏။

တယောက်တယောက် မေထုန်မြောက်အောင် သွေဖောက်ယုတ်မာ ကျင့်သည့်တာကြောင့် ပညာရှိများ မြစ်တားမောင်းမဲ ညှဉ်းဆဲပုတ်ခပ် ပြုလေအပ်၍ ခိုကပ်ဘို့ဌာ အိမ်ယာထူဆောက် လူပျင်းနောက်သို့ နည်းလျှောက်သိမ်းဆည်း ထိုကတည်းက ဖွဲ့လည်းမြေးယှက် ရိပ်ရာကွက်မှ မထွက်လာထ ညည်းတွားကြ၏၊ ထားရရေးသားသူ့ပိုင်းခြားက ခိုးငြားမဆိုင် သုံးကြိမ်တိုင်သော် စွဲကိုင်ခဲတုတ် ခပ်ပုတ်ရှက်ထွေး နိုင်မဟေးလို့ စုဝေးတိုင်ပင်များထက်တင်သော ဗုဒ္ဓက်ုမြတ် ဗောဓိ သတ်ကို ချဉ်းလတ်ပန်ထွာ သမုတ်ပါ၍ မဟာသမ္မတ ခတ္တိယနှင့် ရာဇ အပြား မည်သုံးပါးဖြင့် ထင်ရှား လူ့ဘောင်စတည်ထောင်ခဲ့။

ထို့နောက်ဗြာဟ္မဏ အမျိုးစသည့် ဝဏ္ဏလေးပါး ဤသို့အားဖြင့် တရားသွေ့ကွက် ယှင်းချော်ပျက်၍ အသက်တိုလျ ပါပကသည် ဓမ္မလူတွင်–ထွန်းသတည်း။

(မဟာဝိသုဒ္ဓါရုံဆရာတော်)

မီးလောင် မြေတွင် အိုးအိမ် ပြန်မဆောက်ဘဲ ထားသလို ကမ္ဘာကြီး၏ ပျက်ဆဲကာလ ကုန်ဆုံးပြီးနောက် ပျက်မြဲအတိုင်း အကြားကပ် (၆၄)ကပ်ခန့် ကြာအောင် တည်ရှိ နေလေသည်၊ ယင်းနောက်မှ တည်ဆဲကာလသို့ ရောက်ရသည်။

ကမ္ဘာတည်ချိန် ရောက်သောအခါ ကမ္ဘာပြု မိုးသည် ဖွဲဖွဲ ကလေးမှစပြီး တောင်လုံးခန့်မိုးပေါက်ကြီးများအထိ ရွာသွန်း ချလေသည်၊ ကမ္ဘာပျက်ရာတွင် ပါဝင်သော ဗြဟ္မာ့ပြည် အထိ ရေများ ပြည့်လာ၏၊ နှစ်အတော်ကြာသော အခါ ရေတွေ တစတစ ခန်းခြောက်လာပြီး အထက် ဗြဟ္မာ့ဘုံမှစ၍ ဘုံအဆင့် ဆင့်တည်ပြီးသား ပေါ်ပေါက်လာသည်၊ လူ့ဘုံနေရာ ရောက် သောအခါ ဘုံနန်းတော်ကြီးများ သုံးသော ရေစစ် ကဲ့သို့ အောက်ခံလေ၏ ထောက်ကန်အားကြောင့် ရေများဆက်လက် လျော့ကျမသွားတော့ဘဲ ရပ်တံ့နေလေသည်။

## အပရာဇိတပလ္လင်မြေနှင့် ကြာပန်း

ထိုသို့ ရပ်တံ့သွားပြီးနောက် လူ့ဘုံ၏ တောင်ဘက်ခြမ်း အလယ်ဗဟို တည့်တည့်တွင် ဗုဒ္ဓ ပွင့်တော်မူမည့် အပရာဇိတ ပလ္လင်မြေသည် ရှေးဦးစွာ ပေါ်လာ၏၊ ဤမြေသည် ကမ္ဘာ တည်လျှင် ရှေးဦးစွာ ပေါ်ပေါက်၍ ကမ္ဘာပျက်လျှင် အခြား အရာအားလုံး၏ နောက်ဆုံးမှပျက်၏၊ ထိုမြေ၌ ကြာပင် ပေါက် လာပြီး အပွင့်မပွင့်လျှင် ဤကမ္ဘာ၌ ဗုဒ္ဓဘွဲ့ထူးခံ ပုဂ္ဂိုလ် မပေါ်ပေါက်ဟု အထက်သုဒ္ဓါဝါသ ဗြဟ္မာတို့က နိမိတ်ဘတ်၍ သိကြ၏၊ တပွင့် ပွင့်လျှင် ဘုရားတဆူ၊ နှစ်ပွင့် ပွင့်လျှင် နှစ်ဆူ ပွင့်မည် စသည်ဖြင့်သိကြ၏၊ ဘဒ္ဒကမ္ဘာတွင် ဘုရား ငါးဆူသာ

အများဆုံးပွင့်၏၊ ထို့ကြောင့် ကြာပင်သည် ငါးပွင့်ထက် ပို၍ မပွင့်ချေ၊ ဘုရားငါးဆူ ပွင့်သော ထူးခြားလှသည့် ကမ္ဘာကို "ဘဒ္ဒကမ္ဘာ"ဟု ခေါ်သည်၊ ယခုတည်ဆဲ ဤကမ္ဘာကို ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ ဟူသော ဘုရားငါးဆူပွင့်သည့် ကမ္ဘာဖြစ်၍ ဘဒ္ဒကမ္ဘာဟု ခေါ်သည်၊ ဘုရားအလောင်း ရဟန်းပြုမည့်အခါတွင် သုဒ္ဓါဝါသ ဗြဟ္မာတို့က ၎င်းတို့သိမ်းဆည်းထားသော ကြာသက်န်းကို ဆက်ကပ်ကြလေသည်။

ဤအကြောင်းကိုရည်၍-

ပေါ်ဦးကမ္ဘာ လက်မွန်စွာသား မင်္ဂလာမြစ် အာဏာခေတ်ကို ထစ်ထစ်ရိုက်ကြူး မိုးလုံးမြူးသော် ငုံဖူးညွန့်ကိုက် မဇ္ဈေတိုက်ထက် သမိုက်အပြင် ပလ္လင် ရတနာတည်ရာတော်ချက် ဘုမ္မိနက်ကား အပျက်နောက်သေးအဖြစ်ရှေးတည့်၊ နက်လေးနှစ်ထောင်း မြေဦးခေါင်းနှင့် ပွင့်ညောင်းမုံအာ ပဒုမ္မာကို သုညာသုည ကမ္ဘာ့နိမိတ် ဘုရာ့ဟိတ်လျှင် ဆိတ်အံ့ပွင့်လော သဘောသိငှာ ကြည့်အံ့လာသည် သုဒ္ဓါဝါသား ဗြဟ္မာများတို့ ပတ္တမြားပွင့်ချပ် မမြင်လပ်မူ ဤကပ်အလို ဖိုလ်ဖလဋ္ဌာန် နိဗ္ဗာန်ဟောကြား တရားသတင်း နတ်ကြောင်းကင်း၍ အလင်းမရှိ မိုက်အတိဖြင့် ဝိစိမြေထဲ ငရဲပြည်ရွာ စည်ပြောစွာလိမ့်။

ခက်ဖြာငုံဖူး ပန်းဦးခိုင်ဆင့် လှိုင်ပေတင့်ကား တပွင့်တဆူ ဆွတ်ယူခန့်ချူး နှစ်သုံးလေးငါး ဘုရားနှင့်ကြာ

အပါဆတ်ဆတ် ဖြဟ္မာဖတ်၍ သတ္တပတ်သဘင် မော်
ကွန်းတင်သည် သို့စဉ် မဖြစ်တောင်းဘဲတည်း--။

ဟု တောင်ဖီလာဆရာတော်က "လောကဝိဒူ မော်ကွန်း" ၌ စပ်ဆိုတော်မူခဲ့သည်။

## မြေထု, ရေထု, လေထု--နှင့် လျှောင်လျှပ်ခြင်း

## (မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာနသုတ်)

အပရာဇိတပလ္လင်မြေ တည်ပြီးနောက် (ယူဇနာ နှစ်သိန်းလေးသောင်း) (သို့မဟုတ်) တယူဇနာ ၁၂-မိုင်၊ ၅-ဖာလုံ၊ ဂ-သံကြိုး၊ ၄-ကိုက်ညီမျှ ကိန်းဖြင့် (သုံးသန်း ငါးသောင်း လေးထောင် ငါးရာ လေးဆယ့်ငါးမိုင် သုံးဖာလုံ ခြောက်သံကြိုး ရှစ်ကိုက်)အထုရှိသော ဤမဟာပထဝီမြေကြီး ပေါ်ပေါက်လာသည်၊ မြေကြီး၏အောက်ခံမှာ သိလာပထဝီခေါ် ကျောက်မြေဖြစ်၍ အထက်မြေလွှာမှာ ပံသုပထဝီခေါ် ရိုးရိုးမြေဖြစ်သည်၊ မြေ၏အောက်မှ (ယူဇနာ လေးသိန်း ရှစ်သောင်း) အထုရှိသော ရေခဲဆန်ဆန် ရေပြင်ကြီးက ခံထား၍ ရေပြင်အောက်မှ(ယူဇနာ ကိုးသိန်း ခြောက်သောင်း) အထုရှိသော လေထုက ပင့်မြှောက်ထားသည်၊ လေအောက် တွင်ကား မဆုံးနိုင်သော ဟင်းလင်းအာကာသကြီးရှိသည်၊ မဟာပထဝီမြေကြီး ပေါ်လာပြီးနောက် တော, တောင်, ရေ, မြေ, သမုဒ္ဒရာ များလည်း ပေါ်လာရလေသည်။

ကမ္ဘာ့မြေကြီး၏ဗျက်မှာ(ယူဇနာ တသန်းနှစ်သိန်းသုံးထောင် လေးရာ့ငါးဆယ်) ရှိသည်၊ ပတ်လည် အတိုင်းအတာအားဖြင့် (ယူဇနာ သုံးသန်း ခြောက်သိန်း တထောင့်သုံးရာ့ ငါးဆယ်)

ရှိသည်၊ ဘုရားတဆူနှင့် တဆူအကြား မြေကြီး(တယူဇနာနှင့် သုံးဂါဝုတ်) တက်သည်။

မြေထုရေထုကို ပင့်မြှောက်ထားသော လေထုကြီး ပြင်းစွာ ရွေ့ရှားတိုက်ခတ်သည့်အခါ မြေလျင် လှုပ်တတ်လေသည်။

(၁) အောက်ခံလေလှုပ်၍ ရေလှုပ်၏၊ ရေလှုပ်သဖြင့် မြေလှုပ်ခြင်း။ (ဤလှုပ်ခြင်းမျိုးကို ဓာတုက္ခောဘ၊ဓာတ်ချောက်ခြား၍ လှုပ်ခြင်းမျိုးဟု ခေါ်သည်)

(၂) တန်ခိုးကြီးသော ရဟန်းပုဏ္ဏား နတ်ဗြဟ္မာတို့ မြေကသိုဏ်း ရေကသိုဏ်း ပွားများသဖြင့် မြေလှုပ်ခြင်း။

(၃) ဗုဒ္ဓလောင်းလျာ ပဋိသန္ဓေနေသဖြင့် လှုပ်ခြင်း။

(၄) ဗုဒ္ဓလောင်းလျာ ဖွားမြင်သဖြင့် လှုပ်ခြင်း။

(၅) ဗုဒ္ဓလောင်းလျာ ဗုဒ္ဓဖြစ်သဖြင့် လှုပ်ခြင်း။

(၆) ဗုဒ္ဓဓမ္မစကြာတရားဟောသဖြင့် လှုပ်ခြင်း။

(၇) ဗုဒ္ဓသည် အသက်ရှည်ခြင်း၏ အထောက်အပံ့ ဖြစ်သော ဣဒ္ဓိပါဒ်လေးပါးကို ဆက်လက် မပွားများတော့ဘဲ စွန့်လွှတ်လိုက်သဖြင့် လှုပ်ခြင်း။

(၈) ဗုဒ္ဓပရိနိဗ္ဗာန်စံသဖြင့် မြေလှုပ်ခြင်း။

ဤအကြောင်း ၈-မျိုးတို့ကြောင့် မြေလျင် လှုပ်တတ်ကြောင်း သုတ်မဟာဝါမဟာပရိနိဗ္ဗာနသုတ်၌ ရှင်အာနန္ဒာအား ဗုဒ္ဓဟောပြတော်မူခဲ့သည်။

## မြင့်မိုရ် စကြဝဠာ
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ကမ္ဘာမြေကြီး၏ အလယ်ဗဟို တည့်တည့်တွင် (ယူဇနာနှစ်သိန်း ငါးသောင်းနှစ်ထောင်) ပတ်လည်ရှိသော "မြင့်မိုရ်

တောင်ကြီး'' လည်း ပေါ်လာသည်၊ ဤတောင်သည် သမုဒ္ဒရာ ရေထဲသို့ (ယူဇနာ ရှစ်သောင်း လေးထောင်) မြုပ်ဝင်နေပြီး ရေပြင်အထက်သို့ (ယူဇနာ ရှစ်သောင်းလေးထောင်) ပေါ်တက်နေ၏၊ တောင်ကြီး၏ တည်ရှိနေပုံမှာ (ယူဇနာ လေးသောင်း) မြင့်သော ကျောက်ထွက်သုံးခုထဲသို့ (ယူဇနာ လေးထောင်) ဝင်၍ သံမှေးညှပ်နှင့် ညှပ်ထားသကဲ့သို့တည်ရှိသည်၊ အလယ်ပူ၍ အထက်အောက်သေးပြီး ''မုရိုးစည်''ပုံသဏ္ဌာန် ရှိသည်။

မြင့်မိုရ်တောင်ကို ''သီဒါမြစ်'' တထပ် တောင်တထပ် ရစ်ခွေလျက် စုစုပေါင်း သီဒါမြစ် ခုနစ်တန်နှင့် တောင်စဉ်ခုနစ်ထပ် ရံပတ်နေသည်၊ ပထမ သီဒါမြစ်သည် မြင့်မိုရ်တောင်နှင့် ယုဂန္ဓရ တောင်ကြားတွင် ရှိသည်၊ တောင်စဉ် ခုနစ်ထပ်တို့မှာ မြင့်မိုရ် တောင်မှ အပြင်သို့ အစဉ်အတိုင်း ယုဂန္ဓရ-ဤသရေ-ကရဝိက-သုဒဿန-နေမိန္ဓရ-ဝိနတက-အဿကဏ္ဏတောင်တို့ ဖြစ်ကြသည်၊ သီဒါနှင့် တောင်စဉ်တို့၏ အပြင်ဘက်တွင် ''မဟာသမုဒ္ဒရာကြီး'' ရစ်ခွေလျက် ရှိသည်၊ ထိုသမုဒ္ဒရာရေပြင်ထဲတွင် အရှေ့ အနောက် တောင် မြောက် ကျွန်းကြီးလေးကျွန်း ကျွန်းငယ် နှစ်ထောင် ပေါ်ထွန်းလျက် ရှိသည်၊ မြင့်မိုရ်တောင်၏ အရှေ့ဘက်တွင် ရှိသော ကျွန်းကို ''အရှေ့ကျွန်း'' အနောက်ဘက်တွင် ရှိသော ကျွန်းကို ''အနောက်ကျွန်း'' စသည်ဖြင့် ခေါ်သည်။

သမုဒ္ဒရာတို့၏ အပြင်မှ (ယူဇနာ ရှစ်သောင်း နှစ်ထောင်) အားနိမ့်ရေထဲ မြုပ်ဝင်နေ၍ (ယူဇနာ ရှစ်သောင်း နှစ်ထောင်) ပေါ်တက်နေသော ''စကြဝဠာ ကျောက်တံတိုင်း ကြီးများ'' ဖြင့် ကာရံထားသည်၊ မြင့်မိုရ်တောင်နှင့် စကြဝဠာ တံတိုင်းမှာ (ငါးသိန်း ငါးသောင်း ကိုးထောင် ခုနစ်ရာနှစ်ဆယ့်ငါးယူဇနာ)

ကွာဝေးသည်၊ ဤစကြဝဠာတံတိုင်းကြီးတို့၏ အပြင်ဘက်တွင်ကား အခြားစကြဝဠာတို့၏ တံတိုင်းကြီးများရှိသည်။

ဤသို့သော စကြဝဠာ တံတိုင်း သုံးခုတို့၏ အကြားတွင် လင်ပန်းသုံးချပ် စပ်နေသလို နေရောင် လရောင် မထွန်းသော (ယူဇနာရှစ်ထောင်) ကျယ်သည့် အပေါက်ကြီး ရှိ၏၊ ယင်း အပေါက်ကြီးကို "ကမ္ဘာ့ချောက်ကြီး သို့မဟုတ် လောကန္တရိတ်ငရဲ"ဟု ခေါ်သည်၊ လူကြီး မိဘ သူတော်စင်တို့ကို ပြစ်မှားမိ သူတို့သည်စကြဝဠာတံတိုင်းကိုလင်းနို့ကဲ့သို့တွယ်ကပ်ပြီး တဦးကို တဦး အစာမှတ်၍ လှမ်းအဟပ်တွင် အောက်ခံရေပြင်သို့ ကျ၍ လွန်စွာချမ်းအေးသော ဒုက္ခကို ခံရပြီး မွမွကြေ သေရလေသည်၊ ဤသို့သော စကြဝဠာ ကုဋေတသိန်းတို့သည် ဖြစ်လျှင် အတူဖြစ် ပျက်လျှင်အတူပျက်ကြသည့် ဗုဒ္ဓ၏ ဓမ္မစက် အာဏာတော်များ ပျံ့နှံ့ရာ "အာဏာခေတ်" တွင် ပါဝင်သည်။

မြင့်မိုရ်တောင်၏ တဝက်လောက်တွင် စာတုမဟာရာဇ် နတ်ပြည်နှင့် တောင်ထိပ်တွင် တာဝတိံသာ နတ်ပြည် တည်ရှိသည်၊ ကျန်သော နတ်ပြည် ဗြဟ္မာ့ပြည်များမှာ မဟာပထဝီမြေကြီးနှင့် မထိစပ်ဘဲ အာကာသထဲတွင် တည်ရှိကြလေသည်၊ ကမ္ဘာ့ဒုစရိုက် ကောင်များ၏ အပြစ်ခံရာဌာန (သို့မဟုတ်) လောကထောင်ခေါ် ငရဲပြည်များမှာ လူ့ပြည်အောက် (ယူဇနာ တသောင်းငါးထောင်) ကွာသော နေရာမှစ၍ ပံသုပထဝီခေါ် ရိုးရိုးမြေ၌ အဆင့်ဆင့် တည်ရှိကြလေသည်။

## ကမ္ဘာကြီး၏ ပုံသဏ္ဌာန်

ကမ္ဘာကြီးသည် ရွေ့ရှား လည်ပတ်၍ မနေ၊ အကယ်၍ ရွေ့ရှားနေပါက အသုံးမရှိ များပြားလှသော အခြား စကြ

ဝဋ္ဋာကမ္ဘာများနှင့် တိုက်ခိုက်မိ၍ ကြေမွပျက်စီး သွားဘွယ်ရာ ရှိလေသည်၊ ပုံသဏ္ဌာန်မှာလည်း လုံး ဝန်းမနေဘဲ ကျောက်တုံး, ကျောက်ပြားများ ထောင်လျက်တမျိုး လှဲလျက်တဖုံ ထည့်ထားသည့် ရေတဝက်လောက်ဝင်နေသော "ကျောက်ခွက်ဝိုင်းကြီး"နှင့် တူသည်။

## ကမ္ဘာဦးလူအစ

(ပါထိကဝဂ္ဂ၊ စက္ကဝတ္တိသုတ်၊ အဂ္ဂညသုတ်)

ဩကာသ လောကခေါ် ဘုံဗိမာန်များ အသင့်ရှိကြသော အခါ လူ့ပြည်ဖြစ်ရမည့် ရှေးကံရှိသည့် ဗြဟ္မာများ စုတေပြီး လူ့ပြည်တွင် ဘွားကနဲပေါ်လာသော "ဥပပါတ်ပဋိသန္ဓေ"မျိုးဖြင့် ဖြစ်လာကြသည်၊ မိဘ–မရှိ၊ အထီး–အမ သိမှတ်မှု အင်္ဂါလည်းမရှိသေးချေ၊ ထိုကမ္ဘာဦး လူတို့သည် လ–နေများ မရှိသေးသော်လည်း ဗြဟ္မာဘဝက ဈာန်အရှိန်အဟုန် မကုန်သေးဘဲ မိမိတို့၏ ကိုယ်ရောင် ကိုယ်ဝါဖြင့် နေနိုင်ကြ၏၊ ကောင်းကင်ပျံနိုင်သည့်အထိ တန်ခိုးသတ္တိများရှိကြ၏၊ ထမင်းအစာ မစားဘဲ နှစ်သက်မှု ပီတိ အစာဖြင့်သာ တင်းတိမ်ပြတနေကြသည်၊ သူတို့အသက်တမ်းများမှာလည်း မရေမတွက်နိုင်သော အသင်္ချေတမ်းဖြစ်၏၊ ထိုအချိန်က ထိုကမ္ဘာသည် ထိုလူတဖြစ်လဲ ဗြဟ္မာတို့၏ စာရိတ္တကြံ့ခိုင်မှု တောင့်တင်းသလောက် အေးချမ်း သာယာဝပြောမှုမှာလည်း အတိုင်းမသိ နှစ်သက်ဘွယ် ကောင်းလှပေမည်။

ကာလကြာသောအခါ သူတို့ ကမ္ဘာဝါး ဝလာကြသည်၊ မလိုင်တက်နေသလို ဝါဝင်း ရွှန်းအိ နူးညံ့ လှပသော မြေသီ

များကိုတွေ့၍ ဂဏာမငြိမ်သူတယောက်က လက်ဖြင့်တို့ပြီး လျက်ကြည့်ရာကောင်းမှန်းသိလျက် သာအိတစ်စိုစိုဖြစ်သွား လေသည်၊ အခြားလူတို့ကလည်း သူ့နည်းတူလိုက်၍လျက်ကြသည်၊ထိုအခါ သူတို့တွင် အရသာကို တပ်မက်မှု တဏှာ မကောင်းမှုများ စတင်၍ဖြစ်ပေါ်လာကြသည်၊ ရုပ်လက္ခဏာများလည်း မတူကြတော့ဘဲ အလှ အဆိုး ကွဲလာကြသည်၊ လှသူက အကြီးတန်သူကို မာန်ထောင်လာသည်၊ ထိုဒုစရိုက်မှု၏ပြစ်ဒဏ်အဖြစ် သူတို့ကိုယ်ရောင်များ ကွယ်ပျောက်ပြီး အမိုက်မှောင်ကြီး ကျရောက်လာလျက် လွန်စွာကြောက်ရွံ့ ထိတ်လန့်သွားကြ လေသည်။

## နေ–လ၊ နေ့–ည

သူတို့၏ ကံအားလျော်စွာပင် အကြောက်ပြေ ရဲရင့် စေရန် အရှေ့လောကဓာတ်မှ အဖြောင့် (ယူဇနာ ငါးဆယ်) အဝန်း (ယူဇနာ တရာ့ငါးဆယ်) ရှိသော သူရိယခေါ် နေကြီး ထွက်ပေါ်လာသည်၊ နေ၏ အတွင်းထပ်သည်ရွှေ၊ အပြင်ထပ်သည် ဖန်ဖြစ်၍ ပူပြင်းသည်၊ နေကြီး တောင်ကွယ်၍ ဝင်သွားသော အခါ မှောင်မဲမှောင်၊ ကြောက်မဲ့ ကြောက်ကြရ ပြန်သည်၊ နေရောင် ရှိသည်အခါကိုနေ့၊ နေရောင်မရှိသည့် အခါကို ညဟု ပိုင်းခြား သိမှတ်ထားကြသည်၊ နေသည် မြင့်မိုရ် တောင်ကို အရှေ့မှတောင်၊ တောင်မှအနောက်၊ အနောက်မှ မြောက်သို့ လက်ျာရစ် လှည့်ပတ်နေသည်၊ အရှေ့ကျွန်း၌ နေထွက်ချိန်တွင် မြောက်ကျွန်း၌ မွန်းတည့်၊ အနောက်ကျွန်း၌ နေဝင်၊ တောင်ကျွန်း၌ သန်းခေါင်ချိန်ဖြစ်၏၊ ထို့ကြောင့် "သုံးကျွန်း လင်း ခိုက် တကျွန်းမိုက်"ဟု ဆိုကြလေသည်။

နေဝင်သွားသည့်အခါ "ယခုနေအရောင်တမျိုး ပေါ်လာလျှင် ကောင်းမှာဘဲ"ဟူသော သူတို့၏ ဆန္ဒ အားလျော်စွာ မှောင်နေချိန်တွင် အဖြောင့် (လေးဆယ့် ကိုးယူဇနာ) အဝန်း (တရာလေးဆယ့် ခုနစ်ယူဇနာ)ရှိသော လကြီး ပေါ်လာ လေသည်၊ လ၏အတွင်းထပ်မှာ ပတ္တမြား၊ အပြင်ထပ်မှာ ငွေဖြစ်၍ အေးမြ၏၊ ယင်းနေ-လတို့နှင့် မရှေးမနှောင်း မှာပင် နက္ခတ်တာရာများလည်း ပေါ်လာကြပြီး ကမ္ဘာ့အင်္ဂါ လက္ခဏာများ အတော်စုံလာခဲ့လေပြီ။

## လဆန်း-လဆုတ်

လသည် အောက်မှ၊ နေသည် အထက်မှနေ၍ အလယ်တွင် (တယူဇနာ)ခြားကာ မြင့်မိုရ်တောင်ကို လက်ျာရစ် လှည့်ပတ်နေကြသည်၊ လ-နေ တို့သည် အတွင်းပတ်လမ်းမှာပင် ယောဇုယျအားဖြင့် စက်တနာရီလျှင် ပျမ်းမျှ (လေးသောင်း ငါးထောင် လေးရာ ရှစ်ဆယ့် နှစ်ယူဇနာ သုံးဂါဝုတ်) နှစ်ဆယ့် ၃-မိုင် လျင်မြန်ကြသည်၊ လ၏အောက်စွန်းမှ နေ၏အထက် စွန်းအထိ ( ယူဇနာတရာ ) ကွာဝေး၏၊ လ-နေ တို့သည် မြင့်မိုရ်တောင်ကို လှည့်ပတ်ရာတွင် လျင်မြန်ပုံချင်း မတူကြ၊ လသည် အဖြောင့်အတိုင်း မြင့်မိုရ်တောင်ကို လှည့်ပတ် ရာ၌ နှေး၍ နေကမြန်သည်၊ မြင့်မိုရ်တောင်၏ အနီးသို့ တက်ရာ အဝေး စကြဝဠာ တံတိုင်းဘက်သို့ ကန့်လန့်သွားလာမှုတို့၌ကား လကမြန်၍ နေကနှေးသည်၊ လ၏ ဘေးတဘက်တချက်မှ နက္ခတ် များ သွားလာကြ၏၊ နက္ခတ်တို့ မှာ လမ်းကြောင်း ပြောင်းလဲမှုမရှိ၊ နွားကလေးများ အနီးသို့ ကပ်တတ်သော

နွားမကြီးကဲ့သို့ လသည် လမ်းကြောင်း ပြောင်း၍ နက္ခတ်များအနီးသို့ ကပ်၍ သွားတတ်၏။

လ–နေတို့သည် ဝါဆိုလတွင် မြင့်မိုရ်တောင် အနီး၌ လှည့်ပတ်နေကြပြီး ဝါခေါင်၊ တော်သလင်း နှစ်လ ကြာအောင် ကမ္ဘာ့အလယ်ဗဟိုချက်ဆီသို့ ပြေးထွက် လာကြ၏၊ ဗဟိုချက်တွင် သီတင်းကျွတ်တလလောက် လှည့်ပတ်ပြီး တန်ဆောင်မုန်း နတ်တော်၊ ပြာသို သုံးလဖြင့် စကြဝဠာ တံတိုင်း ဘက်သို့ ဆက်၍ ထွက်ကြပြီး စကြဝဠာတံတိုင်းအနီးမှာ လှည့်ပတ်နေကြ၏။

တပို့တွဲ တပေါင်း နှစ်လခန့်ဖြင့် မြင့်မိုရ်တောင်ဘက်သို့ တဖြည်းဖြည်း ရွေ့ရှားလာပြီး တန်ခူးလ တလ ဗဟိုချက်တွင် လှည့်ပတ်ကြပြန်သည်၊ ကဆုန် နယုန် နှစ်လခန့် ဗဟိုချက်မှ မြင့်မိုရ်တောင်ဘက်သို့ ဦးတည်လာခဲ့ကြပြီး ဝါဆိုလတွင် မြင့်မိုရ်တောင် အနီး၌ ပြန်၍ လှည့်ပတ်ကြပြန်၏။

အဖြောင့်လှည့်ပတ်ရာ၌ မြန်ဆန်သောနေသည်လဆန်းတရက်နေမှစ၍ တနေ့လျှင် (ယူဇနာတသိန်း)လကို ချန်ထားခဲ့ပြီး လှည့်ပတ်သည်၊ ထိုအခါ နေနှင့် တဖြည်းဖြည်း ဝေးသွားသော လ၏ အရောင်မှာလည်း တစတစ ပေါ်လာကာ လဆန်း ၁၅–ရက်နေ့တွင် ပြည့်ဝန်းသော လကို ရွှန်းရွှန်းစားစားကြီး တွေ့ရလေသည်၊ လဆုတ် ၁–ရက်နေ့မှစ၍ နေသည် နှေးသောလကို တဖြည်းဖြည်း မှီလာပြန်၏၊ တနေ့တနေ့အတွက် (ယူဇနာ တသိန်း) စီ ပို၍ နီး နီးလာ၏၊ ထို့ကြောင့် လရောင်မှာ တဖြည်းဖြည်း မှိန်လာရသည်၊ အိုးကလေးကို အိုးကြီးဖြင့် ဖုံးထားလိုက်သကဲ့သို့ လကွယ်နေ့တွင် လကို နေက အပေါ်တည့်တည့်မှ ဖုံးအုပ်ထား

လိုက်သည့်အတွက် လရိပ်မှာ လုံးဝထွက်မလာတော့ချေ၊ နေ့အခါ အဝေးတွင် ထွန်းထားသော မီးရောင်ကို မမြင်ရသကဲ့သို့ လရိပ် မထွက်သည့်အခါ လရောင်မှာလည်း လုံးဝ မထွန်းလင်းနိုင် တော့ချေ၊ ဤသို့ လဆန်း လဆုတ် ဖြစ်ပေါ်လာရလေသည်။

## လကမ္ဘာသို့ လူရောက်–မရောက်

အတွင်းလမ်း အလယ်လမ်း အပြင်လမ်းဟူ၍ နေပတ် လပတ် လမ်းကြောင်း သုံးမျိုးရှိသည်၊ မြင့်မိုရ်တောင်၏ အနီးသို့ တက်၍ ကမ္ဘာ့မြေပြင်မှ (ယူဇနာ လေးသောင်း နှစ်ထောင်) သို့မဟုတ် ငါးသိန်းသုံးသောင်း လေးထောင် ငါးရာ လေးဆယ့် ငါးမိုင် သုံးဖာလုံ ခြောက်သံကြိုး ရှစ်ကိုက် အထက်၌ မြင့်မိုရ်တောင်ကို လှည့်ပတ်နေမှုကို အတွင်းလမ်း (ဥတ္တရယာဥ်) ဟု ခေါ်သည်၊ မြင့်မိုရ်နှင့် စကြဝဠာတို့၏ အလယ် ဗဟို မြေပြင်မှ (ယူဇနာ လေးသောင်း တထောင့် ငါးရာ) အထက်၌ လှည့်ပတ်နေမှုကို (ဇာလယ်လမ်း) ဟု ခေါ်သည်၊ ဗဟိုချက်မှ စကြဝဠာ တံတိုင်း ဘက်သို့ တဖြည်းဖြည်း သက်ကပ်၍ မြေပြင်မှ (ယူဇနာ လေး သောင်း တထောင်) အထက်၌ လှည့်ပတ် နေမှုကို အပြင်လမ်း (ဒက္ခိဏယာဥ်) ဟု ခေါ်သည်၊ နေသည် ခေါက်ရှာငှက် ပျံသလို မြင့်မိုရ်တောင်၏ အပြင်ဘက်သို့ ထွက်လာသည့်အခါ တဖြည်း ဖြည်း နိမ့်သက်လာရသည်၊ အတွင်းသို့ ကပ်သည့်အခါ မြင့်တက် လာရသည်။

ယခုခေတ် သိပ္ပံဆရာတို့ လွှတ်တင်သော (အပိုလို)အာကာသ ယာဥ်သည် ကမ္ဘာ့ မြေပြင်မှ မိုင်ပေါင်း နှစ်သိန်း လေးသောင်း မြင့်သော နေရာသို့ ရောက်ခဲ့သည် ဆို၏၊ သာရတ္ထ ဒီပနီ စသော

ကျမ်းတို့တွင် ဓမ္မပညာရှင်တို့ ဖော်ပြသော ကမ္ဘာနှင့် လ အကွာ အဝေး၏ တဝက်မျှပင် မရှိ၊ ဓမ္မပညာရှင်တို့က နေလတို့သည် အတွင်း ပတ်လမ်းမှာပင် ပျမ်းမျှစက် တနာရီလျှင် (ငါးသိန်း ခုနစ်သောင်း ရှစ်ထောင် ရှစ်ရာ ခြောက်ဆယ့် တပိုင်ကျော်) လျင်မြန်ကြောင်း ပြဆိုကြ၏၊ အပိုလို အာဟာကယာဉ်သည် အမြန်ဆုံး စက်တနာရီလျှင်(နှစ်သိန်းသုံးသောင်း ရှစ်ထောင်မိုင်) သွားသည်ဟုဆို၏၊ အပိုလို အာကာသယာဉ်ပေါ်မှ လူသည် မည်သို့ လကိုရောက်၍ လကို မည်သို့ မှီနိုင်သနည်း၊ အဖြေကို သုတေသီတို့သာ ဆက်စပ်ဖြေဆိုကြပါတော့၊ ဓမ္မပညာရှင်တို့၏ အဆိုအမိန့်ကို သိပ္ပံပညာရှင်တို့၏ အဆို အမိန့်နှင့် နှိုင်းယှဉ်၍ အရှိအတိုင်းသာ တင်ပြသော အကျွန်ုပ်တို့က အဖြေ မပေးလို တော့ပါ။

## ရာသီဥတု

ကဆုန် နယုန် ဝါဆို ဝါခေါင်လများတွင် အတွင်းလမ်းဖြင့် လှည့်ပတ်၍ မြင့်မိုရ်ဘောင်မှ ဗဟိုချက်ဆီသို့ ထွက်ခဲ့သော တော်သလင်း သီတင်းကျွတ် နှစ်လ၊ စကြဝဠာမှ ဗဟိုချက်ဆီသို့ ဝင်ခဲ့သော တပေါင်း တန်ခူး နှစ်လ၊ ပေါင်း လေးလဖြင့် လ နေ တို့သည် အလယ်လမ်းမှ လှည့်ပတ်ကြသည်၊ တန်ဆောင်မုန်း နတ်တော် ပြာသို တပို့တွဲ လေးလတွင် အပြင်လမ်းမှ လှည့်ပတ် ကြသည်။

လ-နေတို့၏ အတွင်းပတ်လမ်းသည် (တသန်း ကိုးသောင်း တထောင် ငါးရာ ရှစ်ဆယ့် ခုနစ်ယူဇနာနှင့် နှစ်ဂါဝုတ်) ရှည် ဝေး၏၊ ယင်း အရှည်အဝေးကို တပတ်ပတ်မိလျှင် တနေ့ ဖြစ်

လေသည်၊ အလယ်လမ်းသည် (တသန်း ကိုးသိန်း သုံးသောင်း တထောင် ဟာရာ ခုနစ်ဆယ့် ငါးယူဇနာ) ရှည်၍ အပြင်လမ်းသည် (နှစ်သန်း ခုနစ်သိန်း ခုနစ်သောင်း ခုနစ်ရာ ခြောက်ဆယ့် နှစ်ယူဇနာနှင့် နှစ်ဂါဝုတ်) ရှည်လျားလေသည်။

လူသုံးယောက်တို့ ဆိုဆုံ နှာတံကိုကိုင်၍လှည့်ရာ၌ ခရီးအကွာ အဝေးချင်း မတူသော်လည်း သတ်မှတ်သော နေရာတခုသို့ ရောက်သည့်အခါ အတူတူရောက်ရသကဲ့သို့ နေပတ် လပတ် လမ်းကြောင်း အရှည်အဝေးချင်း မတူသော်လည်း တနေ့ပြည့် ဘိုရန်ပတ်မိရာတွင် အတူတူပင် ဖြစ်သည်၊ မြင့်မိုရ်တောင်နှင့် စကြဝဠာတံတိုင်းအကြား ကမ္ဘာ့အလယ်ဗဟို ဖြစ်သောနေ၏ အလယ်ပတ် လမ်းကြောင်းတွင် လူတို့ အများဆုံးနေထိုင်ကြ၏၊ တန်ဆောင်းမုန်း နတ်တော် ပြာသို တပို့တွဲလများတွင် နေသည် ကျယ်ဝန်း ရှည်လျားသော အပြင်လမ်းဖြင့် စကြဝဠာတံတိုင်း ဘက်တွင် ပတ်နေသည့်အခါ သတ္တဝါတို့ နေရာနှင့် ဝေးသွားသော်ကြောင့် အပူရှိန်နည်းသော (ဆောင်းဥတု) ဖြစ်ပေါ်လာရသည်၊ တော်သလင်း သီတင်းကျွတ် တပေါင်း တန်ခူးလများတွင် အလယ်လမ်းဖြင့် လှည့်ပတ်နေသည့်အခါ နေနှင့် နီးသောကြောင့် ပူပြင်းသော (နွေဥတု) မျိုး ဖြစ်ပေါ်လာရသည်၊ နေသည် မြင့်မိုရ်တောင်ဘက် အတွင်းပတ်လမ်းသို့ ဝင်သွားသည့်အခါ အပြင်ထွက်တုန်းကလိုပင် သတ္တဝါတို့နေရာနှင့် ဝေးသွားမည်ဟု ထင်ရ၏၊ သို့သော် အတွင်းလမ်းမှာ အကျဉ်းဆုံးဖြစ်သဖြင့် မနီးမဝေးတွင် ရှိသည်ဟု ယူဆရမည်၊ ထိုသို့ နေနှင့် မနီးမဝေး သော ကဆုန် နယုန် ဝါဆို ဝါခေါင်လများတွင် အပူအအေး ညီမျှသော (မိုးဥတု) ဖြစ်ပေါ်လာရလေသည်။

## နေ့တာ ညတာ

ဘိနပ်တော် လုံးပတ်ကိုက် (၁၀၀) ရှိသော စေတီတဆူ၏ ဘိနပ်တော်အနီးမှ မီးထွန်းပြီး လှည့်ပတ်နေသူကို ကိုက်(၂၀၀) ခန့် အကွာက မရွေ့ဘဲ ကြည့်နေသည့်အခါ ကြည့်နေသူ၏ မျက်နှာဝဲယာဘက်ရှိ စေတီ၏ လေပုံသုံးပုံကို လှည့်ပတ်နေသည့် အထိ မီး၏ အလင်းရောင်ကို ကောင်းစွာတွေ့နေရမည်၊ ကျန် တပုံနေရာသို့ ရောက်သွားသည့်အခါမှသာ မီးရောင်ပျောက်သွား ပေမည်၊ ထိုမီးထွန်း၍ လှည့်ပတ်သူသည် စေတီဘိနပ်နှင့် နောက် တဆင့်ခွါ၍ စက်ဝိုင်းလမ်းကြောင်း တည့်တည့်မှ လှည့်ပတ်နေ သည်ကို ကြည့်သည့်အခါ မီးအလင်းရောင်ကို တွေ့ရသည့် အချိန် အနည်းငယ်ပို၍ နည်းလာမည်။

ထို့ထက်ပို၍ ခွါပြီး လှည့်ပတ် နေသည့်အခါ တွေ့မြင်ရချိန် ပို၍နည်းလာမည်၊ ကြည့်နေသူ၏ တည့်တည့်ကိုက် (၂၀၀)မှ လှည့်ပတ်သည့်အခါ စေတီတဝက် လှည့်ပြီးသည့် အထိသာ မီးရောင်တွေ့ရပြီး ကျန်တဝက်တွင် တွေ့ရတော့မည် မဟုတ်ပါ၊ စေတီနှင့် ကိုက်(၄၀၀)ခန့် လောက်မှ လှည့်ပတ်နေသည့် အခါ ထိုမီးရောင်ကို ထင်ထင် ရှားရှား မြင်ရသော အချိန်သည် ပို၍ နည်းသွားပေမည်၊ အဘယ့်ကြောင့် ဆိုသော် လှည့်ပတ် နေရ သောလမ်းကြောင်းမှာ တဖြည်းဖြည်း ပို၍ရှည်လာပြီး မီးရောင် နှင့် ကြည့်နေသူတို့ ပို၍ ဝေးသွားသောကြောင့် ဖြစ်သည်။

ဤကဲ့သို့ပင် နေသည် အတွင်းလမ်းမှ လှည့်ပတ် သည့် မိုးအခါ ကြာကြာမြင်နေရ၍ မြန်မာနာရီ အားဖြင့် နေ့(၃၆) နာရီ၊ ည(၂၄)နာရီရှိပြီး နေ့တာရှည်၍ ညတာ တိုရလေသည်။

အပြင်သို့ တဖြည်းဖြည်း ထွက်လာသည့် အခါ နေ့တာရှည်မှု အနည်းငယ်စီ လျော့လာသည်၊ နေအလယ်လမ်းသို့ ရောက်သည့် အခါ နေရောင်မြင်ရမှု အချိန် ချင်းလည်း မခြားနားတော့ဘဲ နေ့တာ ညတာတူညီသော နေ့ဥတု ဖြစ်ပေါ်လာ လေသည်၊ နေအပြင်လမ်းသို့ ထွက်၍ လှည့်ပတ်သည့် အခါ လှည့်ပတ်မှု လမ်းကြောင်း ပို၍ ရှည်လာသောကြောင့် အမြင် မှာလည်း ဝေးသွားရလေသည်၊ အရုဏ်ရောင် လာနေသည့် အချိန်သာ ကြာသည်၊ ထို့ကြောင့် ဆောင်းအခါတွင် နေ့တာတိုပြီး ညတာ ရှည်ရလေလည်း။

## နေကြွတ်–လကြွတ်ခြင်း အကြောင်း

(ဒေဝပုတ္တသံယုတ်၊ စန္ဒိမယုတ်၊ သူရိယသုတ်)

အခါတပါးတွင် လနတ်သားသည် ရာဟုအသူရိန်၏ ဖမ်းဆီး ချုပ်နှောင်မှုကိုခံရသဖြင့် "ကြီးကျယ်သောလုံ့လရှိတော်မူသော ဗုဒ္ဓဘုရား....ခန္ဓာစသော အလုံးစုံသော အနှောင်အဖွဲ့တို့မှ လွတ် တော်မူပြီးသော ဗုဒ္ဓအား ရှိခိုးပါ၏၊ တပည့်တော်သည် ရာဟု အသူရိန်၏ ကြပ်တည်းစွာ ချုပ်နှောင်ဖမ်းဆီးခံရခြင်းသို့ ရောက် နေပါ၏၊ ဗုဒ္ဓသည် တပည့်တော်၏ ကိုးကွယ် အားထားရာ ဖြစ် တော်မူပါဘုရား" ဟု အောက်မေ့ တမ်းတလိုက်သည်။

ထိုအခါ ဗုဒ္ဓက "ပူဇော်အထူးကို ခံတော် မူထိုက်သော ဗုဒ္ဓကို လနတ်သားသည် ဆည်းကပ် ကိုးကွယ်သူ ဖြစ်၏၊ ရာဟု အသူရိန်သည် လနတ်သားကို လွတ်လော့၊ ဗုဒ္ဓတို့ မည်သည် သတ္တဝါအပေါင်းကို အစဉ်သနား စောင့်ရှောက်တော်မူကြကုန် ၏" ဟု ရာဟု အသူရိန်ကို မိန့်တော်မူလိုက်၏။

ရာဟု အသူရိန်သည် ဗုဒ္ဓ၏ အမိန့်ကြောင့် လနတ်သားကို လွှတ်၍ ကြောက်ရွံ့ ထိတ်လန့်လျက် ဝေပစိတ္တိ အသူရိန်ထံသို့ အမြန်သွားလေ၏။

ထိုအခြင်းအရာကိုမြင်သော ဝေပစိတ္တိ အသူရိန်က "အချင်း ရာဟု....အဘယ့်ကြောင့် လနတ်သားကို အမြန် လွှတ်လိုက်ရ သနည်း၊ ကျွန်ုပ်ထံသို့ အဘယ့်ကြောင့် ကြောက်ကြောက် ရွံ့ရွံ့ နှင့် လာ၍တည်နေဘိသနည်း" ဟု မေးလိုက်၏။

"အို....အရှင် ဝေပစိတ္တိ၊ ဗုဒ္ဓသည် ဂါထာကို ရွတ်ဆိုတော် မူ၏၊ လနတ်သားကိုမလွှတ်ခဲ့လျှင် ကျွန်ုပ်သည် ဦးခေါင်း ခုနစ် ခြမ်းကွဲ၍ အသက်ရှင်လျက်နှင့်ပင် ဒုက္ခရောက်ရ ပါတော့အံ့၊ ထို့ကြောင့် ကျွန်ုပ်သည် လနတ်သားကို အမြန် လွှတ်လိုက်ရပါ သည်" ဟု ရာဟုအသူရိန်က ပြန်လည်ပြောကြား လေသည်။

ဤ လနတ်သားနည်းတူ နေနတ်သားသည်လည်း ရာဟု အသူ ရိန်၏ အဖမ်းကို ခံရဘူး၏၊ ဗုဒ္ဓ၏ မေတ္တာ ရပ်ခံချက်ဖြင့် ရာဟု အသူရိန်လက်မှ လွှတ်မြောက်ရ လေသည်။

ဖော်ပြပါ လနတ်သား၊ နေနတ်သားတို့၏ အဖြစ် အပျက်ကို ထောက်ထား၍ ဤလောကတွင် ရာဟု အသူရိန် ခေါ်သော လ-နေတို့ကို အနှောက် အယှက် ပြုတတ်သည့် ထူးဆန်းသည့် သတ္တဝါတမျိုးရှိ၏၊ ၎င်းရာဟု အသူရိန်၏ အရပ်သည် (ယူဇနာ လေးထောင့် ရှစ်ရာ) မြင့်၏၊ လက်မောင်းနှစ်ဘက် အကြားသည် (ယူဇနာ တရာ့ နှစ်ဆယ်) ရှိ၏၊ ကိုယ်ထု (ယူဇနာ ခြောက်ရာ) ရှိသည်၊ ဦးခေါင်း (ယူဇနာ ကိုးရာ) နဖူး (ယူဇနာ သုံးရာ) မျက်မှောင် နှစ်ဘက်အကြား (ယူဇနာ ငါးဆယ်)၊ မျက်နှာ (ယူဇနာ နှစ်ရာ) နှာခေါင်း (ယူဇနာ သုံးရာ)၊ ခံတွင်းပေါက်

အနက် (ယူဇနာ သုံးရာ)၊ လက်ဖဝါး၊ ခြေဖဝါး ပြင်များ အကျယ် (ယူဇနာ နှစ်ရာ)၊ လက်ဆစ် (ယူဇနာ ငါးဆယ်) ရှိ၏။

ဂင်း ရာဟု အသူရိန်ကြီးသည် မိမိသွားမြဲ လမ်းအတိုင်း သွားနေရာမှ နေ-လတို့နှင့် တွေ့ကြုံသည့် အခါ နေ-လတို့၏ ထွန်းလင်း တောက်ပသည်ကို ငြူစူ စောင်းမြောင်းပြီး နေသွားလမ်း၊ လသွားလမ်းတွင် သူ၏ ခံတွင်းကို ဖွင့်၍ နေ၏၊ ထိုအခါ နေ-လတို့မှာ (ယူဇနာသုံးရာ) နက်သော ချောက်ထဲသို့ ပစ်ချခံရသကဲ့သို့ ဖြစ်ပြီး ကြောက်ရွံ့ အော်မြည်ကြ၏၊ ဤအခါတွင် အလင်းရောင်များ ကွယ်ပျောက် သွားပြီး နေကြတ်ခြင်း၊ လကြတ်ခြင်းများ ဖြစ်ပေါ်လာရလေသည်။

ရာဟု အသူရိန်ကြီးသည် နေ-လတို့ကို ဖမ်းသည့်အခါ လက်ဖြင့်လည်း ဖုံးလွှမ်းထားတတ်၏၊ မေးစေ့အောက်၌လည်း ထည့်ထားထတ်၏၊ လျှာဖြင့်လည်း နှိပ်နယ် တတ်၏၊ ပါးစောင်၌ ထား၍ စားသကဲ့သို့ ပါးစောင် ကြား၌လည်း ထားတတ်၏။

ထိုသို့ ဖမ်းဆီးနိုင်သော်လည်း နေ-လတို့၏ သွားမြဲ အရှိန်အဟုန်ကိုကား မတားမြစ်နိုင်၊ တားမြစ်ခဲ့လျှင် ရာဟုအသူရိန်၌ အိုင်းအမာဖြစ်လာနိုင်၏၊ လ-နေတို့က အသူရိန်၏ထိပ်ကို ဖောက်ထွင်း၍လည်း ထွက်မည်၊ ဆွဲငင်၍လည်း ညွတ်စေမည်၊ ထို့ကြောင့် ရာဟု အသူရိန်ကြီးသည် နေဗိမာန် လဗိမာန်တို့နှင့် အတူသာလိုက်ပါ၍ သွားရ၏။

နေနတ်သား-လနတ်သားတို့ဟူသည် ဗုဒ္ဓ "မဟာသမယသုတ်" ဟောသောနေ့ကပင် သောတာပန် အဆင့်သို့ ရောက်ခဲ့ကြသော အရိယာနတ်သားများ ဖြစ်ကြ၏။

## ကမ္ဘာဦး လူ့အစာအမျိုးမျိုး

ကမ္ဘာဦးလူတို့ ကမ္ဘာပေါ် ဝလာကြသည်နှင့်အညီ အရသာကို တပ်မက်မှု အကုသိုလ်တဏှာများလည်း အတော် ထူပြောလာကြသည်၊ ငါအလှဆုံးဆိုသော မာနတရားများလည်း ပို၍ ဖုံးလွှမ်းလာကြသည်၊ ထိုအခါ မြေဆီများ ယုတ်လျော့ ကွယ်ပျောက်သွားကြပြီး အောက်မြေလွှာထပ် များကိုသာ စားကြရသည်၊ ထိုမြေလွှာလည်းကွယ်ပျောက်ပြန်၍ မြေနွယ်များကိုသာ စားကြရလေသည်၊ ယင်းမြေနွယ်များလည်း ကမ္ဘာဦး လူတို့၏ ဒုစရိုက်နှင့် ဝေးရာ သို့ ပြေးကြပြန်လေသည်။

ထိုအခါ အခွံမပါသော သလေးဆန်များ ပေါ်လာသည်၊ နံနက်တခါ ညနေတခါ စားချိန်တွင်သွားယူကြရသည်၊ နံနက်စာချက်ချိန်၌ လယ်မှ သွားယူခဲ့သော နေရာတွင် ညနေစာချက်ချိန် သွားယူသော အခါ၌ သလေးဆန်များ ပြန်ရှိပြီးသား ဖြစ်နေသည်၊ ဇောတိပါသာဏခေါ် ကျောက်တုံးပေါ်သို့ ထိုဆန်ကို တင်လိုက်လျှင် မီးအလိုလိုတောက်ပြီး ကျက်လျှင် အလိုလို မီးငြိမ်းသွားသည်၊ ဤသလေးထမင်းကို သူတို့ စားကြလေသည်။

## ယောကျ်ား မိန်းမ အစ

မြေဆီ–မြေလွှာ–မြေနွယ်တို့မှာ အလွန်နူးညံ့သဖြင့် စားသည့်အခါ အဆီအသားဖြစ်ပြီး အဖတ်အကာ အနည်းငယ်သာကျန်သည်၊ ထိုအဖတ်အကာကလေးများမှာ ဝမ်းမီး လောင်ကျွမ်းမှုကြောင့် ပျောက်ကွယ် ကုန်ခန်းသွားနိုင်ကြလေသည်၊ သလေးထမင်းသည် ကြမ်းလာသဖြင့် ဝမ်းမီးကကုန်အောင် ချေဖျက်မပစ်နိုင်ချေ၊ ထို့ကြောင့် ကမ္ဘာဦး လူတို့၏ ဝမ်းတွင်းရှိ လေ

ခေတ်က ဝမ်းမီးလောင်ရာမှ ကြွင်းကျန်သော သလေးထမင်း အရေအဖတ်ခေါ် ကျင်ကြီး ကျင်ငယ်များကို ကိုယ်အောက်ပိုင်း သို့ တွန်းပို့မှုတ်ထုတ်လျက် ရှိလေသည်၊ သို့အတွက် ပြည့်ပြည့် သော အိုင်းအမာကြီး ပေါက်ကွဲလာသလို ကျင်ကြီးကျင်ငယ် ပေါက်များ ပေါ်လာရလေသည်၊ ကမ္ဘာပျက်အံ့ဆဲဆဲ ဗြဟ္မာ့ပြည် မရောက်မီက မိန်းမ ဖြစ်ခဲ့ဘူးသူတို့မှာ မိန်မအင်္ဂါများ ပေါ် လာကြပြီး ယောကျ်ား ဖြစ်ခဲ့သူတို့မှာ ယောကျ်ားအင်္ဂါများ ပေါ်လာကြလေသည်။

## မေထုန်နှင့် အိုးအိမ်ပေါ်လာခြင်း

သူတို့ ဆန္ဒအလျောက် ပေါ်ပေါက်ခဲ့သော လမင်းကြီးမှာ ပြည့်ပြည့်ဝန်းဝန်း သာနိုင်သလောက် သူတို့ အဆင့်အတန်းမှာ ဖရိုးကလို မပြည့်ဝတော့ပါ၊ သူတို့၏ ဒုစရိုက်များက လူနေမှု အဆင့်အတန်းကို ဆွဲဆောင်ယူငင်သွားကြလေပြီ၊ သူတို့သည် ဒီ အဆင့်အတန်းမှာကော ရပ်တည်မနေနိုင် ကြပါမည်လော၊ ဒီလိုဆို အတော်ကြီး ဟန်သေး၏၊ ကံကြမ္မာက ဘယ်လိုဖန်လာဦး မည်နည်း။

လူသည် အထူးအဆန်းကို ပို၍ ကြည့်ချင်တတ်သော အလေ့ ရှိ၏၊ ကမ္ဘာဦးလူတို့တွင် ပေါ်လာကြသော အင်္ဂါများမှာ မတူ ကြသဖြင့် တဦးနှင့်တဦး ထူးထူးဆန်းဆန်း တစိမ့်စိမ့် ကြည့်မိ ကြလေသည်၊ ထိုအခါ ချုပ်တည်းမနိုင်သော စိတ်အလိုသို့ လိုက်ကာ ကာမကိစ္စကို စတင်ပြုမှား မိကြလေသည်၊ ဤသို့ လက်တည့်စမ်းရာမှ တွေ့သိခဲ့ရသော အရသာတမျိုးသည် ထပ်ဖန် တလဲလဲ မှီဝဲလိုမှု စိတ်ကို တိုးပွားစေခဲ့ပြန်သည်၊ ထို့ကြောင့်

ကမ္ဘာဦးသူနှင့် ကမ္ဘာဦးသား တို့သည် အငတ် မပြေသော ဆားငန်ရေကို မမြင်ဝံ့ မကြားဝံ့သည့် အထဲမှ သဲ၍ သဲ၍ သောက်မိကြလေတော့သည်။

ထိုအခါ သူတို့၏ အပြုအမူကို ယိုသူမရှက် မြင်သူရှက်သော မညာရှိလူတစုက ကဲ့ရဲ့တားမြစ်လာကြသည်၊ ရပ်တန်းက မရပ်ကြ၍ ကရုဏာဒေါသမှန်ကာ ခဲဒုတ်တို့ဖြင့် ပစ်ပေါက်မိကြသည့် အထိ ပြဿနာ တိုးပွားလာခဲ့ရလေသည်၊ မသမာသူတို့မှာ ပုန်းအောင်း ခိုကပ်ဘို့ရန်အတွက် တောသို့ပြေးကာ ရာသစ်ဝါးများဖြင့် ကြံမိကြံရာ တဲပုတ် အိမ်ငယ်ကလေးများ တည်ဆောက်နေကြလေသည်၊ နှစ်လ သုံးလအထိ နေရင်းဌာနသို့ ပြန်လာခွင့်မရကြချေ၊ ဤအခါမှစ၍ မိဘတို့၏ ကာမကိစ္စကို အခြေခံကာ ဝမ်း၌ ပဋိသန္ဓေ နေခြင်းမျိုးဖြင့် လူဦးရေ တိုးပွားမှု စတင်ဖြစ်ပေါ်လာသည်၊ ယခုခေတ် အချို့အရပ်၌ မင်္ဂလာ ဆောင်ရာတွင် ခဲပေါက်ကြသည်မှာ ဤကမ္ဘာဦးက အတုကို လိုက်ခြင်း ဖြစ်လေသည်။

## ခိုးမှုလိမ်မှုများ စတင်ခဲ့ခြင်း

ကမ္ဘာဦး လူတို့တွင် ပျင်းတတ်သူတို့လည်း ပေါ်လာကြပြန်သည်၊ ထိုလူမျိုးတယောက်က နံနက်တခါ ညတခါ သလေးဆန် သွားယူရတာ ပင်ပန်းလှသည်ဆိုကာ တရက်စာ တခါတည်း ယူခဲ့လေသည်၊ သူ့အတုကို လိုက်၍ အချို့က နှစ်ရက် သုံးရက်စာ၊ အချို့က နှစ်ရက် ရှစ်ရက်စာ တခါတည်း ယူဆောင် သိုလှောင်ထားကြလေသည်၊ သူတို့၏ အပျင်းကြောင့် ဖြစ်သော ကိုယ်ကျင့်တရား ပျက်စီးမှု လောဘကြီးမှုကြောင့်

သမလေးဆန်ထဲတွင် ဖွဲ့ ဆန်ကွဲများ ပါလာလေတော့သည်။ ယူသည့် နေရာမှလည်း ရှေးကလို ပြန်မထွက်တော့ချေ၊ ထိုအခါ ရိုးသားသူတို့မှာ ပျင်းရိသူတို့အတွက် ဒုက္ခ ရောက်ရလေသည်၊ သို့အတွက် အားလုံးတိုင်ပင်ကြပြီး သူ့အကွက် ကိုယ့်အကွက် ခွဲခြားသတ်မှတ်ကြရလေသည်။

ဤလုပ်ဆောင်ချက်သည် မကောင်းမှုများ တိုးပွားလာခြင်း၏ အစ ဖြစ်ခဲ့ပြန်သည်၊ လောဘကြီးသူ တယောက်က သူများပိုင် အကွက်မှ သလေးဆန်ကို မပေးဘဲ ယူမိသော "ခိုးမှုကြီး"ကို ကျူးလွန်လာလေသည်၊ ထိုသူကိုဖမ်း၍ နောင် ဒီလိုမလုပ်ရန် သတိပေးကြသည်၊ ခိုးသူကမလုပ်တော့ပါဟု ဝန်ခံဂတိပေးသည်၊ သို့သော် ထိုခိုးသူသည် အလားတူ ခိုးမှုမျိုးကို ဂတိဖောက်ဖျက်၍ သုံးကြိမ်တိုင်အောင် လက်ရဲဇက်ရဲ ကျူးလွန်လာပြန်သည်၊ သူတပါးတို့အား အလကားဂတိဖြင့် ပြောင်လိမ်ရဲသော "မုသာဝါဒ"အမှု အမှုကြီးလည်း ပေါ်လာခဲ့ပြန်သည်၊ ထိုရဲအားကြီးသော သူခိုးအား ဝိုင်း၍ ကွဲ့ရဲ့ကြခြင်းကြောင့် မလိုလားအပ်သော "ကွဲ့ရဲ့ရှုတ်ချမှုကြီး"လည်း ပေါ်လာရလေသည်၊ဒုတ်ရိုက်မှု ခဲပေါက်မှု စသော ကြောက်စရာ မှုခင်းကြီးများလည်း ဆက်တိုက် ပေါ်လာရပြန်လေသည်။

## ကမ္ဘာဦး လူတန်းစားကြီး လေးရပ်

ထိုမှုခင်းများကို တရားသဖြင့် ဖြေရှင်းပေးနိုင်မည့် အကြီးအကဲ ပုဂ္ဂိုလ် လိုလာခဲ့ချေပြီ၊ သို့အတွက် အားလုံးစည်းဝေးပြီး သမာသမတ် စိတ်နှလုံးကောင်း ရှိပြီး ခန့်ငြားထယ်ဝါသော သူတဦးကို အုပ်ချုပ်သူ လူကြီးအဖြစ် အများသဘောတူ

သမုတ်တင်မြှောက်ကြလေသည်၊ ထိုသူကြီးကို "မဟာသမ္မတ" ဟု ခေါ်တွင်ကြ၏၊ မဟာသမ္မတ အဖြစ် တင်မြှောက်ခံရသူမှာ ဘုရားအလောင်းတော်ပင် ဖြစ်၏၊ ထိုလူကြီးကို စီးပွားရေးထက် အုပ်ချုပ်ရေးဘက်မှာ ပို၍ ဆောင်ရွက်နိုင်စေရန် နှစ်စဉ်ထွက်သော သလေးခင်းမှ ဆယ်ခိုင့်တခိုင် အသီးအသီး ပေးဆက်ကြသောကြောင့် "ခတ္တိယ" ဟုလည်း ခေါ်ကြသည်၊ မှန်ကန်သော တရားဆုံးဖြတ်မှုဖြင့် သူတပါးတို့ကို ကြေနပ် နှစ်သိမ့်စေတတ်သောကြောင့် "ရာဇာ" ဟုလည်း ခေါ်တွင်ကြသည်၊ ဤအခါမှ စ၍ "မင်း" ဟူသော လူတန်းစားတရပ်သည် အများစုထဲမှ ပထမဆုံး ပေါ်လာခဲ့ရလေသည်၊ အုပ်ချုပ်သူနှင့် အအုပ်ချုပ်ခံ လူတန်းစားဟူ၍လည်း ကွဲပြားလာခဲ့သည်၊ လူ့ဘောင်ကိုလည်း စည်းမျဉ်းဥပဒေဖြင့် ကာရံသတ်မှတ်စ ပြုခဲ့ကြလေသည်။

လက်ရှိပေါ်ပေါက်နေသော မကောင်းမှုများကို စက်ဆုပ်သူ အချို့က ထိုမကောင်းမှုများကို ကြဉ်ရှောင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် တောသို့ ထွက်ကာ သစ်ရွက်မိုးကျောင်းဖြင့် နေထိုင်လျက် ဆွမ်းခံစားကြသည်၊ ဤသူတို့ အတွက်ကြောင့်လည်း ပုဏ္ဏား "ဗြာဟ္မဏ" ဟူသော လူတန်းစား တရပ် ကိုးခဲ့ရပြန်သည်။

အချို့သူတို့ကတော့ ပုံစံလည်း မပြောင်း ကာမ ကိစ္စကိုလည်း မစွန့်နိုင်ဘဲ သီးခြားလုပ်ကိုင် စားသောက်နေထိုင်ကြသည်၊ ဤလူတန်းစားကိုတော့ "ဝေဿ"ဟု အသိအမှတ် ပြုကြသည်။

ခိုးဆိုး တိုက်ခိုက် သောက်စား မူးယစ်တတ်သူ လူယုတ် လူရမ်းကားတစုကိုတော့ "သုဒ္ဒ" လူတန်းစားအဖြစ် သတ်မှတ်၍ အများက ခပ်ဖယ်ဖယ် ဆက်ဆံကြလေသည်၊ ထိုအချိန်မှ စ၍

သမိုင်းဦး ကမ္ဘာကြီးတွင် လူတန်းစားလေးရပ် သိသိသာသာကြီး ကွဲပြားလာခဲ့ရလေသည်၊ ထိုလူတန်းစား လေးရပ်တွင် ပါဝင်သော လူဦးရေများမှာလည်း တစတစ တိုးပွားလာခဲ့သည့် အလျောက် ရာဇဝတ်မှု ဒုစရိုက်မှုများလည်း ကျယ်ပြန့်စွာ နေရာယူလာကြသည်။

## လေးကျွန်းတမြင့်မိုရ်လူ့ပြည်နှင့် တိုက်ကြီးခြောက်တိုက်လူ့ပြည်

လူတို့ နေရာ ဤကမ္ဘာတွင် တောင်ကျွန်းသား တို့သည် အကောင်းဘက်တွင် နိဗ္ဗာန်ရောက်အောင် ကောင်းကြသော်လည်း အဆိုးဘက်တွင် ကမ္ဘာကြီးဖောက်ထိုးမိုးမျှော်ဖြစ်အောင် ဆိုးကြ၏၊ အတုမရှိ ဗုဒ္ဓဆိုသည်မှာလည်း ဤတောင်ကျွန်း အလယ်ဗဟိုမှာပင် ပွင့်တော်မူ၏၊ တောင်ကျွန်းသားတို့ မင်္ဂ ရထား စီးခွင့်ရကြသည်၊ သို့သော် ကမ္ဘာကြီး ဤမျှ အဆင့်အတန်းနိမ့်အောင် လုပ်သူတို့မှာလည်း တောင်ကျွန်းသားတို့သာ တစ်တရားခံ ဖြစ်ကြ၏၊အရှေ့ အနောက် ကျွန်းသား အထူးသဖြင့် မြောက်ကျွန်းသားတို့မှာ ဣန္ဒြေရကြသည်၊ ငါးပါးသီလသည် မြောက်ကျွန်း၏ ပကတိ တည်မြဲအခြေခံ ဥပဒေဖြစ်ပြီး လူတိုင်း လိုက်နာကြသည်၊ ငါ့ဥစ္စာ ငါ့သား ငါ့မယားဟုလည်း တွယ်တာသိမ်းပိုက်မှု မထားခြင်း၊ အသက်တထောင်ရှည်ခြင်း၊ ငါးပါး သီလ မြဲခြင်းတို့သည် ဇမ္ဗူဒိပ် တောင်ကျွန်းသား တို့ထက် ထူးခြားသော မြောက်ကျွန်းသားတို့၏ အရည်အချင်းများ ဖြစ်ကြသည်။

သလေးဆန်ကို ဇောတိပါသာဏ မီးကျောက်ဖြင့် ချက်၍ စားကြသော ကမ္ဘာဦး အမွေအနှစ်များမှာလည်း မြောက်ကျွန်း

တွင်သာ ကျန်တော့၏၊ ဟင်းချက်ရန်မလို၊ သူတို့ စားလိုသော အရသာကို သလေးထမင်း တခုတည်းက ပေးစွမ်းနိုင်သည်၊ တရားစောင့်သဖြင့် ရာသီဥတု မျှတသည်၊ မြောက်ကျွန်းသည် (ယူဇနာ ရှစ်ထောင်)ကျယ်ပြီး လေးထောင့် အင်းပျဉ်ပုံသဏ္ဌာန် ရှိသည်၊ သူတို့ မျက်နှာမှာလည်း ယင်းကဲ့သို့ပင် ပုံသဏ္ဌာန် ရှိသည်၊ ကျွန်းဦးတွင် "ပဒေသာပင်" ပေါက်ရောက်သည်။

ယူဇနာ ခုနစ်ထောင် ကျယ်သော အရှေ့ကျွန်းမှာ လခြမ်း ပုံသဏ္ဌာန်ရှိပြီး ကျွန်းသား တို့လည်း ယင်းပုံစံမျိုး ဖြစ်ကြ၏၊ ကျွန်းဦးတွင် ကုက္ကိုပင်ပေါက်၏၊ အသက်တမ်းမှာ ငါးရာဖြစ်၏၊ အနောက်ကျွန်းမှာ (ယူဇနာ ခုနစ်ထောင်) ကျယ်၏၊ ကျွန်းနှင့် ကျွန်းသားတို့ ပုံစံသည် လပြည့်ဝန်းနှင့် တူ၏၊ အသက်တထောင် မျှည်၏၊ ကျွန်းဦး ထိန်ပင်ပေါက်၏၊ တောင်ကျွန်းမှာ (ယူဇနာ တသောင်း) ကျယ်သည်၊ ကျွန်းပုံစံနှင့် ကျွန်းသားတို့၏ မျက်နှာ မှာ သုံးထောင့် ဘြိဂံသဏ္ဌာန်ရှိ၏၊ အသက်တမ်း အမြဲမရှိ၊ ကျွန်းဦးတွင် သပြေပင် ပေါက်ရောက်၏။

ပိဋကသ မိုင်း ပညာရှင်တို့ သိမြင် ကြသော လေးကျွန်း တမြင့်မိုရ် လူ့ပြည်နှင့် ယခုခေတ် လောကဓာတ် ပညာရှင်တို့ ယူဆသော လူ့ပြည်မှာ မည်သို့ ခြားနားသည် ကိုတော့ အထူး မဆွေးနွေးလိုပါ၊ သို့သော် ပိဋကတ် သမိုင်း ပညာ ရှင်တို့၏ ကျွန်း အတိုင်းအတာနှင့် လောကဓာတ်ပညာရှင်တို့၏ တိုက်ကြီး ခြောက်တိုက် တကမ္ဘာ အတိုင်းအတာများကို တိကျစွာ သဘာဝ အကျဆုံး ချိန်စက်နိုင်လျှင်တော့ နီးစပ်သောအဖြေကို ရနိုင်လိမ့် မည် ထင်ပါသည်။

## အသက်တမ်း အတိုးအဆုတ်

ကမ္ဘာသားတို့က မေးထုတ်လိုက်သော ယင်းသည့် ဒုစရိုက် အရှိန် အဟုန်ကြောင့် အသက်တမ်း မှာလည်း တဖြည်းဖြည်း ဆုတ်ယုတ်လာရာ ယခု မျက်မှောက်ခေတ် သက်တမ်းသို့ ရောက် ခဲ့ရလေသည်၊ ဤမျက်မှောက်ခေတ် သက်တမ်းမှ လောကပညတ္တိ ကျမ်းအရ (အနှစ်တရာလျှင် ဆယ်နှစ်) အခြား ကျမ်းများအရ (အနှစ်တရာလျှင် တနှစ်)လျှော့၍ ဆယ်နှစ်တမ်းအထိ ဒုစရိုက် ဘီလူးကြီးက ကြောက်မက်ဘွယ်ရာ တမှုတ်တိုက် ဆွဲယူသွားပေ ဦးမည်၊ လောကီဆရာတို့ အဆိုအရ အသက်တမ်းသည် ဆုတ် ရာတွင် နှေးသည်၊ တက်ရာတွင် ခေါက်ချိုး တက်၍ မြန်လှသည် ဟု ဆိုသည်၊ သို့သော် ဗုဒ္ဓက ခေါက်ချိုးတက်၊ ခေါက်ချိုးဆုတ် သည်ဟု စက္ကဝတ္တိသုတ်၌ ဟောပြတော်မူခဲ့သည်။

ဆယ်နှစ်တမ်းတွင် ကုသိုလ်ကောင်းမှု မှန်သမျှ အားလုံး ကွယ် ပျောက်၍ လူ့တိရိစ္ဆာန်များ ဖြစ်ကုန် ကြမည်၊ အမိ-အဘ၊ ဇနီး၊ လင်၊ သားချင်းဟူ၍လည်း မရှိတော့၊ ငါးနှစ် သားသမီး များ အိမ်ထောင်ပြုကြမည်၊ တပ်မက်မှု၊ ခက်ထန်မှု၊ မိုက်မဲမှု စသော အဓမ္မတရားများသာ ကြီးစိုး၍ ကိုင်လိုက်သမျှ အရာ ဝတ္ထုတို့သည် သူတထူးကို သတ်ဖြတ် နှိပ်စက်ရန် လက်နက် ချည်းသာ ဖြစ်ကြကုန်ချိမ့်မည်၊ ကမ္ဘာပျက်ကြီး မတိုင်မီ ကမ္ဘာ ပျက်ကလေးတခု ပေါ်လာပြီး မိုက်သူတို့ မီးကုန် ယမ်း ကုန် သောင်းကျန်းကြ၍ ကြောက်သူတို့ တတော တတောင် တကျွန်းသို့ ပြေးကြမည်၊ အိုးပျက် အိမ်ပျက် ခြေသလုံးအိမ်တိုင် ဘဝဖြင့် လွန်စွာ သေကြေပျက်စီး အတိ ဒုက္ခ ရောက်ကြမည်။

အားရအောင် မိုက်ကြပြီးမှ သတိရ၍ တစတစ ကိုယ်ကျင့်တရားများကို အသက်သွင်းကြမည်၊ သူတို့၏ စိတ်ရင်း ပြန်လည်ကောင်းလာမှုကြောင့် အသက်တမ်းလည်း ဆယ်နှစ်မှ ခေါက်ပြန်တက်၍ အသင်္ချေ မရေတွက်နိုင်သော အတမ်းသို့ ပြန်ရောက်မည်၊ ထိုအသင်္ချေမှတဖန် စာရိတ္တ ယိုယွင်း မှုကြောင့် ပြန်၍ဆုတ်လာသည့်အခါ လူတို့အသက် (ရှင်သောင်း) တမ်းတွင် ဘဒ္ဒကမ္ဘာ၏ နောက်ဆုံး ငါးဆူမြောက် ဖြစ်သော "အရိမေတ္တယျ" ဗုဒ္ဓ ပွင့်တော်မူမည်၊ သတ္တဝါအားလုံး ကမ္ဘာဆက်၍ မလည်ရေး ထာဝရ ငြိမ်းချမ်းရေးအတွက် အစွမ်းကုန် ကြိုးပမ်းတော်မူမည်၊ ဤမှ နောက်ပိုင်းတွင် ဘဒ္ဒကမ္ဘာကြီးအား အလင်းရောင်ပေးမည့်သူလည်း မပေါ်တော့သဖြင့် အနိစ္စ ဓမ္မတာ၏ နောက်သို့လိုက်ကာ အနာဂတဝင်ကျမ်းအရ မီးဖြင့် ပျက်သုဉ်းရပေလိမ့်မည်၊ ဤသို့ဖြင့် ဘဒ္ဒကမ္ဘာ၏ သမိုင်းသည် တက်ကပ်အခါနှင့် ဗုဒ္ဓပွင့်ရာ တရံတခါ၌သာ အကောင်းထိုးဇာတ်ကလေးများတွေ့ရပြီး အကောင်းမှ အဆိုးသို့ ဦးတည်ရင်း စတင် ပေါ်ပေါက် လာခဲ့ရလေသည်။

## ခေတ်ဆိုး

ဤ ဘဒ္ဒကမ္ဘာ၏သမိုင်းကို ပြန်လည်သုံးသပ်ကြ ပါစို့....

ကမ္ဘာဦး လူတို့သည် အသက်တမ်း မရေတွက် နိုင်အောင် ရှည်ကြာကြ၏၊ လူနေမှု အဆင့်အတန်း မှာလည်း အထက်ဆုံး ကပင်ဖြစ်၏၊ စားဝတ် နေရေး အတွက် ဘာမျှ မပူပင်ကြရ၊ ထူးခြားသော တန်ခိုး အာနုဘော် များကိုပင် ပိုင်ဆိုင်ကြ၏၊ မည်မျှ သာယာချမ်းမြေ့ဘွယ် ကောင်းလေ မည်နည်း။

သို့သော် သူတို့တွင် ဒုစရိုက် မှဲ့ကလေးများ စွန်းလာကြသည့်အခါ အဆင့်အတန်းလည်း တထစ်စီ နိမ့်လျော့ လာခဲ့ကြရလေသည်၊ မြေဆီ–မြေလွှာ–မြေနွယ် ခေတ်တို့မှာ ပြောပ လောက်သော အဆိုး မရှိသော်လည်း သလေးဆန်စား ခေတ်မှာ ထူးထူးခြားခြား အဆိုးဘက်သို့ ယိုင်လာသည်ကို တွေ့ရမည်၊ မေထုန်မှု၊ ခိုးမှု၊ လိမ်မှု၊ ညှဉ်းဆဲမှု ဒုစရိုက် အစ အန ကလေးများ ပေါ်လာခဲ့ရသည်၊ ထို အစအန ကလေး များသည် ပိုမို ကြီးထွားလာကြပြီး လူတန်းစား ကွဲပြားရသည့် အထိ ဂိုဟ်မွှေခဲ့သည်၊ အလျှင်အမြန် ကြီးထွား မလာစေရန်ပင် စည်းကမ်းဥပဒေဖြင့် နှိပ်ကွပ် တားဆီးပေးရသော အခြေသို့ ရောက်ခဲ့သည်။

သို့သော် ကမ္ဘာ့လူတန်းစား အသီးသီး တို့သည် ဥပဒေကို လက်တလုံးခြားလှည့်ပြီး လောကပြစ်ကို တတ်နိုင်သရွေ့ရှောင်ကြသော်လည်း မမှုဥပဒေကို မလေးစား ကြချေ၊ အတွင်းစာရိတ္တ ကိုယ်ကျင့်တရား စာရိတ္တ မကျိုင်များ ယိမ်းယိုင်ခဲ့ကြသဖြင့် တကယ် သာယာ အေးချမ်းသော ခေတ် မူခိဦးဆီသို့ ပြန်မလှည့်နိုင်ချေ၊ ကမ္ဘာ့ချိန်ခွင်ညှာမှာ အဆိုးဘက် သို့သာ ယိုင်ခဲ့ရလေသည်၊ ဤသည်ကိုပင် ခေတ်ကိုရိုးမယ်ဖွဲ့၍ ခေတ်ဆိုး ဟု ဆိုကြလေသည်။

## ခေတ်ကောင်း

သို့သော် တခါတရံတွင် လောက အကြောင်းအရာကို အကုန်လုံးသိသည့် အလွန်ထူးခြားသော ပုဂ္ဂိုလ် တဦးတလေ ပေါ်လာခွင့်နှင့် ကြုံကြရလေသည်၊ ထိုပုဂ္ဂိုလ်မျိုးသည် အရည် အချင်း

တွင် အခြားမည်သည့် သူတို့နှင့်မျှမတူဘဲ သာယာသော ကမ္ဘာသစ်ကိုရင်း၊ ထာဝရငြိမ်းချမ်းရေး ကိုရင်း ထိထိရောက်ရောက် လမ်းပြ တည်ထောင် ပြုပြင်နိုင်သော သတ္တိထူး ရှိလေသည်၊ ထိုပုဂ္ဂိုလ်မျိုးမှာ ဤဘဒ္ဒကမ္ဘာတွင် ငါးဆူသာ ပေါ်ခွင့်ရှိသည့် တကယ့် "ဗုဒ္ဓအစစ်"ပင် ဖြစ်လေသည်၊ ဤလို ဗုဒ္ဓပွင့်ရာ အခါမျိုးတွင်သာ ကမ္ဘာ့ချိန်ခွင်ညှာမှာ အကောင်းဘက်သို့ အလေးသာခွင့် ရနိုင်သည်၊ ထိုဗုဒ္ဓ၏ နည်းညွှန်ချက် များနှင့် တကွ နည်းကိုလိုက်နာ ကျင့်ကြံသူများ ပျောက်ကွယ်သည့်အခါ အဆိုးဘက်သို့ ယိုင်မြဲယိုင်ရပြန်လေသည်။

## ဝမ်းတထွာနှင့် ဒုစရိုက်မှု

ထိုထို ကမ္ဘာကြီး အဆိုးဘက်သို့သာ ယိုင်ရသည့်အကြောင်းကို ဆန်းစစ် ကြည့်ပါက စားဝတ်နေရေး အသက် မွေးဝမ်းကျောင်းမှုသည် တစ်တရားခံ ဖြစ်နေသည်ကို တွေ့ရ၏၊ ကိုယ့်ဝမ်းဝရေးအတွက် သူများသလေးဆန်ကို ယူမိရာမှ "ခိုးမှုကြီး" ပေါ်ပေါက်လာပြီး ကမ္ဘာ့အခြေအနေ ထူးခြားစွာ ပြောင်းလဲသွားရပုံမှာ ထင်ရှားသော သာဓကဖြစ်၏၊ မပြည့်နိုင်သော သမုဒ္ဒရာလို တထွာမျှလောက်သော ဝမ်းရေး အတွက် ဒုစရိုက်မှုများကို ရဲရဲကြီး ပြုဝံ့ကြလေသည်။

အသက်သည် လူတို့၏ ချစ်မြတ်နိုးဆုံးအရာ ဖြစ်၏၊ စားဝတ်နေရေး ချို့တဲ့၍ အသက်ဘေးနှင့် ကြုံလာသောအခါ သားသမီးရင်းကိုပင် မညှာတာတတ်တော့ချေ၊ သီဟိုဠ် ကျွန်းတွင် အမျိုးသမီးတဦး သဲသန္တာရ ခရီးကိုသွားရင်း ရိက္ခာပြတ် သွားသည်၊ ဒီအခါ သားငယ်ကိုမှ မသနားတော့ဘဲ သတ်၍ စားလိုက်လေ

တော့သည်၊ ဤဇာတ်လမ်းမှာ "ကမ္ဘာမီးလောင် သားကောင်ချနင်း"ဟူသော စကားကိုရင်း၊ "ဒုမတောင့်မှ သီလစောင့်သည်"ဆိုသော စကားကိုရင်း၊ သရုပ်ဖော်ပြနေသည်။

မိမိ စားဝတ်နေရေး မဖူလုံသည့်အခါ မတရား အသက်မွေးမှုနည်းလမ်းကို တွင်တွင် ကျယ်ကျယ်ကြီး ပြုကျင့်တတ်ကြလေသည်၊ ပြည့်စုံ ကြွယ်ဝသော အခါမှာပင် လောဘအလိုသို့လိုက်ကာ မတရား စီးပွား ရှာတတ်ကြလေသည်၊ ထိုမတရားအသက်မွေးမှု၏ နောက်တွင်ကား ဒုစရိုက်မှုအမျိုးမျိုး ကပ်ပါ၍နေချေသည်၊ ဗုဒ္ဓက ဤမျှ ဆိုးသွမ်းသော မတရား အသက်မွေးမှုကို မပြုပါနှင့်ဟု အထက်တန်း အကျဆုံး ထာဝရ ငြိမ်းချမ်းမှုရရေးလမ်းစဉ် ရှစ်ပါးမှာသွင်း၍ ချပြတော်မူခဲ့သည်။

သာသနာ့ ဝန်ထမ်း တပည့်သားများ ကိုလည်း တသက်လျာမျှ တဝမ်းဝဘို့ တခဏ အတွက်ကလေး အသက်မွေးဘို့အရေးကို ကြီးကြီးကျယ်ကျယ် မလုပ်ကြနဲ့၊ အသက်ပင် သေပါစေ၊ ဘယ်အခါမှ မပြုကြနဲ့ဟု "အနေသန" ၂၁-ပါးအဖြစ်ထုတ်ဖော်ပညတ်တော် မူခဲ့သည်။

## စီးပွားရေး သောင်းကျန်းမှု

ဤမတရားစီးပွားရှာမှုသည် တကယ်တော့တဘဝအတွက်သာဖြစ်၏၊ နောက်ဘဝသို့ ယူသွားပြီး မစား နိုင်ပါ၊ ဝမ်းဝ၍အာဟာရပြည့်လျှင် ပြီးရော သဘောမျိုးဖြင့် တင်းတိမ် သင့်၏၊ ထိပ်တန်းကြသော ဘဝပြဿနာအဖြစ် မထားသင့်၊ သို့သော်-ဒါကိုပင်လျှင် ရှေ့တန်းတင် အဓိကထားပြီး မရှိသူတို့ ကလည်း အမြဲအစွဲ မတရား စီးပွားရှာနေကြသည်၊ ရှိသူတို့ကလည်း အာလဲ

အမဲမတရားစုဆောင်း ရှာဖွေနေကြ၏၊ သားအမိ, ညီအစ်ကို, မောင်နှမချင်းပင် စီးပွားရေးနှင့် ဝမ်းရေးအတွက် စိတ်ဝမ်းကွဲ တတ်ကြသည်။

တရားသဖြင့် ရှာဖွေရရှိလာသော ပစ္စည်းဥစ္စာကို ထိုက်သင့် သလိုခွဲခြမ်းဝေဖန်သုံးစွဲ ခြင်းသည် မိမိဘဝ သာယာဝပြောရေး အတွက် မည်မျှအကျိုးပြုသည်ကိုလည်း မသိကြ၊ မတရား စီးပွား ရှာမှု၏နောက်ကွယ်မှ ပါလာသော ဒုစရိုက်မှုများသည် ကမ္ဘာ၏ အလှကြက်သရေကို မည်မျှအထိ ဖျက်ဆီး ပစ်နိုင်သည် ကိုလည်း သတိ မထားမိ၊ ကိုယ့်အိတ်ကြီး ဖောင်းနေချင်တာလောက် ကိုသာ သိနေကြလေသည်။

ဤကဲ့သို့ စီးပွားရေး သောင်းကျန်းမှုကို အခြေခံ၍ လူတစု တို့၏ အိတ်ထဲတွင် ဖောင်းပွ ပြည့်လျှံ လာသောအခါ မြေရှင် မနရှင် လူတန်းစားနှင့် ဆင်းရဲသား အလုပ်သမား တောင်သူ လယ်သမား လူတန်းစားဟူ၍ ကွဲပြားလာနိုင်သည်၊ ရှေးကံနှင့် တရားသဖြင့် ကြိုးစားမှု မျက်မှောက်လုပ်ရပ် ကောင်းမွန် ခြင်း ကြောင့် ကြွယ်ဝသူတို့ကို ထည့်သွင်း ပြောကြားဘို့ မလိုပါ၊ သူတို့ကို အတိတ်က စိတ်ကောင်း ထားခဲ့သလို ပစ္စုပ္ပန်တွင်လည်း ဆက်၍ စိတ်ကောင်းထားကြပါဟု တိုက်တွန်းရန်သာလို၏။

ထိုလူတန်းစား နှစ်ရပ်တို့သည် အပေးအယူ မျှတကြပါက တော်သေး၏၊ သို့မဟုတ်လျှင် တဦးမှာ ဖိနှိပ်သူ၊ တဦးမှာ အဖိနှိပ်ခံဘဝဖြင့် ပဋိပက္ခ ပြဿနာပေါ်လာမည်၊ အဖိနှိပ်ခံရသူ သည် ဖိနှိပ်သူကို ကြာရှည်စွာ ခွင့်လွှတ်ထားနိုင်မည် မဟုတ်၊ တနေ့နေ့မှာ တော်လှန်ရေးစစ်ပွဲ ဆင်နွှဲလာမည်၊ ဒီအခါတွင် ကမ္ဘာ၏ ငြိမ်ဝပ်ပိပြားရေး အုပ်ချုပ်ရေး လူမှုရေးများလည်း

အခက်အခဲ ပေါ်လာမည်၊ ထိုသို့ ကမ္ဘာ့အရေးအခင်းများမငြိမ်သက်သည့်အလျောက် ကုသိုလ်ရေးကို ဂရုမထားကြတော့ဘဲ ကိုယ်ကျင့်တရားများလည်း ပိုမိုပျက်ပြား လာကြပေတော့မည်။

## ကမ္ဘာကိုထုလုပ်သော ပန်းပုဆရာ

ပန်းပုဆရာတယောက်သည် အရုပ်တခုကို စိတ်ပါ လက်ပါ သေသေချာချာ ထုလုပ်လိုက်ပါက အနုပညာ မြောက်သော ကြွကြွရွရွ လှလှပပ ရုပ်ထုတခု ဖြစ်လာမည်၊ ရုပ်ထုကလေးသည် ပန်းပုဆရာကြောင့် လှနိုင်သလို ပန်းပုဆရာကြောင့်ပင် ရုပ်ပျက် ဆင်းပျက် ဖြစ်တတ်လေသည်။

ကမ္ဘာကြီးသည် ပန်းပုရုပ်ကလေးနှင့် များစွာ မကွာခြားလှပါ၊ သတ္တဝါတို့သည် ပန်းပုဆရာနှင့်တူနေပါသည်၊ သတ္တဝါတို့ စိတ်ထားဖြူစင်သလောက် ကမ္ဘာကြီးလည်း လှနေမည်သာ ဖြစ်ပါသည်၊ သတ္တဝါတို့ စိတ်ထားညံ့လေလေ ပန်းပုရုပ်ကမ္ဘာကြီး၏ အလှကြက်သရေလည်း ယုတ်လေလေပင် ဖြစ်ရပေမည်၊ ကမ္ဘာကြီးကို "ဩကာသလောက" ဟု ခေါ်ရ၏၊ ထိုကမ္ဘာတွင် မှီတင်းနေထိုင် ဖြစ်ပေါ်လာကြသော သတ္တဝါများကို "သတ္တလောက" ဟုခေါ်သည်၊ ယင်းသတ္တဝါတို့၏ အပြုအမူ အနေအထိုင် အကြံအစည်များကို "သင်္ခါရလောက" ဟု ခေါ်ရလေသည်။

အိမ်ကြီးနှင့် တူသော ဩကာသလောကတွင် သတ္တဝါတို့ နေထိုင်ကြ၏၊ သူတို့၏စိတ်ထား မဖြူစင်လျှင် ထိုအိမ်ကြီးသည် အဘယ်မှာ သီရိဂေဟာ ဖြစ်နိုင်ပါတော့မည်နည်း၊ ထိုအိမ်ကို သူတို့ဆင်မှ လှမည်၊ သူတို့ပြင်မှ ယဉ်မည်ကောင်းမည်၊ကြက်သရေ

ရှိမည်၊ စင်စစ် ဩကာသလောကတွင် ပါဝင်သော အဝိဇ္ဇာဇာက ရုပ်သက်သက် အရာဝတ္ထု မှန်သမျှသည် ပေါ်လာပြီး ပျက်သွားရုံသာ ရှိသည်၊ နောင်အနာဂတ်ကမ္ဘာကို မပြုပြင်နိုင်၊ သက်ရှိ သတ္တဝါတို့၏ အပြုအမူဖြစ်သော စိတ်ဦးဆောင်သည့် နာမ်တရားများကသာ ကမ္ဘာကို ထိထိရောက်ရောက် ပြုပြင်နိုင်သည်၊ ကမ္ဘာကြီး တခုလုံးကို ပျက်ပြုန်းအောင် လုပ်နိုင်သည်၊ ကမ္ဘာ့ဂိုဟ်ကောင်ဟု ဆိုနိုင်ပေသည်၊ သတ္တဝါတို့၏ စိတ်မှ ပေါက်ပွားလာသော ဒုစရိုက်မှုများကြောင့် ကမ္ဘာပျက်ခဲ့ရသည့် သမိုင်းမှတ်တိုင်ကို ပြန်လည်ကြည့်ရှုခြင်းအားဖြင့် စိတ်ရာဇဝတ်ကောင်ကို တွေ့မြင်နိုင်သည်၊ ဤသို့ဖြင့် အကျွန်ုပ်တို့သည် ကမ္ဘာကို ဖျက်ဆီးသော ဒုစရိုက်ကောင် တရားခံကိုရင်း၊ ကမ္ဘာကို စောင့်ရှောက်ပြုပြင်သော သုစရိုက် အပြုသမားကိုရင်း ဘမ်းမိ တွေ့မြင်ကြပါပြီ။

## အသက်တိုခြင်း–ရှည်ခြင်း

ထိုဒုစရိုက် ရာဇဝတ်သားသည် ကမ္ဘာ့ရုပ်လောက၏ အလှကို ဖျက်ဆီးနေရုံသာမက ကမ္ဘာသားတွေ ကမ္ဘာပေါ်မှာ ကြာကြာ မနေရအောင် အမြဲသတ်ဖြတ်သည့် အမှုကြီးကိုလည်း ရဲတင်းစွာ ကျူးလွန်နေသူ ဖြစ်သည်

မည်သို့ ကျူးလွန်နေသနည်း၊ သူ့ကို ကျွန်ုပ်တို့ စစ်ချက်ယူကြမည်၊ ခိုင်လုံသော သက်သေများကို ရှာကြမည်။

တရားနှင့်လူ တအူဖြောင့်ဖြောင့် ကိုယ်စောင့် မှန်သုံးနှလုံးနူတ်ပီ ကံသုတ်ညီက ပထဝီနှစ် မြေဆီယစ်၍ တူးခြစ်မခါး လူတို့စားလည်း ဆေးဝါးပါစဉ် အချဉ်အချိုနာငုတ်ပြို၍ ထိုထိုဗျာဓိ တြိဒေါသ ဒွေးဝန်းစသား

မြူမျှမရိပ် ရေနှယ်သိပ်၍ တက်ဆိပ်မလူး ဝဲမကူးတည်း၊
မိုးဦးလယ်နွေခင်း ခန့်တိုင်းကောင်း၏၊ ပဲ–ပြောင်း–
စပါး ဇလားတောင်းတင်း စာရင်းမရှိ ကြွယ်ခေါင်
ထိစွ။

အဓမ္မိမင်း တရားကင်းမှု ခပင်းလူမျိုး မှောက်သည့်အိုးသို့
ဇောက်ထိုးစောင်းပြီး ဂြိုဟ်အစီးလည်း ခရီးငါးပါး
အကောက်သွားဖြင့် ပတ္တမြားဆန်မှည့် ပေးတည့်
လက်လှမ်း ကွမ်းစားကန်းလိမ့်၊ သွားတမ်း နက္ခတ်
နတ်လည်းမမှန် ဘယ်ပြန်ညာကြော့ ဖိလာဆော့လျက်
သော့သော့ပျက်ဆိုး သီးပွင့်မျိုးလည်း ဆစ်ပိုးဆွံ့အ
အခွံလွနှင့် သိမ်ပျရိသဲ့ ထဲနက်မဲ့လိမ့်၊ သုံးဆယ့်တတိုက်
ဘဝဂ်ရိုက်ကို စိုးပိုက်ပိုင်သိ ထွတ်တိုင်ထိဖြင့် အဓိကဂိုဏ်း
ဂုဏ်ပြည့်လျှိုင်းသည် ဟောတိုင်းသစ္စာ မှုံသွားတည်း။

ဟု သာရတ္ထသင်္ဂဟ၊ အင်္ဂုတ္တရအဋ္ဌကထာ၊ မဟာဝဂ္ဂအဋ္ဌကထာတို့၌ လာသော သုစရိုက်အပြုသမားနှင့် ဒုစရိုက် အဖျက်သမားတို့၏ ခြေလှမ်းကို တောင်ဖီလာဆရာတော်က လောကဝိဒူမော်ကွန်းတွင် သရုပ်ပီပြင်အောင် စပ်ဆိုတော်မူခဲ့သည်။

ဤလောကတွင် နိုင်ငံခေါင်းဆောင်၊ ကမ္ဘာ့ ခေါင်းဆောင်တို့ကစ၍ တရားမဲ့ပြီး ဒုစရိုက် နယ်ချဲ့ကြသည့်အခါ သူတို့၏ အမှုထမ်း အရာထမ်းများလည်း ဒီပုတ်ထဲက ဒီပဲဖြစ်လာ ကြသည်၊ လူတန်းစား အသီးအသီးသို့လည်း တရားမဲ့သော အကျင့်ဆိုးများ ကူးစက်သွားကြသည်၊ ထိုမှတဆင့် လူ့ကိုယ်စောင့်နတ်၊ ဘုမ္မစိုးနတ်၊ အာကာသစိုးနတ်၊ ဥဏှဝလာဟကနတ်၊ အဗ္ဘဝလာဟကနတ်၊ သီတဝလာဟကနတ်၊ ဝဿဝလာဟကနတ်၊

စာတုမဟာရာဇ်နတ်မှစ၍ ဘဝဂ် တိုင်အောင်သော ဗြဟ္မာများ အထိ တရားလက်လွှတ်ကုန်ကြလေသည်၊ အရိယာ သူတော်စင် တို့သာ ဒုစရိုက်ကူးစက်ဘေးမှ ကင်းလွတ်ကြသည်၊ ထိုမျှ အထိ ကျယ်ပြန့်သွားသော ဒုစရိုက်ရာဇဝတ်ကောင်ကြီးကြောင့် ကမ္ဘာ့ လေထုလမ်းကြောင်း တိမ်းစောင်းပြီး ဖောက်ပြန် ကြမ်းထမ်း သောလေများ တိုက်ခတ်လာကြသည်။

ထိုသို့သော လေကြမ်းဒဏ်ကို ခံရသော လ–နေတို့ မှာလည်း သွားမြဲ လမ်းသုံးခုမှ ချော်လွဲ ကုန်ကြသည်၊ မြင့်မိုရ်တောင်ကို လက်ျာရစ် လှည့်ပတ်ရာမှ လက်ဝဲ ပြန်၍ လှည့်ခြင်း၊ အထက် အောက်သို့ များစွာတက်၍ ဆင်း၍ လှည့်ပတ်ခြင်းများဖြစ်ပေါ် လာရလေသည်၊ အာကာသထဲတွင် တည်ရှိသော နတ်ဗိမာန်များ ကိုလည်း ကြမ်းထမ်းသောလေက ပြိုကွဲ ယိမ်းယိုင်အောင် တိုက် လှင့်လေသည်၊ ထိုအခါ မိမိဘုံဗိမာန်အတွက် ရတက်မအေး ကြသော အပူနတ်၊ အအေးနတ်၊ တိမ်နတ်၊ မိုးနတ် တို့သည် သာယာနာပျော်ဘွယ်သော မိုးသီချင်း လေသီချင်း များကို သီဆိုမှုတ်းတူးခြင်း မပြုနိုင်ကြတော့ချေ။

ထိုအခါ ကောင်းကင်တွင် အပူဓာတ် အအေး ဓာတ်များ မညီမညွတ် ပျက်စီးလာကြသည်၊ ရေမှုန်များပါသည့် လေထုကို ထိန်းထားနိုင်သော အပူဓာတ်သည် တချို့ နေရာမှာ များစွာ စုဝေးပြီး တချို့နေရာမှာ မရှိသလောက် ဖြစ်လာသည်၊ ပူသင့် အေးသင့်သော ရာသီမှာ ပူမှု အေးမှုများ မမှန် မကန် ဖောက် ပြန်လာကြသည်၊ အေးရမည့်အခါ အလွန် အေးခြင်း၊ ပူရမည့် အခါ အေးခြင်းစသော ရာသီဥတု ပြောင်းလဲ ဖောက်ပြန်မှု ကြောင့် မိုးလည်း ရွာသင့်သောအချိန် ရွာသင့်သော နေရာတွင်

မရှာတော့ချေ၊ ထိုသို့ ရာသီမမှန် မိုးမမှန် သောကြောင့် စိုက်ပျိုးသော သီးနှံများ မအောင်မြင်ခြင်း၊ ဩဇာ အာဟာရဓာတ် ယုတ်လျော့ခြင်း၊ အနံ့ အရသာမရှိခြင်း၊ ချက်သည့်အခါ တဝက်ကျက် တဝက်မကျက်ခြင်း စသော မလိုလား အပ်သည်များ ဖြစ်ပေါ်လာရလေသည်။

ဩဇာ အာဟာရဓာတ်မရှိ မန္တးမနပ်သော အာဟာရကို စားရသောသူတို့ သည်လည်း ဥတု ဖောက်ပြန်၍ ဘောဇဉ် အာဟာရဓာတ် ခန်းခြောက်ကြ ခြင်းကြောင့် အနာရောဂါ ထူပြီး အသက်တိုကြရလေတော့သည်။

ဤစစ်ချက်များအရ ဒုစရိုက် ရာဇဝတ် သားက လူတို့၏ အသက်ကို သတ်ဖြတ်နေကြောင်း ထင်ရှားလာလေပြီ။

## တရားနှင့် မိုးလေဝသ

သို့သော် ဒုစရိုက်ကြောင့် ဘာဖြစ်လို့ မိုးခေါင်ရသနည်း၊ ညောင်ဦးမှာ ကမ်းပြိုလို့ ရေစကြိုက နွားမ ပေါင်ကျိုး တာနဲ့ ဘာဆိုင်သလဲလို့ တရားခံဘက်မှ သက်သေက ဆိုနိုင်သည်၊ ထိုအခါ ဒုစရိုက် ရာဇဝတ်ကောင် အစစ်အမှန်ကို ထုတ်ဖော်နိုင်ရေး အတွက် တရားခံ၏ နောက်ကွယ်မှ အားပေး အားမြှောက် ပြုနေသောအမှု၏ ကွင်းဆက် မိုးနတ်သား လေနတ်သားများ ကိစ္စကို ခိုင်လုံအောင် လိုက်ရန် လိုလာပြန်သည်။

မိုးနတ်သား–လေနတ်သား ဆိုတာ ရှိသလား–

ရှိလျှင် ၎င်းတို့က မိုးလေဝသ အခြေအနေကိုပြုပြင်ပြောင်းလဲ ပစ်နိုင်သလား ဟူသော အဓိကအချက်ကြီး နှစ်ချက်ကို စစ်ဆေးဘို့ လိုပေမည်။

လောကထဲမှာ ရှိသမျှ သက်ရှိ သက်မဲ့ အရာအားလုံးကို အပိတ်အပင် အတားအဆီးမရှိ မြင်တော်မူစွမ်းနိုင်သော ဗုဒ္ဓက "ယင်းသို့သော နတ်များသည် တဦးတည်းသာမက များစွာ ရှိကြောင်း၊ ယင်းတို့၏ စိတ်ဆန္ဒ အလျောက် ပူမှု၊ အေးမှု၊ မိုးရွာမှု၊ မိုးခေါင်မှုများ ဖြစ်ပေါ်နိုင်ကြောင်း" ခန္ဓဝဂ် ဝလာ ဟကသံယုတ် ပါဠိတော်တွင် တိတိကျကျ ဟောပြတော် မူခဲ့ လေသည်။

**မိုးရွာခြင်း အကြောင်း ရှစ်ပါး**

**(ဝလာဟကသံယုတ်)**

(၁) နဂါးတို့၏ အာနုဘော်ကြောင့် မိုးရွာခြင်း။
(၂) ဂဠုန်တို့၏ ॥ ॥
(၃) နတ်တို့၏ ॥ ॥
(၄) သစ္စာစကားကြောင့် မိုးရွာခြင်း။
(၅) မှန်ကန်သော ဥတုအစွမ်းကြောင့် မိုးရွာခြင်း။
(၆) မာရ်နတ် လှည့်ပတ်သောကြောင့် မိုးရွာခြင်း။
(၇) တန်ခိုးရှင်တို့ အာနုဘော်ကြောင့် မိုးရွာခြင်း။
(၈) ကမ္ဘာပျက်လိုသောကြောင့် မိုးရွာခြင်း။

ဟူ၍ မိုးရွာခြင်းအကြောင်း ရှစ်ပါးနှင့်–

(၁) ကောင်းကင်၌ တေဇောဓာတ်ပျက်၍ မိုးမရွာခြင်း၊
(၂) ॥ ဝါယော ॥
(၃) ရာဟု အသူရိန်နတ်ကြီး လက်ဝါးဖြင့် ခံယူ၍ သမုဒ္ဒရာ ထဲသို့ သွန်ပစ်သောကြောင့် မိုးမရွာခြင်း၊
(၄) မိုးနတ်သားတို့ မေ့လျော့၍ မိုးမရွာခြင်း၊
(၅) လူတို့ တရားမစောင့်သောကြောင့် မိုးမရွာခြင်း။

ဟူ၍ မိုးမရွာခြင်း အကြောင်းငါးပါးကို ဗုဒ္ဓ၏ စကားတော်ကို အမှန်အတိုင်း ဖွင့်ဆိုတတ်သော အဋ္ဌကထာဆရာက ဖော်ပြထား၏။

## နတ်ရှိသလား

လူသာမညတို့သည် မျက်စိနှင့် မြင်ရမှသာ ယုံကြည်နိုင်ကြသည်၊ "ဗိုက်ထဲက အသဲရောင်နေတယ်" ဆိုသော ဆရာဝန်၏ စကားကို မမြင်ရသည့်အတွက် မယုံဘဲ နေမည်လော၊ အကာအရံကို ထွင်းဖောက်၍ အသေးအမွှားကိုပါ မြင်နိုင်သော ဓာတ်မှန်နှင့် ရိုက်ပြလိုက်သည်အခါ မယုံကြည်ဘဲ မနေနိုင်တော့ပါ၊ ဓာတ်မှန်ကော်ပြားထဲတွင် ရောင်နေသော အသဲကို တွေ့ရပါပြီ၊ ဒီလို မြင်ရသည်မှာ ပကတိမျက်စိ၏ အစွမ်းမဟုတ်၊ ထူးထူးခြားခြား မြင်နိုင်သော ဓာတ်မှန်၏ အစွမ်းကြောင့် ဖြစ်သည်။

ဤလောကတွင် လေရှိကြောင်း လူတိုင်း လက်ခံကြ၏၊ သို့သော် ယင်းလေကို မမြင်ရချေ၊ လေကို မမြင်ရသောကြောင့် မရှိဘူးလို့ ခံငြင်းနေကြပါသေးသလား၊ အားလုံးက မငြင်းဆန်ကြပါ၊ တညီတညွတ်ထဲ လေရှိကြောင်း လက်ခံထားကြပါသည်။

နတ်ရုပ်တခုကို ချိတ်ထားပြီး အနီးမှ ကြည့်ပါ၊ မြင်ရမည်၊ နည်းနည်းဝေးတဲ့နေရာက ကြည့်ပါ၊ မြင်ရဦးမည်၊ မိုင်နှစ်ဆယ်လောက်က သွားကြည့်သည့်အခါ မမြင်ရတော့ချေ၊ ဒါဖြင့် အဲဒီ နတ်ရုပ်မရှိဘူးလား၊ သင်ဘယ်လို ဖြေမလဲ၊ ရှိပါသည်ဟုပင် ဖြေလိမ့်မည်၊ ဒါဖြင့် မမြင်ရလို့ မရှိဘူးဆိုတာ မှန်ပါတော့

မလား၊ ဤအရာသည် လူသားမညတို့၏ မျက်စိအားနည်းမှု အမြင်ခေတ် ကျဉ်းမြောင်းမှုပင် ဖြစ်သည်။

ထို့ကြောင့် မိမိတို့၏ သန်းခေါင်းလောက် မျက်စိကလေး၏ မမြင်စွမ်းနိုင်မှုကို အခိုင်အမာ ပြုပြီး မြင့်မိုရ်တောင်လောက် မျက်စိရှိသူ ပညာရှင်တို့၏ တွေ့မြင် ထုတ်ဖော်ချက် များကို အကြောင်းအကန် ငြင်းဆန်မနေသင့်ကြပါပေ၊ သူတို့လို မြင်နိုင် အောင် ကျွန်ုပ်တို့ မျက်စိ ကြီးလာရေးကိုသာ ကြိုးစားကြရ ပေဦးမည်၊ နူးညံ့သော ခန္ဓာ အတ္တဘောများကို ထက်မြက် သည့် ဒိဗ္ဗစက္ခုဖြင့်သာ မြင်နိုင်သည်။

## နတ်ဘဝကို လေ့လာခြင်း

စင်စစ် ကျွန်ုပ်တို့ မမြင်စွမ်းနိုင်သော ထို နတ်-ပြိတ္တာ-ဗြဟ္မာ တို့သည် သူတို့၏ ကံကြောင့် ဖြစ်သော တန်ခိုးကြောင့် ကိုယ်ခန္ဓာ ကို လိုသလို ပြုပြင် ဖန်ဆင်းနိုင်ကြသော ထူးဆန်းသည့် သတ္တဝါ များ ဖြစ်ကြ၏၊ သူတို့၏ ရုပ်ခန္ဓာ တည်ဆောက်ထားမှုမှာ အလွန် သိမ်မွေ့နူးညံ့လှ၏၊ သူတို့သည် သုခုမအတ္တဘောပိုင်ရှင် များ ဖြစ်ကြ၏။

နတ်တို့၏ ဗိမာန် အနီးတွင် "ဒေဝဒုမ" ခေါ်သော သစ်ပင်များ ရှိသည်၊ ၎င်းသစ်ပင်မှ "သုဓာ" ခေါ်သော အသီးများ သီးကြ၏၊ ၎င်းအသီးမှ ပျားလဘို့ ကဲ့သို့သော "ပီယူသ" ဩဇာဓာတ်ကို နတ်တို့စားသုံးကြ၏၊ ၎င်းဩဇာဓာတ် သည် လူ့လောကရှိ ပျားရည် ထောပတ်တို့ကဲ့သို့ အလွန်နူးညံ့လှ သဖြင့် နတ်တို့၏အတ္တဘောအတွက် လိုအပ်သော ဩဇာအာဟာရ

ခေါတ်ကိုသာ ထောက်ပံ့ပေးသည်၊ ကျင်ကြီးကျင်ငယ် မဖြစ်၊ မစင်အညစ်အကြေး မစွန့်ကြရချေ။

ကာမသတ္တဝါတို့ အလွန်ကြိုက်သော ကာမကိစ္စကိုပင် လူတို့လို မညစ်ညမ်းဘဲ လက်ဆွဲ လည်ဘက် အကြည့်ချင်း ဆုံကာမျှဖြင့် ကိစ္စပြီးကြ၏၊ မီးယပ်သားဖွား ကိစ္စများလည်း မရှိကြ၊ နတ်မှန်သမျှ ဘွားကနဲ ပေါ်ပေါက်လာသော ဥပပတ်ပဋိသန္ဓေမျိုး ဖြစ်ကြ၏၊ သေသည့်အခါ အလောင်းကောင် မကျန်ဘဲ မီးငြိမ်းသလို ငြိမ်း၍ သေကြသည်။

နတ်တို့သည် သဒ္ဒါပြန့်ပြောခြင်း၊ အယူ စင်ကြယ်ခြင်း၊ အကျိုးကိုရှုခြင်း စသော ဂုဏ်နှင့်ပြည့်စုံစွာ ကောင်းကောင်းကျင့်အပ်သော ဇနကကုသိုလ်ကံကြောင့် သည်းခြေ–သလိပ်–လေရောဂါများ မရှိကြ၊ စက္ခုပသာဒ အကြည်ခေါတ်ကို လေ–သည်းခြေ–သလိပ်တို့က ဖုံးလွှမ်း မြှေးယှက်မှု မပြုကြသောကြောင့် အဝေးကိုပင် မြင်နိုင်ကြ၏၊ သိမ်မွေ့ နူးညံ့သော ရုပ်အသေးအမွှားများကိုလည်း တွေ့ကြရသည်။

လူတို့၏ မျက်စိကိုကား ယင်းလေ သည်းခြေ သလိပ်တို့သည် အထပ်ထပ် မြှေးယှက်နေကြ၏၊ အပြစ်ဒေါသတို့၏ ပိတ်ကာမြှေးယှက်မှုကို ခံရလေလေ မျက်စိအား နည်းလေလေ ဖြစ်၏၊ ထိုအခါ အလွန်ကြမ်းထမ်း ကြီးမားသော တောင်ကြီးကိုပင် မမြင်ရတော့ချေ၊ အလွန်လင်းသော အရပ်မှ ပြန်လာပြီး ဗြုန်းကနဲ အိမ်ထဲသို့ ဝင်သည့်အခါ ခဏမျှ အိမ်တွင်းရှိ ပစ္စည်းများကို ထင်ထင်ရှားရှားမမြင်ရသည်မှာ မျက်စိအကြည်ခေါတ်ကို ယင်း လေ၊ သည်းခြေ၊သလိပ်တို့က အများအပြား ဖုံးလွှားခံရသောကြောင့်ဖြစ်သည်။

အလှန်အသန့်ကြိုက်သော နတ်တို့သည် လူနံ့ကို ယူဇနာတရာ လောက်ကပင် မခံနိုင်ကြ သောကြောင့် လူတို့နှင့် အဆက် အသွယ် ဝေးကွာလျက်ရှိကြ၏၊ လူတို့ အနီးတွင် နေနိုင်သော ပြိတ္တာတို့ကို ပင်လျှင် လူတို့မျက်စိ၏ အားနည်း မှုကြောင့်ရင်း၊ ပြိတ္တာတို့၏ ကမ္မဇိဒ္ဓိတန်ခိုးကြောင့်ရင်း လူတို့က မမြင်နိုင်ကြချေ၊ ပြိတ္တာတို့သေသည့်အခါမှာလည်း တခုသော မနေသာအမိဋ္ဌာန်ဖြင့် အလောင်းကို ပကတိ အတိုင်း မမြင်ရအောင် သေကြသည်၊ ပြိတ္တာအလောင်းကို ပုတ်သင် ကင်းမြီးကောက် အသေကောင် စသည် အဖြစ်ဖြင့်သာ တွေ့ရတတ်သည်၊ ဤအကြောင်းကို မဇ္ဈိမ နိကာယ် အဋ္ဌကထာ၌ ဖော်ပြထား၏။

ဤသဘာဝ အာဂမ သာဓက ယုတ္တိများကို ထောက်ထား၍ လူတို့ပတ်ဝန်းကျင်တွင် လူတို့မျက်စိ၏ အရာမဟုတ်၊ နတ်မျက်စိ "ဒိဗ္ဗစက္ခု"၏ အရာသာဖြစ်သော နူးညံ့သိမ်မွေ့သည့် အတ္တဘော ပိုင်ရှင်မိုးနတ်သား လေနတ်သားများရှိသည့် အချက်ကို လက်ခံ နိုင်ပြီဟု ထင်ပါသည်။

## မိုးလေဝသကို ဖန်တီးနိုင်သောနတ်

(ဝလာဟက သံယုတ်)

အဆိုပါ မိုးနတ်သား လေနတ်သား တို့သည် သတ္တဝါတွေ တရားပျက်ကြသည့်အခါ သူတို့လည်း မပျော်အားကြတော့ချေ၊ သူတို့၏ ကမ္မဇိဒ္ဓိတန်ခိုးဖြင့် မိုးရွာအောင် ဖန်တီးလိုစိတ် မပေါ် ကြတော့ချေ၊ လူတို့ တရားစောင့်ပါလျက် အခြား တဇော ခတ် ပျက်ခြင်း စသော အကြောင်း တခုခုကြောင့် မိုးမရွာ ခြင်းသာဖြစ်ပါလျှင် မိုးနတ်သား လေနတ်သားတို့က မိုးရွာရေး

လေလှိုက်ရေးအတွက် သူတို့ကမှဇီဒွီတန်ခိုးကို အစွမ်းကုန် အသုံးပြုလျက် ရှာအောင်လုပ်ကြမည်၊ သူတို့သည် လူတို့ကို လေးစားကြပါသည်၊ လူများပျော်လျှင် သူတို့လည်း ပျော်ကြပါသည်၊ လူတို့၏ တရားသော အလုပ်ကို မိုးရွာသွန်း စေခြင်းဖြင့် ကောင်းချီး ဩဘာမပေးဘဲ မနေနိုင်ကြပါ။

အခုတော့ လူရောနတ်ပါ တရားပျက်ခြင်း ဖြစ်သဖြင့် သူတို့ဘယ်မှာ ပျော်နိုင်ကြပါမည်နည်း၊ ဘယ်မှာ မိုးရွာစေ နိုင်ပါမည်နည်း၊ သူတို့ရော ပျက်ရတော့မလိုလို ဖြစ်နေသည့် အချိန်တွင် မိုးရွာရေးကို ဘယ်မှာဦးစားပေးနိုင်ပါမည်နည်း။

ဤစကားရပ်များကို အကျဉ်းချုပ်လိုက်လျှင် မိုးနတ်သား၊ လေနတ်သားတို့က မိုးလေဝသကို ဖန်တီးပေးနိုင်ကြောင်း သိရပေပြီ၊ သို့သော် ဒီမျှ ပြောပြရုံဖြင့် ပုံပြင် ဆန်ဆန် ထင်မှတ်သူ အမြောက်အမြား ကျန်နေပေဦးမည်၊ ထို့ကြောင့် ဤအချက်အတွက် ယုတ္တိဥပမာဆောင်ရန် လိုအပ်လာပေပြီ။

## ဘဝပေး အစွမ်းသတ္တိ

တန်ခိုးဣဒ္ဓိလို့ ဆိုတော့ ကြီးကျယ်လွန်းရာ ကျနေသည်၊ ထိုအစား "ဘဝပေးအစွမ်းသတ္တိ" သို့မဟုတ် အကြောင်းကံကြောင့် ရရှိပြီးစီးလာသော အကျိုးတရားလို့ မြန်မာပြန်လိုက်ပါက ပို၍ အသိရှင်းသွားမည်။

သတ္တဝါတိုင်းတွင် ကိုယ်ပိုင် ဘဝပေး အစွမ်းသတ္တိ ကိုယ်စီ ရှိကြ၏၊ ငှက်တို့သည် ဈာန်အဘိညာဉ်မရပါဘဲ ကောင်းကင်သို့ ပျံနိုင်ကြ၏၊ ပုဇွန်ကလေးများ ပင်လယ် ကူးနိုင်ကြ၏၊ ကုလားအုပ်များသည် ရေတခါသောက်ထားပါက ရက်ပေါင်းများစွာ

ရေမသောက်ဘဲ သဲကန္တာရခရီးကို သွားနိုင်ကြ၏၊ ငှက်သည် ငှက်ဖြစ်ဘို့ရန် အကြောင်းကံ တခုကို လုပ်ခဲ့၏၊ ထို့ကြောင့် ငှက်ဖြစ်ရပြီး ကောင်းကင်သို့ ပျံနိုင်သည်၊ ဤသို့ပျံနိုင်သည်မှာ ငှက်ဖြစ်လာသောကြောင့် ဖြစ်၏၊ ထို့ကြောင့် ငှက်တို့၏ပျံခြင်းသည် ဘဝပေးအစွမ်းသတ္တိ ဖြစ်လေသည်။

သစ်စက် ကာယအလုပ်သမား တယောက်သည် သစ်တုံးထမ်းရမှ ငွေရမည်၊ သို့သော်–သူ မန်နေဂျာကြီး ဖြစ်သွားသည့် အခါ သစ်တုံးမထမ်းရဘဲ ဖောင်တိမ်ကိုင်ရုံမျှဖြင့် ငွေများများ ရနိုင်သည်၊ ဒါ ဘာ့ကြောင့်နည်း၊ သူသည် လက်ရှိဘဝမှ မန်နေဂျာဘဝရောက်အောင် အလုပ်ကောင်းကောင်း လုပ်ခဲ့သောကြောင့် ဖြစ်သည်၊ သူအလုပ် ကောင်းခဲ့သောကြောင့် မန်နေဂျာဖြစ်ရပြီး သစ်တုံးမထမ်းရဘဲ ငွေများများ ရသည်၊ ဤသည် မှာလည်း ဘဝပေး အစွမ်းသတ္တိပင် မဟုတ်ပါလော။

မိုးနတ်သား လေနတ်သား ဖြစ်ဘို့ရန် အတွက်လည်း အကြောင်းကံ တခု ရှိရသည်၊ ထိုအကြောင်း ကံကြောင့် မိုးနတ်သား လေနတ်သားဘဝ ရောက်လာသည့်အခါ မိုးရွာအောင်လုပ်နိုင်သည့် လုပ်အား၊ သို့မဟုတ်ဘဝပေး အစွမ်းသတ္တိကိုလည်း မုချရရှိမည်သာ ဖြစ်ပေသည်။

အမေရိကန်ပြည် နယူးရော့မြို့မှလွှင့်ထုတ်လိုက်သည်ကိုရန်ကုန်မှ ရုပ်မြင်သံကြားစက်ဖြင့် ဖမ်းယူနားဆင်ကြည့်ရှုနိုင်ကြ၏၊ ယင်းအချက်ကို ဤ ရုပ်မြင်သံကြားစက် မပေါ်မီက မည်သူယုံကြည်နိုင်ပါမည်နည်း၊ ယင်းသို့ မယုံကြည်နိုင်သော ရုပ်မြင် သံကြားစက် ပေါ်လာသည်မှာ အဘယ့်ကြောင့်နည်း၊ ထိုစက်တီထွင်သူ

တို့၏ ကာယ-ဉာဏ-လုပ်အား ကြောင့်ပင် ဖြစ်ပေသည်၊ စက်ဖြစ်အောင်လုပ်မှုသည် အကြောင်းကံ တရား-ဖမ်းယူ ကြည့်ရှုနားထောင်နိုင်မှုသည် အကျိုး တရားဖြစ်၏၊ ဤလောကတွင် အကြောင်းတရားတွေ ရှိသလောက် အကျိုးတရား တွေလည်း ရှိနေမည်သာ ဖြစ်၏။

အကြောင်းအကျိုးတို့သည် လွန်စွာများလှချေ၏၊အကြောင်း ဆန်းကြယ် နက်နဲသလောက် မယုံနိုင်လောက်အောင် အံ့သြဘို့ကောင်းသည့် အကျိုးတရားများလည်း ပေါ်ပေါက်နေမည်သာ ဖြစ်ပေသည်၊ "ကံ၏ အကျိုးတရားကို မကြံစည်အပ်" ဟု ဗုဒ္ဓက ဟောပြခဲ့သည်၊ ဤမျှ မကြံစည်နိုင်လောက်အောင် များပြားဆန်းကြယ်သောကံနှင့် ထိုကံ၏အကျိုးတရားများရှိကြောင်းကို ယုံကြည်လက်ခံလျှင် ဒုစရိုက် ရာဇဝတ်ကောင်၏ နောက်ကွယ်မှ ကွင်းဆက်မိုးနတ်သား လေနတ်သားတို့၏ ဘဝပေး အစွမ်းသတ္တိကိုလည်း လင်းပါးဘွယ်ရာ ရှိတော့မည် မဟုတ်ပါ။

## မိုးလေဝသကို ဓမ္မ-အဓမ္မဖြင့် ဝမ်းသပ်သူ

(စတုက္ကနိပါတ်-ရာဇောဝါဒဇာတ်)

"တရားကောင်းလျှင် မိုးကောင်း- တရားဖောင်းလျှင် မိုးဖောင်း" ဆိုသော ဤအချက်ကို မတင် မကျ ဖြစ်နေသော မင်းတပါးသည် လက်တွေ့ စမ်းသပ်ခဲ့ ဘူးကြောင်း စတုက္ကနိပါတ် ရာဇောဝါဒဇာတ်တွင် လာသည်။

ရှေးက ဗာရာဏသီပြည်မှ ဗြဟ္မဒတ်မင်းသည် မိမိမကောင်းသတင်းကို ပြောသူရှိမရှိ- စနည်းနာထွက်ခဲ့ရာ မည်သည့် နေရာမှာမှ မတွေ့ရဘဲ နောက်ဆုံး လူသူ နည်းပါး လှသော ဘုရား

အလောင်းရသေ့ရှိရာ ဟိမဝန္တာတောအထိ ရောက်သွားသည်၊ ရသေ့က သူစားနေကျ ညောင်သီးများကို မင်းအားကျွေးမွေး သည်။

"ရှင်ရသေ့....ဤညောင်သီးများ အဘယ့်ကြောင့် အလွန် ချိုမြိန်ရပါသနည်း"။

"အချင်းယောကျ်ား....မင်းတို့ တရား စောင့်လျှင် အသီးအနှံများ သြဇာရှိ၍ ချိုမြိန်သည်၊ တရားမစောင့်လျှင် သြဇာကင်း၍ အရသာ ညံ့ဖျင်းတတ်ပေ၏"။

မင်းသည် ရသေ့ပြောပြချက်ကို မတင်မကျ ဖြစ်နေယဖြင့် လက်တွေ့စမ်းသပ်ရန် မိမိတိုင်းပြည်သို့ပြန်လာခဲ့ပြီး တိုင်းပြည်ကို တရားမရှိ မားမရှိ ကမောက်ကမ အုပ်ချုပ်လေတော့သည်၊ တိုင်းပြည် အတော်မငြိမ်မသက်ရှိသောအခါ ရသေ့ထံသို့ သွား ပြန်သည်၊ ရသေ့ကလည်း ကျွေးနေကျ ညောင်သီးကိုကျွေး၏။

ထိုညောင်သီးများသည် ရှေးကလို မင်းအား ချိုမြိန်သော အရသာဖြင့် ညွှတ်မခံကြတော့ပါ၊ ခါးလှသော ညောင်သီး အရသာကြောင့် မင်းလည်း ဇွန္ဒေမဆည်နိုင်တော့ဘဲ ညောင်သီး နှင့် ဇက်ထွေးပါ ရသေ့ရှေ့တွင် ထွေးချလိုက်မိလေသည်။

အို ပညာရှိ ရှင်ရသေ့ ....ကျွန်ုပ်သည် ဗာရာဏသီမင်း ဖြစ်ပါ၏၊ ရှင်ရသေ့ထံမှ ချိုသော ညောင်သီးကို လာစားသူ မှာလည်း ကျွန်ုပ်ပင် ဖြစ်ပါသည်၊ ရှင်ရသေ့ မိန့်ဆိုချက်ကို မယုံလို့လက်တွေ့ စမ်းသပ်ပြီး ခါးသော ညောင်သီးကိုယခုလာစား သူမှာလည်း ကျွန်ုပ်ပင် ဖြစ်ပါသည်၊ ဓမ္မကြောင့် လောကကြီး

လှနိုင်သည်ကို ကျွန်ုပ်ယုံကြည်ပါပြီ၊ ကျွန်ုပ် ယခုပြန်၍ ချိုမြိန်သော အသီးအနှံများ ဖြစ်အောင် လုပ်ပါတော့အံ့”။

“ကောင်းလှပြီ....မင်းကြီး”။

ဤသို့ဖြင့် ဗာရာဏသီမင်းသည် ဘဝပေးအသိဖြင့် ဓမ္မ၏ သဘောကို ယုံကြည်ကာ သာယာဝပြောသော နိုင်ငံကို ပြန်လည်ထူထောင်နိုင်ခဲ့လေသည်။

လောဘမီး–ဒေါသမီး–မောဟမီးတို့ဖြင့် တောက်လောင်နေသော ကမ္ဘာသားတို့သည် မကောင်းတာကို အကောင်းဟုထင်လျက် အတ္တလွန်ကဲကာ မိမိစားဝတ်နေရေး အသက်မွေးမှုကိုသာ အရေးထားပြီး ဒုစရိုက် လောကကြီးကို ခြျံထွင်နေကြ၏။

ဤဘဒ္ဒကမ္ဘာ၏ သမိုင်းဦးမှစ၍ ယနေ့တိုင်အောင် ဒုစရိုက်ဖောက်ပြန်ရေးသမားကြောင့် ကမ္ဘာ့ လူနေမှု အဆင့်အတန်းနိမ့်ခဲ့ရသည်ကို သေချာစွာလေ့လာပြီး ဒုစရိုက်စက်ဝန်း၏ အရှိန်အဟုန်ကို ရပ်တန်းက ရပ်သင့်ကြပေပြီ။

ကျွန်ုပ်တို့သည် ဒုစရိုက် ရေစီးလမ်းကို စုပေါင်း အင်အားဖြင့် တာတမံပိတ်ဆို့ရင်း သာယာဝပြောသော “ကမ္ဘာသစ်ကြီး”ကို တည်ဆောက်ကြပါစို့။



## အခန်း (၄)

# အရှက် အကြောက်

လူသာမန်တို့သည် ပတ်ဝန်းကျင်ကို ရှက်၍ မကောင်းမှုကို ပြောင်ကျကျ မလုပ်ကြ သော်လည်း လူကွယ်ရာတွင် အတိုးချ ပြုတတ်ကြလေသည်၊ ဤအလေ့အကျင့်မှာ ကာမကိစ္စ အတွက် ဟောသို့ပြေး၍ တဲအိမ်ဆောက်ကာ ပုန်းရှိုး ကွယ်ရှိုး ဒုစရိုက် မှောင်ထဲ တိုးခဲ့ကြသော ကမ္ဘာဦး လူတို့ကပင် စခဲ့လေသည်၊ ယနေ့ခေတ်တွင် အရှက် အကြောက် ကင်းမဲ့ သူတို့က လူရှေ့ မရှောင် သူရှေ့မရှောင်ပင် လုပ်ရဲလာကြလေပြီ၊ မကောင်းမှု အရှိန်အဟုန်သည် တားဆီး မရအောင် တိုးလာနေပြီဟု ဆိုရ ပေမည်။

မည်သို့ပင် ဆိုစေ-လူကွယ်ရာတွင် ဖြစ်သော မကောင်းမှုသည် လူမြင်ရာတွင်ဖြစ်သော မကောင်းမှုကို အရေ အတွက်အားဖြင့် သာလွန်ဆဲပင် ရှိနေသည်၊ လောက၌ ငါပညာရှိဟု ပဏ္ဍိတယောင် ဟန်ဆောင်ကြွားပ လူ့ဗာလတချို့တို့ပင် လူ့ရှေ့မှာ နာမည်ပျက်မှာစိုးလို့ ဣန္ဒြေကြီးတခဲသားလောက်နဲ့ နေနိုင်ကြသော်လည်း လူကွယ်ရာတွင် သူ့ဣန္ဒြေတို့သည် မကောင်းမှု၏ လှည့်ဖျားရာသို့ စိုက်စိုက် ပါရ လေတော့သည်၊ ဤသူမျိုးကို အယောင်ဆောင်သမား (သို့မဟုတ်) ကြောင်သူတော်ကြီးဟု ခေါ်ကြသည်၊ ဤပညာရှိအမည်ခံ၊ အယောင်ဆောင် သမားတို့သည် အများအားဖြင့် သိသာသိ၍ လက်တွေ့ မကျင့်နိုင်ကြသူများ ဖြစ်ကြလေသည်။

## ကျား-စဉ်းလဲ

ဟိတောပဒေသမှ ကျားစဉ်းလဲ အကြောင်းကို မှတ်သားမိဘူးသည်၊ ကျားအိုကြီး တကောင်သည် မိမိ ခွန်အားဖြင့် သားကောင်များကို ဖမ်းမစားနိုင်သောကြောင့် မိမိ ဝမ်းရေး ပြေလည်ရန် အကြံတခုပြုရလေတော့သည်၊ သူသည် အသားစားသည့် မျက်နှာဖုံးကို ချွတ်ပြီး မြက်စားသည့် မျက်နှာဖုံးကို ဟန်ဆောင်တပ်ရန် အကြံပြုပြီး၊ "ကျွန်တော့ လက်ထဲက ရွှေလက်ကောက်ကို အလှူခံကြပါ" ဟု ခရီးသွား တို့အား ပြောဆိုသည်၊ သို့သော် သူ၏ပင်ကိုယ်စရိုက်ကို မယုံကြည်သော ခရီးသွားတို့က သွားမယူဝံ့ကြချေ။

တနေ့တော့ သူ့မှာ စားရကံ ကြုံလာသည်၊ သူ့အနားရောက်လာသော ခရီးသွား တယောက်ကို အယုံ သွင်း၍ သူ့အကွက်ထဲဝင်အောင် ဆွဲဆောင်လိုက်သည်။

"အို…အဆွေတော်….ကျွန်ုပ်ဟာ ငယ်စဉ်ကတော့ မသိလို့ မိုက်မိခဲ့တာ အမှန်ပါဘဲ၊ အခုကျုပ်မှာ အားကိုးရာ မဲ့နေပါပြီ၊ သွားလဲမရှိ၊ လက်သည်း ခြေသည်းတွေလဲမရှိတော့ဘူး၊ သူများတွေလည်း ကျုပ်ကိုကြောက်ပုံမရတော့ဘူး၊ အဲဒီသူများတွေကို သတ်စားမိခဲ့တဲ့ မိုက်ပြစ်တွေကြောင့် ကျုပ်သား မယားတွေပါ ကျုပ်နဲ့ သေကွဲ ကွဲခဲ့ရပါတယ်၊ ဒါနဲ့ ကျုပ် သတိသံဝေဂ ရနေတုန်း မကောင်းတဲ့ အကျင့်တွေကို ရပ်တန်းက ရပ်ပြီး ဒါန ပြုပါလို့ သူတော်စင်တဦးက ဆုံးမ ဩဝါဒ လာပေးတယ်….၊ ကျုပ်လဲ တကယ်တရားကျသွားပါတယ်၊ သူများကို သတ်ဖြတ်လို စိတ်လဲ မရှိတော့ပါဘူး၊ လောဘဆို တော်တော်ကို နည်းသွားတာဘဲ၊ ဒီ ရွှေလက်ကောက်ကို သူများ ပေးချင်နေတာသာ အဆွေတော် ကြည့်ပါတော့၊ ကဲပါအဆွေတော် အိုင်ထဲမှာ ရေဆင်းချိုးပြီး စင်စင် ကြယ်ကြယ်နဲ့ ကျုပ်ရွှေလက်ကောက်ကို အလှူခံစမ်းပါ၊ ကျုပ်စေတနာကို ချီးမြှောက်ပါ အဆွေတော်ရယ်…."။

ကျားအိုကြီး၏လှည့်ကွက်ကို မရိပ်စားမိသော ခရီးသွားသည် ရေအိုင်ထဲသို့ဆင်းလိုက်ရာ ညွန်မှာနစ်လေတော့သည်။

ဒီအခါမှ ကျားသူတော်ကြီးက "ဟား….ဟား….အဆွေတော် ညွန်နစ်နေရှာသကိုး၊ မပူပါနဲ့၊ ကျုပ် သူတော်ကောင်းကြီးကယ်ပါမယ်"ဟု ပြောဆိုရင်း အနားသို့ ချိန့်ချိန့်နှင့်ရောက်လာပြီး ခရီးသွားကိုသတ်စားလိုက်လေတော့သည်။

## သိမှု–ကျင့်မှု

ဤလောကတွင် လူတိုင်းလူတိုင်း အသိအလိမ္မာ အနည်းနှင့် အများရှိကြပါ၏၊ သို့သော် အလိမ္မာကို စာထဲမှာပင် ပြန်ထား

ကြပြီး တကယ် လက်တွေ့တွင်မူ ကိုယ် သိထားသော အသိ၏ ငါးရာခိုင်နှုန်းလောက်ကိုတောင် လိုက်နာကျင့်ကြံသူ ရှားလှ၏၊ ဤရာခိုင်နှုန်းလောက် လိုက်နာနိုင်လျှင်ပင် မည်မျှ ကောင်းလေ မည်နည်း၊ ကိုယ်ကျင့် တရားကို လက်တွေ့ အကောင်အထည် ဖော်ချင်သူ အချို့တို့ပင် ပတ်ဝန်းကျင်ကို ရှက်နိုးနိုး ဖြစ်ကာ ဝိုင်း၍ မိုးခါးရေသောက်မိကုန်ကြလေသည်။

မိမိဘဝ သံသရာရေးမှာ တကယ်အားကိုးရမည့် ကောင်းမှု ပြုရာမှာပင် ကောင်းမွန်သော နည်းစံနစ်ကို အများက လက်မခံ သလိုလို ရှက်စရာလိုလို သဘောထားပြီး အကုသိုလ်ဒါန၊ ပကာ သနဒါန အကြွားကောင်းမှု၊ အငါးကောင်းမှု၊ ဟန်ကောင်းမှု တွေကို သရုပ်ပျက်ပြုနေကြ၏၊ ဤသို့ဖြင့် ယောင်သုံးဆယ် ဘဝ မှာပင် ချာချာလည်နေကြလေသည်။

**ဆိတ်ကွယ်ရာနှင့် မကောင်းမှု**

ဗုဒ္ဓရှင်တော်မြတ်၏ အရဟံ ဂုဏ်တော်ကို တမျိုးဘာသာပြန် လျှင် "ဆိတ်ကွယ်ရာမှာပင် မကောင်းမှုကို ပြုတော်မမူပါ" ဟု အဓိပ္ပါယ်ရသည်၊ ဆိုလိုရင်းမှာ မျက်စိရှေ့နားရှေ့မှာပင် မဆို ထားနဲ့၊ လူသာမန်တို့၏ ဒုစရိုက် ခါးပြမျှား အလွန် ပေါက်ပွား သောင်းကျန်းတတ်သည့် မမြင်ကွယ်ရာမှာပင် မကောင်းတာကို အလျဉ်းမပြု၊ ဟန်ဆောင်မှု လောကကို အမြစ်ပါ မကျန် တော်လှန် အောင်မြင်ပြီးလေပြီဟု ဖော်ပြသော ဂုဏ်တော် တပါး ဖြစ်လေသည်။

ကွယ်ရာမှာ ရှောင်ကြဉ်ဖို့ ဆိုသည်မှာ အတုမရှိ ဗုဒ္ဓအဖို့ လွယ်ကူသော်လည်း လူသာမန်တို့အတွက် များစွာ ခဲယဉ်းနေ လေသည်၊ ဘာ့ကြောင့်နည်း။

မစင်ထဲမှာမှ ပျော်တတ်သော လောက်လို စိတ်ဆိုသည်မှာ မကောင်းတာထဲမှာသာ အမြဲပျော်ရွှင်နေတတ်သည်၊ မကောင်းတာကို ရှာဖွေနေတတ်သည်၊ တညလုံးပွဲထိုင်ကြည့်ရတာ မပျင်းသလောက် တရားတော်ကို (၁၀)မိနစ်လောက် နာရသည့်အခါ ပျင်းဝတတ်သော အချက်သည် စိတ်၏ အကျင့်ဆိုးကို လက်ညှိုးထိုး၍ သာဓက ပြနေသည်၊ ထို့ကြောင့် လူသာမန်တို့၏စိတ်သည် မကောင်းမှုကို အမြဲရှာကြံနေပြီး အခွင့်ရလျှင် လူရှေ့မရှောင် သူရှေ့မရှောင်ပင် ပြုလေတော့သည်၊ မဟာအခွင့်ကောင်းကြီး ဖြစ်သော ကွယ်ရာမှာကား မည်သို့ သူတော်ကောင်း လုပ်နေနိုင်ပါတော့မည်နည်း။

ထို့ကြောင့် လူတယောက်၏ ကိုယ်ကျင့်တရား အတိမ်အနက်ကို အပြင်ကကြည့်ရုံနှင့် အဆုံးအဖြတ် မပေးနိုင်သေးပါ၊ ကွယ်ရာမှာ အထိုက်အလျောက် ထိန်းသိမ်းနိုင်မှု ရှိ–မရှိကို စောင့်ကြည့်ရန် လိုအပ်ပေသည်၊ အချို့သူတို့၏ ကိုယ်ကျင့်တရားမှာ ကျီးအားသီးလို ဖြစ်နေတတ်သည်၊ မကောင်းမှုသည် ဆိတ်ကွယ်ရာမှာ အများဆုံး အကြီးကျယ်ဆုံး ပေါက်ပွားတတ်သည့်အတွက် ဗုဒ္ဓ ကိုယ်တော်တိုင် သာသနာ့ဝန်ထမ်း တို့အား "ဆိတ်ကွယ်ရာကို မကောင်းသည့်နည်းနှင့် အသုံး မပြုကြရန်၊ ဆိတ်ကွယ်ရာတွင် ဝိသဘာဂအာရုံတို့၏ လာရောက်ချဉ်းကပ်မှုကို လက်မခံရန်" သတိပေး ပညတ်တော်မူခဲ့သည်၊ ဆိတ်ကွယ်ရာကို ဓမ္မအာရုံ၏ ကျက်စားရာ ရိပ်သာတခုအဖြစ်ဖြင့်သာ အသုံးပြုစေလိုခဲ့သည်၊ဆိတ်ကွယ်ရာသည် ဓမ္မအာရုံဖြင့် ထိန်းကွပ်ပေးနိုင်မှသာ မကောင်းမှုတို့၏ ဖြစ်ပေါ်ခွင့်ကို တားမြစ်၍ ဒုစရိုက်မှုကြီးတို့၏ ပေါက်ပွားရာ ဌာနကြီး အဖြစ်မှ လွတ်ကင်းနိုင်ပေမည်။

## စိတ်၏ကွယ်ရာ

ဆိတ်ကွယ်ရာကို မျက်စိ၏ ဆိတ်ကွယ်ရာ နား၏ ဆိတ်ကွယ်ရာ နှစ်မျိုးစလုံး၏ ဆိတ်ကွယ်ရာ စိတ်၏ ဆိတ်ကွယ်ရာဟူ၍ လေးမျိုး ခွဲခြားသင့်ပေသည်၊ ၎င်းတို့တွင် မကောင်းမှု မဖြစ်ပေါ်ရန် စောင့်ထိန်းရ အခက်ဆုံးမှာ စိတ်၏ ဆိတ်ကွယ်ရာပင် ဖြစ်လေသည်၊ အဘယ့်ကြောင့်နည်း၊ အခြား ဆိတ်ကွယ်ရာ တို့တွင် မကောင်းမှု ပြုလုပ်ပါက တနေ့ ပေါ်သွားလျှင် ခက်ချေရဲ့ ဟူသော ကြောင့်ကြစိတ်ကြောင့် ထင်တိုင်း မလုပ်ဖြစ်ဘဲ ရှိတတ်သည်၊ တဦး၏ စိတ်ကို တဦးက အကဲခတ်ရုံမျှ တပါး မသိနိုင်ကြ သောကြောင့် မကောင်းမှုကို စိတ်ဖြင့် လွတ်လွတ်လပ်လပ် ပြုနေကြလေသည်၊ သူတပါးကို စိတ်ထဲဆဲသည်၊ ပြစ်မှားသည်၊ ခိုးလိုစိတ် သတ်လိုစိတ် မတရားလုပ်လိုစိတ် သူ့ဥစ္စာ ကိုယ့်ဟာလုပ်သောစိတ် သူ့ဇနီး ကိုယ့်ဇနီး လုပ်လိုက်သောစိတ် စသော မကောင်းမှုတို့သည် သူတပါးက မသိနိုင်သော စိတ်၏ ဆိတ်ကွယ်ရာတွင် ပေါက်ပွားချင်တိုင်း ပေါက်ပွားနေကြလေသည်။

## ရသေ့တသောင်းနှင့် ဥရုဝေဠ

(ဝိနည်းမဟာဝါအဋ္ဌကထာ)

ဂေါတမရှင်တော်ဗုဒ္ဓ မပွင့်မီ တခုသော အချိန်က တောကြီး တနေရာတွင် ရသေ့တသောင်းတို့ စုပေါင်း ကျင့်ကြံနေထိုင်ကြသည်၊ "အို ရှင်ရသေ့တို့....ကိုယ်မှု နှုတ်မှုဆိုသည်မှာ သူတပါးတို့က သိလွယ်ကြ၏၊ စိတ်မှုသည် အသိရခက်၏၊ ထို့ကြောင့် မကောင်းတာကြံမိပါက မိမိကိုယ်ကို မိမိ ဆုံးမပြစ်တင်ဒဏ်ခတ်

သောအားဖြင့် ကြံမိသောအခါတိုင်း ဤနေရာမှာ သဲတထုပ်စီ ပုံကြပါစို့"ဟု ကတိကဝတ် ထားကြလေသည်။

ထိုအခါမှစ၍ မကောင်းကြံမိသောရသေ့တိုင်း ဖက်ခွက်ဖြင့် သဲကိုယူ၍ သတ်မှတ်သည့် နေရာတွင် ပုံကြ၏၊ ကာလကြာသော အခါ တောင်လောက်ရှိသော မကောင်းစိတ်၏ အထိမ်းအမှတ် သဲပုံကြီး ဖြစ်လာလေသည်၊ နောင်လာသူတို့က ၎င်းနေရာကို "ဥရုဝေဠာ" ဟု ခေါ်ကြ၏၊ စိတ်၏ ကွယ်ရာတွင် မကောင်းမှုကို ထိန်းရခက်ပုံ၊ မကောင်းမှု အလွယ်တကူ ပေါက်ပွားတတ်ပုံကို ဤသာဓကဖြင့် သိရှိနိုင်ပါသည်၊ အလောင်းတော် သိဒ္ဓတ္ထ မင်းသား ဒုက္ကရစရိယာ ကျင့်သောနေရာမှာလည်း ဤသဲပုံကြီး ရှိသော ဥရုဝေဠမတောပင်ဖြစ်လေသည်။

## ဆိတ်ကွယ်ရာ ဘယ်မှာလဲ

> "ဤလောက၌ မကောင်းမှုကို ပြုသောသူအား ဆိတ်ကွယ်ရာ အရပ်မည်သည် မရှိ၊မှန်စေ–မှားစေ၊မိမိပြုသောမကောင်းမှု ကို မိမိကိုယ်တိုင် ပထမ သိ၏"။
>
> (အင်္ဂုတ္တရ၊ တိကနိပါတ၊ အာဓိပတေယျသုတ်ပါဠိ)

လူသာမန်တို့က လုံလုံခြုံခြုံပြီး မကောင်းမှုကို လွတ်လွတ် လပ်လပ် ပြုရဲကြသော "ဆိပ်ကွယ်ရာ" ဆိုသည်မှာ စင်စစ် လောကမှာ ရှာမရသော အရာတခုသာ ဖြစ်၏။

လူတို့၏ အမှတ်မှားမှုမှ ပေါ်ပေါက် လာသော ခေါ်ဝေါ် စရာပညတ်တခုသာဖြစ်၏၊ ယုန်ချိုကို ရှာမရသလိုပင် လောက မှာ ဆိတ်ကွယ်ရာကိုရှာမရပါ။

အဘယ့်ကြောင့်နည်း–။

လောကတွင် လူသာမန်တို့မှတပါး သူတပါးမကောင်းမှုကို သိနိုင်သူတွေ ရှိနေသောကြောင့်ဖြစ်၏၊ ထို့ကြောင့် တဦးမသိ တဦးသိသောကိစ္စကိုမည်သို့ ဆိတ်ကွယ်ရာဟု ဆိုနိုင်ပါမည်နည်း။

လူတို့ပတ်ဝန်းကျင်တွင် လူ့စိတ်ကိုသိနိုင်သူတွေ အနမတဂ္ဂ ရှိကြ၏၊ လူလူချင်းပင် သိနိုင်ကြ၏၊ သူတပါးစိတ်ကို သိနိုင်သော အသိဉာဏ်ထူးရှိသူ လူဝိသေသတို့၏စိတ်ကို ထိုလူသား၏ မကောင်းမှုသည် ပုန်းရှောင်၍မရပါ၊ သူတပါးစိတ်ကို သိနိုင်သော နတ်ပြဟ္မာတို့မှာလည်း အသင်္ချေ အနန္တပင်ရှိကြ၏။

လူမသိ–နတ်သိ ဆိုသော စကားတခုရှိ၏၊ တစုံတယောက် မကောင်းမှု ပြုသည့်အခါ ပထမဦးဆုံး ထိုသူကိုယ်တိုင် သိ၏၊ ထို့နောက် ထိုသူ၏ ကိုယ်စောင့်နတ်ကသိ၏၊ ထို့နောက် အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ် စသည်တို့က တဆင့် ကြားသိသွားကြ၏၊ ထိုသူကို သတိထားမိသော လူဝိသေသတို့ လည်း သိခွင့်ရကြသည်၊ ဤသို့ဖြင့် ထိုသူ၏မကောင်းမှုကြီးသည် မသိချင်အဆုံး ကျော်မကောင်း ကြားမကောင်း ဖြစ်သွားလေ တော့သည်၊ မကောင်းမှုကို အမြဲဖိတ်ခေါ် နေသော လူသာမန် တို့သည် မကောင်းမှုကို ပြောင်ကျကျ ပြုလုပ်၍ အားမရသည့် အပြင် ဆိတ်ကွယ်ရာရှာမရသော လောကမှာပင် ဆိတ်ကွယ်ရာကို ကြံကြံဖန်ဖန် ရှာကြံ၍ စိတ်အလိုကို ဖြည့်တင်းနေသော "စိတ် ကျွန်ကြီးများ"ဖြစ်နေကြရလေတော့သည်။

## လောကပါလတရားနှစ်ပါး

## (ကေနိုပါတ် ဒေဝဓမ္မဇာတ်)

"ထွတ်ထား ဒိုပဒုတ် မြတ်သမ္ဗုတ်တို့ ရွှေနှုတ် ချိုမော
ပြွက်ဖော်ဟောသား လောကပါလ သုက္ကဒေဝခံ နာမံ
သုံးမည် ရွှေဘွဲ့ချီလျက် နတ်ပြည်ထင်ရှား ထူးဂုဏ် အား
နှင့် တရားနှစ်ရပ် ဟိရောတ္တပ်ကို ကိုယ်ကြပ်ရကြစေ
သတည်း"။

ဟိရီဩတ္တပ် ကိုယ်ကိုကြပ်၍ တည်းကွပ်မရှိ သတိမရ
လူထိုမျှကား လောကလူဝယ် ကွဲ့ရဲ့ဘွယ်နှင့် အပါယ်
ဆင်းခွင့် ဟင်းလင်းပွင့်ခဲ့ ခွေးနှင့်ဝက်လား ကျွဲ–နွား–
သိုး–ဆိတ် အဟိတ်တိရိစ္ဆာန် သဏ္ဌာန်တမျှ မိုက်မောဟ
ဖြင့် ဘဝဆုံတွေ့ ဘုံအလေ့သာ အောက်မေ့ သိမှတ်
ကြံဝည်တတ်၍ လူနတ်စီးပွား မပြီးငြားတည်း။

**(မဃဒေဝ၊ ဓမ္မဇရိယာ နယောဇဉ်အခန်း)**

မကောင်းမှု၌ နှစ်ခြိုက်မိုက်မှား နေကြသူတို့သည် သားဆိုး သမီးဆိုးများနှင့် တူလှ၏၊ ထိုသားဆိုး သမီးဆိုး များသည် မိဘတို့၏ အုပ်ထိန်း ပဲ့ပြင်မှု ကောင်းလျှင် သားကောင်း သမီးကောင်းများ ဖြစ်လာနိုင်ကြပေမည်၊ ထိုမကောင်းမှု လူဆိုးကြီးများကို ထိန်းသိမ်းနိုင်ရန် ဗုဒ္ဓက နည်းလမ်းနှစ်ခု ပေးတော်မူခဲ့သည်၊ ၎င်းတို့ကို ဒေဝဓမ္မ (သို့မဟုတ်)လောကပါလ ကမ္ဘာစောင့်တရားဟု ခေါ်သည်။

ယင်းတို့မှာ– (၁) ရှက်တတ်၊
(၂) ကြောက်တတ်မှု ဖြစ်ကြသည်။

"မစင်နှစ်ခြိုက် ရွာဝက်မိုက်သည် မည်သည့်အခါမျှ မစင်ကို မရှုံရှာသကဲ့သို့ အရှက်မရှိသူသည် ဘယ်တော့မှ မကောင်းမှုကို မရွံရှာ"

"မီးရောင်ကို ရွှေတောင် ထင်မှားနေသော ပိုးပရန်ကောင်သည် မီးလျှံကို မကြောက်သကဲ့သို့ အကြောက် ကင်းသူသည် မကောင်းမှုကို မကြောက်တတ်"။

(ဋီကာကျော်)

မကောင်းမှုကို အကောင်း ထင်နေခြင်းသည် စင်စစ် ဝက်က မစင်ကို အကောင်း ထင်နေနည်းမျိုး ဖြစ်သည်၊ ဝက်အမြင်ဖြင့် ကြည့်လျှင် မစင်သည် အလွန်နှစ်သက်စရာ ထင်နေရသော်လည်း လူ့အမြင်နှင့်ကြည့်လျှင် ရွံစရာဖြစ်နေ၏၊ ထို့အတူ သာမန် လူသားတို့အကောင်း ထင်နေကြသော ကာမဂုဏ်တို့ မှာလည်း အရိယာတို့အမြင်မှာ မစင်တုံးဖြစ်နေ၏၊ ဤသို့ အသိဉာဏ်အား လျော်စွာ အောက်အောက်လူတို့ အမြင်နှင့် အထက်ထက်လူတို့ အမြင်သည် ကွာခြားနေလေသည်။

ထို့ကြောင့် ဒုစရိုက်မှုဆိုတာ ငါထင်သလို မကောင်းပါ ကလား၊ မကောင်းမှုကြောင့်ရမည့် မကောင်းကျိုးကို ငါမလို ချင်၊ မကောင်းမှုကို ငါဘယ်တော့မှ မပြု ဟူသော ခံယူချက် ရှိပြီးသူသည် မကောင်းမှုကို မည်သည့်အခါမှ အရှုံး မပေးရ စေရန် ရှက်ကြောက်စိတ် ရှိလာအောင် အလေ့အလာပြုရမည်၊ တကယ်လည်း ရှက်တတ်ကြောက်တတ်ဘို့ လိုအပ်သည်၊ မကောင်း တာကို တကယ်ရှက်ကြောက်တတ်မှ အရှက်အကြောက် အစစ် ဖြစ်၏၊ အပြောရှက်၊ အဟောရှက်၊ တရားနာရှက်၊ ဥပုသ်စောင့်

ရှက်၊ အစားရှက်၊ အသွားရှက်စသော တလွဲ ရှက်–ကြောက်နည်းမျိုးတွေကိုလည်း မလိုလားအပ်ပေ။

မကောင်းမှုကို နတ်သုဒ္ဓါဟု ထင်နေသမျှ ကာလ ပတ်လုံး ထိုသူသည် ရှက်တတ် ကြောက်တတ်သူ မဖြစ်နိုင်၊ ထို့ကြောင့် မကောင်းမှု အပေါ်တွင် မူလက ထားရှိခဲ့သော သဘောထား အမြင်ကို ပြောင်းပစ်တတ်ရန်လိုသည်၊ အရိယာတို့၏ မြင်နည်းမျိုးဖြင့် မြင်တတ်ရန်လိုသည်၊ ထမင်းကို မြိန်ရည်ရှက်ရည် စားနေတုန်းတွင် ထမင်းအပေါ်၌ ခုံမင် နှစ်သက်ဘွယ်သော အမြင်ဖြင့် တွေ့ရမည်၊ ၎င်းထမင်းကို မစင်အဖြစ်ဖြင့် တွေ့ရသော အခါတွင်ကား မူလအမြင်ပြောင်းပြီး ရွံစရာထင်ကြတော့သည်၊ ထို့ကြောင့် မစင်ကို စားဘို့ မပြောနှင့် ကိုင်ရမှာပင် အလွန်ရှက်လှပေမည်၊ ဤသို့ မကောင်းမှု မှန်သမျှသည် သူတော်စင်တို့၏ အမြင်တွင် တကယ်စက်ဆုပ် ရွံရှာစရာ ဖြစ်နေသောကြောင့် လူသူ အမြင်မတော်သည့် ရှက်ဘွယ်အစစ်ပင် မဟုတ်ပါလော။

## ရှက်တတ်အောင် လေ့လာနည်း

အရှက်မရှိသေးသူတို့သည် ဖော်ပြပါနည်းတို့ဖြင့် ရှက်တတ်အောင် လေ့လာသင့်ပေသည်။

(၁) မကောင်းမှုဟူသည် အမျိုးယုတ်သူတို့၏ အလုပ်သာဖြစ်၏၊ အမျိုးမြတ်သူတို့၏ အလုပ်မဟုတ်။

(၂) မကောင်းမှုဟူသည် ယောင်ရှယ်သူတို့သာ ပြုတတ်သော အလုပ်ဖြစ်၏၊ ကြီးသူတို့ လုံးဝပြုရန် မသင့်။

(၃) မကောင်းမှုဟူသည် စိတ်၏ ဆွဲဆောင်ရာကို သည်းခံနိုင်မှု စွမ်းအား မရှိသေးသူတို့၏ အလုပ်သာ ဖြစ်၏၊ ကြံ့ကြံ့ခံနိုင်သူတို့၏ အလုပ်မဟုတ်။

(၄) မကောင်းမှုဟူသည် ပညာနည်းပါး လူ့ငနွားတို့၏ အလုပ်သာ ဖြစ်၏၊ ပညာရှင်တို့၏ အလုပ်မဟုတ်။

ဤအချက်များကို အခြေခံ၍ မကောင်းမှု၏ သဘောကို အဖန်ဖန် သုံးသပ်လေ့လာကြည့်ပါ၊ မကောင်းတာ လုပ်နေမယ် ဆိုရင် ပတ်ဝန်းကျင်က ဘယ်လိုမြင်မယ်ဆိုတာ စဉ်းစားပါ၊ သင်နှင့် ပတ်ဝန်းကျင်ကို ဆက်သွယ်ပေးပါ၊ ပတ်ဝန်းကျင်က ငါ့ကို လူယုတ်မာကြီးဟု ထင်သွားမှာဘဲဆိုတဲ့ အသိစိတ် ပေါ် လာအောင် များများစေ့ဆော်ပေးပါ၊ ဒီအခါ သင်၏စိတ် သည် မကောင်းမှုကို ရှက်စရာအဖြစ်တဖြည်းဖြည်း မြင်လာမည်။

ရှက်စိတ်ပေါ်အောင် တနည်းအားဖြင့် လေ့လာနိုင်သေး သည်။

(၁) ငါ့မျိုးရိုးဟာ မကောင်းတာလုပ်တဲ့ မျိုးရိုး မဟုတ်၊ ငါ့အမျိုးသည် မြင့်မြတ်လှ၏။

(၂) ငါ့ဆရာသည် မကောင်းတာလုပ်တဲ့ ဆရာ မဟုတ်၊ ငါ့ဆရာသည် မြင့်မြတ်လှ၏။

(၃) ငါ၏ အမွေခံ သားသမီးတို့သည် များလှ၏၊ သိတတ် သည့် အရွယ်သို့ရောက်ကြပြီ၊ သူတို့ရှေ့မှာ ငါမကောင်း တာလုပ်ရန် မသင့်၊ ဘုရားတရားနှင့် နေပြချိန် တော်ပြီ။

(၄) ငါနှင့် အတူနေ မိတ်ဆွေတို့သည် သူယုတ်မာများ မဟုတ်ကြ၊ မြင့်မြတ်သော သူတော်စင်များ ဖြစ်ကြ၏။

ဤအချက်လေးမျိုးကို အဖန်ဖန် စဉ်းစားဆင်ခြင်ကြည့်ပါ ကလည်း ငါနဲ့ ပတ်ဝန်းကျင်ဟာ အသွင်မတူတော့ဘူး၊ ပြဒါး တလမ်း သံတလမ်း ဖြစ်နေပြီ၊ ငါဟာ ဒေါင်းတွေ အလယ်မှာ

ရောက်နေတဲ့ ကျီးတကောင်လို ဖြစ်နေပြီ၊ ကြာလျှင် ပတ်ဝန်းကျင်က ငါ့ကို ရှုံပြီး ဝိုင်းပယ်ကြတော့မည်၊ ငါဟာ ပတ်ဝန်းကျင်ရဲ့ တံထွေးခွက်မှာ ပက်လက်မျောရတော့မည့် သူပါ တကားဟု တွေးမိပြီး သူတော်နားနီး သူတော်စိတ်မျိုး ဝင်လာမည်၊ မကောင်းမှု လုပ်ရမှာ ရှက်တတ်လာမည်၊ အစက မိမိ ခုံမင်နေသော မကောင်းမှုအပေါ် စိတ်ဝင်စားနေမှုကို ကောင်းစိတ်ဖြင့် အစားထိုး၍ အာရုံ ပြောင်းပစ်ရမည်၊ မကောင်းမှုကို တိကနဲ ဖြတ်ပစ်ရန် မလွယ်ကူသော်လည်း တစတစ အလေ့အလာပြု၍ ခွါလျှင် လုံးဝကွာသည့် အဆင့်သို့ တနေ့နေ့မှာ မုချမသွေ ရောက်ရချေမည်။

ဤလေ့လာနည်းများမှာ ပတ်ဝန်းကျင်ကို လေးစားပြီး မိမိတွင် ရှက်စိတ် ပေါ်လာအောင် လုပ်ခြင်းဖြစ်သည်၊ မှန်၏၊ ရှက်ခြင်း ဆိုသည်မှာလည်း ပတ်ဝန်းကျင်၏ အမြင်မတော်မှုကို ရှက်ခြင်းပင် ဖြစ်၏၊ပတ်ဝန်းကျင်ကြောင့် ရှက်စိတ် ပေါ်ရသည်၊ အပေါ့အပါး သွားမည်ပြုစဉ် တယောက်ယောက်က မြင်သွားပါက ရှက်ပြီး မသွားဖြစ်တော့သကဲ့သို့ မကောင်းမှုကိုလည်း ပတ်ဝန်းကျင်၏ အမြင်မတော်မှုကို မခံယူလိုသောအခါ လုပ်ရမှာ ရှက်တတ်လာသည်၊ ဤအခါတွင် ရှက်စိတ်များ၏ ဝိုင်းပယ်မှုကြောင့် မကောင်းမှု ညွှေ့သည်များ သင့်သဏ္ဍာန်မှာ လာရောက် ယှည်းနိုင်တော့မည် မဟုတ်ပါ။

## ကြောက်တတ်အောင် လေ့လာနည်း

မကောင်းမှုကို ကြောက်တတ်အောင် လေ့လာရန် အတွက် ဖော်ပြပါ ဘေးအန္တရာယ် လေးမျိုးကို ပထမဦးစွာ မှတ်သားထားပါ။

(၁) မိမိကိုယ်ကို မိမိကဲ့ရဲ့ချင်လာမည့်ဘေး၊
(၂) သူတပါးတို့က ကဲ့ရဲ့မည့်ဘေး၊
(၃) ရာဇဝတ်ဒဏ် ခံရမည့်ဘေး၊
(၄) အပါယ်ဒုဂ္ဂတိ ကျရောက်မည့်ဘေး။

မကောင်းမှုကိုပြုလုပ်သူတို့အား ဤဘေးကြီးလေးမျိုး တို့တွင် အနည်းဆုံး တမျိုးကျရောက် ခံစားရတတ်လေသည်။

မကောင်းမှု ပြုမိဖန်များသည့်အခါ သူတပါးက မဆိုထားနှင့် ကိုယ့်ကိုယ်ကိုယ်တောင် ကိုယ်မကြည်ညိုနိုင်တော့ချေ၊ထိုအခါ ငါဟာ တကယ့် အယုတ်တမာကောင်ကြီး၊ လူ့တိရိစ္ဆာန်ကြီး ဖြစ်နေပါပေါ့လားဟု မိမိကိုယ်ကိုမိမိပင် ပြန်လည် စုပ်စုကဲ့ရဲ့ ဖြစ်တင်မိချေမည်၊ ဤသည်မှာ အမှတ်(၁) ဘေးကြီး ကျရောက်လာခြင်းပင်ဖြစ်၏။

သူ့ဘပါးတို့က ဝစီကံမြောက်ကဲ့ရဲ့လာသည်ဖြစ်စေ၊ရှေးကလို မဟုတ်ဘဲ ကိုယ့်အပေါ် အထင်အမြင် သေးသော အမူအယာဖြင့် ဝိုင်းပယ်ခံရသည်ပင် ဖြစ်စေ အမှတ်(၂) ဘေးကြီး ဆိုက်ရောက်လာခြင်းပင်ဖြစ်၏။

ထိုသူ၏ မကောင်းမှုသည် အစိုးရ တရားဥပဒေနှင့် မလွတ်ကင်းပါက သေစားသေဒဏ်၊ ထောင်ဒဏ်၊ ငွေဒဏ် စသော လောကပြစ်တခုခု ခံရသည်ကိုပင် အမှတ် (၃) ဘေးကြီး ဆိုက်ရောက်ရခြင်းဟု ခေါ်၏။

မကောင်းမှု ကျူးလွန်ထားသူသည် အပုန်း အကွယ်အရှောင် အတိမ်းကောင်းသော လူလယ်ဖြစ်၍ ပတ်ဝန်းကျင်က မမြင်လိုက် မဖမ်းမိလိုက် သောကြောင့် အမှတ်(၃)အထိ ဘေးသုံးပါးကို

လွတ်အောင်ရုန်းနိုင်ပါသော်လည်း အမှတ်(၄) ဘေးကြီးကိုကား မည်သည့်နည်းနှင့်မျှ လွတ်အောင် ပြေးနိုင်လိမ့်မည် မဟုတ်ပါ၊ အပါယ်ထောင်က သူ့ကိုမရ ရအောင်ဖမ်း၍ ပြစ်ဒဏ်ပေးမှုကို မုချ ခံရပေတော့မည်။

**ဓမ္မနိယာမ**

ကျွန်ုပ်တို့သည် သံသရာစက်ကြီးကို မဖျက်ပစ်နိုင်သေးသမျှ ကာလပတ်လုံး နတ်ပြဟ္မာဘဝ၊ လူ့ဘဝ၊ ပြိတ္တာ အသုရကာယ် ဘဝ၊ တိရိစ္ဆာန်ဘဝ၊ ငရဲဘဝ တမျိုးမျိုးကို ရနေကြဦးမည်သာ ဖြစ်၏။

"ဓမ္မ–အဓမ္မတရား နှစ်ဝတို့သည် အကျိုးပေးပုံချင်း မတူညီကြချေ၊ အဓမ္မသည် အပါယ်ဒုဂ္ဂတိသို့ အမြဲဆောင်နေ၏၊ ဓမ္မသည် နတ်ရွာသုဂ္ဂတိသို့မပြတ်ပို့ဆောင်လျက်ရှိ၏"။

သံသရာ အကျဉ်းသမားများမှာ အပြစ်အလျောက် ဖော်ပြပါဘဝဂတိ ငါးမျိုးတို့တွင် တမျိုးမှ တပျိုးသို့ ပြောင်းရွှေ့ခံစားနေကြရသည်၊ ကိုယ်စိတ်နှလုံး ကောင်းစွာကျင့်သုံးခဲ့မှု ဓမ္မကြောင့် လူ–နတ်–ဗြဟ္မာ ကောင်းရာဘဝများသို့ ရောက်ကြရ၏၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံး မြည်းညစ်မှု အဓမ္မကြောင့် အပါယ် နရက်ထဲသို့ ပစ်ချခံကြရလေသည်၊ ဒုစရိုက်အဓမ္မကို မကြောက်၍ ပြုသူအဘို့ အမှတ်(၄)ဘေးကြီးကို မည်သို့လွတ်အောင် ရှောင်တိမ်းနိုင်ပါမည်နည်း၊ အဓမ္မ၏ သဘောတံထွာ ဓမ္မတာသည် အပါယ်သို့သာသွဲ့ခေါ်တတ်၏၊ တံစိုးလက်ဆောင် ယူ၍ ဖြစ်စေ၊ မျက်နှာကြီးငယ်လိုက်၍ဖြစ်စေ မည်သည့်သတ္တဝါကိုမျှ ညှာတာ ထောက်ထားပြီး သဘာဝတရားကို လွန်ဆန်နိုင်လိမ့်မည် မဟုတ်ပါ၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ဓမ္မ–အဓမ္မတို့ကို ဘာသိဘာသာ

သဘောထားပြီး မထေလေးစား မပြုသင့်ကြချေ၊ ဓမ္မ၏ ကောင်းကျိုးကို လိုလားသလို အဓမ္မ၏ ဆိုးကျိုး ကိုလည်း အကြောက်တရားထားသင့်ကြပေသည်။

သံတွေခဲတခုမှာ မစင်များ လိမ်းကျံနေ၏၊ သို့သော် မပူ၊ အခြားတခုမှာ အညစ်အကြေးမရှိ၊ သို့သော် ရဲရဲတောက်ပူလှ၏၊ ကြောင်းကျိုးမြော်မြင်ပညာရှင်တဦးဖြစ်ပါကထိုသံတွေခဲနှစ်မျိုး လုံးကိုပင် ကိုင်ချင်မည်မဟုတ်ပါ၊ အကြောင်းသော် ပထမသံတွေ ခဲမှာ အေးသော်လည်း မစင်ကို ရွံရှာ စက်ဆုပ်သောကြောင့် ဖြစ်၏၊ ဒုတိယသံတွေခဲမှာ သန့်ရှင်းသော်လည်း အပူ ကြောက် သောကြောင့်ဖြစ်၏၊ မကောင်းမှုမှန်သမျှမှာလည်း အလွန် ရှက် စရာမဟုတ်သော်လည်း ကြောက်စရာကောင်းနေတတ်၏၊ အလွန် ကြောက်စရာ မဟုတ်သော်လည်း ရှက်စရာကောင်းနေတတ်၏၊ ရှက်စရာကြောက်စရာ နှစ်မျိုးလုံးလည်းဖြစ်နေတတ်၏၊ ရှက်နည်း ကြောက်နည်းများကို သိရှိလေ့လာထားပြီးသူသည် တကယ်ရှက် တတ်ခြင်း ကြောက်တတ်ခြင်းဖြင့် မကောင်းမှုကိုအပပြု၍ ဘေး ဆိုးကြီးများ၏ရန်ကို ကြိုတင်တားဆီးတွန်းလှန်သင့်ကြပေသည်။

## ခလုတ်ထိမှ အမိတ

"ခလုတ်ထိမှ အမိတ"ဆိုသော မြန်မာစကားပုံသည် အရက် သောက်လို့ ဖြစ်လာမည့် ဘေးကိုသာ ကြောက်တတ်ပြီး အရက်ကို မဖြတ်သောလူမျိုးနှင့်လည်း သက်ဆိုင် နေပေသည်၊ ရောဂါရမည်ကို ကြောက်နေရုံနှင့်မပြီး၊ ထိုရောဂါကို တားဆီး နိုင်ရန် အစကကြိုတင် အရက်မသောက်ရန် လိုသည်၊ ဇွတ်မှိတ်၍ သောက်နေ သူသည် ကြောက်သာ ကြောက်တတ်သူ ဖြစ်၍

အကြောက်ကို ကာကွယ်သူဟု မခေါ်နိုင်၊ သူသည် ရောဂါကို ရှာဖွေနေသူသာဖြစ်၏၊ ရောဂါကျွမ်းပြီးမှ ငါမှားပြီဟု နောင်တရသည်၊ သို့သော် သူ၏အသက်ကိုမည်သူက ကာကွယ်ပေးဦးမည်နည်း၊ ဤရောဂါမျိုးကိုကြိုတင်ကာကွယ်သည့် နည်းလမ်းဖြင့်သာ ထိရောက်စွာ ကုစား၍ ရသောကြောင့် ကြိုတင် အချိန်များကို မမှန်ကန်သောနည်းလမ်းဖြင့် ဖြုန်းတီးပစ်လိုက်သော သူ့အတွက် ကုသပေးနိုင်မည့် ဆရာကို ရှာမရတော့ပါ၊ အချိန်ကို တန်ဘိုးမထားတတ်သော သူ့အသက်ကိုလည်း မည်သူကမျှ ကယ်ဆယ်ပေးနိုင်လိမ့်မည် မဟုတ်တော့ပါ၊ ဤကဲ့သို့ ကြောက်ရုံသာကြောက်၍ အကြောက်ကိုမကာကွယ်သူ (သို့မဟုတ်) သိသာသိ၍ မကျင့်သူတို့သည် တန်ဘိုးများလှသော လက်ရှိဘဝကို အရှုံးနှင့်သာနိဂုံးချုပ်ကြရစမြဲ ဖြစ်လေသည်၊ မကောင်းမှု မှန်သမျှကိုလည်း ကြောက်နေရုံနှင့်မပြီး၊ အနာဂတ် မရောက်မီ ပစ္စုပ္ပန် အချိန်က ကြိုတင်ရှောင်ကြဉ် တားဆီးကြမှသာလျှင် တကယ့် ကြောက်စရာဘေးဆိုးကြီးများမှ ရှောင်ရှားနိုင်ကြပေလိမ့်မည်။

## အရှက်နှင့်အသက်

ကမ္ဘာလောကကြီးတွင် ရှက်ကြောက်တရားများ ခေါင်းပါးလာလျှင် ဒုစရိုက်အမှောင်ထုကြီးဖုံး၍ သုစရိုက်တရားကို ထွန်းပစေနိုင်သော အလင်းရောင်များလည်း ကွယ်ပျောက် ဆိတ်သုဉ်းသွားပေမည်၊ ကမ္ဘာကြီးကို တောက်ပ ထွန်းလင်း သာယာပြောစေချင် ပါလျှင် ယင်းသည့် ကမ္ဘာကြီးကို ရှက်ခလုတ် ကြောက်ခလုတ်များ တပ်ဆင်ပေးထားရမည်၊ ကမ္ဘာမှာ မှောင်ရိပ်သန်းလာတိုင်း ရှက်ကြောက် ခလုတ်များကို ဖွင့်၍ အလင်း

ရှောင်ပေးပါ၊ ဤခလုတ်များကို အမြဲ ဖွင့်ထားနိုင်လျှင် ကမ္ဘာကြီးလည်း အမှောင်ထုအောက်သို့ ကျရောက်စရာမရှိတော့ပါ။

"ဤလောကတွင် ဒုစရိုက်မကောင်းမှု၌ အရှက် အကြောက်နှင့်ပြည့်စုံ၍ ဖြူစင်သောကုသိုလ် တရားစု ရှိကြကုန်သော ကိုယ်နှုတ်နှစ်ရပ် တွင်းစိတ်ဓာတ်ပါ မြင့်မြတ်ငြိမ်းအေးခြင်းသို့ ရောက်ကုန်ပြီးသော သူတော်ကောင်းတို့ကို သမ္မုတိ ဥပပတ္တိ ဝိသုဒ္ဓိနတ်တို့၏ဖြစ်ကြောင်း အခြေခံဒေဝဓမ္မတရားရှိသူတို့ ဟူ၍ ဆိုအပ်ကုန်၏"။

(ဇာတကနိပါတ်–ဒေဝဓမ္မဇာတ်)

အရှက်အကြောက်တရားများကို "ဒေဝဓမ္မ"ဟု ဟောပြခဲ့သည်၊ သုံးဆယ့်တဘုံတွင် အထက်တန်း ကျလှသော လူမင်းအဖြစ်၊ နတ်ဗြဟ္မာအဖြစ်ကို အရှက်အကြောက် အခြေခံသော သုစရိုက်တရားများ ပြည့်စုံခြင်းဖြင့် ရရှိနိုင်သည်၊ ဒုစရိုက် အညစ်အကြေး လုံးဝကင်းစင်ပြီးသော "ဝိသုဒ္ဓိနတ်"သို့မဟုတ် အရိယာအဖြစ်ကိုပင်လျှင် ရအောင်ယူနိုင်သော အထက်တန်း ရောက်ရေး၏ ပင်မအခြေခံတရားများအဖြစ် ဗုဒ္ဓကထုတ်ဖော်ပြခဲ့သည်။

ပစ္စည်း ကိုယ်အင်္ဂါ အသက် အကျင့်ဆိုသော အရာ လေးမျိုးကို လူတိုင်း သိမ်းဆည်းထားကြ၏၊ သို့သော် အကျင့်ကို တန်ဘိုးအရှိဆုံး ရတနာအဖြစ် သိမ်းဆည်းသူ ရှားလှ၏၊ ကိုယ်အင်္ဂါဘေးကြုံလာလျှင်ကိုယ်အင်္ဂါကို အထိခိုက်မခံပါနှင့် ပစ္စည်းအဆုံးခံပါ၊ အသက်ဘေးကြုံလာလျှင် အသက်ကို ဦးစားပေးကာကွယ်ပါ၊ ကိုယ်အင်္ဂါကိုမစုံမက်ပါနှင့် ကိုယ်ကျင့် တရားကို အနှောက်ယှက် အဖျက်အဆီးခံလာရလျှင် ကိုယ်ကျင့် အပျက်

မခံပါနှင့် အသက်သာအသေခံပါဟု အဆိုရှိသည်၊ ထို့ကြောင့် ကိုယ်ကျင့်တရားဟူသည် ပစ္စည်း အင်္ဂါ အသက်တို့ထက် ချစ်မြတ်နိုးစွာ ထိန်းသိမ်းထားရမည့် အဘိုးတန်ရတနာထုပ်ကြီး ဖြစ်လေသည်၊ ရှေးရှေးသူတော်စင်တို့သည် ကိုယ်ကျင့်တရား ဖြောင့်မှန်ခြင်း၏ မူလဘူတအခြေခံဖြစ်သော အရှက်အကြောက် တရားများကို အသက်ပေး၍ကာကွယ် စောင့်ထိန်းခဲ့ကြလေသည်။

## ခန္တိဝါဒီ

(စတုက္ကနိပါတ်-ခန္တိဝါဒီဇာတ်)

ကုဋေ(၈၀)သော မိဘအမွေအနှစ်များကို ရထားလိုက်သော ကုဏ္ဍလလုလင်အဘို့ လောကစည်းစိမ်ကို မြိန်ရည်ရှက်ရည် ခံစားနိုင်ပါ၏၊ ကုဋေ(၈၀)ဆိုသည်မှာ ထိုခေတ် ထိုအချိန်က သူဌေးဘွဲ့ထူးကိုပင် ဆွတ်ခူးရရှိနိုင်အောင် များပြားသော ဥစ္စာတွေဖြစ်ပါ၏၊ သို့သော် ကုဏ္ဍလလုလင်က သို့ကလောက် များပြားသော ဥစ္စာတွေကို သူ၏ အတ္တဟိတဇိမ်ခံပစ္စည်းများအဖြစ် မမြင်ပါ။

"တကွေ့တဘဝမှာ ဌေးသည်အဖြစ် ရောက်လာသူတို့သည် အမြဲနေရသော အိမ်ကြီးများပမာ လောဘမီးတွေ ဟုန်းဟုန်းတောက်ပြီး ပစ္စည်းတွေကိုရှာကြ ဖွေကြ၏၊ မမ္မိယလဒ္ဓပစ္စည်းလည်းပါ၏၊ အမမ္မိယလဒ္ဓပစ္စည်းတွေလည်းပါ၏၊ သေတဲ့အခါမှာတော့ တပြားတချပ်မျှ ယူမသွားနိုင်ကြ၊ ကုသိုလ် အထုပ်အထည်ကလေးများရှိလျှင်တော့ ပါနိုင်၏၊ ငါ့မိဘတွေ ကိုယ်တိုင် တပြား တချပ်မှ မယူနိုင်ဘဲ သေသွားကြ သည်မှာ ငါ၏ မျက်မြင်သာဓက ဖြစ်နေပြီ၊ ငါလည်းသေသည့်အခါ ဘယ်လိုမှ ယူမသွားနိုင်၊ ယူသွားနိုင်သောနည်းကို ငါကျင့်သုံးမှ ဖြစ်မည်"။

ကုဏ္ဍလလုလင်က သူ့ပစ္စည်းတွေ အပေါ်တွင် ဤသို့သာ မြင်၏၊ အမိတက္ကသိုလ်မှ အာဘ-ဒိသာပါမောက္ခ ဆရာကြီးက သင်ပြလိုက်သော ပညာရပ်တို့သည် သူ၏ လက်တွေ့ဘဝကိုပါ နက်နက်ရှိုင်းရှိုင်း မြင်တတ်အောင် အလင်းရောင် ပေးလျက် ရှိသည်၊ တက္ကသိုလ်က ပေးလိုက်သော သူ၏ ဘွဲ့ဒီဂရီ တို့မှာ အယောင်ဆောင် အရေတွက်မျှသာ မဟုတ်၊ အရည် အချင်း အနှစ်သာရရှိသော ဘွဲ့ဒီဂရီများအဖြစ် သူ၏ဂုဏ်ကို ပိုမို တောက် ပြောင်စေခဲ့သည်၊ အရည်အချင်း မပြည့်သော ဘွဲ့ဒီဂရီ မျိုးကို ရယူခဲ့သူသာဖြစ်ပါက ဤမျှအထိ နက်နက်ရှိုင်းရှိုင်း မြင်တတ် မည်မဟုတ်၊ သူ့ဒီဂရီတို့သည် ကုဋေ(၈၀)သော ကာမစည်းစိမ် တို့၏အောက်မှာ လွှမ်းဖုံးပျောက်ကွယ် သွားမည်သာ ဖြစ်ပေ သည်။

ထို့ကြောင့်သူသည် သူ့စည်းစိမ်အားလုံးကို မရှိဆင်းရဲသား တို့အား ခွဲခြမ်းစွန့်ကြဲ၍ အကျိုးရှိစွာ သုံးစွဲလိုက်သည့် အပြင် မိမိဘဝကိုပါ တမုဟုတ်ချင်း ပြောင်းလဲပစ်လိုက် လေသည်။

ယခုအခါ သူ့အသွင်သည် သူ၏ ဖြူစင်သော စိတ်ထားနှင့် အလွန်ပဏာရနေ၏၊ သူ့အနား မှာလည်း ဇနီးကြင်ယာ ကိုယ် လုပ်မောင်းမ တယောက်မျှမရှိပါ၊ လူသံသူသံတို့ကိုပင် သူမကြား ရတော့ပါ၊ ငွေကြေးဓနဟူ၍လည်း တပြား တချပ်မှ သူ့လက် တွင်မတွေ့ရတော့ပါ၊ သူနေရာဌာနသည် ငွေကြေးဓန၏ တန်ဘိုး မရှိသောနေရာဖြစ်၏၊ အစာအာဟာရကို ငွေကြေးဓနဖြင့်ဝယ်ရ သောနေရာမဟုတ်ပါ၊ တံချူတံကလေး တချောင်းရှိလျှင် ဝမ်း ရေးကိစ္စကိုဖြည့်တင်းနိုင်သော နေရာဖြစ်၏။

အဖော်အသင်းဟူ၍လည်း သမင် ဒရယ် ဂျီငယ် စိုင်ဆတ် ဖွတ်ဗဒတ်ကလေးတွေကိုသာ ပြစရာရှိပါ၏၊ အခုသူသည် လူသူ မနီးသည့် ဟိမဝန္တာတောကြီးထဲသို့ တရားရှာမှီးရန် ရောက်ရှိ နေသော "ခန္တိဝါဒီ" ရှင်ရသေ့ ဖြစ်နေပါပြီ၊ သူသည် ပစ္စည်း ဥစ္စာများကို သူ့နောက်ပါအောင် လုပ်နိုင်ခဲ့သည်သာ မက စိတ်၏ချမ်းသာရာကိုလည်း ရအောင်ယူနိုင်ခဲ့ပါသည်။

သူ့ဘဝသည် မရှိတောင့်တ, ရှိကြောင့်ကြ ဒုက္ခကို လွန် မြောက်၍ ရောင့်ရဲမှုသုခဖြင့် အလွန်ချမ်းမြေ့ဘွယ် ကောင်းလှ၏၊ သံယောဇဉ်၏အာရုံဖြစ်သော ဝတ္ထုကာမ ကိလေသ ကာမတို့နှင့် အလွန်ဝေးရာသို့ ရောက်ရှိနေသဖြင့် လက်ထိပ် ဖြေထားသော အကျဉ်းသမားလို အလွန်လွတ်လပ်လှ၏၊ ဈာန်သမာပတ် ချမ်း သာတို့ကြောင့် သူ့ဘဝဟောင်းကိုသူပြန်၍သတိမရ တော့ပါ၊ သူသည် လောကစည်းစိမ်ထက် အဆင့်လွန်ကဲလာသော ဈာန် သမာပတ်ချမ်းသာဖြင့်သာ အချိန်ကိုကုန်လွန်စေခဲ့ပါသည်။

အဖော်မမှီး တကိုယ်တည်းဖြင့် တောကြီးထဲမှာ ကြာမြင့်စွာ ပျော်မွေ့နေခဲ့သော ခန္တိဝါဒီ ရှင်ရသေ့အဘို့ တခါတခါတော့ လည်း လူ့ရပ်ကိုသတိရမိသည်၊ သို့သော်လွန်ကဲသော ကာမဂုဏ် အာရုံကို စိတ်လည်၍တော့ မဟုတ်ပါ၊ သစ်သီးဝလံတို့ကိုသာ စားရဖန်များသဖြင့် တခါတရံ အချဉ်အငန်ကလေးများ စားလို သောဆန္ဒနှင့် လူတို့အား တရားဟောကြား ချီးမြှောက်လိုသော ကြောင့်သာ ဖြစ်ပါသည်၊ ထို့ကြောင့် ဤအစာ အာဟာရ မျိုးကို ရရှိနိုင်မည့် ဗာရာဏသီ လူ့ဌာနီသို့ ဝေဟင် ခရီးဖြင့် ဈာန်ယာဉ်စီး၍ ထွက်ခွါလာခဲ့သည်။

ဆွမ်းခံဝတ်ဖြင့် လှည့်လည်လာသော ရှင်ရသေ့၏ ထူးခြားသော တည်ကြည်ငြိမ်သက်မှုကို သဒ္ဓါစိတ်ပေါက်သော စစ်သူကြီးကဆွမ်းဆက်ကပ်ပြီး မင်းဥယျာဉ်တွင်းမှာ ပျော်သလောက်သီတင်းသုံးနေပါရန် လျှောက်ထားချက်ကို ဝန်ခံလိုက်သည်။

ဤအချိန်တွင် တိုင်းပြည်ခေါင်းဆောင် ဖြစ်သူ "ကလာဗု" မင်းမှာ အတောင်ကျွတ်သောငှက်ကဲ့သို့ တရားလက်လွတ်လျက်ရှိ၏၊ မင်းကျင့်တရား ဆယ်ပါးကိုလည်း သူမကြား ဘူးပါ။ အရှက်အကြောက် တရားကိုလည်း ထားရကောင်းသော အရာဟူ၍ပင် သူမဆင်ခြင်၊ ငါ့တိုင်း ငါ့ပြည် ငါရှင်ဘုရင် ငါထင်တာလုပ်မည်၊ ငါ့လှေငါထိုး ပဲခိုးရောက်ရောက်ဆိုသည့် ဝါဒကိုလက်ကိုင်သုံးပြီး သုရာဖုံးသော ဘုရင်တဆူ အဖြစ် ပြည်သူကိုမတရား အုပ်ချုပ်သော အဓမ္မမင်းဟူ၍ သတင်းပြေးလျက် ရှိပါသည်။

တနေ့တွင် ကလာဗု ယစ်ဘုရင်သည် အထမ်းတော်၊ အဆိုတော်၊ အတီးတော်၊ အချော့တော်၊ ကချေသည် လုဒေဝီတို့ပါ မကျန် မောင်းမ မိဿံ ခြွေရံသင်းပင်း အလုံး အရင်းဖြင့် ပျော်ပွဲ ယစ်ပွဲသဘင်ကြီး ခင်းကျင်း ဇိမ်ခံရန်အတွက် ဥယျာဉ်တွင်းသို့ ရောက်ရှိလာပါသည်။

သာယာငြိမ့်ညောင်းသော စောင်းညှင်း ပတ်သာ ဒူရိယာသံချင်းသံတို့က မင်္ဂလာဥယျာဉ်၏ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းမင်းမူလျက်ရှိသည်၊ သခင့်အလိုလိုက် အကြိုက်သိသော အရည်တော်ဆက်တို့က ကလာဗုမင်းအား တခွက်ပြီးတခွက်ငှဲ့၍ ဆက်နေသော ယစ်ရွှေရည်နံ့တို့က သင်းပျံ့သော ပန်းတို့၏ အနံ့ကိုအနိုင်ယူလျက်ရှိသည်၊ ကလာဗုမင်း၏ ဇိမ်ယစ်ပွဲမှာ တောင်ထိပ်

ပွဲတမျှ စည်ကားလှပါပေသည်၊ ရွှေရည်တော်သုံး၍ ပျော်မဆုံး မော်မဆုံး မူးမဆုံး ရူးမဆုံး လှိုင်လှိုင်ကြီးပြုံးခဲ့သော ကလာဗု ဘုရင်သည် ယစ်ရွှေရည်၏ အရှိန်ကို ထိန်းမထား နိုင်တော့ဘဲ အိစက် ချောမွေ့ ထူးခြားသော ဖဿအတွေ့ရှိသော လှဒေဝီ တဦး၏ရင်ငွေ့ကို ခိုလှုံရင်း အိပ်ပျော် သွားပါတော့သည်။

မင်းအလိုလိုက် မင်းကြိုက်ဆောင်၍ မင်းကို ခစားလုပ်ကျွေး ရခြင်းမှာ စင်စစ်တော့ တဦးတယောက် ကာမစည်းစိမ်ကို ဝဝ အိအိခံစားနိုင်ရေးအတွက်တဦးစီတဦးစီ၏ကိုယ်ပိုင် လွတ်လပ်ခွင့် အကျိုး ခံစားခွင့်တွေကို စွန့်လွှတ်ပြီး မချစ်သော်လည်း အောင့် ကာနမ်း– မနမ်းသော်လည်း ပင့်သက်ရှူ ဆိုသလို အများက ဝိုင်းဝန်း ပျော်တော်ဆက် နေရခြင်းသာ ဖြစ်ပါသည်၊ အများ ကောင်းစားရေးအတွက် တဦးတယောက်က အနစ်နာ ခံရခြင်း မျိုးကို လောကကြီးက နှစ်သက်မည် ဖြစ်သော်လည်း တဦး အတွက် အများကဝိုင်း၍ အနစ်နာခံရခြင်းမျိုးကိုကား လောက ကြီးက လွန်စွာမုန်းတီးပေမည်။

သူတို့အားလုံးသည် မင်းအတွက်ပိုင်း၍ ပျော်တော်ဆက် နေရခြင်းဖြစ်ကြ၏၊ ထိုမင်းအိပ်ပျော်သောအခါ သူတို့ဆက်သော ပျော်စရာကို မည်သူက ရှင်ရှင်ပြုံးပြုံး ခံယူပါတော့မည်နည်း၊ ဤသည့်အားလပ်ချိန်ကလေးမှာ သူတို့၏ ကိုယ်ပိုင် လွတ်လပ် ပျော်ရွှင်မှု အခွင့်အရေးကို ရယူချင်စိတ် ပေါက်လာကြသည်။

အသီးမျိုးစုံ ပန်းမျိုးစုံ ရှုခင်းမျိုးစုံတို့ဖြင့် ဝါလျက်ဝင်းလျက် ထုံလျက် သင်းလျက်ရှိသော ဥယျာဉ်ကြီးထဲသို့ ထိုမှ ဤမှ လှည့် ပတ်ကြရသည်ကို သူတို့မမေ့နိုင်ကြပါ၊ အခိုင်လိုက် အပြွတ်လိုက်

သီးလျက်ရှိသော ဝါရှမ်းသည့် သစ်သီးများကို ဆွတ်ချူ စားသုံးရသည်ကိုလည်း လွန်စွာ အရသာ တွေ့နေကြပါသည်၊ မွှေးပျံ့သင်းထုံ ပန်းမျိုးစုံတို့ကိုတယောက်ခေါင်းတွင် တယောက် တင်၍ ဆင်ကြပြင်ကြယဉ်လှပုံကိုလည်း သူတို့ကြည်နူး နှစ်သိမ့် မဆုံးနိုင်အောင် ရှိနေကြပါသည်။

ဥယျာဉ်တော်၏ တိတ်ဆိတ် ငြိမ်သက်သော တနေရာတွင်ကား ဘုရင်နှင့် မောင်းမ အပေါင်းတို့၏ ပျော်ရွှင် ခံစားမှု ကာမ စည်းစိမ်ကို လွှမ်းမိုး၍ တန်ဘိုးမဖြတ်နိုင်သော ရဟန်းချမ်းသာကို ခံစားနေသူမှာကား ခန္တီဝါဒီ ရှင်ရသေ့ပင် ဖြစ်ပါ၏၊ သူ၏ ချမ်းသာမှာ အပေါင်းအသင်း အခြွေအရံတို့၏ အကြားမှ ပေါက်ဖွားရရှိသော ချမ်းသာမျိုးမဟုတ်၊ တဦးတည်းနေ တဦး တည်းရှု၍ တဦးတည်း၏ သမာဓိ တဦးတည်း၏ နှလုံးသားမှ ပေါ်ပေါက်လာခဲ့သော ချမ်းသာသာဖြစ်ပါသည်၊ သူ့ချမ်းသာ သည် ပတ်ဝန်းကျင်၏ ပြုပြင်မှုမှ ကင်းသောကြောင့် အလွန် ထူးခြားလှပါသည်၊ ကလာဗုမင်း၏ ချမ်းသာမှာ စိတ်ကို ပဓာန မထားဘဲ ကိုယ်ချမ်းသာရေးကိုသာ ဦးစားပေး၏၊ စိတ်ထဲမှာ ရှိသော လောဘ ဒေါသ မောဟ တဏှာ မာန အညစ်အကြေး တွေကို မဆေးကြောနိုင်သေးပါ၊ ခန္တီဝါဒီ ရှင်ရသေ့၏ ချမ်းသာ မှာ ပြင်ပ ကိုယ်ခန္ဓာကို ဦးစားမပေးဘဲ အရင်းမူလ ကျသော စိတ်၏ တည်ကြည်ငြိမ်သက်မှု ချမ်းသာမျိုး ဖြစ်သည်၊ ထို့ ကြောင့် သူ၏ချမ်းသာကို ကလာဗုမင်း၏ ချမ်းသာမျိုးထက် အရာအထောင် သာလွန်သော ချမ်းသာမျိုးနှင့်ပင် လဲနိုင်မည် မဟုတ်ပါ။

မောင်းမအပေါင်းတို့သည် ရှင်ရသေ့၏ တမူထူးခြားသော အေးဆေးငြိမ်သက်သည့် ဣရိယာပုထ် အသွင်အပြင်ကို မြင်မြင်ချင်း ကြည်ညိုမဆုံး ရှိနေကြပါသည်၊ သူတို့၏ လောလီသော အမူအယာတို့သည် ရှင်ရသေ့၏ တည်ငြိမ်သော အသွင်အပြင်ကို ရှက်နိုး ပျောက်ကွယ်သွားကြလေပြီ၊ ရှင်ရသေ့ ကဲ့သို့သော အသွင်အပြင် ဣန္ဒြေရှင် ဖြစ်လိုသော သူတို့က တလုံးတပါဒ မျှပင်ဖြစ်စေ တရားဓမ္မ ဟောညွှန်ပြသ ဆုံးမရန် မပန်ကြားဘဲ မနေနိုင်ကြတော့ပါ၊ ရှင်ရသေ့၏ ငြိမ်းအေး သာယာသော တရားမိုးရွာလာမည့် အချိန်ကိုသာ သူတို့ ပြားပြားဝပ် လက်အုပ်ချီမိုး ရှိခိုးရင်း ငံ့လင့်နေကြပါသည်။

ရှင်ရသေ့၏ တရားမိုးသည် သူတို့၏ ပူလောင်ခြင်းကို တစုံတခုသော အတိုင်းအတာအထိ အေးချမ်းစေခဲ့ပါပြီ၊ သူတို့၏ ပခုံးထက် ခေါင်းထက်မှာ ရွက်လို့ထမ်းလို့ ဖျန်းလို့ စိမ်လို့ မဝနိုင်ကြသေးပါ၊ သူတို့၏ လက်ရှိမင်း ကျွန်ဘဝကိုပင် သတိမရကြတော့ပါ၊ ဓမ္မပီတိဖြင့် လွှမ်းဖုံးစိမ်တုံးထားသော သူတို့၏ နှလုံးသားတို့သည် ကာလာဗုမင်းထံသို့ သွား၍ မခစားကြတော့ပါ၊ သူတို့၏ စိတ်လိပ်ပြာကလေးများသည် ဓမ္မပန်းဥယျာဉ်နှင့် ဓမ္မဥယျာဉ်မှူးထံမှ မခွဲနိုင် မခွါရက်ကြတော့ပါ။

ယစ်ဘုရင်ကို ရင်မှာပိုက်ပြီး တယောက်တည်း ကာမကျွန်ခံနေခဲ့ရသော လုံမခမျာမှာလည်း ယစ်ဆီ ဝနေသော ဘုရင်ကို မလှုပ်မရှက် ကြာရှည်စွာ ပိုက်ဖက်၍ မထားနိုင်တော့ပါ၊လှုပ်ကြွ၍ နေရာပြင်မိသောအခါ ယစ်ဘုရင်ပါ နိုး၍ လာပါတော့သည်။

"ဟို–အယုတ်မတွေ ဘယ်သွားကြသလဲ"

မိုးကြိုးကဲ့သို့ ပြင်းထန်သော ယစ်ဘုရင်၏ အသံကို ကြား လိုက်ရသော လုံမ ခများမှာ ကြောက်ဒူးများပင် တုန်ရပါ တော့သည်။

"ဟို–ဟို–ဥယျာဉ်ထဲက ရသေ့နားမှာ တရား နာနေကြ ပါတယ်"။

ကတုန်ကယင် မတင်ဝံ့ဝံ့ တင်ဝံ့ငံ့နှင့် လုံမက တင်ရပါတော့ သည်။

"အော်–ရသေ့ ဟုတ်လား၊ ငါဘုရင်ကို မထီလေးစား၊ ယို့–ရသေ့စုတ် ရသေ့ယုတ် ငါ့အကြောင်း ဒင်း အခုသိရမပေါ့ ငါ့သံလျက် အခု မြန်မြန်ဆက်၊

ကဲ–အကြံယုတ်တဲ့ ရသေ့စုတ်ရေ–ခု ငါလာပြီ၊ ပြေးနိုင်ရင် ပြေးပေတော့"

ယစ်ဘုရင် ဒေါသမီး တောက်လောင်ချေပြီ၊ သူ ဘာကိုမျှ မဆင်ခြင်တော့ပါ၊ ရသေ့ သူတော်စင်ကိုပင် ကာမဓားပြ စွပ်စွဲ၍ အယုတ်တမာကြီးအဖြစ် ထင်မှားမိလေပြီ၊ မာန မြောက်၍ တောက်လာသော ဒေါသမီးကို မေတ္တာနှင့် မငြိမ်း လိုဘဲ လောင်စာနှင့်လေပါပင့်၍ ဗြဟ္မာ့ပြည်အထိ လောင်စေ ချင်သူ ဖြစ်နေချေပြီ၊ ဒေါသမီးကြောင့် လောင်ကျွမ်း ပျက်စီး တော့မည့် ဆိုးဝါးသော သူ့ဘဝ အခြေအနေကိုလည်း လုံးဝ မသိရှာပါ။

"ဟေ့ အယုတ်တမာတွေ၊ အော်–နင်တို့ကဒီမှာကိုး၊ တယ်လဲ ဟုတ်ကြပါလား၊ နင်တို့ကငွင်းတကို ခစားတဲ့ ကျေးမတွေပေါ့ ဟုတ်လား"။

ကျွားကဲ့သို့ ခက်ထန်လှသော ကလာဗု ယစ်ဘုရင်၏ အသံသည် သာယာသောပန်းဥယျာဉ်တွင်းမှ ကြည်လင်အေးမြသော တရားသံကို လွှမ်းမိုးထွက်ပေါ်လာသည်၊ မောင်းမတို့လည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

"ကဲ-အမိတို့၊ မြန်မြန်လုပ်ကြပါဦး"။

ယစ်ဘုရင်နှင့်အကျွမ်းဝင်သော မောင်းမများကို ယစ်ဘုရင်၏ ဒေါသမီးကို အချိန်မီ ထိန်းသိမ်းပေးရန် ကျန်မောင်းမများ အားလုံးက အရေးတကြီးဝိုင်း၍ ပြောကြသည်။

"ရွှေဘုန်းရှင်ဘုရား-ဆင်ခြင်တော်မူပါ၊ သံလျက်ကြီး ကိုင်ထားရတာ လေးပါလိမ့်မယ် ကျွန်တော်မ တို့အား ပေးထားတော်မူပါ"။

မင်းကျွမ်းဝင် မောင်းမအချို့က လျင်မြန် ဖြတ်လတ်စွာ ပရိယာယ်ဆင်၍ သံလျက်ကိုတောင်းယူထားလိုက်ကြသည်။

"နားနဲ့မနာ ဖဝါးနဲ့နာတော်မူပါဘုရား၊ အခု ကိစ္စသည် ရှင်ရသေ့၏အပြစ် တစုံတရာမျှမပါပါ၊ ကျွန်တော်မတို့ ဆန္ဒအလျောက် တရားနာလာရခြင်းသာဖြစ်ပါသည်၊ ရှင်ရသေ့ကို လုံးဝအပြစ်မယူဘဲ ကျွန်တော်မတို့ကိုသာ ပြစ်ဒဏ် ပေးတော်မူပါဘုရား"။

"ဟယ်အယုတ်မတွေ၊ တော်တန်တိတ် ဘာတရားလဲ-တရားဆိုတာ ငါနားမလည်ဘူး၊ ဒီရသေ့စုတ်က နင်တို့လင်မို့ ရှေ့နေ့ လိုက်နေရသလား၊ ရသေ့ကလည်း ကာမခေါးပြ၊ နင်တို့ကလည်း အကြွအရွ ဘာလူးကြလို့လဲ၊ မြူလို ညုလို ကလူလို ကြီစယ်လို ဝကြမ္မ ဘာတောင်းပန်နေရသေးသလဲ၊ နင်တို့ တခွန်းမှ မဟာ ကြနဲ့ အသာနေကြစမ်း"။

"အော်-ဒါလား၊ တရားပြကောင်းတဲ့ ရသေ့ကြီး ဟဲ-ဟဲ"

"ကဲ-မေးစမ်းပါရစေဦး၊ သင်က ဘယ်အယူ ဘယ်ဝါဒနဲ့ ဘာတရားတွေများ ဟောပြလိုက်သလဲ၊ ဘယ်နှစ်ယောက် ကျွတ်သွားသလဲ"။

ယစ်ဘုရင်က သယောင်ပြုံး ပြုံး၍ မေးလိုက်သည်။

"မင်းကြီး-ငါသည် ခန္တီဝါဒရှိသူ ဖြစ်၏"။

ရှင်ရသေ့က ကြောက်မှုထိတ်လန့်မှု လုံးဝမပါဘဲ တည်ငြိမ်စွာပြန်ဖြေ၏။

"နေပါအုံး-ခန္တီဝါဒဆိုတာ ဘာကို ခေါ်တာလဲ- သိစမ်းပါရစေ"။

"မင်းကြီး-ဆဲရေးသူ၊ ညှဉ်းဆဲသူ၊ ပုတ်ခတ်သူ၊ ပြစ်မှားသူတို့အား စိတ်မဆိုးတာကို ခန္တီဝါဒဟု ခေါ်၏"။

"ကိုင်း-ဒါဖြင့် သင့်မှာ ခန္တီဝါဒရှိ-မရှိ သိရသေးတာပေါ့၊ ဟဲ့ကောင်မတွေ လက်မရှိ အာဏာသား တယောက် မြန်မြန်သွားခေါ်ခဲ့ကြစမ်း"။

မောင်းမအပေါင်းတို့မှာ ထိတ်ထိတ်ပြာပြာ ဖြစ်ကုန်ကြသည်၊ တခါတော့ ကိုယ်ကျိုး နည်းကုန်ကြပါပေါ့-ဟူသော အတွေး ကိုယ်စီဖြင့် ရင်နာစရာမြင်ရမည့် မြင်ကွင်းကို သွေးလန့်လျက် ရှိကြသည်၊ သူတော်စင်ကိုမှ ပြစ်မှားရက်လေရဲ့ဟု ယစ်ဘုရင်ကို စိတ်ထဲမှာ အပြစ်တင်ကြသည်၊ ရှုံ့ချစက်ဆုပ်ကြသည်။

"တာဝန်ထမ်းဆောင်ရန် အသင့်ပါဘုရား"။

"အော်-မောင်မင်း ရောက်နေမှကိုး၊ အေး-မင်း အခုဘဲ တာဝန်ထမ်းရမယ်၊ ဟောဒီ ခန္တီဝါဒရှိတဲ့ရသေ့ကို မြေပေါ်ဆွဲချ

ပြီးတော့ ကြိမ်ဆူးနဲ့ ကျောငါးရာ၊ ရင်ငါးရာ၊ ဝဲငါးရာ၊ ယာငါးရာ ရိုက်စေ မောင်မင်း”။

သူတပါးတို့အား ရိုက်ပုတ်ညှဉ်းဆဲ သတ်ဖြတ်မှု၌ ကျွမ်းကျင်လှသော အာဃာတသား၏ ရက်ရက်စက်စက် ရိုက်ပုတ်နေသော မြင်ကွင်းမှာ ယစ်ဘုရင်ကို ရွှင်ပြုံးနိုင်စေသော်လည်း ကြည့်ရသူ မောင်းမအပေါင်းတို့၏နှလုံးမှာ ကြိမ်မီးအုံးသလို ပူလောင်လှပါသည်။ အာဃာတသား၏ ပြင်းထန်သွက်လက်လှသော ကြိမ်ဆူးချက်သည် ဘုရားအလောင်းတော် ရှင်ရသေ့၏ အရေထူကိုသာမက အရေပါးကိုပါ ထွင်းဖောက်၍ အသားများပင် အတုံးအတစ် ပြတ်ကျကုန်ပါတော့သည်၊ ချင်းချင်းနီသော သွေးတို့သည် ကိုယ်မှစီး၍ မြေသို့ကျလျက်ရှိကြပါသည်။

“ဟယ်–ရသေ့ယုတ်၊ သင့်မှာ ခန္တီဝါဒ ရှိသေး သလား”။

ယစ်ဘုရင်က အောင်မြင်သော အပြုံးကို ပြုံး၍ အထင်သေးဟန်နှင့် မေးလိုက်သည်။

“မင်းကြီး–ငါသည် ခန္တီဝါဒ ရှိသူသာ ဖြစ်၏၊ သည်းခံမှုခန္တီကို ငါ၏ အသားအရေထဲမှာ ရှိတယ်လို့ သင်ထင်မှားလျက်ရှိ၏၊ ငါ့ရဲ့ သည်းခံမှု အဓိဝါသန ခန္တီကို အရေ အသားထဲမှာ ရှာ၍မရ၊ သင်မမြင်နိုင်သော ငါ့ရဲ့ နှလုံးသားထဲ မှာသာ သည်းခံမှု ခန္တီ ရှိ၏။

ရှင်ရသေ့၏ အမူအယာသည် လုံးဝ ပြောင်းလဲခြင်း မရှိ၊ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်သူ အဖြစ်ဖော်ညွှန်းနေ၏။

“အော်-တယ်သည်းခံတဲ့ ရသေ့ကြီးပါလား၊ ဘယ်လောက်အထိ သည်းခံနိုင်တယ်ဆိုတာ ဆက်ကြည့်ရသေးတာပေါ့”။

"ဟဲ့-အာဏာသား၊ ခန္တီဝါဒ စွန့်ပါပြီလို့ မပြောမချင်း ဒီရသေ့ယုတ်ရဲ့ လက် ခြေ နား နှာခေါင်းတွေကို တခုပြီးတခု ဖြတ်စမ်း"။

တာဝန်ကျလာလျှင် မည်သည့် ရက်စက်မှုမျိုးကိုမှ လုပ်ရန် ဝန်မလေးသော အာဏာသားက နောက်တွန့် လက်ရှိခြင်းမရှိပါ၊ ယစ်ဘုရင်၏ သဘောကျအတိုင်း ဖြစ်ရန် အစွမ်းကုန် တာဝန် ထမ်းလျက် ရှိပါသည်။

ရှင်ရသေ့၏ ကိုယ်မှ ပြတ်ထွက်သွားသော ခြေထောက်နှင့် လက်များသည် ဟိုတချောင်း ဒီကချောင်း ပြန့်ကြဲလျက် ရှိပါသည်၊ နှာခေါင်းနှင့် နားရွက်ကလေးများမှာ ငါးပုံ့ကလေးတွေလို တဖြတ်ဖြတ်ခုန်တုန်းပင် ရှိပါသေးသည်၊ နီနီရဲရဲ သွေးခဲသွေးကြဲတို့မှာ ရှင်ရသေ့၏ တကိုယ်လုံးကို ရေချိုးထားသလို စိုရွှဲနေရုံသာမက မြေပေါ်မှာပင် သွေးစီးသော ရိုးကလေး တမျှ ဖြစ်နေပါပြီ၊ အာဏာသား၏ သွေးလူးသောအဝတ် သွေးလူးသော ပုဆိန်တို့ကလည်း ရက်စက်သူ၏ သရုပ်ကို အစွမ်းကုန် ဖော်ဆောင်လျက် ရှိပါသည်၊ ဤသို့သော ရက်စက်သည့် မြင်ကွင်းမျိုးကို မည်သည့် သူတော်စင်မှ မမြင်လိုသော်လည်း အလိုကြီးမှု ယုတ်မာမှု ခက်ထန်မှုတို့၏ အောင်လံကို လွှင့်ထူထားသော ယစ်ဘုရင်မှာကား သဘောကျမဆုံး ပီတိဖုံးလျက် ရှိပါသည်၊ အစက ဓမ္မအသံလွှင်ခဲ့သော ဤနေရာသည် ယစ်ဘုရင်၏ တမုဟုတ်ချင်း ဖန်ဆင်းမှုကြောင့် ယခု သုသာန်တစပြင်ပြင်ကြီး ဖြစ်သွားရလေပြီတကား။

"ဟဲ့–ရသေ့ယုတ်၊ သင့်ခန္တီတွေ အသက်ရှိတုံးဘဲလား"။

ရက်စက်ခက်ထန်မှု အရှိန်အဟုန်ကို အစွမ်းကုန် အားယူထားသော ယစ်ဘုရင်က မျက်ထောက်နီရင်း နှုတ်ခမ်းကိုက်ရင်း အံကြိတ်ရင်း မေးလိုက်ပြန်သည်။

"မင်ကြီး–ငါဟာ ခန္တီဝါဒကို ဘယ်တော့မှ စွန့်လွှတ်မည် မဟုတ်ပါ၊ ခန္တီဆိုတာ လက်ဖျား ခြေဖျား နှာခေါင်းဖျား နားရွက်ဖျားတွေမှာ ရှိတယ်ဆိုတဲ့ မှားယွင်း သေးသိမ်လှသော အထင်နဲ့ သင်ကရှာနေ၏၊ စင်စစ် ခန္တီဆိုတာ အဲဒီနေရာတွေမှာ မရှိဘူး၊ သင်ဘယ်လိုမှ မမြင်နိုင်တဲ့ ငါ့ရဲ့ အလွန်တရာ နက်လှသော နှလုံးသားတွင်းမှာသာ ရှိပေ၏"။

သူတော်ကောင်း အစစ်အမှန်တို့ မည်သည် အသက်ကိုသာ အသေခံမည်၊သဒ္ဓါ–သီလ–သုတ–စာဂ–ပညာ–ဟိရီ–သြတ္တပ္ပဆိုတဲ့ သူတော်ကောင်းတိုင်း လုံခြုံစွာ သိမ်းဆည်းထားလေ့ရှိကြသည့် သူတော်ကောင်းဥစ္စာ ရတနာအနှစ်တို့ကိုကား မည်သည့်အခါမျှ ကင်းကွာစွန့်ပစ်ထားလိမ့်မည် မဟုတ်ပါ၊ နိဗ္ဗာန် ရောက်ရေး၏ စစ်မှန်သော လမ်းစဥ်တခုဖြစ်သော အဓိဝါသနခန္တီ–ဒိဋ္ဌိနိဇ္ဈာန ခန္တီ–သစ္စာနုလောမခန္တီ စသည်ဖြင့် ကျယ်ဝန်း များပြားလှသည့် ခန္တီဝါဒကိုလည်း ခန္တီဝါဒီရှင်ရသေ့က မှားသော လမ်းစဥ် တရပ်ဟု မရှက်မကြောက် ရှေ့နောက်ပြန်လှန်၍ ပြောကြားမည် မဟုတ်ပါ၊ အသက်ကို မုသားနှင့် လဲ၍ မယူလိုပါ၊ အသက် ချမ်းသာရာရရေးအတွက် မုသားဆိုမှုမည်ကို ရှက်ကြောက်လှပါ သည်၊ ယစ်ဘုရင်၏ ရက်စက်မှုကို တကယ်ကြောက်စရာဟု မထင် ပါ၊တဘဝ တခါသေရမည်မှာ ဓမ္မတာဆိုတာ သိပြီး ဖြစ်၏၊ ပုံသူအသစ် ခံသူ အဟောင်းလို့သာ မြင်သည်၊ ခန္တီဝါဒကို

စွန့်လွှတ်လိုက်သဖြင့် သူတော်ကောင်းတို့ ကဲ့ရဲ့မည့် အရေး၊ နောင်တမလွန်မှာ ကျရောက်မည့် ဘေးတို့ကိုသာ ခန္တိဝါဒီ ရှင်ရသေ့က တကယ်ရှက်ကြောက်လှပါသည်၊ ခန္တိဝါဒမှာ သူ တကယ်ယုံကြည် တကယ်လက်ခံ တကယ်မြတ်နိုး တကယ် လက်တွေ့ ကျင့်သုံးနေသော လမ်းစဉ်ဖြစ်သဖြင့် ဘယ်သော အခါမျှ မစွန့်လွှတ်ဘဲ အသက်နှင့်သာ လဲ၍ ကာကွယ်သွား ပေမည်။

''ကဲ-ဒါလောက် အစွဲကြီးတဲ့ ရသေ့ယုတ်၊ သင့်ခန္တီကို သင့်ခေါင်းမှာ အမြဲ သိမ်ှုနှက်ထားပေတော့၊ သည်းခံကောင်း လွန်းလို့ ငါနောက်ဆုံး ဆုချခဲ့ချင်တာကတော့ ဒါဘဲ၊ ရော့''။

ယစ်ဘုရင်၏ ခြေထောက်နှင့် ရှင်ရသေ့၏ ရင်ကို တအား ကန်ခဲ့သော နောက်ဆုံးရက်စက်ခြင်းနှင့်အတူ အလောင်းတော် ရှင်ရသေ့ခမျာ နှစ်ပတ်သုံးပတ်လိမ့်၍ သွေးချောင်းထဲမှာ မေ့မျောကျန်ရစ်ခဲ့ပါတော့သည်။

ယူဇနာနှစ်သိန်း လေးသောင်း အထုရှိသော ဤမဟာပထဝီ မြေကြီးသည် မရေမတွက်နိုင်သော သက်ရှိသက်မဲ့ အပေါင်း တို့ကို မိမိအပေါ်၌ တင်ဆောင် ထားနိုင်ပါသော်လည်း ယုတ် မာလှသော ကလာဗုယစ်ဘုရင် တယောက်ကိုကား တင်ဆောင် ထားလိုသည့်စေတနာမရှိတော့ပါ၊ သူ့ခြေအောက်မှာ မနေလို တော့ပါ၊ ကွဲအက်၍လာချေပြီ၊ အဝီစိငရဲမီးကြီးသည် ယစ်ဘုရင် မိုက်ကို ပြစ်ဒဏ်ခတ်ရန် လူ့ပြည်အထိ လာရောက် ကြိုဆိုလျက် ရှိပါသည်၊ သူသေသည့်အထိပင် မစောင့်နိုင်တော့ပါ၊ သူ့ကို မောင်းမတွေကလဲ မကယ်နိုင် တော့ပါ၊ သူ့ရဲ့ နောက်ဆုံး

သွားရာလမ်းမှာ ကမ္ဘာ့ လူမိုက်ကံကြီးရှင်တို့၏ စခန်းချရာ ဖြစ်သော မဟာအဝီစိငရဲကြီးပင် ဖြစ်ပါတော့သည်။

အချိန်နှောင်းမှ ရောက်လာခဲ့သော စစ်သူကြီး ခမျာမှာလည်း ဆရာရှင်ရသေ့၏အသက်ကို ကယ်ဆယ်ချိန် မရတော့ပါ၊ သတိမရတချက် ရတချက်ဖြစ်နေသော ရှင်ရသေ့ကို မချိသောနှလုံး မပြုံးသော မျက်နှာဖြင့် ရှိခိုး တောင်းပန်ခွင့် ရရေးကိုသာ ကြိုးစားရပါတော့သည်။

"အလောင်းတော် သခင် အရှင်ရသေ့မြတ်၊ အကြင် မင်းသည် ရှင်ရသေ့အား အမျိုးမျိုး နှိပ်စက်၏၊ ထိုမင်းအားသာလျှင် အမြက်ထွက်တော်မူပါ၊ နိုင်ငံသား အားလုံး အပေါ် အမျက်ထွက်၍ မပျက်စီးစေသင့်ပါဘုရား"။

"အို–ဒကာတော်စစ်သူကြီး၊အကြင်မင်းသည် ငါ့အားအမျိုးမျိုး နှိပ်စက်၏၊ထိုမင်းသည် အသက်ရှည်ပါစေ၊ ငါကဲ့သို့သော ခန္တိဝါဒီရှင် သူတော်စင်တို့သည် မည်သူ့ကိုမျှ အာဃာတမထားကြပါ"။

မိမိအား သတ်သူကိုပင် စစ်မှန်သော မေတ္တာ ထားနိုင်သော ရှင်ရသေ့၊ ခန္တီဝါဒကို တင်းတင်းကြပ်ကြပ် အမြဲအမြံ ဆုပ်ကိုင်ထားသောရှင်ရသေ့၊ အရိုး–အရေ–အသား–အသွေးကို ဖယ်ထုတ်၍ အသဲ နှလုံးမှာသာ ခန္တီကို လက်တွေ့ရှာပြ တတ်သော ရှင်ရသေ့၊ အမှားကိုဖယ်ရှား၍ အမှန်ကို ထုတ်ဖော်တတ်သော ရှင်ရသေ့ကား ခန္တီဝါဒကို တကယ်မုန်းသော ယစ်ဘုရင်၏ ရက်စက်မှုကြောင့် ရရှိခဲ့သည့် ဝေဒနာကို ခံစားရင်း အရှက်ကို အသက်နှင့်လဲသွားခဲ့ချေပြီတကား–။

## သစ္စာတမန်



## အခန်း (၅)

# သစ္စာအနက် ရှာဖွေခြင်း

အာရုံငါးပါး ဒီတရားကို
ခင်လား မင်လား သိမ်းလားနှင့်
လိုက်စားနှစ်ခြိုက် အများကြိုက်သည်
တသိုက်လောကီ ကာမပြည်။

စားရေး ဝတ်ရေး အိမ်ထောင်ရေးနှင့်
အရေးထွေထွေ အကြောင်းတွေကြောင့်
ရွှေငွေမနေ မရရအောင်
ရှာရ ဖွေရ စုဆောင်းကြသည်
လောဘဇောကြွ နေ့တခုဝ။

နင်လား ငါလား သာမထားဘဲ
ဝတ်စားချင်းပြိုင် အိမ်ချင်းဆိုင်၍
သူနိုင်ငါနိုင် အကြွားလှိုင်သည်
စွဲကိုင်ထင်တလုံး မာနဖုံး။

ကြီးလားငယ်လား မခွဲခြားဘဲ
မွဲလားချမ်းသာ သူ့မျက်နှာကို
မညှာမထောက် သေချိန်ရောက်က
မဖောက်မသွေ သေရချေသည်
မနေရသည့် သေမျိုးချည်း။

တွေ့ရကြုံရ ဆုံကြရသည့်
ဘဝသနစ် ဒီအဖြစ်ကို
ဆန်းစစ်အဘိဓမ္မာ အဖြေရှာသော်
သီတာလေလား မီးပုံလား။ ။(မြကဝိန်)။

ဗုဒ္ဓဘာသာ၌ တမန်တော်မရှိပါ၊ တမန်စေသူလည်း မရှိပါ၊ သို့သော် တမန်တော်နှင့် တူသော ခန့်အပ်လွှာ မပါသည့် တမန်များကိုကား ဗုဒ္ဓက ဖော်ညွှန်းတော်မူခဲ့သည်၊ ယင်းတို့မှာ ကလေး– သူအို– သူနာ–အကျဉ်းသမား–သူသေ ငါးဦးတို့ပင် ဖြစ်ကြသည်၊ ဤသဘာဝတမန် ငါးဦးတို့သည် သီးခြားစေလွှတ်သူ မရှိပါဘဲလျက် ကမ္ဘာတည်သရွေ့ ကာလပတ်လုံး မိမိတို့ အလို အလျောက် တမန်တော်တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည်။

ဤတမန်တော်ငါးဦးတို့သည် သတ္တဝါတို့ ပတ်ဝန်းကျင်မှာ အမြဲရှိနေကြ၏၊ သို့သော် သူတို့နှင့်သိကျွမ်းသူမှာ အလွန်ရှားပါး လှ၏၊ သူတို့၏ ညွှန်ကြားပြောဆိုချက်များကို သတ္တဝါတို့က နားမလည်နိုင်ဘဲ အမှုမဲ့ အမှတ်မဲ့သာ နေသူများကြ၏၊ သတ္တဝါ တို့၏ ကာမဂုဏ် ခံစားနိုင်ရေးအတွက် နေ့ရှိသ၍ လုံးပမ်းနေရမှု သည် ယင်းတမန်တော်တို့နှင့် လက်ဆုံ စကားပြောခွင့် သိကျွမ်း ခွင့်ကို များစွာ အဟန့်အတား အနှောက်အယှက် ဖြစ်စေခဲ့သည်။

"ဥစ္စာ ပညာ ရှာသည့်အခါ အိုနာသေရေးကို မတွေးဘဲ ဘေးဖယ်ထားပါ၊ တရားကျင့်လျှင် သေမင်းက ခုချက်ချင်း လာခေါ်နေသလို သဘောထားပြီး ကြိုးစားပါ"။ (စာဏကျနီတိ)

ဥစ္စာပညာ ရှာရာတွင် ထိရောက်နိုင်ရေးအတွက် အခိုက်အတန့်အားဖြင့် ကလျာခွဲခြား၍ အိုနာသေရေးကို မစဉ်းစားသည်မှာ မဆိုသာသော်လည်း ကုန်တတ် ခန်းတတ်သော နောက်တဖန် ဒုက္ခအရင်းတည်၍ရှာကြံမှ ရနိုင်သော ချမ်းသာတု ချမ်းသာယောင်တို့ဖြင့် အမှန်းတင်၍ ဒုက္ခညွန်တွင်းမှာ နစ်နေကြရသော သတ္တဝါတို့၏ လက်ရှိဘဝမှ ဘဝမဲ့ အမြတ်ဆုံး ချမ်းသာကို ရရှိနိုင်ရေးတွင်ကား ယေဘုယျသတ္တဝါတို့က အရေးမစိုက်သည့် သဘာဝတမန်တော် ငါးဦးတို့က များစွာ အထောက်အပံ့ပေးလျက် ရှိကြသည်၊ ထိုတမန်တော်တို့ကို များစွာ အလေးထားဘို့ လိုသည်၊ ယင်းတို့၏ ပြောပြချက်ကို လက်တွေ့ သဘောမပေါက်ဘဲ ဘဝမဲ့ ချမ်းသာကို ရယူဘို့ရန် မလွယ်ကူ၊ အစုံသိ-အကုန်သိ သတ္တဝါအပေါင်းတို့၏ ဦးစီး ခေါင်းဆောင် အတုမရှိ ဗုဒ္ဓအဖြစ်ကို ရယူနိုင်ရေးမှာပင် တမန်တော် ငါးဦးတို့၏ ပြည့်ညွှန်ချက်ကို ခံယူရလေသည်။

> "ပွင့်မည့်ဘဝ ပစ္ဆိမဥ္ဇ သဗ္ဗဗောဓိသတ် လောင်းတော်မြတ်တို့ ပြာသာဒ်ရွှေဘုံ ရံရွှေစုံနှင့် အာရုံငါးပါး ပျော်စံစားစဉ် တရားသိမြော် ပွင့်ချိန်တော်က မိုးပေါ်အာကာ ငါးဆင့်သာသည့် သုဒ္ဓါဘူမိ နန်းသိရိမှ ဝိသုဒ္ဓိမြတ် သုဒ္ဓါနတ်တို့ အမှတ်သံဝေ ရတို့စေအောင် လေးသွေ့ ထင်လင်း မျှော်တွင်ဆင်းပြီး အိုခြင်းအစ ဆံဖြူဆွနှင့် ပုဗ္ဗ

နိမိတ် ပြသည့်ဟိတ်ဖြင့် လန့်ထိတ်သောအား တောထွက်
သွား၍ လေးပါးသစ္စာ ပွင့်ကြစွာသည့် ဓမ္မတာအစစ်
ဖြစ်ဘိရကား ထိုကြောင်းလျှားကြောင့် ဖောက်ပြား
အမူ အိုခြင်းဟူသည် ဆံဖြူအမှတ် ဝိသုဒ်နတ်တို့ မချွတ်
ထင်ရှားစေသောအားဖြင့် ပျော်ပါးစိတ်လျော့ တော
ထွက်တော့ဟု သဘောအလို မြွက်ဆို အဟုတ် သေ့
မယုတ်သည်-ဝိသုဒ်တမန် အမှန်ငါ့ကို ပြလာပြီ”

ဤသို့ မန်လည် ဆရာတော်က မဃဒေဝ လင်္ကာသစ်တွင် သဘာဝတမန် ငါးဦးတို့၏ လှုပ်ရှားချက် တာဝန်ထမ်းဆောင်ချက်တို့ကို အကွက်ပေါ်အောင် သရုပ်ဖော်ပြခဲ့သည်။

**ဒုက္ခဝါဒ**

ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲလှ၏၊
အိုရခြင်းသည်လည်း ဆင်းရဲလှ၏၊
နာရခြင်းသည်လည်း ဆင်းရဲလှ၏၊
သေရခြင်းသည်လည်း ဆင်းရဲလှ၏-ဟု မိဂဒါဝုန် ဓမ္မစကြာ တရားပွဲကြီးတွင် လက်မှန်မဆွကပင် ဗုဒ္ဓက ဒုက္ခဝါဒကို ထုတ်ပြတော်မူခဲ့၏၊ ယင်းတို့ကို ချမ်းသာပါတယ်လို့ မည်သူကမျှ စောဒက မတက်ကြပါ၊ သစ္စကပရိဗိုဇ်-ဗကဗြဟ္မာ စသော တယူသန်သမားတို့ပင်လျှင် ဗုဒ္ဓ၏ အနတ္တဝါဒကို အတ္တဟု ဇွတ်ကန် ငြင်းခဲ့ကြသော်လည်း ဒုက္ခဝါဒကိုတော့ ကလန်ကဆန်မလုပ် လက်ခံကြပါသည်၊ ဗုဒ္ဓမပွင့်လျှင် အနတ္တဝါဒကို ထုတ်ဖော်နိုင်သူ မရှိသဖြင့် စုန်းစုန်းမြုပ်၍ လုံးဝကွယ်ပျောက်နေခဲ့ရသော်လည်း ဒုက္ခဝါဒမှာ ဓမ္မနယ်ပယ်တွင် မတွင်ကျယ်စေကာမူ အသင့်အတင့် လက်ခံသူတွေ ရှိခဲ့ကြပါသည်။

အနတ္တ ဝါဒထက် သိလွယ်သော ဒုက္ခဝါဒကို သတ္တဝါတို့က အတော်အတန် သဘောပေါက် လက်ခံကြ၏၊ ယင်းဒုက္ခမှ လွတ်မြောက်ရေးအတွက် အစွမ်းကုန်ကြိုးစားကြ၏၊ သို့သော် သူတို့၏ ကြိုးစားချက်သည် သစ်ပင်တပင်သေသွားရေးအတွက် ထွက်လာသမျှ အကိုင်းအခက်ကိုသာ ခုတ်ပစ်နေသူနှင့်တူသဖြင့် "ဝတလုံးဖျက်က နှစ်လုံးပေါ်လာသည်" ဆိုသလို ဒုက္ခတခု လွတ်မြောက်ရေးအတွက် ဒုက္ခပေါင်း သောင်းခြောက်ထောင်နှင့် ရင်ဆိုင်တွေ့နေကြရလေသည်၊ ခုတ်ရာတခြား ရှရာတလွဲ ဖြစ်နေကြရလေသည်၊ သစ်ပင်၏အသက်ဖြစ်သော ရေသောက်မြစ်ကို မမြင်သလို ဒုက္ခ၏ အရင်းမူလ အကြောင်း ဖြစ်သော ကိုယ့်မှာ အမြဲဝင်ပူးပြီး ဒုက္ခတွေကို တိတ်တိတ် ခိုးယူနေသည့် အဝိဇ္ဇာတဏှာ နှသယဘီလူးကို မမြင်ကြ၊ မသတ်ကြ၊ ဒီတော့ သစ်ပင် ရှင်မြဲမျှင်သလို ဒုက္ခလည်း စည်ပင်မြဲ စည်ပင်၍သာ နေကြရလေသည်။

လယ်သမားတဦး နွားပျောက်သွားသဖြင့် လယ်ထွန်စရာမရှိ၊ အတိဒုက္ခ ရောက်ရသည်၊ လယ်သမားသည် နွားမရှိသော ဒုက္ခမှ လွတ်မြောက်ရန် လယ်အနှံ့၊ ယာအနှံ့၊ တောအနှံ့၊ တောင်အနှံ့- နွားကိုလိုက်၍ရှာ၏၊ နွားမရှိသော ဒုက္ခမှ လွတ်မြောက်ရေး အတွက် ကြိုးစားရာတွင် စိတ်မော- ကိုယ်မော- ရေငတ်- ထမင်းငတ်စသော ဒုက္ခ အပေါင်းကိုသာ ထပ်၍ရလာသည်၊ နွားကို ရှာ၍မတွေ့၊ စင်စစ်တော့ ထိုလယ်သမားဟာ နွားရှာ မှားနေခြင်းဖြစ်၏၊ ညအချိန် တင်းကုပ်ထဲ ဝင်ဝင်ဆဲ့သော ကျားကိုမသိ၊ သူ့နွား ပျောက်ရခြင်း၏ အရင်းအမြစ်ဖြစ်သောကျားကိုမတားဆီးနိုင်လျှင် တကယ့် စိတ်ချမ်းသာရာကို သူဘယ်မှာ ရပါမည်နည်း။

## စိတ်ကို ထိန်းမတ်နည်း

သဘာဝဓမ္မတို့၏ အကောင်းအဆိုး အကြောင်း အကျိုး အရင်း အမြစ် အစစ်အမှန်ကို ဝေဖန် ပိုင်းခြား၍ မသိတတ်သောသူ၊ သိအောင်လည်း မကြိုးစားသူသည် မည်သည့်အခါမျှ လမ်းမှန်ပေါ်သို့မရောက်နိုင်၊ သူသည် မဆုံးနိုင်သော သံသရာလမ်းခရီးကို စမ်းတဝါးဝါးနှင့် လျှောက်ရင်း သံသရာ၏ ချောက်ထဲသို့သာ ချော်၍ကျနေမည်၊ တည်ငြိမ် ခိုင်မာမှု မရှိ၊ လော်လီ ဖောက်ပြန်တတ်သော သူ့စိတ်က သူ့ကို အမျိုးမျိုး လှည့်စားပေးနေသည်၊ အကောင်းအဆိုးဟူ၍မရှိသော သဘာဝဓမ္မတို့ကို သူ့စိတ်က အကြိုက်တွေ့လာလျှင် အကောင်းလုပ်လိုက်သည်၊ အကြိုက်မညီလျှင် အဆိုးလုပ်လိုက်သည်၊ စိတ်က သတ်မှတ်ပေးသော အကောင်းကို သူက ရအောင်လိုက်၍ လုပ်သည်၊ ထိုအခါ အရည်အချင်းမရှိသော စိတ်က သတ်မှတ် ပေးလိုက်သော အကောင်းသည် သူ့အတွက် ဆိုးကျိုးသာ ဖြစ်စေခဲ့သည်၊ တည်ငြိမ်မှန်ကန်၍ အရည်အချင်း ပြည့်ဝသော စိတ်၏ သတ်မှတ်ချက်ကို သူက လိုက်၍ လုပ်နိုင်မှ သာလျှင် သူသည် ကောင်းသော ခံစားခွင့်အကျိုးတရားကို ရရှိနိုင်မည်။

"လူသာမန်တို့၏စိတ်သည် မျောက်နှင့်တူ၏" "ပုထုဇ္ဇနော–ဥမ္မတ္တကော"ဟူသော ဟောမိန့်ချက်မှာ လူသာမန်တို့၏ စိတ်မမှန်တတ်ပုံကို ဖော်ကျူး ထားခြင်းဖြစ်၏၊ မှန်ကန်သော စိတ်၏ အဆင့်အတန်းသို့ ရောက်ပြီးမှ သာလျှင် လူသည် အရူးဘဝမှ လွတ်မြောက်ရ၏။

လေ–သလိပ်–သွေး–သည်းခြေ တမျိုးမျိုး လူသာမန်တို့ထက် ဖောက်ပြန်ပျက်စီးနေသူကို ပကတိအရူးဟု ခေါ်ရ၏၊ နှလုံးသွေး

ထဲသို့ မကောင်းပျက်စီးသည့် လေသလိပ် သွေးသည်းခြေများ ပေါင်းစပ်ဝင်ရောက် သွားတတ်၏၊ထိုအခါနှလုံးသွေးပါ ဖောက်ပြန်ပျက်စီးပြီး နှလုံးအိမ်လည်း အားနည်းသွားလေသည်၊ ယင်းသည့်တလက်ဖက်မျှရှိသော နှလုံးသွေးကို အမှီပြု၍ အာရုံ ယူရသောစိတ်မှာလည်း ပုံမှန်အလုပ်မလုပ်နိုင်ဘဲ နုံ့နှေးသွားရသည်။

နုံ့နှေးထိုင်း မှိုင်းသော စိတ်သည် အာရုံကို မြင်နေကျ သိနေကျအတိုင်း မမြင်တတ် မသိတတ်တော့ချေ၊ ထမင်းကိုမစင်၊ မစင်ကို ထမင်း၊ငိုစရာကို ရယ်စရာ ရယ်စရာကို ငိုစရာ စသည်ဖြင့် ယူဆလေတော့သည်၊ သူ့စိတ်ကထင်တိုင်း သူကပြောက်လုပ်နေတော့ သာမန်လူတို့အမြင်မှာ ထူးခြားနေသောကြောင့် သူ့ကို အရူးဟု သတ်မှတ်ကြလေသည်။

ဤအရူးမျိုးနှင့် ပုထုဇ္ဇနော ဥမ္မတ္တကောတွင် ပါသော အရူးတို့မှာ သွက်သွက်ခါအောင် ရူးသူနှင့် ညင်ညင်သာသာ ရူးသူ အဖြစ်ဖြင့်သာ ကွာခြားနေသည်ကို တွေ့နိုင်သည်၊ အာလုံးကို ခြုံကြည့်လျှင် စိတ်ထားမမှန် ဖောက်ပြန်တတ်သူကို (အရူး)၊ စိတ်ထားမှန်ကန်သူ စိတ်ကိုတကယ်နိုင်နင်းသူကို (အကောင်း)ဟု တွေ့နိုင်လေသည်၊ထို့ကြောင့်အကျွန်ုပ်တို့သည် အကောင်းဘဝကို ခံယူနိုင်ကြရန် (သို့မဟုတ်) အရူးဘဝမှ လွတ်မြောက်နိုင်ရန် အတွက် စိတ်ကို နိုင်နင်းအောင် ထိန်းမတ်ပေးဘို့ နည်းလမ်းများ ကို ရှာကြံလေ့ကျင့်ရန် လိုအပ်လာလေပြီ။

စိတ်ကို ဘယ်လို ထိန်းမတ်ပေးမည်နည်း။

လဲသူကို ဆွဲထူသလို အရှိန်အဟုန်မပါဘဲ ထိန်းမတ်ပေးမည်

စက်ဘီးကို အရှိန်အဟုန် ယူပြီးမှ လိုရာကွေ့၍ လမ်းမှန်ဘက်သို့ လှည့်သလို ထိန်းမတ်ပေးမည်လော။

ဤသို့ စိတ်ကို ထိန်းမတ်ပေးရာ၌ ဗုဒ္ဓကျင့်သုံးခဲ့သော နည်းတခုကို ညွှန်ပြလိုပါသည်။

## အာဠဝကချွတ်ခန်း

## (ယက္ခသံယုတ်–အာဠဝကသုတ်)

ဗုဒ္ဓသည် သာဝတ္ထိမြို့မှ ယူဇနာသုံးဆယ်၊ မိုင် (၃၆၀) ကျော်ကွာဝေးသော အာဠဝီပြည်သို့ အာဠဝကနတ်ဘီလူးအား ချွတ်ရန်ကြွလှမ်းတော်မူခဲ့သည်၊ ထိုအချိန်တွင် အာဠဝကသည် ဟိမဝန္တာနတ်သဘင် အစည်းအဝေးသို့ သွားနေစဉ် ဖြစ်၏၊ ဗုဒ္ဓသည် အာဠဝီမြို့နှင့် တဂါဝုတ် (သုံးမိုင်ကျော်) ကွာလှမ်းသော အာဠဝက ဘီလူး၏ ဗိမာန်ရှိရာ ညောင်ပင်ကြီးနားသို့ ချဉ်းကပ်တော်မူခဲ့၏။

"အချင်း–ဂဒြဘ၊ သင့်မှာတာဝန် မလေးလျှင် ဗိမာန်တွင်းသို့ တည်းခိုခန့် ဝင်ခွင့်ပေးပါ"။

ဗုဒ္ဓသည် အာဠဝက၏ ဗိမာန်စောင့် ဂဒြဘ ဘီလူးအား ဤသို့ အခွင့်တောင်းလိုက်၏။

"ရှင်တော်ဗုဒ္ဓ–ဝင်ခွင့်ပေးရန် တာဝန် မလေးလှပါ၊သို့သော် အာဠဝကသည် လွန်စွာ ကြမ်းကြုတ် ခက်ထန်ပါ၏၊ အမိအဘတို့ကိုပင် လေးစားသူမဟုတ်ပါ၊အာဠဝကသည် ဤဗိမာန်တွင်းသို့ ရောက်လာသူတို့အား ရူးအောင်လည်း လုပ်တတ်ပါ၏၊နှလုံးသားကိုလည်း ဖောက်ထွင်းစားတတ်ပါ၏၊ ခြေကို ကိုင်၍ သမုဒ္ဒရာတဘက်ကမ်းသို့ရင်း စကြဝဠာ၏ ဟိုမှာဘက်သို့ရင်းလွှင့်ပစ်တတ်

ပါ၏။ ထို့ကြောင့် ဗိမာန်တွင်းသို့ ဝင်ရောက်နေထိုင်ရန် နှစ်သက်တော် မမူပါနှင့်”။

ဂဒြဘာဘီလူးက ဤသို့ အကျိုးအကြောင်းပြ၍ ဗုဒ္ဓကို တားမြစ်လိုက်၏။

“အချင်း–ဂဒြဘာ၊ အာဠဝက၏ စိတ်သဘောကို ငါသိပြီးသားပါ၊ သို့သော် ငါ့၌ အန္တရာယ် တစုံတခု မဖြစ်နိုင်ပါ၊ ဝန်မလေးလျှင် ခွင့်သာပေးပါ”။

“ရှင်တော်ဗုဒ္ဓ–အာဠဝကကို မပန်ကြားဘဲ ဝင်ခွင့်ပေးလိုက်လျှင် အကျွန်ုပ်၌ တာဝန်မကင်းသည်ကို စဉ်းစားမိပါ၏၊ အကျွန်ုပ် အသက်အန္တရာယ်ကို ထိခိုက်နိုင်ပါသည်၊ သူ့ကို ပန်ကြားပါရစေဦး”။

“ကောင်းပြီ–ဂဒြဘာ၊ သင့်တာဝန်ကို သင်သိလေ့”။

ဂဒြဘာဘီလူး ထွက်သွားပြီးမကြာမီမှာပင် ဗိမာန်တံခါးသည် ဘုန်းတော်ကြောင့် အလိုလိုပွင့်၍ လာ၏၊ ဗုဒ္ဓသည် အစောက် သုံးယူနေသော ရှိသော အာဠဝကဗိမာန်တွင်းသို့ ကြွဝင်တော်မူခဲ့ပြီး အာဠဝကထိုင်သော ရတနာပလ္လင်ပေါ်တွင် သီတင်းသုံး စမ့်ယံ တော်မူ၏၊ ရွှေရောင်အဆင်းရှိသော ရောင်ခြည်တော်တို့သည် တဝင်းဝင်းတလျှပ်လျှပ် ယှက်သန်း ကွန့်မြူးတော်မူနေ၏။

အာဠဝက၏ အခြွေအရံ မောင်းမအပေါင်းတို့မှာ ဗုဒ္ဓကို ရှိခိုးဝန်းရံလျက် ရှိကြ၏ ဤသို့ အံ့သြဘနန်း အဆန်းတကြယ် ကြည်ညိုဘွယ်သော ဗုဒ္ဓ၏ အသရေတော်ကို ဖူးမျှော်ရင်း ဗုဒ္ဓထံမှ တရားတော်ကို နာယူကြ၏၊ ရာဂ–ဒေါသ–မောဟမှောင် တို့ဖြင့် တသက်လုံး ဖုံးအုပ် မှောင်မိုက် ညစ်ထေးခဲ့သော အာဠဝက၏ ဗိမာန်ကို ဗုဒ္ဓ၏ အသရေတော် ဗုဒ္ဓ၏ သာယာ နာပျော်

ဘွယ်ကောင်းသော ဓမ္မအသံ၊ မောင်းမအပေါင်းတို့၏ ကြည်နူး မဆုံး ပီတိဖုံးသော ကောင်းချီးသံတို့ဖြင့်ဆေးကြောသန့်စင်လိုက် သလို အတိုင်းမသိသော အသရေကိုဆောင်ရင်း အာဠဝက၏ ဗိမာန်ကြီးမှာ ဝင့်ကြွားထယ်ဝါနေ၏၊ငြိမ်းအေးသော လက္ခဏာ ကို ပြနေ၏။

တံခါးစောင့် ဂဒြဘဘီလူး၏ အစီရင်ခံချက်အရ အာဠဝက ဘီလူးသည် အခြေအနေအားလုံးကို ရိပ်စားမိလေပြီ၊ သူ့ထီး သူ့နန်းထဲသို့ သူ့ခွင့်မပြုဘဲ တပါးသောသူက ပိုင်စိုး ပိုင်နင်း ဝင်ရောက်နေခြင်းကို သူတပါးတွေ သိမသွားစေချင်ပါ၊ သူ၏ ရာဇဂုဏ်ကို များစွာထိခိုက်စေသဖြင့် အရှက်ရောက်ပြီး ဒေါသမီး တောက်နေ၏၊ ဤကိစ္စသည် သူ့အတွက် ပထမဦးဆုံး အစော် ကားခံရခြင်းဖြစ်၏၊ သူ့အရှိန်အဝါသည် များစွာ ကြီးလှ၏၊ သူ၏ တန်ခိုးသတ္တိကို လာရောက်အံတု ယှဉ်ပြိုင်နိုင်သူ ရှေးက မပေါ်ဘူးသေးပါ၊ သူသည် ဒေါသမီးကို ထိန်းမထားနိုင် တော့ပါ၊ နတ်သဘင် အစည်းအဝေး ကိုလည်း စိတ်မဝင်စား တော့ဘဲ စော်ကားလာသူအား မှတ်လောက်အောင် အပြစ် ပေးရန် သူ့ဗိမာန်သို့ အမြန်ပြန်ခဲ့သည်။

ဗုဒ္ဓထံတွင် ပြားပြားဝပ် ခစားနေကြသော သူ့နန်းတွင်းသူ တို့ကို မြင်လိုက်ရသောအခါ သူသည် လုံးဝ ခွင့်မလွှတ်နိုင်လောက် သော နာကျည်းမှုကို ခံစားလိုက်ရ၏၊ သူ့အမျက်မီးသည် ဟုန်း ဟုန်းရဲရဲ တောက်လေပြီ။

“သင်တို့ဆရာ ဗုဒ္ဓကဘဲ တန်ခိုးကြီးသလား၊ ငါကဘဲ တန်ခိုး ကြီးသလား ကြည့်ကြသေးတာပေါ့”။

အာဠဝကဏ် နှုတ်မှ ရဲရဲတောက် စိန်ခေါ်သံ ထွက်လာသည်။

အာဠဝကသည် လက်ဝဲခြေကိုကြွ၍ ဆေးဒါန်း မြင်းသီလာပေါ်သို့ ခုန်တက်လိုက်၏၊ လကျာခြေဖြင့် ကေလာသ တောင်ထွတ်ပေါ်သို့ ခပ်ပြင်းပြင်း နင်းတက်လိုက်၏၊ သံတုံး-သံခဲ-ကျောက်တုံး-ကျောက်ခဲတို့သည် တောင်ထွတ်မှ ပြတ်ထွက် လွင့်စင်ကုန်ကြ၏။

"ငါဟေ့-အာဠဝကတဲ့"။

ကြောက်မက်ဘွယ် ကောင်းသော ကြုံးဝါးသံ ကြီးသည် ဇမ္ဗူဒိပ် တကျွန်းလုံးသို့ ပြန့်နှံ့သွားသည်၊ ယူဇနာ သုံးထောင်ကျယ်သော ဟိမဝန္တာတောင်ကြီးပင် တုန်ဟီးသွားလေသည်။

အာဠဝကသည် ဗုဒ္ဓအား တခါတည်း လွင့်စင် ထွက်ပြေးသွားစေရန် လေမုန်တိုင်းကြီး စေလွှတ် လိုက်သည်၊ တောင်ထွတ်များသည် အပိုင်းပိုင်းပြတ်၍ ကျကုန်၏၊ သစ်ပင် များလည်းအမြစ်ပါမကျန် ပြိုလဲကုန်ကြသည်၊ အာဠဝီပြည်ရှိ အဆောက်အဦ အမိုးအကာတို့မှာ မှုန်မှုန်ကြေပြီး ကောင်းကင်တွင် လွင့်ပျံနေကြ၏။

"မည်သူ တဦးတယောက်မျှ အန္တရာယ်မဖြစ်စေ သတည်း"ဟု ဗုဒ္ဓက ဓိဋ္ဌာန်တော်မူလိုက်၏၊ အာဠဝက၏ လေမုန်တိုင်းကြီးသည် ဗုဒ္ဓ၏ သင်္ကန်းစွန်းကိုပင် လှုပ်ရှား စေခြင်းငှာ မစွမ်းနိုင်ကြပါကုန်၊ အာဠဝကသည် သူ၏ တန်ခိုးသတ္တိ အရှိန် အဟုန်ကို တိုးမြှင့်လိုက်ပြီး ဗုဒ္ဓရေထဲ မျောပါ သုံးပါးစေရန် သည်းထန်သောမိုးကြီးကို ရွာသွန်းစေပြန်၏၊ သည်းထန်လှသော မိုးကြီးသည် မြေပြင်တခုလုံးကို ပင်လယ်ကြီး ဖြစ်စေနိုင်ခဲ့ သော်လည်း ဗုဒ္ဓကို တပေါက်မျှပင် မစိုစေနိုင်ခဲ့ပါ။

အာဠဝကသည် ကျောက်ခဲမိုး၊ လက်နက်မိုး၊ မီးကြီးမိုး၊ ပြာပူမိုး၊ သဲမိုး၊ ရွှံ့ပုပ်မိုးများကို အဆက်မပြတ် ရွာသွန်းစေပြန်၏၊ ကျောက်ခဲမိုး၊ လက်နက်မိုး၊ မီးကြီးမိုး၊ သဲမိုး တို့သည် ဗုဒ္ဓအနီးသို့ ရောက်သောခါ ပန်းပွင့်, ပန်းကုံးများ ဖြစ်ကုန်ကြတော့သည်၊ ပြာပူမိုးသည် စန္ဒကူးမှုန့် ဖြစ်သွား၏၊ ရွှံ့ပုပ်မိုးသည် နံ့သာနှစ်ဖြစ်သွား၏။

ဤမျှသော လက်နက်တို့ဖြင့် အာဠဝက၏ စစ်ပွဲ အခြေအနေသည် အားတက်စရာ မတွေ့ရသေးပါ၊ ထို့ကြောင့် သူသည် ဗုဒ္ဓကို ကြောက်လန့် ပြေးသွားစေရန် အမှောင်ထုကြီးကို ဖန်တည်းလိုက်ပြန်၏၊ ယင်း အမှောင်ထုကြီးသည် ဗုဒ္ဓထံပါး ရောက်သောအခါ နေရောင်ကိုပင် စိုးမိုး ပျောက်ကွယ်စေသော ပြိုးပြိုးပြက်ပြက် အလင်းထုကြီး ဖြစ်ကုန်ကြလေသည်။

အာဠဝကသည် စစ်ပွဲကို အရှုံးနှင့်သာ ရင်ဆိုင်နေရ၏၊ သူ၏ စစ်ဆင်နည်းများလည်း ကုန်သလောက် ဖြစ်နေချေပြီ၊ ဤစစ်ပွဲ အောင်နိုင်ရေးအတွက် သူ့မှာ အခက်အခဲ များစွာနှင့် ရင်ဆိုင်နေရ၏၊ သို့သော် သူက လက်နက်မချလိုသေးပါ၊သူသည် သေနင်္ဂဗျူဟာ တခုကို ချမှတ်လိုက်ပြန်၏။

သူ၏ တန်ခိုးဖြင့် ဖန်ဆင်းပေါ်ပေါက်လာသော နတ်ဘီလူး စစ်တပ်ကြီးကို သူကိုယ်တိုင် ဦးစီးချီတက်လာခဲ့၏! သူ၏စစ်သားများမှာ ကြောက်စရာကောင်းသလောက် ရက်စက်ကြမည့် ပုံပန်းကို ဆောင်နေကြ၏၊ "ဗုဒ္ဓကို ဖမ်းကြလော၊ ဆီးကြလော့၊ သတ်ကြလော့" ဟု အော်ဟစ်ကြွေးကြော် ချီတက်လာသော ဘီလူးစစ်တပ်ကြီးမှာ မြင်ရုံနှင့်ပင် အသက် ထွက်လောက်အောင် ကြောက်စရာ လန့်စရာ ကောင်းလှပါတော့သည်၊ သို့သော်

သံပူခဲကို ယင်ကောင်များ မနားနိုင်သလို အာဠဝက၏ စစ်တပ်ကြီးသည် ဗုဒ္ဓ၏ အနားသို့ပင် မကပ်ဝံ့ကြဘဲ ကစဥ့်ကလျား ဆုတ်ခွါ ထွက်ပြေးကြလေသည်။

အာဠဝကသည် ဤစစ်ပွဲကို သာသာကလေး အနိုင်ရမည့်စစ်ပွဲဟု အစက တွက်ချက်ခဲ့၏။သို့အတွက် သူသည် မိုးတလုံး လေတလုံး ကြွားလုံးထုတ်၍ ကျွန်းလုံးအနှံ့ ကြွေးကြော်ခဲ့၏၊ အပြောနှင့်အလုပ် မညီလျှင် သူ့အတွက် အရှက်များစွာရတော့မည်၊ ရှက်လည်း ရှက်လှပြီ၊ သူ၏ စစ်အင်အားမှာလည်း ချိနဲ့လှပြီ၊ ဗုဒ္ဓကို နိုင်အောင်တိုက်၍ သူဘယ်သို့ ဝံ့ကြွား ဂုဏ်ယူနိုင်မည်နည်း၊ ဗုဒ္ဓထံ လက်နက်ချ အရှုံးပေးဘို့ရန် သူ့မှာ လက်တလုံးခြားသာကျန်တော့၏။

စစ်ပွဲ စခဲ့သည် မှာလည်း အတော်ကြာခဲ့ပြီ၊ ညဥ့်ဝက်သွန်းခေါင် အချိန်သို့ပင် ရောက်ခဲ့ရပြီ၊ သူ့အတွက် အားတက်ဘွယ်ရာ စစ်ကွက် တခုကိုမျှ မတွေ့ရသေးပါ၊ သူသုံးသော လက်နက်မှန်သမျှသည် ဗုဒ္ဓ၏ မေတ္တာလက်နက်ကို မည်သို့မျှ မထိုးဖောက်နိုင်သေးပါ၊ ထို့ကြောင့် သူသည် အနုမြူ လက်နက်မျိုးထက် အဆပေါင်းများစွာ ပြင်းထန်သော သူ၏ အထက်မြက်ဆုံး လက်နက်ကြီးဖြင့် အသုံးပြု၍ ဗုဒ္ဓကို နောက်ဆုံး တိုက်ခိုက်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။

သူ၏ နောက်ဆုံးလက်နက်ဖြင့် ကောင်းကင်ကို ပစ်လျှင် ဆယ့်နှစ်နှစ်လုံးလုံး မိုးခေါင်၏၊ မြေပေါ်ပစ်လျှင် ဆယ့်နှစ်နှစ်လုံးလုံး သစ်ပင်များ မပေါက်နိုင်တော့၊ သမုဒ္ဒရာထဲ ပစ်လျှင် ရေတွေအားလုံး ဆူပွက်ခန်းခြောက်သွားစေသည်၊ မြင့်မိုရ်

သံပူခဲကို ယင်ကောင်များ မနားနိုင်သလို အာဠဝကဏ် စစ်တပ်ကြီးသည် ဗုဒ္ဓ၏ အနားသို့ပင် မကပ်ဝံ့ကြဘဲ ကစဉ့်ကလျား ဆုတ်ခွါ ထွက်ပြေးကြလေသည်။

အာဠဝကသည် ဤစစ်ပွဲကို သာသာကလေး အချောင်နိုင်ရမည့်စစ်ပွဲဟု အစက တွက်ချက်ခဲ့၏၊သို့အတွက် သူသည် မိုးတလုံး လေတလုံး ကြွားလုံးထုတ်၍ ကျွန်းလုံးအနှံ့ ကြေးကြော်ခဲ့၏၊ အပြောနှင့်အလုပ် မညီလျှင် သူ့အတွက် အရှက်များစွာရတော့မည်၊ ရှက်လည်း ရှက်လှပြီ၊ သူ၏ စစ်အင်အားမှာလည်း ချိနဲ့လှပြီ၊ ဗုဒ္ဓကို နိုင်အောင်တိုက်၍ သူဘယ်သို့ ဝံ့ကြွား ဂုဏ်ယူနိုင်မည်နည်း၊ ဗုဒ္ဓထံ လက်နက်ချ အရှုံးပေးဘို့ရန် သူ့မှာ လက်တလုံးခြားသာကျန်တော့၏။

စစ်ပွဲ စခဲ့သည် မှာလည်း အတော်ကြာခဲ့ပြီ၊ ညဉ့်ဝက်သန်းခေါင် အချိန်သို့ပင် ရောက်ခဲ့ရပြီ၊ သူ့အတွက် အားတက်ဘွယ်ရာ စစ်ကွက် တခုကိုမျှ မတွေ့ရသေးပါ၊ သူသုံးသော လက်နက်မှန်သမျှသည် ဗုဒ္ဓ၏ မေတ္တာလက်နက်ကို မည်သို့မျှ မထိုးဖောက်နိုင်သေးပါ၊ ထို့ကြောင့် သူသည် အနူမြူ လက်နက်မျိုးထက် အဆပေါင်းများစွာ ပြင်းထန်သော သူ၏ အထက်မြက်ဆုံး လက်နက်ကြီးဖြင့် အသုံးပြု၍ ဗုဒ္ဓကို နောက်ဆုံး တိုက်ခိုက်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။

သူ၏ နောက်ဆုံးလက်နက်ဖြင့် ကောင်းကင်ကို ပစ်လျှင် ဆယ့်နှစ်နှစ်လုံးလုံး မိုးခေါင်၏၊ မြေပေါ်ပစ်လျှင် ဆယ့်နှစ်နှစ်လုံးလုံး သစ်ပင်များ မပေါက်နိုင်တော့၊ သမုဒ္ဒရာထဲ ပစ်လျှင် ရေတွေအားလုံး ဆူပွက်ခန်းခြောက်သွားစေသည်၊ မြင့်မိုရ်

ကိုယ်ကျင့်တရား ရှိသူဖြစ်လျှင် ဝင်ရောက်နေထိုင်ဘို့ မသင့်ပါဘူး”။

အာဠဝကသည် ဗုဒ္ဓ၏ စိတ်ကို သွေးကိုးစမ်းလိုက်၏၊ သူက ဗုဒ္ဓ၏ စိတ်ထဲတွင် ကွန့်မြူး စမ္ပါယ်နေသော မေတ္တာဓာတ်ကို ထွက်သွားစေလို၏၊ သို့သော် လောကတွင် ဗုဒ္ဓလောက် မိမိ စိတ်ကို မိမိနိုင်နင်းသူ ရှာ၍ မရနိုင်ကြောင်း အာဠဝကက မသိ ရှာပါ၊ ဗုဒ္ဓ၏ တည်ကြည်ငြိမ်သက်မှန်ကန်သောစိတ်ကို မည်သည့် အာရုံကမှ ဖောက်ပြန် ပြောင်းလဲသွားအောင် သွေးဆောင် ဖျားယောင်းနိုင်စွမ်း မရှိပါ၊ ဗုဒ္ဓ၏ စိတ်တော်သည် အာရုံကို အမှန်အတိုင်းသာ သိမြင်တော်မူတတ်၏၊ ဤသို့ဖြစ်လျှင် အာဠဝက၏ စိတ်ဓာတ်စစ်ဆင်နည်းသည် ဗုဒ္ဓအပေါ် မည်သို့ အောင် နိုင်ပါမည်နည်း။

သို့သော် အာဠဝက က အလျှော့မပေးသေးဘဲ စိတ်ဓာတ် စစ်ဆင်နည်းကိုပင် ဆက်၍ အသုံးပြုပြန်၏။

အို...ရှင်ရဟန်း၊ ငါ့ဗိမာန်မှ အမြန်ထွက်လော့”။

ဤစကားဖြင့် အာဠဝကက ဗုဒ္ဓ၏ သန့်စင်သော မေတ္တာစိတ် ကို ညစ်ထေး နောက်ကျုသွားအောင် ဖန်တည်းလိုဟန်ရှိ၏။

ဗုဒ္ဓသည် အာဠဝက၏ ပြောင်းလဲသွားသော အခြေအနေ အားလုံးကို သိတော်မူလိုက်၏၊ ဒေါသမီး ဟုန်းဟုန်းတောက်နေ သော အာဠဝကကို မထွက်ဘဲ တင်းခံနေလိုက်လျှင် မြွေပွေးကို ဒုတ်နဲ့ ထိုးသလို ပို၍သာ ခက်ထန်ကြမ်းထမ်းလာမည်၊ မီးကိုမီးနဲ့ ငြိမ်း၍ မရ၊ ကြမ်းသူကို အကြမ်းနည်းဖြင့် ဆုံးမ၍မရ၊ သို့ ဆုံးမလျှင် ပျားအုံကို ဒုတ်နဲ့ ထိုးသလို ပို၍သာ ကြမ်းလာမည်၊ နိဗ္ဗာန်တံခါးဝသို့ တခါတည်း ဆွဲပို့သော အနုနည်းဖြင့်လည်း

အကြမ်းဆုံးလူကို ဆုံးမ၍ မရ၊ သို့ဆုံးမလျှင် မီးပေါ်မှာ ရေမတင်သလို တရားရေစင်ကို ခပ်ယူချိုးသောက်နိုင်မည်မဟုတ်ပါ၊ တရားသည် လူကြမ်း၏နှလုံးသားသို့ ခိုနားနိုင်မည်မဟုတ်ပါ။

ဗုဒ္ဓသည် ငိုသောကလေးကို လိုရာပေး၍ အငိုတိတ်စေသကဲ့သို့ငှင်း၊ နို့မစို့သော ကလေးကို လိုရာဖြင့် ပေးချော့၍ စို့စေသကဲ့သို့ငှင်း၊ ညစ်ပေနေသော ပုလင်းကို ဆေးကြောပြီးမှ စတုမဓုထည့်သကဲ့သို့ငှင်း၊ ကိလေသာ မျက်ရည်စီး၍ ငိုယိုနေသော ဓမ္မနို့ရည် မသောက်စို့လိုသော အာဠဝကကို သူ့အကြိုက်လိုက်လျော့ချော့မြှူပြီးမှ အငိုတိတ်စေ၍ ဓမ္မနို့ရည်ကို သောက်သုံးစေသော နည်းကိုငှင်း၊ ဒေါသ အညစ်အထေး တင်နေသော အာဠဝက၏ စိတ်ကို ဆေးကြောပြီးမှ အမတ စတုမဓုကို ဖြည့်တင်းပေးသည့် နည်းကိုငှင်း အသုံးပြု၍ ချေချွတ်ရန် ဆုံးဖြတ်တော်မူလိုက်သည်။

"အချင်း-အာဠဝက၊ ကောင်းပြီ၊ သင့်သဘောအတိုင်း သင့်ဗိမာန်မှ ငါထွက်ပါအံ့"။

ဗုဒ္ဓသည် အာဠဝကအလိုကျအောင် အာဠဝက ခိုင်းသည့်အတိုင်း ဗိမာန်တွင်းမှ ထွက်တော်မူလိုက်သည်၊ အာဠဝက၏ စိတ်ကို သိမ်မွေ့နူးညံ့လာအောင် ဆွဲဆောင်လိုက်သည်။

အာဠဝကသည် ဗုဒ္ဓ၏ သဘောကို စုံစမ်း လေ့လာချင်စိတ်ပေါက်လာ၏၊ ဗုဒ္ဓ၏ စိတ်ထဲတွင် ကွန့်မြူးစမ့်ယှ် နေသော မေတ္တာဓာတ်များ ထွက်သွားရေးအတွက် သူ၏ စိတ်ဓာတ်စစ်ဆင်နည်းမှာ မအောင်မြင်ခဲ့၊ သို့သော် ဗုဒ္ဓကလည်း သူ့ကို စိတ်ဓာတ် စစ်ဆင်နည်းဖြင့် အသုံးပြုနေသည် ကိုတော့

သူက သတိမထားမိပါ။ဗုဒ္ဓက သူ့အပေါ်မုန်းတီးရှိရှာသည့် အမူအယာကို လုံးဝ မပွေ့ရသည့်အပြင် သူထွက်ခိုင်းသည့် အတိုင်း ထွက်သည်ကို တွေ့ရတော့ ဗုဒ္ဓအပေါ် အံ့သြမိလာသည်၊ "ဗုဒ္ဓဟာ ဆိုနိုင်ခက်ခဲသလား၊ ဆိုလွယ်သူလား၊ အခုလို ထွက်တာဟာ ဆိုလွယ်လို့လား၊ ငါ့ကို ဒေါသနဲ့ အရှဲ့တိုက်ချင်လို့ဘဲလား"။ အာဠဝကသည် သူ့ကိုယ်သူ မေးခွန်းပေါင်းများစွာ မေးနေမိ၏၊ အစဉ်းစားရကြပ်နေ၏၊ ဗုဒ္ဓ၏ သဘောကို အတိအကျ သိရန် ထပ်မံစုံစမ်းချင်လာ၏။

"အို–ရှင်ရဟန်း၊ ငါ့ဗိမာန်တွင်းသို့ ပြန်ဝင်လော့"။

အာဠဝက က ဗုဒ္ဓကို ထပ်မံစုံစမ်းရန်အတွက် ဝင်ခိုင်းလိုက် ပြန်သည်။

"အချင်း–အာဠဝက၊ ကောင်းပြီ ငါပြန်ဝင်ပါအံ့"။

ဗုဒ္ဓကလည်း မဆိုင်းမတွပင် ပြန်၍ ဝင်တော်မူလိုက်သည်။

ဤအကြိမ်တွင် ဗုဒ္ဓဟာ ဆိုလွယ်သူဖြစ်ကြောင်း အာဠဝကက ဆုံးဖြတ်နိုင်လာသည်၊ အလိုကျနေသော အာဠဝက၏ စိတ်သည်လည်း သိမ်မွေ့နူးညံ့လာ၏။

"အို–ရှင်ရဟန်း၊ ပြန်ထွက်လော့"။

အာဠဝကက တတိယအကြိမ် ထပ်မံစုံစမ်းပြန်၏။

"အချင်း–အာဠဝက၊ ကောင်းပြီ၊ ငါပြန်ထွက်ပါအံ့"။

ဗုဒ္ဓက ထွက်တော်မူလိုက်ပြန်သည်။

ဤသို့ သုံးကြိမ်တိုင်တိုင် အထွက်အဝင် လုပ်ခိုင်းတိုင်း လုပ်နေသည်ကို တွေ့ရသောအခါ အာဠဝကသည် သူ့ကိုယ်သူ အောင်နိုင်သူကြီးအဖြစ် ထင်မှတ်ပြီး စိတ်ယုတ်မာများပင်ပြန်၍

ဝင်လာသည်၊ "ဗုဒ္ဓကို ဤကဲ့သို့တညလုံး ထွက်ခိုင်းဝင်ခိုင်း ပြီး ပင်ပန်းလာသည့်အခါ ခြေကဆွဲ၍ သမုဒ္ဒရာဟိုဘက်ကို လွှင့်ပစ်ရလျှင် ကောင်းမှာဘဲ"ဟူသော ယုတ်မာသော အကြံကို ကြံစည်လိုက်သည်။

"အို–ရှင်ရဟန်း၊ ထွက်လေ"။

အာဠဝကသည် ဤသို့ ဗုဒ္ဓကို လေးကြိမ်မြောက် ထွက်ခိုင်းလိုက်သည်။

ဗုဒ္ဓသည် အာဠဝက၏စိတ်အကြံကို အချိန်မီ သိတော်မူလိုက်ပြီး ဖြစ်သည်။

အချင်း–အာဠဝက၊ သင်ဒီလို ကြံလျှင် ငါမထွက်၊ အခြားသင်အလိုရှိရာကိုသာလုပ်ဘို့ စိတ်ကူးလေ"။

မိမိစိတ်အကြံကို သိသွားသော ဗုဒ္ဓကို အာဠဝကသည်များစွာ အံ့သြ အထင်ကြီးသွားသည်၊ သို့သော် သူ့စိတ်များသည် ချွန်းလွတ်သွားသောဆင်လို ဒေါသအမုန်များပြန်၍ ရစ်သန်းနေတုန်းရှိသေး၏၊ ဗုဒ္ဓက "သင့်ပြုလိုရာ ပြုလေ" ယူသော ခွင့်ပေးချက်သည် အာဠဝကအတွက် အခွင့်အရေးကောင်းတခု ဖြစ်နေ၏။

အာဠဝက၏ မိဘတို့သည် ကဿပဗုဒ္ဓထံမှ အဖြေနှင့် တကွနာကြားခဲ့ရသော အမေးရှစ်ချက်ကို အာဠဝကအားငယ်စဉ်ကပင် သင်ပြပေးခဲ့၏၊ အာဠဝကသည် သူ့ဗိမာန်တွင်းသို့ ရောက်လာသော တန်ခိုးရှင် ရသေ့ ပရိဗိုဇ်တို့အား ယင်းပြဿနာများကို မေးပြီး မဖြေနိုင်လျှင် ရူးအောင်လည်း လုပ်ပစ်၏၊ နှလုံးသားကိုလည်း ဖောက်စားပစ်၏၊သမုဒ္ဒရာ စကြဝဠာတို့၏ တဘက်သို့လည်း လွှင့်ပစ်တတ်၏။

အာဠဝကသည် ဗုဒ္ဓအား ဤနည်းဖြင့် အကြပ်ကိုင်၍ မဖြေနိုင်သူတို့အပေါ် ကျင့်သုံးလေ့ရှိသည့် နည်းလမ်းဖြင့် ဗုဒ္ဓအား ညှဉ်းဆဲရန် အကြံရလာသည်။

အို–ရှင်ရဟန်း၊ ဒီလိုဆိုလျှင် သင့်ခွင့်ပြုချက်ဖြင့် ခက်ခဲသော ပြဿနာများကို မေးပါအံ့၊ ဖြေစွမ်းနိုင်ပါမည်လော"။

"အချင်း–အာဠဝက၊ သင်ကြိုက်သလို မေးလော့၊ မှန်ကန်စွာ ဖြေရမည်မှာ ငါ့တာဝန်သာဖြစ်၏၊ဤပြဿနာမျိုးကို ငါဘုရားမှတပါး အခြား ဖြေနိုင်မည့်သူ မရှိ၊ ငါ့အား တစုံတရာအန္တရာယ်ပြုနိုင်သူကိုလည်း လောကတွင် မြင်တော်မမူ"။

ဗုဒ္ဓသည် အာဠဝကအား ပြဿနာမေးနိုင်ရန် အသာတကြည် ခွင့်ပေးတော်မူလိုက်၏၊ ဤသည်မှာ အာဠဝက၏စိတ်ကိုဆွဲဆောင်လိုက်ခြင်းပင် ဖြစ်၏၊ ဗုဒ္ဓသည် ယခုအချိန်အထိ အာဠဝကအား တလုံးတပါဒမျှသော တရားကိုပင် မဟောကြားခဲ့၊ ဆန့်ကျင်ဘက်လည်း မလုပ်ခဲ့၊ တရားဟောလျှင်လည်း အရက်တိုက်ထားသော ဆင်ကို ဆပ်ကပြခိုင်းသလိုသာ ဖြစ်မည်၊ ကြမ်းထမ်းလှန်းသော အာဠဝက၏ စိတ်ကို ဓမ္မကျုံးတော်ထဲသို့ တရှိန်တည်း မောင်းသွင်း၍ မရနိုင်ကြောင်း သိတော်မူ၏။

သူ့အလိုကို လိုက်၍ အကြိုက်ဆောင်ပြီး စိတ်၏ နူးညံ့ပျော့ပျောင်းမှု အရှိန်အဟုန်ကို ရမှသာလျှင် အာဠဝက၏ စိတ်ကို ဓမ္မကျော့ကွင်းထဲသို့ အမိအရ ဖမ်းဆီးသိမ်းသွင်းရန် ရည်ရွယ်ပြီး တချိန်လုံး စိတ်နူးညံ့အောင် ဆွဲဆောင်မှုလုပ်ငန်း အဆင့်ဆင့်ကိုသာ ဗုဒ္ဓက လုပ်ဆောင်တော်မူခဲ့သည်။

အာဠဝကသည် သူတွေ့ဘူးသော အခြားပုဂ္ဂိုလ်များနှင့်မတူ၊ ပြဿနာကို ရဲရဲဝံ့ဝံ့ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲ ဖြေဆိုတော့

မည့် ဗုဒ္ဓ၏ ဟန်ပန်လက္ခဏာကို တွေ့ရသောအခါ မျှားစွာ အားတက်လာ၏၊ ဤပြဿနာများ၏ အဖြေကိုလည်း ကာလကြာ ခဲ့ပြီ ဖြစ်သဖြင့်သူကိုယ်တိုင် လုံးစေ့ပတ်စေ့ မသိတော့၊အတော် အတန်သာ စဉ်းစားမိရုံ ရှိတော့၏၊ ဗုဒ္ဓထံမှ တိကျ ရှင်းလင်း သော အဖြေများကို ကြားနာ မှတ်သားရမည့် အရေးအတွက် အလွန်ဝမ်းမြောက်သွားသည်၊ ဤပြဿနာနှင့် အဖြေများသည် ယခင်က အာဠဝကကို မည်သို့မျှ အကျိုးမပြုခဲ့၊ သူကိုယ်တိုင်က လည်း အရေးမစိုက်ခဲ့၊ မျောက်လက်ထဲက အုန်းသီးလို အာဠဝက က မည်သို့မျှ အသုံးမပြုတတ်ဘဲ ထားခဲ့သည်။

ဤပြဿနာများသည် ယခုသူ့ကို တနည်းနည်းဖြင့် ကျေးဇူး ပြုတော့မည်ကို သိလာ၏၊ အဆိုးအယုတ် အသိုးအပုပ် ထဲသို့သာ အမြဲယိုင်ငိုက်နေခဲ့သော အာဠဝက၏ စိတ်များသည် ဗုဒ္ဓ၏ ဆွဲ ဆောင်ချက်ဖြင့် အကောင်းဘက်သို့ တည့်မတ်စ ပြုလာသည်၊ အာဠဝက က မိမိသိလိုသော အဖြေကို ရရေးအတွက် ပထမ ပြဿနာ လေးချက်ကို တင်ပြလျှောက်ထားလိုက်သည်။

အို–ရှင်တော်ဗုဒ္ဓ၊

(၁) ဤလောက၌ မြတ်သော "ဥစ္စာ" ကား အဘယ် ပါနည်း၊

(၂) ဤလောက၌ "ချမ်းသာကိုဆောင်တတ်သောတရား" ကား အဘယ်ပါနည်း၊

(၃) ဤလောက၌"အကောင်းဆုံးအရသာ" ကား အဘယ် ပါနည်း၊

(၄) ဤလောက၌ "မြတ်သော အသက်မွေးမှု" ကား အဘယ်ပါနည်း။

အို–ချစ်သား အာဠဝက၊

(၁) ဤလောက၌ "ယုံကြည်မှု သဒ္ဓါတရား"သည် မြတ်သော ဥစ္စာ ဖြစ်၏၊

(၂) ဤလောက၌ "ကုသလကမ္မပထ တရား ဆယ်ပါး" သည် ချမ်းသာကို ဆောင်တတ်သော တရားမည်၏၊

(၃) ဤလောက၌ "အမှန်အတိုင်းပြောဆိုမှု ဝါစာသစ္စာ" သည် အကောင်းဆုံး အရသာ ဖြစ်၏၊

(၄) ဤလောက၌ "ပညာဖြင့် အသက်မွေးခြင်းသည်" မြတ်သော အသက်မွေးမှုဖြစ်၏။

ဗုဒ္ဓသည် အာဠဝက၏ အမေးပြဿနာအား လျော်သော အဖြေလေးချက်ကို ကွက်ကွက် ထင်ထင် သိမြင်နိုင်အောင် ဖြေကြားတော်မူလိုက်၏။

ဗုဒ္ဓ၏ ဖြေဆိုချက်များကို သဘောကျ နှစ်ခြိုက်သွားသော အာဠဝကသည် အခြားပြဿနာ လေးချက်ကို သိလိုဇောဖြင့် တင်လိုက်ပြန်၏။

အို–ရှင်တော်ဗုဒ္ဓ၊

(၅) ဒိဋ္ဌိတည်းဟူသောဝဲဩဃကို အဘယ်သို့"ကူးမြောက်" နိုင်ပါသနည်း၊

(၆) ဘဝတည်းဟူသော"သံသရာကိုအဘယ်သို့ကူးမြောက်" နိုင်ပါသနည်း၊

(၇) ကာမတည်းဟူသော"ဒုက္ခကို အဘယ်သို့လွန်မြောက်" နိုင်ပါသနည်း၊

(၈) သတ္တဝါတို့သည် အဘယ်နည်းဖြင့် "ကိလေသာမှ လုံးဝသန့်ရှင်း ဖြူစင်" နိုင်ကြပါသနည်း။

ဗုဒ္ဓသည် ဒေသနာဉာဏ်တော်ကို ကွန့်မြူး၍ တိကျမှန်ကန်သော အဖြေများဖြင့် အာဠဝကကို အားရ နှစ်သိမ့်စေတော်မူလိုက်ပြန်၏။

ချစ်သား–အာဠဝက၊

(၅) "သြဃကူးမြောက်ရေး လမ်းစဉ်ကို ယုံကြည်ခြင်း" ဖြင့် ဒိဋ္ဌိတည်းဟူသော ဝဲသြဃကို ကူးမြောက်နိုင်၏။

(၆) "ကုသိုလ်တရား ပွားများမှုကို မမေ့ခြင်း" ဖြင့် ဘဝတည်းဟူသော သံသရာကို ကူးမြောက်နိုင်၏။

(၇) "မပျင်းရိသော လုံ့လ" ဖြင့် ကာမတည်းဟူသော ဒုက္ခကို လွန်မြောက်နိုင်၏၊

(၈) "အရဟတ္တမဂ်ပညာ" ဖြင့် သတ္တဝါတို့သည် ကိလေသာမှ လုံးဝ သန့်ရှင်း ဖြူစင်နိုင်ကြ၏။

ဤထပ်ဆင့်ပြဿနာ လေးချက်၏ အဖြေကို နှစ်ခြိုက်စွာ နာကြားလိုက်ရသော အာဠဝက၏ စိတ်သည် လုံး၀ တည်ငြိမ်သော စိတ်အဆင့်၏ လေးပုံတပုံကို ရရှိသွားလေသည်၊ အရဟတ္တဖိုလ် အထွတ်တပ်ထားသော ဤအဖြေစကားတော်များ၏ နည်းပေးလမ်းပြခြင်းကို ခံယူကျင့်သုံး နိုင်ခဲ့သောကြောင့် သူ၏ စိတ်တွင် ရှည်ကြာလေးမြင့်စွာ နှောင်တဲခံထားရသော မှားယွင်းစွာမြင်မှု ယုံမှားမှု နှောင်ကြိုးများကို အပြီးတိုင် ဖြတ်တောက်နိုင်ခဲ့လေသည်။

သူ၏ စိတ်သည် ခုတမျိုး တော်ကြာတမျိုးပြောင်း၍ အမျိုးမျိုး မြင်တတ်တော့မည်မဟုတ်ပါ၊ မှန်ကန်သော စိတ်၏ အဆင့်အတန်းကို ရရှိလာပြီ ဖြစ်သဖြင့် သူသည် ပုထုဇ္ဇနော ဥမ္မတ္တကောဘာဝကို လွတ်မြောက်အောင် ရုန်းကန်နိုင်ခဲ့လေပြီ၊ သောတာပန်

အရိယာနယ်တွင်းသို့ ဝင်ရောက်နိုင်ခဲ့လေပြီ၊ သူသည် ရှုံးသော စစ်ပွဲအတွင်းမှ အနိုင်ကို ရခဲ့သည်။ ကိလေသာရန်သူ အချို့ အဝက်ကို မှန်မှန်ညက်ညက် တိုက်ခိုက် အောင်မြင် လိုက်ပါပြီ၊ ဗုဒ္ဓကိုလည်း သူ၏ရန်သူအသွင်ဖြင့် မမြင်တော့ပါ၊ သူ့ဘက်မှ ကူတိုက်ပေးသော မဟာမိတ်ကြီး အဖြစ်သာ မြင်လာ၏၊သူသည် စင်စစ် ကိလေသာတို့နှင့် စစ်တိုက်ခဲ့ခြင်းသာ ဖြစ်၏၊ တကယ့် ရန်သူ အစစ်ကို အောင်မြင်ခြင်းကြောင့် ရရှိခဲ့သော သူ၏ ဝမ်းမြောက်မှု အတိုင်းအတာကို ဘယ်သို့ ပြောပြရမည်ပင် သူ မသိတော့ပါ။

အာဠဝကသည် အတွေးအခေါ် ရင့်သန်၍ အရည်အချင်း ပြည့်ဝလာသော သူ၏စိတ် ပဋိဘာန် အစွမ်းကို အသုံးပြု၍ ကိုယ်ပိုင် ပြဿနာ ငါးချက်ကိုပင် ဗုဒ္ဓထံ တင်ပြ လျှောက်ထား နိုင်ခဲ့လေသည်။

အို–ရှင်တော်ဗုဒ္ဓ–

(၁) အရဟတ္တမဂ်ပညာကို အဘယ်သို့ ရနိုင်ပါသနည်း၊
(၂) လောကီ လောကုတ္တရာ နှစ်ဖြာသောဥစ္စာကို အဘယ်သို့ ရနိုင်ပါသနည်း၊
(၃) ကျော်စောမှုကို အဘယ်သို့ ရနိုင်ပါသနည်း၊
(၄) မိတ်ဆွေကောင်းရအောင် မည်သို့ လုပ်ရပါသနည်း၊
(၅) နောင်တမလွန်တွင် သောကကင်းဝေး နေနိုင်ရေးကား အဘယ်ပါနည်း၊

အို–ချစ်သား အာဠဝက–

(၁) ရှေး သူတော်ကောင်းတို့၏ နိဗ္ဗာန် ရောက်ကြောင်း နည်းလမ်းကောင်း ဖြစ်သော ဗောဓိပက္ခိယ တရား

(၁၇) ပါးတို့ကို ယုံကြည်ခြင်း၊ လက်တွေ့နာကြားလေ့လာခြင်း၊ မမေ့အောင် အဖန်ဖန် လေ့ကျင့်ခြင်း၊ အယုတ်အလွန်မရှိ မဖောက်မပြန် ချွတ်ထွင်ဝေဘန်စူးစမ်းနိုင်ခြင်းတို့ကြောင့် အရဟတ္တမဂ်ပညာကို ရနိုင်၏။

(၂) ဥစ္စာရကြောင်း နည်းလမ်းကောင်းကို သိခြင်း၊အလုပ်စွဲမြဲခြင်း၊ ကြိုးစား ရှာဖွေခြင်းကြောင့် လောကီ-လောကုတ္တရာ နှစ်ဖြာသော ဥစ္စာကို ရနိုင်၏။

(၃) အမှန်ဆိုခြင်း၊ အမှန် သိခြင်းဖြင့် ကျော်စောမှုကို ရနိုင်၏။

(၄) ပေးကမ်းချီးမြှင့်ခြင်းဖြင့် မိတ်ဆွေကောင်း ရနိုင်၏။

(၅) မှန်ကန်ခြင်း၊ သူတော်တရား နာကြားခြင်း၊ စွဲမြဲအားထုတ်ခြင်း၊ ပေးကမ်းခြင်းတို့သည် နောင်တမလွန်တွင် သောကကင်းဝေး နေနိုင်ရေး တရားများ ဖြစ်ကြ၏။

ချစ်သား အာဠဝက–ဤအဖြေများကို လက်ခံနိုင် လက်မခံနိုင် သင့်ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားလော့၊ ဆင်ခြင်လော့၊ ဤပြဿနာများကို ဒီထက်ကောင်းအောင် ဖြေနိုင်မည့် သူကို သင်ရှာလိုပါက ရှာဦးလော့။

ဤသို့ ဗုဒ္ဓသည် မိမိ၌ အတ္တစွဲ ဝါဒစွဲ မရှိကြောင်း၊ ငါကဖူးလျှင် ဖူးစေ–မြည်းလျှင် မြည်းစေဆိုတဲ့ တယူသန် ဝါဒကို မထားရှိကြောင်း၊ သဘာဝတခု၏ အမှားအမှန်ကို ပုဂ္ဂိုလ်စွဲဝါဒစွဲ မထားဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် လက်တွေ့ စမ်းသပ် ဆုံးဖြတ်ပြီးမှသာ လက်ခံယူဆစေလိုကြောင်း ဖော်ညွှန်းတော် မူလိုက်၏။

ဗုဒ္ဓသည် ကေသမုတ္တာ နိဂုံးသို့ ကြွတော်မူစဉ်က ကာလာမ မင်းတို့အား ပြဿနာတခု၏ အမှားအမှန်ကို အကောင်းဆုံး ဆုံးဖြတ်သောနည်းကို ညွှန်ပြတော်မူခဲ့၏။

အို–ကာလာမ အမျိုးသားတို့–

(၁) တဆင့်စကားဖြင့်လည်း ဟုတ်ပြီဟု မယူဆကြပါနှင့်၊

(၂) ရိုးရာ အစဉ်အဆက် ဝါဒကိုလည်း အရမ်းအတည် မပြုကြပါနှင့်၊

(၃) ဒီလို ဖြစ်ဘူးတယ်ဆိုတဲ့ စကားကိုလည်း အယုံ မလွန်ကြပါနှင့်၊

(၄) စာပေပိဋကတ်နဲ့ ညီညွှတ်တယ် ဆို၍လည်း တခါတည်း လက်မခံကြပါနှင့်၊

(၅) စိတ်ကူးယဉ် မျိုးဖြင့်လည်း အမှန် မကောက်ကြပါနှင့်၊

(၆) နည်းကို မှီငြမ်း၍လည်း အရမ်းမယူဆကြပါနှင့်၊

(၇) အချက်အလက်တို့ကို လွှမ်းခြုံ စဉ်းစား၍လည်း အယုံမလွန်ကြပါနှင့်၊

(၈) မိမိယူဆချက်ကို နှစ်သက်ရုံမျှဖြင့်လည်းအတည်မပြုကြပါနှင့်၊

(၉) ယူဆသင့် ၊ယူဆထိုက်ပေ၏ ဟူ၍လည်း အရမ်းလက်မခံကြပါနှင့်၊

(၁၀) ငါ့ဆရာ၏ဝါဒဟုလည်း တယူသန်မယုံကြည်ကြပါနှင့်။

အို–ကာလာမ အမျိုးသားတို့–သဘောတခုကို ကိုယ်တိုင် လက်တွေ့ စမ်းသပ်ပြီးမှသာလျှင် အမှားအမှန် အဆိုးအကောင်း ဆုံးဖြတ်ကြလော့။

ဗုဒ္ဓသည် ဤအကောင်းဆုံး အမှားအမှန် ဆုံးဖြတ်နည်းဖြင့် အာဠဝကအား ဆုံးဖြတ်ခွင့်ပေးတော်မူလိုက်ခြင်း ဖြစ်သည်။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား–

ဤပြဿနာများအတွက် ဤထက်ကောင်းအောင် အဖြေပေးနိုင်မည့်သူကို တပည့်တော်မမြင်တော့ပါ၊ ဖြေဆိုချက်များကို တပည့်တော်၏ကိုယ်ပိုင်ဉာဏ်ဖြင့် လက်တွေ့ သုံးသပ်ဆုံးဖြတ်၍ နှစ်ခြိုက်စွာ လက်ခံပြီးပါပြီ။

တပည့်တော် အာဠဝက၏ မိုက်မဲတာတွေကို ခွင့်လွှတ်တော်မူပါ၊ ယနေ့မှစ၍ အသက်ထက်ဆုံး ဗုဒ္ဓကို ဆည်းကပ်ပါ၏၊ ကိုးကွယ်ပါ၏။

တပည့်တော်သည် မြတ်စွာဘုရားကိုင်း၊ တရားတော်ကိုင်း၊ သံဃာတော်မြတ် အပေါင်းကိုင်း အစဉ်ရှိခိုး ဦးတင်လျက် တရွာမှတရွာ တပြည်မှ တပြည်သို့ လှည့်လည်ပါတော့အံ့။

ချစ်သား အာဠဝက–

အပြစ်ကို ဖုံးကွယ် မထားခြင်းသည် သူတော်စင်တို့၏ ကောင်းသောလမ်းစဉ်ဖြစ်၏၊ ငါဘုရား သည်းခံတော်မူ၏။

"အရှင် အာဠဝက စားသုံးရန် ဆက်သလိုက်သော ကလေးကို လက်ခံစေလိုပါသည်"။

အာဠဝီပြည် အာဠဝကမင်းထံမှ ဆက်သလိုက်သော နို့စို့ လူသား ကလေးငယ်သည် မင်းချင်းတို့နှင့်အတူ အာဠဝက၏ ရှေ့မှောက်သို့ ရောက်လာ၏။

မင်းချင်းတို့သည် လျောက်ပတ်သော နေရာကိုယူ၍ ဗုဒ္ဓကို အရိုအသေ ပြုလျက်ရှိကြသည်။

တခါက အာဠဝကဘုရင်သည် တောလည်ကစားရာမှ အပြန် အာဠဝကဘီလူး၏ ပိုင်နက် ညောင်ပင်ကြီးအောက်သို့ ရောက် လာခဲ့၏၊ အထက် နတ်ဘုရင်များက ပိုင်နက်ထဲ ရောက်လာသူ အား ဖမ်းဆီး စားသောက်ခွင့်ကို အာဠဝကအား ပေးထား၏၊ ထိုမင်းအား အာဠဝကဘီလူးက စားမည်ပြုသောအခါ ထမင်း တအုပ်နှင့် လူတယောက် နေ့စဉ်ပို့ဆက်ပါမည်၊ မဆက်နိုင်လျှင် ကျွန်ုပ်ကို လာ၍ ဖမ်းယူစားသောက်ပါ၊ အသက် ချမ်းသာရာ ပေးပါ" ဟုတောင်းပန်သဖြင့် အာဠဝကဘီလူးက ခွင့်ပြုလိုက်၏။

ထိုအခါမှစ၍ တနေ့လျှင် ပွဲတော်တအုပ်နှင့် အကျဉ်းသား တယောက် အမြဲ ပို့ဆက်ရသည်၊ ဘီလူးစားခံရမှာ စိုးသည့် အတွက် မည်သူမျှ ရာဇဝတ်မှု မကျူးလွန်ဝံ့ ကြတော့ချေ၊ ဘုရင်က မသိမသာ ချထားသော အဘိုးတန် ပစ္စည်းများကိုပင် မည်သူမျှ မယူဝံ့ကြချေ၊ အကျဉ်းသားများ ကုန်သည့် အခါ နို့စို့ကလေးတယောက်စီ ပို့ဆက်ကြ၏၊ ကလေးရှင်နှင့် ကိုယ်ဝန် သည်တို့မှာ တိုင်းတပါးသို့ ထွက်ပြေးတိမ်းရှောင် နေကြရ၏။ နောက်ဆုံး ကလေး ရှာမရသည့်အခါ ဘုရင်သည် မိမိသား အရင်း အာဠဝက မင်းသားကိုပင် မိဖုရားလက်မှ အတင်း လုယူ၍ ယခုလို ပို့ဆက်လိုက်ရခြင်းဖြစ်သည်။

အာဠဝကဘီလူးသည် ခိုးထုပ်ခိုးထည်နှင့် မိသူပမာ ဗုဒ္ဓ ရှေ့ မှောက်တွင် မိမိ၏ မိုက်မဲသော အထုပ်ကြီးကို ဖြေပြ လိုက်သလို ဖြစ်သွားရသည့်အတွက် ဗုဒ္ဓကိုပင် မေ့ မဖူးရဲလောက်အောင် ရှက်သွေးဝင်သွားသည်၊ အရင်က ဆိုလျှင် သူ့စိတ်သည် တခု မကောင်း တခုပြောင်း၍ ကောင်းနိုးရာရာ အာရုံကို ရှာဖွေ

ခံစားနေခဲ့သည်၊ တခုရိုးလျှင် အဆန်းတခုရှာ၍ လော်လီဖောက်ပြန်သော သူ့စိတ်အလိုကို နေ့တိုင်း ဖြည့်ပေးခဲ့ရသည်၊ အရင်က အခုလို နူထွေး ချိုမြသော လူသားငယ်၏ အသားကိုသာ စားလိုက်ရလျှင် သူ့စိတ်သည် အဟောင်းကို မေ့၍ အသစ်ကိုမည်မျှ အကြိုက်တွေ့လေမည်နည်း၊ ယခု သူ့မှာ ဖောက်ပြန် ပြောင်းလဲတတ်သော စိတ်ဓာတ်ကို အတော်နိုင်နင်းစွာ ချုပ်ထိန်းလိုက်နိုင်ပါပြီ၊ သူသည် နူထွေးချိုမြသော လူသားကို ဘယ်မှာ စုံမက်ပါတော့မည်နည်း။

အာဠဝကသည် အတိတ်ကို ပြန်၍ မစဉ်းစားတော့ပါ၊ လွန်ခဲ့သော အတိတ်သည် သူ့အဘို့ ဘာမျှ အသုံးမကျတော့ပါ၊ မရောက်သေးသော အနာဂတ်ကိုလည်း မတောင့်တတော့ပါ၊ အခု သူသည် ပစ္စုပ္ပန်ပေါ်မှာရောက်နေပြီ၊လူကောင်းတယောက်ဘဝကို ခံယူထားလေပြီ၊ ကောင်းသထက် ကောင်းသော အဆင့်သို့ရောက်အောင် ယခုပစ္စုပ္ပန်မှာ ရှန်းကန်လှုပ်ရှား အားထုတ်လျက်ရှိလေပြီ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား....

နှစ်လိုဘွယ် ကောင်းပေစွ....နှစ်လိုဘွယ် ကောင်းပေစွ၊

မှောက်ထားသော အိုးကို လှန်ပြသကဲ့သို့ရင်း၊ လမ်းမှားသူကို လမ်းညွှန်ပြသကဲ့သို့ရင်း၊ အမှောင်ထဲမှာ ဆီမီး ထွန်းပြသကဲ့သို့ရင်း၊ လက်ကို အောက်ထက် ပြောင်းပြန်လှန်၍ ပြသကဲ့သို့ရင်း၊ ဖုံးထားသော အရာကို ဖွင့်၍ ပြသကဲ့သို့ရင်း ဗုဒ္ဓသည် တပည့်မိုက်အား အမှားပြင်၍ အမှန်ကို ကွက်ကွက်ထင်ထင် မြင်အောင် ပြတော်မူတတ်ပါပေ၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား….
တပည့်မိုက်အတွက် ပို့စေလိုက်သော ဤသူငယ်ကို ဗုဒ္ဓအား လှူဒါန်းပါ၏၊ ဤကလေးငယ်၏ အကျိုးစီးပွား အလို့ငှာ အလှူခံတော်မူပါဘုရား။

ဗုဒ္ဓသည် ကလေးငယ်ကို အလှူခံတော်မူပြီး မင်းချင်းတို့ လက်သို့ ပြန်အပ်လိုက်၏၊ အရွယ်ရောက်သည့်အခါ ကျောင်းတော်သို့ ခေါ်ခဲ့ရန် မင်းချင်းတို့အား မှာကြားတော်မူလိုက်သည်၊ မင်းချင်းတို့လက်မှ အာဠဝက ဘီလူး၏ လက်သို့ရင်း၊ အာဠဝက ဘီလူး၏ လက်မှ ဗုဒ္ဓ၏ လက်သို့ရင်း၊ ဗုဒ္ဓလက်တော်မှ မင်းချင်းတို့ လက်သို့ရင်း လက်ပေါင်းအဆင့်ဆင့် ကူးခဲ့ရသော ကြောင့် ကလေးငယ်ကို "ဟတ္ထက အာဠဝက" မင်းသားဟူ၍ မှည့်ခေါ်ကြလေသည်။

ဗုဒ္ဓသည် 'လိမ်မာယဉ်ကျေးသော စိတ်၏ အရှိန်အဟုန်ကို တဖြည်းဖြည်းရယူ၍ လုံးဝတည့်မတ်ပေးသောနည်းဖြင့် အာဠဝက ဘီလူးအား ဤအဆင့်အတန်း ရောက်အောင် ပို့ဆောင် နည်းပြ တော်မူလိုက်သည်၊ ဤနည်းသည် အာဠဝက ဘီလူး စိတ်ဓာတ်ကို ထိမ်းမတ် မြှင့်တင် ပေးနိုင်ရုံသာမက စိတ်ဓာတ်၏ အဆင့် အတန်းကို နည်းမှန် လမ်းမှန် မြှင့်တင်လိုသူတိုင်းအတွက် အထူး ကောင်းမွန်သော လမ်းညွှန်ချက်ကြီးတရပ် အဖြစ်လည်း စိုက်ထူ ထားတော်မူခဲ့သော မှတ်တိုင်တခု ဖြစ်လေသည်။

ဗုဒ္ဓ၏ အာဠဝက ဗိမာန်မှ ပြန်ကြွသော ခရီးသည် အဆန်း တကြယ် ဖြစ်နေ၏၊ ကြည့်ရသူတို့မှာ မယုံရခက်– ယုံရခက်လှ ပါဘိ။

ထွက်ပြူစ နေမင်း၏ အရောင်သည် ပြောင်လက်ရှန်းပနေ၏၊ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ကွန့်မြူး စံပါယ်လျက် ဗုဒ္ဓက ရွှေဆိုးမှ ကြွတော်မူ၏၊နေနှစ်စင်း ထွက်များ နေသလား ဟူ၍ပင် ယုံမှားစရာ ဖြစ်နေ၏။

မျက်နှာကို အောက်သို့ ခပ်ယို့ယို့ ငုံ့လျက် ဗုဒ္ဓ၏သပိတ် သက်န်းကို ထမ်း၍ နောက်မှ တလှမ်းချင်း လိုက်နေသူမှာ အာဠဝက ဘီလူးပင် ဖြစ်ပါသည်၊ သူ့မျက်နှာ သူ့ရုပ် သူ့အမူ အယာ၌ ဒေါသရိပ်များ မရှိသလောက် တည်ကြည်ငြိမ်သက်လှ သည်ကို လူတိုင်းက သတိထားမိကြ၏။ အာဠဝက နောက်မှ စီတန်းလိုက်ပါလာသော နန်းတွင်းသူတို့မှာလည်း ရှုမဆုံး မြင် မဆုံးနိုင်ပါပေ၊ စိန်ရွှေ မဆင်ဘဲ ဣန္ဒြေ ဆင်ထားကြသော သူတို့၏ အလှမှာ သဘာဝ ကျလှပါဘိ၊ ခန့်ငြားတည်ကြည်လှ ပါဘိ။

အာဠဝကဘီလူးသည် ကိုယ်ကို ကိုင်းညွတ်၍ဗုဒ္ဓအား သပိတ် နှင့် သင်္ကန်းကို ပြန်၍ ဆက်ကပ်ပြီး လက်အုပ်ချီရင်း ထိုင် လိုက်၏၊ သူ့နဖူးကို ဗုဒ္ဓ၏ ခြေတော်ဆီသို့ ကိုင်းညွတ် ထိကပ် လိုက်သည်၊ ဗုဒ္ဓခြေတော်ကို သူ့လက်ဖြင့် အသာအယာ ကိုင် တွယ် ပွတ်သပ်လျက် အားပါးတရ ရှိခိုးလိုက်သည်၊ တို့နောက် ဗုဒ္ဓ ထံမှ ပြန်ခွင့်အမိန့်ကို တောင်းလိုက်ပြီး နောက်သို့ တလှမ်း ချင်းဆုတ်ခဲ့သည်။

သူသည် ဗုဒ္ဓနှင့် တဖြည်းဖြည်း ဝေးကွာခဲ့သော်လည်း သူ့ နားမှာ ဗုဒ္ဓ အမြဲ ရှိနေပါသည်၊ သူ့နှလုံးတွင် ဗုဒ္ဓကို အမြဲပင် ဆောင်ထားပြီး ဖြစ်ပါသည်၊ သူ့နှလုံးထဲက ဗုဒ္ဓကို မည်သူမျှ လာပင့်၍ မပေးတော့ပါ၊ အသက်သာ အသေခံဘို့ ဆုံးဖြတ်ပြီး

ပါပြီ၊ သူသည် ဗုဒ္ဓကို မမေ့နိုင်တော့ပါ၊ ဗုဒ္ဓဆိုသော အက္ခရာကမ္ဗည်းကို သူ့နှလုံးသားမှာ ထာဝစဉ် ရေးထိုး မှတ်တမ်းတင်ထားလိုက်ပါပြီ။

## ဘဝလွတ်မြောက်ရေးလမ်း (၃) သွယ်

လောကမှ လုံးဝ လွတ်မြောက်သွားနိုင်ရေးအတွက် ကြိုးပမ်းရာ၌ (သို့မဟုတ်) ဘဝလွတ်မြောက်ရေး ပန်းတိုင်သို့ ချီတက်ရာ၌ အခြေခံ လမ်းစဉ်ကြီး (၃) ချက်ကို ဗုဒ္ဓက ချပြတော်မူခဲ့သည်။

၎င်းတို့မှာ–

(၁) သိရှိရေး

(၂) ပယ်သတ်ရေး

(၃) ပွားများရေး

တို့ ဖြစ်ကြသည်။

ဤလမ်းစဉ်ကြီး သုံးရပ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှသာလျှင် ဘဝလွတ်မြောက်ရေး ပန်းတိုင်သို့ ရောက်နိုင်ကြလေသည်။

## (၁) သိစရာဒုက္ခ

ကျွန်ုပ်တို့သည် ပထမ "သိ" လမ်းစဉ်ကြီးကို ချမှတ်ကျင့်သုံးကြမည်ဆိုပါက သစ္စာတမန်တို့၏ ရှေ့ဆောင် လမ်းပြမှုကို ခံယူရပေမည်၊ သစ္စာတမန်တို့၏ အပေါ်၌ အမှုမဲ့ အမှတ်မဲ့ ခါတိုင်း မြင်နေကျ နည်းမျိုးဖြင့် မြင်၍ မရတော့ချေ၊ ယင်းတို့၏ ဒုက္ခသဘောမှန်ကို ကွက်ကွက်ထင်ထင် မြင်အောင် ကြည့်ရပေမည်၊ ဤသို့ မြင်တတ်ပါမှ ဘဝလွတ်မြောက်ရေး လမ်းစဉ်၏ အောင်မြင်မှုကို ရရှိပေမည်။

သေမိန့်အချခံထားရပြီးသော လူတယောက်သည် သေရမည့် ဒုက္ခကို သေသေချာချာသိ၍ သေရမှာ ကြောက်သောကြောင့် သေဒဏ်လွတ်မြောက်ရေးမှတပါး တခြားဘာကိုမျှ သူလုပ်ချင်တော့မည် မဟုတ်ချေ၊ ပဋိသန္ဓေ–အို–နာ–သေရေး ဒုက္ခဘေးတို့ အဝိုင်းခံနေရသည်ကို တကယ်သိသော သူသည်လည်း သူတို့ကြားထဲမှာ ငါနေရလျှင် ဒုက္ခကောင်းကောင်းကြီး ရောက်တော့မှာပါကလားဟု သိလာမည်။

သူတို့ ကြားထဲမှာ ငါပျော်ခဲ့မိတာ မှားပြီဟု ကြောက်ရွံ့ထိတ်လန့်မှုသံဝေဂများ ပေါ်လာမည်၊ထိုအခါ သူသည်ဒုက္ခလွတ်မြောက်ရေးအတွက် အစွမ်းကုန် ကြိုးစားပေတော့မည်၊ သတိသံဝေဂ တရားသည် ဒုက္ခမှ လွတ်မြောက်ချင်သော စိတ်၏ အင်အား အရှိန်အဟုန်ကို တိုးတက် ပွားများစေသည်၊ ထိုသတိသံဝေဂစိတ်သည်လည်း "ဆင်းရဲလေလေ သံဝေရရ၊ ခလုတ်ထိမှ အမိတ၊ ကျောချမှ ဓားပြမှန်းသိ" ဆိုသော အတိုင်း ဆင်းရဲနှင့်တကယ်ကြုံတိုးရသောအခါမှ ဖြစ်တတ်လေသည်။

လူတို့သည် ဥစ္စာခနေ ပြည့်စုံသော အခါ၌ ဒုက္ခကို မမြင်ဘဲ ပျော်ကြ၊ပါးကြ၊မော်ကြ၊ ကြွားကြ၏၊ ဖြုန်းဆို–မွဲသောအခါမှ အော်–ခနဆိုတာ အတည်မမြဲပါတကား၊ ဘဝဆိုတာ ဒုက္ခအစစ်ပါကလားဟု သိကြလေသည်၊ဘဝလွတ်မြောက်ရေး လမ်းစဉ်၏ ပထမအဆင့်တွင် ဒုက္ခကို ကြောက်ရွံ့ မုန်းတည်း စေနိုင်ရေး အတွက် ယင်းဒုက္ခတို့ကို အမှန်အတိုင်း အမြဲမြင်နေအောင် လုပ်ရမည်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ပတ်ဝန်းကျင်မှာ အမြဲရှိနေသည့် ဒုက္ခသည် "သစ္စာတမန် ငါးဦး" တို့၏ ဘဝ အကြောင်းကို သေသေချာချာ လေ့လာကြည့်ကြ ပါစို့။

## ကလေးတမန်

တမန်တော်ငါးဦးအနက် ကလေးဆိုသည်မှာ ပဋိသန္ဓေနေရခြင်း ဇာတိဒုက္ခကို ဖော်ပြလိုရင်း ဖြစ်သည်၊ အမိဝမ်းတွင်းမှ ကလေးကိုသွားကြည့်ရန် မလွယ်ကူသဖြင့် မွေးဖွားပြီး ကလေးငယ်၏ဘဝကို လေ့လာလျှင်ပင် ဇာတိဒုက္ခ ကြီးလှပုံကို သဘောပေါက်နိုင်ပေမည်၊ သို့သော်-ကျွန်ုပ်တို့ မမြင်ရသော အမိ ဝမ်းတွင်းမှ သန္ဓေသား၏ဒုက္ခကို မြင်နိုင်သူ ဓမ္မပညာရှင် တို့၏ ဖော်ညွှန်းချက်အတိုင်း ပထမ လေ့လာကြည့်ကြမည်။

ရုပ်ဓာတ် နာမ်ဓာတ်မျှသာ မြစ်ရေ အယဉ်ကဲ့သို့ အစဉ်မပြတ် အဟောင်းပျက်၍ အသစ်ဖြစ်ပေါ်နေသော ခန္ဓာ အစဉ်ကိုပင် ပညတ်အားဖြင့် "သတ္တဝါ"ဟု ခေါ်ဝေါ်ရလေသည်၊ ကံတရား၏ စီမံပေးမှုကြောင့် ဘဝတခုတွင် ပထမဦးဆုံး ဖြစ်ပေါ်လာသော စိတ်ကို "ပဋိသန္ဓေစိတ်"ဟု ခေါ်သည်၊ ယင်း ပဋိသန္ဓေစိတ်သည် အခြား ဝီထိစိတ် အစဉ်အတန်းကြီးများမဖြစ်ခိုက် "ဘဝင်စိတ်" အဖြစ်ဖြင့်၎င်း၊ ဘဝနောက်ဆုံးတွင် "စုတိစိတ်၊ သေစိတ်" အဖြစ်ဖြင့်၎င်း ဆက်သွယ် ဖြစ်ပေါ်ရလေသည်။

ပဋိသန္ဓေ-စုတိ စိတ်တို့သည် တဘဝတွင် တကြိမ်စီသာ ဖြစ်ခွင့်ရှိကြ၏၊ ဘဝင်စိတ်နှင့် အခြား ဝီထိစိတ်အစဉ် အတန်းကြီးများမှာ ဖြစ်ခွင့်ရသောအချိန်တိုင်းထပ်ခါတလဲလဲဖြစ်ပေါ်နေကြလေသည်၊ ဤစိတ်အစဉ် အတန်းကြီး၌ ပါဝင်သောစိတ်များမှာ တမျိုးတစားတည်းမဟုတ်၊ မျက်စိတမှိတ် လျှပ်တပျက် အတွင်းမှာပင် ကုဋေတသိန်းမက ဖြစ်ပေါ်ပြောင်းလဲမှု မြန်ဆန်လှသောကြောင့် တဆက်တည်း၊ တတန်းတည်း၊ စိတ်တမျိုးတည်း ထင်နေကြခြင်းဖြစ်သည်။

"သက်စောင့် ဇီဝိတနဝကကလာပ်ရုပ်–ကိုယ်စောင့် ဓာတ်မီး ဝိညာဏ် ဤသုံးမျိုးတို့ ကိုယ်ခန္ဓာကို စွန့်ခွါသွားသော အခါ၌ အသုံးမကျသော ထင်းနုတ်ထင်းဖွဲ့ကဲ့သို့ သုသာန်တစ သင်းချိုင်း ဝ၌ သေဆုံးစွန့်ပစ်ခံရလေတော့၏"။ (ဗုဒ္ဓ)

သတ္တဝါ တယောက် သေခါနီး ဆဲဆဲ အခါ၌ ယခုဘဝ တလျှောက်လုံး ရုပ်ဓာတ် နာမ်ဓာတ်များ အဆက်မပြတ်လှုပ်ရှား ဖြစ်ပေါ်နိုင်အောင် ထောက်ပံ့ထားသည့် ကံတရားသည် အရှိန် အဟုန် ကုန်ခန်းသွားပြီး သေစိတ်အဖြစ်ဖြင့် နောက်ဆုံး ဆောင် ရွက်သည်၊ ဤအခါ သတ္တဝါ သေသည်ဟု ဆိုရလေသည်၊ ဤ သေစိတ်မပေါ်မီကလေးမှာပင် ထိုသတ္တဝါ တချိန်တခါက ပြုခဲ့ သောအခွင့် သာသည့် ကံတခုခုသည် အမှတ်ရသော အားဖြင့် ၎င်း၊ အခုပင်ပြုနေသကဲ့သို့၎င်း "ကံနိမိတ်"အဖြစ် ထင်လာသည်၊ သို့မဟုတ် ထိုကံလုပ်စဉ်က အသုံးပြုခဲ့သော အကုသိုလ်ကံ ဖြစ်က ဒုတ်ဓား ကုသိုလ်ကံဖြစ်က ကျောင်း ကန် စသော တခုခုသည် "ကမ္မနိမိတ်"အဖြစ်ဖြင့်လည်း ထင်လာတတ်သည်၊ ထိုသတ္တဝါ ခရီးဆက်ရမည့် ဘဝသစ်မှ ငရဲမီး၊ အမိဝမ်းရေ၊ နတ်ဗိမာန် စသော တခုခုသည် "ဂတိနိမိတ်"အဖြစ်ဖြင့်လည်း ထင်လာတတ် လေသည်၊ ဤ အာရုံတမျိုးမျိုး ထင်နေစဉ်မှာပင် သေစိတ်ပေါ် လာပြီး စုတေရလေတော့သည်။

ဤ သေစိတ် ပျောက်ပြီးသည်နှင့် တဆက်တည်း မသေမီ အချိန်ပိုင်းလောက်က ထင်လာသည့် အခွင့်သာသော ကံသည် ဘဝသစ်အတွက် ပဋိသန္ဓေစိတ်နှင့် ရုပ်ဓာတ်များကို ဖြစ်ပေါ် စေသည်၊ လူနှင့် မှန်ပြင်တွင် ပေါ်နေသော အရိပ်ကဲ့သို့ ဘဝသစ် ရုပ်ဓာတ် နာမ်ဓာတ်တို့သည် ဘဝဟောင်းက လိုက်ပါလာခြင်း

လည်းမရှိ၊ ဘဝဟောင်းနှင့်လည်း မကင်းနိုင်ဘဲ ဘဝသစ်၏ အပြစ်ကိုမမြင်သော အဝိဇ္ဇာ၊ ဘဝသစ်ကိုတပ်မက်သော တဏှာ၊ အခွင့်သာသော ကံတို့၏ အစွမ်းသတ္တိဖြင့် ဘဝအသစ်တခု ဖြစ်ပေါ်ရလေသည်။

ဘဝသစ်တွင် ပထမဦးဆုံး ဖြစ်ပေါ်သော ပဋိသန္ဓေ စိတ်နှင့် အတူ ရုပ်ဓာတ်များလည်း ဖြစ်ပေါ်လာသည်၊ ထိုရုပ်ဓာတ်ကို "ကလလရေကြည်"ဟု ခေါ်သည်၊ ၎င်း ကလလ ရေကြည်သည် ဇာတိဥဏ္ဏာမည်သော ဟိမဝန္တာသားကောင်၏ အမွေးတပင်ကို ဆီကြည်တွင် နှစ်၍ ဖော်လိုက်သော အခါ- အဖျားတွင် ပါလာသော ဆီပေါက်ကလေးခန့်ရှိ၏၊ ဤကလလ ရေကြည် ကလေးမှာလည်း ရှေးကံကြောင့် ဖြစ်လာသော ရုပ်ကလေးသာ ဖြစ်၏၊ မိဘတို့၏ သုက်သွေးမဟုတ်ပေ၊ စိုက်ပျိုးသူနှင့် တူသော ကံတရားက မြေနှင့်တူသော မိဘတို့၏ သုတ်သွေးပေါ်တွင် မျိုးစေ့နှင့်တူသော ကလလ ရေကြည်ကလေးကို စိုက်ပျိုးပစ်ချ ပေးလိုက်ခြင်းသာ ဖြစ်သည်၊ မိဘတို့၏ သုက်သွေးသည် ကလလ ရေကြည်ကို ထောက်ပံ့ပေးရုံမျှသာ ဖြစ်သည်။

(၁) အမိလောင်းသည် ဓမ္မတာ စဲပြီးစ သားအိမ် စင်ကြယ် လျက်ရှိခြင်း၊

(၂) ဘမိ နှစ်ဦးတို့ ပျော်မွေ့ကြခြင်း၊

(၃) သတ္တဝါတဦးသည် ဘဝဟောင်းမှ သေစိတ်ကျ၍ ကံအသစ်က စီမံပေးလိုက်ခြင်းဟူသော အကြောင်းအင်္ဂါများ စုံလင်ခြင်းဖြင့် သတ္တဝါတဦး၏ ဘဝသစ်သည် အစပြုခဲ့သည်၊ ဤ သုံးပါးကို ပဋိသန္ဓေ ရရှိခြင်းအကြောင်း သုံးပါးဟု ခေါ်သည်၊

အမှတ် (၂) အင်္ဂါအတွက် တခါပျော်မြူးထားရလျှင် ၇–ရက် သို့မဟုတ် ၁၅–ရက်အထိ ပင်္ဂိသန္ဓေ ဖြစ်ပေါ်ခွင့်ရှိသည်။

ကလလ ရေကြည်ကလေးသည် ခုနစ်ရက်ခန့် ကြာသောအခါ အမြှုပ်ကလေးဖြစ်လာသည်၊ ထို့နောက် အစဉ်အတိုင်း သားတစ်ပျော့ သားတစ်မာ လက်နှစ်ဖု ခြေနှစ်ဖု ဦးခေါင်းဖုကလေး များဖြစ်သော ခက်မငါးဖြာ စသော အင်္ဂါအစိတ်အပိုင်းများ ရင့်ကျက်၍ လစေ့သောအခါ မွေးဖွားရလေသည်။

အမိဝမ်း၌ ဖြစ်ရသည်မှာ စင်စစ်တော့ ပဒုမာ ကြာတိုက် ခန်း၌ နေရသလိုမဟုတ်၊ အပုပ်အစပ်ပေါသော ဆူးတော၌ နေရ ခြင်းမျိုးသာ ဖြစ်သည်၊ အစာသစ် အိမ်၏အောက် အစာကျက် အိမ်၏ အထက်၊ ဝမ်းလွှာ ကျောက်ဆူးရိုးတို့၏ အလယ်တွင် "သားအိမ်" တည်ရှိ၏၊ အလွန်ကျဉ်းမြောင်းလှ၏၊ မှောင်အတိ ကျလျက်ရှိ၏၊ သည်းခြေ–သလိပ်–ပြည်–သွေး–အစာသစ်–အစာ ဟောင်း စသော အနံ့ဆိုးတို့ဖြင့်လှိုင်လျှော်ရှိ၏၊ရေပုပ်မြောင်း၌ ဖြစ်ရသော ပိုးလောက်တို့ကဲ့သို့ အနံ့ဆိုးလှသည့် လေများ၏ သွားလာရာ အမိဝမ်းခေါင်းထဲတွင် ဖြစ်ရသော ဇာတိ ဒုက္ခသည် အလွန်ကြီးလေးစွ။

ဆယ်လပတ်လုံး အသက်မရှူရဘဲ မကွေးသာ မဆန့်သာ နေ ရသော သန္ဓေသားသည် ကောက်ညှင်းထုပ် ပြုပ်ထားသကဲ့သို့ ပူပြင်းလှသော အမိ၏ ဝမ်းမီးတွင် အပြုပ်ခံထားရ၏၊ အမိကထိုင် ထ လှုပ်ရှားမှု ပြုလေတိုင်း အရက်သမား လက်က ဆိတ်ငယ်– အလမ္မာယ် သမား လက်က မြွေငယ်ကဲ့သို့ လွန်စွာ နာကျင် ပင်ပန်းလာ၏။

အမိက အေးလွန်းသည့် အစာကို စားသည့်အခါ အလွန်အေးသော လောကန္တရိက်ငရဲမှာ ခံနေရသကဲ့သို့ငှင်း၊ ပူလွန်းသည့် အစာကို စားသည့်အခါ မီးကျီးမိုး အရွာခံရသကဲ့သို့ငှင်း၊ အငန် အချဉ်များ စားလိုက်သည့်အခါ ဓားမွန်းဆားပက် ခံရသကဲ့သို့ငှင်း ဒုက္ခဝေဒနာ ကြီးလှပေသည်၊ သန္ဓေသားသည် ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ အမိစားသော အစာဖြင့်သာ မျှတကြီးပွားရလေသည်။

ဖွားကာနီးသောအခါ ကမ္မဇလေတို့က သန္ဓေသားကို အမိ၏ ယောနိဝ (အင်္ဂါ) ဘက်သို့ ဦးခေါင်းရောက်အောင် ဇောက်ထိုး ပြောင်းပြန် လှန်လိုက်ကြသည့်အတွက် ချောက်ထဲကျသော သူကဲ့သို့ ခံရသော ဝေဒနာမှာလည်း ကြီးလှပါသည်။ အမိ၏ ယောနိဝမှ လူ့လောက အပြင်သို့ ထွက်ရသည့်အခါတွင် ကျုံးပေါက်ငယ်ကလေးမှ အတင်းဆွဲထုတ်ခံရသော ဆင်ကြီးကဲ့သို့ အလွန်နာကျင်လှပါသည်။

အသားနု တက်ကာစဖြစ်သော အနာကို ဒုတ်ထိုး ခံရသကဲ့သို့ မွေးကာစ အလွန်နုနယ်သော အသားများကို ကိုင်၍ ရေချိုးခြင်း ရေသုတ်ခြင်း စသည် ခံရသည်မှာလည်း အသဲခိုက်အောင် နာလှပါသည်၊ ကလေး (သို့မဟုတ်)ပထမ တမန်တော်သည် သူ၏ ဒုက္ခကြီးလေးလှကြောင်းကို အမိဝမ်းတွင်းက မထွက်မီကပင် ဤသို့ ပြောပြခဲ့လေသည်။

အမိဝမ်းတွင်းမှ အပြင်သို့ ရောက်သောအခါ၌လည်း သူ၏ ဒုက္ခအမှန်တရားများကို ဆက်လက်ပြောပြ ပြန်၏။

ကလေးငယ်သည် လွန်စွာ အင်အားချိနဲ့လှ၏၊ စားဘို့အိပ်ဘို့ လောက်ကိုသာ အများဆုံး သိတတ်၏၊

မိမိလက်ကိုလည်း မိမိမကြွနိုင်၊ ခြေကိုလည်း မကြွနိုင်ပါ၊ ယက်ကန်ယက်ကန် လှုပ်ရှားနိုင်ရန်ပင် အတော်အားယူ ကြိုးစားနေရ၏၊ သူအလိုရှိတာကိုလည်း ငိုရုံမှ အပ ဘာမျှ ထုတ်ဖော်တောင်းဆိုနိုင်စွမ်း မရှိသေးပါ၊ မှက်–ခြင်–ယင်–လေ–အပူအအေး ရောဂါ ဝေဒနာတို့၏ ဒဏ်ကို ခံစားရုံမှ အပ သူသည် ဘာမျှ မကာကွယ်တတ်သေးပါ၊ အကူအညီကို မတောင်းခံတတ်သေးသော ကလေးငယ်သည် ကြိတ်မှိတ်၍သာ ဝေဒနာကို ခံစားခဲ့ရပါသည်၊ မြွေက သူ့ကို လာပေါက်လျှင်လည်း မရှောင်းနိုင်ဘဲ ခံလိုက်ရမည့်သူပါ၊ သူ့ ပါးစပ်ထဲ အဆိပ်ရည် လာထည့်လျှင်လည်း သောက်ရမည့်သူပါ၊ ရေထဲကျလျှင်လည်း နစ်ရမည့်သူပါ၊ မီးထဲ ကျလျှင်လည်း အလောင်ခံရမည့် သူပါ။ သူသည် တခါတခါ ဗိုက်နာ၍ ငို၏၊ အမေက ကိုယ်ပူသည်ထင်၍အပူကျသေး တိုက်၏၊ သူ့ဗိုက်နာ မပျောက်ပါ၊ သို့သော် ပြောမပြတတ်ပါ၊ သူသာ သူ့ ဝေဒနာကို ကြိတ်မှိတ်ခံရပါတော့သည်။

စောင်း၍လည်း မအိပ်တတ်သေးပါ၊ သူသည် ပက်လက်အိပ်ခြင်းဖြင့်သာ ဒုက္ခခံ၍ သူ့ဘဝ ရပ်တည်ခွင့်ကို ချန်းကန်နေရပါသည်၊ သူ့ကိုယ်သည် သူ၏ ကျင်ကြီး ကျင်ငယ် ထဲတွင် လူးလဲနေ၏၊ နံလှ၏၊ အေးလှ၏၊ အခံရခက်လှ၏၊ သို့သော်–မသုတ်သင်တတ်သေးပါ၊ သူ၏ ပါးစပ်ထဲတွင် ချွဲ–သလိပ်များအပြင် မစင်များပင်ပေကျံနေတတ်၏၊ သူသည် မိခင်၏ ကြည့်ရှုစောင့်ရှောက်မှု ကောင်းမှသာလျှင် ချမ်းသာရမည့် သူပါ၊ မိမိဘဝ သက်သာရာ ရရေးကို မိမိကိုယ်တိုင်မလုပ်နိုင်သော သူ့ဘဝ၏ဒုက္ခသည် မည်မျှကြီးလှလေသနည်း။

သူသည် ပါးစပ်က တခွန်းမျှမဟဘဲ သူ့ဒုက္ခကို ဖော်ထုတ် ပြောပြနေသူပင် ဖြစ်ပါသည်၊ သူက "ကျွန်တော်....ဒီဘဝကို ရချင်တဲ့တဏှာကြောင့် ရခဲ့လို့ ဒီလို ခံနေရတာပါ၊ ကျွန်တော့ ဘဝမျိုးကို မလိုချင်ကြပါနဲ့၊ ဒီဘဝမျိုးက လွတ်နိုင်တဲ့ နည်း လည်း ရှိမှာပါဗျာ၊ ရအောင်ရှာပြီး လွတ်အောင်လုပ်ကြပါ"ဟု ပြောသံကိုလည်း သေသေ ချာချာ နားထောင် ကြည့်လျှင် ကြားရပါသည်၊ စင်စစ် သူသည် ဘဝလွတ်မြောက်ရေးလမ်းစကို ရှာကြံ ပြောပြနေသော တမန်တော် တယောက်ပင် ဖြစ်ပါသည်။

## သူအို တမန်

သူအို တမန်တော်သည် သူနာ-သူသေ တမန်တော် တို့၏ ရှေ့ပြေးပင်ဖြစ်၏၊ ကျွန်တော်နဲ့တွေ့ရလျှင် သူနာ-သူသေ တမန် တော်ကြီးတွေနဲ့ မကြာမီ တွေ့ရပါလိမ့်မယ်၊ ကျွန်တော့ နောက်က သူတို့လာကြပါပြီဟု ပြောပြနေသူဖြစ်၏၊

သူ့ကို တွေ့ရသည် မှာလည်း စိတ်ဝင်စားစရာပင် ဖြစ်၏၊ ပေါင်နှစ်လုံးကြားထဲသို့ ခေါင်းဝင်နေ သောကြောင့် ကုန်းနေ သောခါးကို အထင်အရှားမြင်ရ၏၊ ရှေ့ကနေ အမှတ်တမဲ့ ကြည့် လျှင် ခေါင်းသုံးလုံးရှိသလို ထင်ရ၏၊ သူ့ဝမ်းကို ဖြည့်တင်းနိုင် ရေးအတွက် ထမင်းတလုပ်ကိုပင် တုန်တုန်ရီရီနှင့် အချိန်အတော် ကြာအောင် သွားဖုံးဖြင့် ကျိတ်၍ ဝါးနေရပါသည်၊ သူ့မှာ သွားတွေ မရှိတော့ကြောင်း ထင်ရှားနေပါသည်၊ ဖြူဆွတ် နေသော ဆံပင်များကြားထဲတွင် အနက်တပင်စ နှစ်ပင်စ တွေ့ရသေးသဖြင့် အဖြူတွေဟာလည်း အနက်က ဖောက်ပြန် ပြောင်းလဲလာတာဘဲဟု သိရပါသည်၊ ဆံပင်ဖြူများသည်ဆံပင်

နက်များကို နေရာမပေးတော့ဘဲ တခေါင်းလုံး သူတို့သာ မင်းမူထားကြပါသည်၊ မျက်ခုံးမျက်ခမ်း နှုတ်ခမ်းများ နေရာ အထိပင် နယ်ချဲ့နေကြပါသည်။

တင်းတင်းရင်းရင်းမရှိ တွန့်လိမ်နေသောသူ၏အရေများတွင် ပြိုင်းပြိုင်းထနေသော အကြောများကို တွေ့ရ၏၊ အသား၏ အဖုံးအကာကို မရတော့သော သူ့အရိုးများသည်အထင်းသား ပေါ်နေကြ၏၊ မွှဲမြည်းများမှာလည်း ကိုယ်လုံးအနှံ့ ပေါက်နေ ကြပါသည်၊ ပတ်ဝန်းကျင်ကို အနည်းငယ် မြင်ရရန်ပင် သူ အတော်အာရုံ စိုက်ရပါသည်၊ ခေါ်လို့လည်း မကြားတော့ပါ၊ သူ၏ မျက်စိနှင့်နားတို့သည် အာရုံကို ယူနိုင်သော အစွမ်းသတ္တိ များစွာ ချွတ်ယွင်းနေကြပါပြီ။

သူသည်တောင်ဝှေးကိုအားပြုထောက်၍ တုန်တုန်ရီရီနှင့် ထိုင် ရာမှ ထလိုက်သည်၊ သူ၏ ခြေသလုံးများမှာ ဝါးနှုခြောက်ကဲ့သို့ ရှုံ့တွ သေးသွယ်နေကြ၏၊ ခွင်သောခြေဖြင့် ရှေ့သို့ တဖြည်း ဖြည်းချင်းကြွ၍ လှမ်းလိုက်သည်၊ တောင်ဝှေးသည် သူ၏ တုန်ရီ သော လက်တွင်းမှ လွတ်ထွက်သွားသည်၊ ကိုယ်၏ အလေးဒဏ်ကို ထိန်းမထားနိုင်သောသူ၏ ခြေထောက်တို့ကြောင့် မြေပေါ်သို့ ပုံလျက်သား လဲကျသွားတော့သည်၊ မောဟိုက်သံများနှင့်အတူ သူ့ပစပ်မှ အမြှုပ်များစီး၍ ထွက်လာကြပြီး မေ့မျော သွားလေ တော့သည်။

ဇရာအိုကို သွား၍ ထူလိုက်ပါသည်၊ ဟင်-အသက်မှ ရှိသေး ရဲ့လား၊ ပြိုင်းပြိုင်းထနေသော နံရိုးများအကြားမှလှုပ်နေသော ရင်အုံကလေးကို တွေ့ရပါသေးသည်၊ တတ်နိုင်သလောက် ပြုစု လိုက်သည်၊ သူပြန်၍ သတိရလာပါသည်။

"ငါ့....မြေး...."။

မောနေရာမှ တလုံးချင်း အားယူခေါ်လိုက်သည်။

"ဗျာ အဘ၊ ဘာလိုချင်သလဲ၊ ရေသောက်ချင်သလား"။

အဘသက်သာအောင် နှစ်သိမ့်လိုက်ရပါသည်။

"မလိုပါဘူး ငါ့မြေး၊ အဘ ပါးစပ်နား တိုးစမ်းပါ၊ ငါ့မြေးကို အဘပြောချင်လို့"။

"ဟုတ်ကဲ့အဘ တိုးပါ့မယ်"။

"ငါ့မြေးဇရာဒုက္ခဆိုတာ မင်းတို့ သိပ်နားလည်မှာ မဟုတ်သေဘူး၊ အဘဖြစ်ပုံကို ကြည့်ပြီးစဉ်းစား ကြည့်လျှင်တော့ မင်းအတော် သဘောပေါက်လာပါလိမ့်မယ်၊ အဘှမှာ ဖောက်ပြန်ပျက်စီးနေတဲ့ ရုပ်တွေဟာ ထင်ရှားတဲ့ အိုခြင်းတွေသာ ဖြစ်ကြတယ်၊ စိတ်တွေဖြစ် အို ပျက်နေတဲ့ မထင်ရှားဟဲ့ ဇရာဒုက္ခကိုပိုအကြည့်ရခက်တယ်။

အဘသည် မောနေသည့်ကြားမှ အတော် အားယူ၍ ပြောနေရရှာသည်။

"ဒီမှာ ငါ့မြေး လူအိုရင် လူမလေး ကြောင်အိုရင်ကြွက်မလေးဆိုတဲ့ စကားပုံရှိတယ်၊ အဘတို့ ဇရာအိုတွေဟာ မယားမုန်း သားမုန်း သမီးမုန်း အမုန်းအမျိုးမျိုး ခံနေရတဲ့ လူတွေဘဲ။ ဘယ်သူမှလည်း မလေးစားချင်တော့ဘူး၊ စားချင်တာ မစားရ၊ ဝတ်ချင်တာ မဝတ်ရ၊ စားရ ဝတ်ရပြန်တော့လည်း မစားနိုင် မဝတ်နိုင်တဲ့ အရွယ်ဘဲ ငါ့မြေး"။

"သွားကျိုးဆံဖြူ ပုံဟန်ချို၍ နားအူမျက်ပေ အရေတွန့်တဲ့ ပြာခြောက်မှဲလျက် မှိဝဲကိုင်းကုန်း ဇရာမှုန်း၍ အသုံးမဝင်" လို့ ပညာရှင်တို့က ဆိုကြတယ် ငါ့မြေး။

"အဘ သိပ်မောနေမယ် ခဏနားပါအုံး"။

"ဟဲ့–ငါ့မြေး၊ မင်းအသာနေစမ်း၊ အဘတို့အရွယ်ဟာ သိပ်မထူးတော့ဘူးလို့ ဆိုရမှာဘဲ၊ ဟော ဟိုမှာကြည့်စမ်း"။

အဘသည် သစ်ပင်ခြောက်ကြီးနှင့် လဲကျ ဆွေးမြေ့နေသော သစ်ပင်ကြီးဆီသို့ လက်ညှိုးထိုးပြလိုက်သည်။

"အဘ ဘဝဟာ အဲဒီ သစ်ပင်ခြောက်ကြီး ဘဝနဲ့ တူတယ်၊ မကြာခင် ဟိုဘက်က လဲကျနေတဲ့ သစ်ပင်ကြီးလို အဘ လဲရတော့မယ်"။

"တနေ့ကွယ် သေနယ်သို့ တခါကူး
မေ့လျော့ကာ သေဘူးထင်နေပါနဲ့
နေကွယ်တာ အချိန်များလျှင်(ဖြင့်)
သေနယ်ရွာ တကြိမ်သွားပါလိမ့်
တားမရဘူး"
"တနေ့ တနေ့တဲ့ တရွေ့ရွေ့ယွင်းယို
နောက်ဆုတ်လို့ ပြန်မပျိုသည်
ရှေ့ကိုသာ အိုမြဲ"တဲ့ ငါ့မြေးရဲ့။

အဘတို့ဘဝရဲ့ ဒုက္ခကိုပြပြီး မင်းတို့ကို သင်ခန်းစာ ပေးနိုင်ခဲ့ရင် အဘတို့ သေပျော်ပါပြီ၊ အဘဟာ ဒီလိုဘဝကို တပ်မက်ခဲ့လို့ ဒီဘဝကို ရခဲ့တယ်၊ ငယ်ငယ်ကလေးက စပြီး အဘရဲ့ဘဝမှာ ဒုက္ခတွေချည်းပါကလားဆိုတာ ခုလိုကြီးမှသဘောပေါက်တယ်၊ ဒါနဲ့ အဘဟာ ဘဝလွတ်မြောက်ရေးအတွက် အမှန်လမ်းစဉ်ကို ရှာပြီး ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ဒီဘဝမှာ အဘရည်မှန်းချက် မအောင်မြင်သေးဘူး၊ ဒီဘဝက လေ့ကျင့်မှုကို အရှိန်ယူပြီး

နောက်ဘဝတွေမှာ ဆက်လက် လေ့ကျင့်သွားလျှင် ဘဝလွတ်မြောက်ရေးကို အဘာ ရရမယ်လို့ ယုံကြည်ထားတယ်။

အေး ဒါကြောင့် ငါ့မြေးလဲ မိမိနဲ့ ပတ်ဝန်းကျင်မှာ ဘဝအကြောင်း ဘဝဒုက္ခ အမှန်တရားတွေကို မြင်အောင် လေ့လာပြီး ဘဝလွတ်မြောက်ရေး လမ်းစဉ်ကို ရှာကြံ ကျင့်သုံးပါလို့ အဘာ တိုက်တွန်းပါရစေ ငါ့မြေး။

အဘာဆိုသော ဇရာအိုသည် အိုခြင်းတရား၏ ဆင်းရဲပုံ အမှန်တရားကို ဖော်ထုတ်ပြောပြနေသော တမန်တော် တယောက်နဲ့ တူပါကလားဟု နားလည်ရပါတော့သည်။

## သူနာ တမန်

မျက်စိထဲတွင် ဝေနေ၏၊ ခေါင်မိုးကြီး လည်နေသလို ထင်ရ၏၊ စိတ်ထဲမှာလည်း မကြည်သာလှ၊ အိပ်ရာက နိုးလာသလိုပင် ထင်နေ၏။

ငါဘယ်ကို ရောက်နေသလဲ။

အတော်သတိထား စဉ်းစားကြည့်ရသည်၊ ပတ်ဝန်းကျင်ကို စောင်းငဲ့ကြည့်လိုက်သည်၊ ကုတင်ပေါ်က လူနာတွေနဲ့ ဆေးလိုက်တိုက်နေသော သူနာပြုတွေကို တွေ့ရ၏၊ မြန်မာ့သမားတော်ကြီးတဦးက လူနာကို စစ်မေးနေ၏။

ဟင်–ငါ တိုင်းရင်းဆေးရုံ ရောက်နေတာပါ ကလား၊ ဒီတော့မှ မိမိလည်း လူနာတယောက် ဖြစ်နေမှန်း သိရတော့သည်၊လူတို့သည် "ငါဘာမျှမဖြစ်၊ကျန်းမာသန်စွမ်းသူ တယောက်ဖြစ်တယ်" ဟူသော "အာရောဂျ" မာန်ဖြင့် ဘယ်အခါမှ မဖျားမနာတော့ဟန် ထင်မှတ်ကာ ကြွားကြ၏၊ ဝါကြ၏၊ ဒုစရိုက်တရားကို အရေးထား လုပ်ဆောင်နေမိကြ၏၊ အပြင်း

အထန် မကျန်းမမာသော အခါကျမှသာ အသက်ရှင်ရေးအတွက် ဆရာအမျိုးမျိုးနဲ့ ကုသကြသည်၊ သူတို့၏ ဓာတ်နာ ဥတုနာကို ဆရာများက ပျောက်အောင် ကုပေးနိုင်ကြသော်လည်း ကံနာကိုတော့ ဆရာတိုင်းက လက်လျှော့ရလေသည်၊ ဒီတော့မှ မိမိကိုယ်ကို သံတိုင်နှင့် တည်ဆောက်ထားတာ မဟုတ်ကြောင်း သဘောပေါက်ကြ၏၊ဘဝကူး ကောင်းနိုင်မကောင်းနိုင် စဉ်းစားမိကြ၏၊ မိမိမှာ ကုသိုလ် အထုပ်အထည် မရှိမှန်း သိသောအခါ အချီးနှီး ဖြုန်းတီးခဲ့သော အချိန်တွေကို နှမြောတသနေကြ၏၊ နောင်တ ရမိကြ၏။

"ရေသောက်ချင်တယ်၊ ရေပေးကြပါ"

ဤအသံ ထွက်ပေါ်လာရာဘက်သို့ လှည့်ကြည့်လိုက်မိသည်၊ သူ့ကိုယ်မှာ မစင်တွေ လူးနေ၏၊ ကျင်ငယ်ရေတွေ စိုနေ၏၊ သူ၏ မျက်ကွင်းများမှာ မျောက်အိုကြီးကဲ့သို့အတွင်းသို့ချိုင့်ဝင်နေ၏၊ အရိုးများပြိုင်းပြိုင်းထနေကြ၏၊ ဟိုဟိုဒီဒီ လူးလှိမ့်၍နေ၏၊ "အပူယိုစီးနာ" ရောဂါသည်တဦး ဖြစ်ဟန်တူသည်။

"အာနန္ဒာ-နှစ်ထပ် သင်္ကန်းကြီးကို လေးထပ် ခေါက်၍ ခင်းပေးလော့၊ အာနန္ဒာ-ငါပင်ပန်းလာပြီ ထိုင်ဦးအံ့"။

"အာနန္ဒာ-သောက်ရေ ခပ်ချေလော့၊ ငါဘုရားမွပ်သိပ်၏၊ ရေသောက်အံ့"။

ကုသိနာရုံသို့ ပရိနိဗ္ဗာန်ပြုရန် ကြွသွားသော လမ်းခရီးတွင် ဝမ်းသွေးသွန်သော ရောဂါ ခံစားနေရသည့်ဗုဒ္ဓက အာနန္ဒာအား မိန့်ကြားသောစကားတော်များကို ကြားယောင်လာ၏။

ဣဒ္ဓိပါဒ်တရား ပွားများ၍ အာယုကပ် ဆုံးသည့်တိုင်အောင် နေနိုင်သော အတုမရှိ ဗုဒ္ဓသော်မှ ဓာတ်လေးပါး တို့၏

ဖောက်ပြန်မှု ရောဂါဝေဒနာ ကပ်ရောက် ခံစားရသေး၏၊ ငါတို့လို အထုအခံ မယ်မယ်ရရ မရှိသူတို့မှာ အဘယ် ဆိုဘွယ်ရာ ရှိပါတော့မည်နည်း၊ဇာတိဖြင့် အရင်းတည်၍ ရလာသော ဗျာဓိ တရားသည် ဆင်းရဲလှသော ဒုက္ခကြီးပါတကား"။

အသက်တမ်း၊ သေရမည့်ရောဂါ၊ သေမည့်အချိန်၊ အသေ ကောင်မြှုပ်မည့်နေရာ၊ ဆက်ရမည့်ဘဝသစ် ဤငါးချက် တို့မှာ လူသာမန်တို့ ကြိုတင်မသိနိုင်သော သဘောတွေပါ ကလား၊ ငါဘယ်သို့ သေရမည်နည်း၊ မစဉ်းစားနိုင်သေးပါ။

အနီးပတ်လည်ရှိ လူနာတို့၏မြင်ကွင်းကို တမျိုးပြီး တမျိုး တွေ့နေရ၏၊ သူတို့၏ ခန္ဓာ အသီးသီးတွင် ကပ်ရောက် ခံစား နေကြရသော ဝေဒနာတို့မှာ တခုမျှသေးလှမည်မဟုတ်ပါ၊ကိုယ့် ခန္ဓာကိုပင် ကိုယ်မသယ်နိုင်ကြတော့ပါ၊ ထူပေးမှ ထကြရ၏၊ သိပ်ပေးမှ အိပ်ကြရ၏၊ အချို့မှာ ဖောယောင်နေကြ၏၊ မျက်စိ ပတ်တည်းစီးထားသူတို့ကိုလည်း တွေ့ရသည်၊ ရောဂါ၏ နှိပ်စက် မှုကို မခံမဆန့် ခံနေရရာမှ ထွက်ပေါ် လာသော ညည်းသံ အမျိုးမျိုးကိုလည်း ကြားနေရ၏၊ လူနာတဦးကို တွန်းလှဲပေါ် တင်ပြီး တွန်းသွားသည်ကိုတွေ့လိုက်ရ၏၊ အသက်ပင် ရှိတော့ ဟန်မတူပါ၊ ထိုအရာသည် ဗျာဓိဒုက္ခ၏ ဝါးမျိုးမှုကို အပြီးတိုင် ခံလိုက်ရသော ဥတုဇရုပ်ကလာပ်တခုသာ ဖြစ်ပေလိမ့်မည်။

"ဟေ့-ရေကို အရက်လုပ်တဲ့ အကောင်တွေ သဘိထား"။

တဘက်ဆောင်မှ ကျယ်လောင်သော အသံကြောင့် ရုတ် တရက်ထိတ်သွားမိသည်၊ နောက်မှ စိတ္တဇဝေဒနာရှင်တဦး အသံ ဖြစ်ကြောင်း စဉ်းစားမိသည်။

ညဉ့်မှာ တဖြည်းဖြည်း နက်လာ၏၊ အအေး ဓာတ်လည်း ပို၍ စိုးမိုးလာသည်၊ မနက်က မူး၍ လဲသွားစဉ်က ရခဲ့သော ဒဏ်ရာမှ တဖြည်းဖြည်း ကိုက်၍လာ၏၊ အခြား အာရုံ တခု ဖြင့် အစားထိုးပြီး ဝေဒနာကို လျစ်လျူရှုကြည့်၏၊ ခေတ္တ မျှသာ သက်သာသလိုရှိပြီး ကိုက်တဲ့ ဝေဒနာဆီသို့ စိတ်က ပြန်၍ ရောက်သွား၏၊ အံကိုကြိတ် အသက်ကို အောင့်ထားသည်၊ မသက်သာ၊ အအေးဓာတ် ပိုလာသည်နှင့်အမျှ ပို၍သာ ကိုက် လာသည်၊ မျက်ရည်များပင် လည်၍လာသည်။

သူနာတမန်ဆိုသည်မှာ ပတ်ဝန်းကျင် မှာသာ မဟုတ်၊ ကိုယ့် ကိုယ်ထဲမှာပင် ရှိနေသည်၊ ကျင်နာ ခံခက်လှသော ဒုက္ခအမှန် တရားကို လွတ်အောင်ရှန်းပါလော့ဟု သူနာတမန်က ထုတ်ဖော် ပြောပြနေလေသည် တကား။

## အကျဉ်းသားတမန်

မိုးကုတ်မြို့၏ အင်းပတ်လမ်းသည် သာယာ ကြည်နူးဘွယ် ကောင်းလှ၏၊ ပတ်လည်ဝန်းကျင်သို့ မျှော်ကြည့်လိုက်လျှင် အခိုး ဝေနေသော ညို့ညို့မှိုင်းမှိုင်း တောင်တန်းများကိုတွေ့ရပါသည်၊ အထက်အမြင့်ကကြည့်လျှင် သံဒယ်အိုးကြီးလို တွေ့ရပါသည်၊ ဝါဝါဝင်းဝင်း ဖြူဖြူဖွေးဖွေး စေတီတော်များမှာ သဘာဝ၏ အလှကို တမျိုး ပဏာရဒ်စေလျက် ရှိပါသည်၊ အင်းရေပြင်မှာ မြသားရောင်တောက်နေ၏၊ တောင်တန်းများကို ကျော်ဖြတ်၍ ဖွူးဖွူးသာသာ တိုက်ခတ်လာသော လေကြောင့် ရေပြင်တွင် လှိုင်းငယ်ကလေးများ ကြွနေကြ၏၊ ညနေခင်း ဆည်းဆာ ရောင် နှင့် ပေါင်းစပ် လိုက်သောအခါ အင်းရေပြင်သည် လှချင်တိုင်း

လှနေပါတော့သည်၊ ကြည်နူးမှုသရုပ်ကို အငွေ့မ်းကုန် ဖော်ထုတ်ပေးလျက်ရှိပါသည်၊ သူ၏အလှဖြင့် လူသား၏စိတ်ကို ဖျော်ဖြေပေးလျက်ရှိပါသည်၊ အင်းပတ်လမ်း၏မြင်ကွင်းကို ဂုဏ်ဒြာရုံဟုပင် ဆိုချင်လာပါတော့သည်။

ကုန်တင်ကားတစီးသည် မျက်နှာချင်းဆိုင်သို့ ရောက်လာ၏၊ ဝူးဝူးဝါးဝါးနှင့် စူးရှသောအသံများကို ကြားနေရ ပါသည်၊ မမြင်ဝံ့မကြားဝံ့သော အနိဋ္ဌာရုံ မြင်ကွင်းတခု ဖြစ်နေသည်ကို တွေ့ရပါတော့သည်၊ မြင်ကွင်းသည် တမျိုးပြောင်းလဲခဲ့လေပြီ၊ ခြေကြိုး လက်ကြိုး အမျိုးမျိုးတုပ်နှောင်ထားသော ဝက်များကို တကောင်နှင့် တကောင် ထပ်၍တင်ထားသည်၊ ကားအပေါ်ဘက်၌ ထိုးထားသောစင်တွင် ကြက်များကိုတွေ့ရ၏၊ သေတ္တာထဲမှာ အဝတ် အပြည့် အသိပ် ထည့်ထားသလို သက်ရှိ ကြက်ကလေးများမှာ ခြင်းထဲတွင် မလှုပ်သာ မလှည့်သာ စုပြုံ ထည့်သိပ်ထားခြင်းခံနေကြရ၏၊ လမ်းဘေးရှိ ထဲရှိ ဝက်ရုံမှ ဝက်များကလည်း သူတို့၏ အချုပ်အနှောင်ခံဘဝကို ဝူးဝူး ဝါးဝါးနှင့် ပြောကြားနေကြပါသည်။

စင်စစ်သူတို့ကို မည်သူကမျှ တုပ်နှောင်ထားခြင်း မဟုတ်၊ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ်လမ်းကိုယ်သွား ကိုယ့်ကြမ္မာ ကိုယ်ဖန်ခဲ့သော "ဘယ်သူမပြု မိမိအမှု" သာ ဖြစ်ချေသည်။

"ငါလည်းဘဲ သူတို့လိုကြိုးဆယ်ချောင်းနဲ့ အတုပ်အနှောင်ခံနေရတဲ့ သူပါကလား၊ ကိုယ့်လည်ပင်း ကိုယ့်ဘာသာ ကြိုးကွင်းစွပ်နေသူပါကလား၊ သူတို့ဘဝနဲ့ ငါ့ဘဝ ဘာထူးသေးသနည်း" အတွေးများ မဆုံးမီမှာပင် ကုန်တင်ကားသည် လမ်းဘေးဝက်ရုံဆီသို့ ချိုး၍ ဝင်သွားလေသည်။

အမျှင်မပြတ်နိုင်သော အတွေးများက ဆက်၍ ဝင်လာကြ ပြန်သည်။

ခေါးလုံလက်နက်များ ကိုင်ဆောင်ထားသော တာဝန်ကျ အစောင့်သမားများသည် အချုပ်ခန်းကို သတိမလစ် လှည့်ပတ် စောင့်ရှောင့်နေကြသည်၊ နံရံအဆင့်ဆင့် ကာရံထားပြီး သော့ အထပ်ထပ်ခတ်၍ထားသောမှောင်မိုက်လှသည့် အချုပ်ခန်းထဲတွင် ကား ဘုရားဒါယကာ ကျောင်းဒါယကာ သောတာပန် ဗိုလ်မှူးသာရ မင်းကြီးတဦးသာ ရှိပါသည်၊ သူသည် သာမညတရားခံမဟုတ်၊ သားအဇာတသတ် ကိုယ်တိုင် အမျက်တော်ရှ၍ ဖမ်းဆီးတုပ် နှောင်ထားသော တရားခံတဦးဖြစ်သည်။

အချုပ်ခန်းသည် မှောင်မိုက်ရုံသာမက လေဝင်ပေါက် နည်းလှသဖြင့် အသက်ရှူရသည်မှာပင် အလွန် ကြပ်တည်းလှ ပါသည်၊ သူ့မှာ အအေးဒဏ်ကို ကာကွယ်ရန် စောင်မရှိ၊ အိပ် စရာ ခေါင်းအုံး၊ ခင်းစရာအခင်း မရှိပါ၊ မှက် ခြင် ကြမ်းပိုး တို့၏ သောင်းကျန်းလှန်းသော နယ်မြေသို့ သူရောက်နေရပါ သည်၊ လက်ခြေများကို ထိပ်တုံးခပ်ထားပါသည်၊ စောင်းလှည့် ရန် အခွင့်အရေး လုံးဝ မရှိတော့သည့် သူ၏ အချုပ်သမား ဘဝသည် လွန်စွာ ကြပ်တည်းလှပါသည်။

သူသည် ထမင်းစားချိန်လောက်မှာသာ ထမင်း လာပို့သော ဝေဒေဟီ မိဖုရားတဦးတည်းနှင့် ခဏတွ တွေ့ခွင့်ရ၏၊ ဤသည် မှာပင် သား အဇာတသတ်က ပေးထားသော အထူးအခွင့် အရေးကြီးဖြစ်၏။

အမျက်တော်ပို၍ ရှလာခဲ့သော အဇာတသတ်သည် ထမင်း ကျွေးခွင့်ကိုပင် မပေးတော့ပါ။ ဝေဒေဟီ မိဖုရားကြီးက သား

မသိအောင် ထမင်းကို ဘိနပ်ထဲမှာ ထည့်၍ ယူသွားပြီး ကျွေးရ၏၊ ဤသတင်းသည် ပေါက်ကြားသွားပြီး အစောင့်တို့က မိဖုရားကြီး ကိုယ်ကို အသေအချာ စစ်ဆေးပြီးမှ ဝင်ခွင့်ပြုကြ၏၊ ဝေဒေဟီ ခမျာ လင်နဲ့ သားအကြား ဗျာများပြီး အကြံရ ခက်ရှာပါတော့သည်၊ လင်ဆိုးမယား တဖားဖား ဘဝမျိုးနှင့် မတွေ့ရသော်လည်း သားဆိုးမအေ တပေပေ ဘဝဆိုးနှင့် ဝေဒေဟီ တိုးနေရပါပြီ၊ အစာမစားရလျှင် သူတော်ကောင်းကြီး ဆုံးရှာတော့မည်၊ မိုက်မဲသော သားတွင် ကျရောက်လာမည့် ကံကြမ္မာဆိုး ကိုလည်း မအေ တယောက် ပီပီ မရှုရက်နိုင်ပါ၊ မွေးကျေးဇူးကို လုံးဝ မသိတတ်သော သားမိုက်ကလည်း အမေကို ရှိတယ်လို့ပင်မထင်ပါ၊ ဝေဒေဟီ၏ လတ်တလော ပြုရမည့် တာဝန်မှာ လင်သား၏ အသက်ကို ကယ်တင်ရန် အရေး အကြီးဆုံး ဖြစ်နေ၏၊ ထို့ကြောင့် တတ်နိုင်သမျှ အကြံကို ထုတ်၍ ကိုယ်မှာ ပျားရည်လူးပြီး အချုပ်ခန်းတွင်းသို့ ဝင်ရ၏၊ မိဖုရား ကိုယ်မှ ပျားရည်ကို လျက်ခြင်းဖြင့်သာ ဗိမ္ဗိသာရ မင်းကြီး၏ အသက်ခန္ဓာသည် တည်မြဲခွင့် ရနေပါတော့သည်။

မိဖုရားကြီး ဆင်လိုက်သောဉာဏ်ကို သားအဇာတသတ် သိရ သည့်အခါ အလွန်စိတ်ဆိုးသွား၏၊ အချုပ်ခန်းတွင်းသို့ လုံးဝ မဝင်ရ ဟူသောအမိန့်ဖြင့် အမေကျေးဇူးရှင်ကြီးကို ချုပ်ချယ် လိုက်ပါတော့သည်၊ ကောင်းတူဆိုးဘက် ဘဝကြင်ဖော် ဝေဒေဟီ ကမှ ဗိမ္ဗိသာရ၏ အသက်ကို မကယ်နိုင်လျှင် မည်သူက ကယ်တင် ပေးပါဦးမည်နည်း။

ဘုရားဒါယကာကြီးသည် သူ့ပြည် သူ့မြေ-သူ့ထီး သူ့ နန်းပေါ်မှာပင် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ခဲ့ရပါချေပြီ၊ သို့သော်

အစောင့်တို့က ခြေတုံး လက်တုံးများ ဖြေထားပေးသဖြင့် အနည်းငယ် သက်သာခွင့် ရလာသည်၊ သူသည် အကျဉ်းစခန်း အတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ခြင်းဖြင့်သာ သူ့အသက်ခန္ဓာကို ဆက်လက်ထိန်းသိမ်းရပါတော့သည်။

ရှင်ဒေဝဒတ်သည် "ဘုရားကို ဇီဝိန်ချွေ၍ ဘုရားလုပ်မည်" ဟူသော ဝါဒကို လက်ကိုင်သုံးနေသည့်အပြင် "အဘ ဘုရင်ကို သတ်၍ ဘုရင်လုပ်ပါ" ဟူသော ဝါဒဆိုးကြီးကိုလည်း ငယ်ရွယ် မိုက်မဲသော အဇာတသတ် မင်းသားကလေးအားအမျိုးမျိုး သွေး ထိုးကျင့်သုံးစေလျက်ရှိသည်၊ရှင်ဒေဝဒတ်သည် ဘုရားဒကာကြီး ဗိမ္ဗိသာရကို ချုပ်နှောင်ထားရုံဖြင့်မကျေနပ်နိုင်ပါ၊ အဇာတသတ် ၏ ထီးနန်းအန္တရာယ်ကို စိုးရိမ်မကင်း ရှိသေး၏၊ စိတ်ချရအောင် လက်စရှင်းလိုက်ပါ ဟူသော အာနန္တရိယ ကံကြီး ဆီသို့ပင် မင်းသားမိုက်ကလေးအား အဓမ္မတွန်းပို့လျက် ရှိပါသည်၊ ရှင်ဒေ ဝဒတ်ကို ဘုရားတဆူ ဂူတလုံးကဲ့သို့ အားထားယုံကြည် လှသော အဇာတသတ်သည် မင်းဆရာစကားကို လက်ခံ၍ မိမိဘဝကိုအနိမ့် ဆုံးလွှာအထိ တွန်းချလိုက်ပါတော့သည်။

အာဏာသားတို့သည် မင်းကြီးကို ထိပ်တုံးထဲသို့ ပြန်၍ ထည့် လိုက်ကြ၏၊ သတိမရတချက် ရတချက်ဖြစ်နေသော မင်းကြီးမှာ အာဏာသားတို့ ပြုသမျှ နုနေရပါတော့သည်၊ အာဏာသား တယောက်၏ လက်တွင် မြနေအောင် သွေးထားသော သင်ဓုန်း ဓားကို ကိုင်ထား၏၊ အခြား တယောက်က ဆားခွက်ကို ကိုင် ထား၏၊ အခြားတယောက်က ရှားမီးခဲကို ရဲရဲညီးအောင် လေ ခတ်ပေးနေ၏၊ မင်းကြီးသည် မကြာမီ ကျရောက် လာမည့်

ကြောက်စရာ ဘေးကို အရိယာတို့၏ စိတ်ဓာတ်ဖြင့် ကြံ့ကြံ့ခံနိုင်အောင် ထိန်းသိမ်းလျက်ရှိပါသည်။

အာဏာသား တဦးက မင်းကြီး၏ ခြေထောက်ကို ဆွဲကိုင်လိုက်ပြီး မြိမြိ ထက်နေသော သင်ခုန်းဓားဖြင့် ခြေဖဝါးကို တအားမွန်းလိုက်၏၊ သွေးစိမ်းရှင်ရှင်တို့မှာ မြင်မကောင်းအောင် ကျဆင်းလာကြ၏၊ ငါးကိုဆားနယ်သလို ဆားဖြင့် ပက်၍ နယ်လိုက်ကြ၏၊ ရဲရဲညီးနေသော ရှားမီးခဲဖြင့် အကင်ခံလိုက်ရသော ဝေဒနာသည် မည်မျှအထိ ကြီးလှပေမည်နည်း၊ အာဏာသားတို့သည် ထပ်ခါတလဲလဲ ဓားမွန်း ဆားပက် ရှားမီး ကင်ခြင်းဖြင့် မိမိတို့၏တာဝန်ကို ကြေပွန်စွာ ဆက်လက်ထမ်းဆောင် နေကြပါသည်၊မင်းကြီးလည်း လုံးဝ သတိမရတော့ပါ၊ပြင်းထန်လှသော ဝေဒနာကို ခံစားရင်း သူချစ်သော သားနဲ့မယားကို အပြီးတိုင် စွန့်ခွာသွားရရှာလေပြီ။

တခုသောဘဝ ဘုရင်ဖြစ်စဉ်က ရာဇမာန်ဖြင့် နေထိုင် စရာဖျာအခင်းကို ဘိနပ်နှင့် နင်းခဲ့မိသောသူ၏ မာန်ကြွေး-ကံကြွေးကို ပြန်လည် ပေးဆပ်လိုက်ခြင်းဖြင့် သူသည် အကျဉ်းသား ဘဝ၏ ကြီးမားလှသောဒုက္ခနှင့် အကျဉ်းသားဘဝ လွတ်မြောက်ရေး အတွက် ရုန်းကန်ကြလေ့ဟု ထုတ်ဖော် သင်္ခန်းစာပေးခဲ့လေသည်တကား။

## သူသေတမန်

အသုဘအိမ်တွင် လူအတော်များများ စုဝေးရောက်ရှိနေကြပါပြီ၊ ဧည့်ပရိသတ်များကို အသုဘရှင်တို့က တသုတ်ပြီး တသုတ် ဧည့်ခံ ကျွေးမွေးနေကြတုန်းပင် ရှိသေး၏။

"သားသားတို့အဖေရဲ့ အစ်ကိုရဲ့ ငါ့တူကြီးရဲ့ လူကလေးရဲ့ ဖေဖေရဲ့"စသော ရဲ့ပေါင်း များစွာဖြင့် ဝိုင်းဝန်းငိုယို နေကြသော သေဆုံးသူ၏ သားချင်းများကိုလည်း တွေ့ရ ပါသည်၊ သောကပရိဒေဝတို့၏ လောင်မြိုက်မှုကို ခံနေရသော သူတို့၏ ပုံပန်းမှာ အလွန်နွမ်းနယ်နေကြပါသည်။

"အေးကွယ်–အရင်တလောကဘဲ ဒို့အိမ်လာလည်သေးတယ် အခုတော့ ဆုံးရှာပြီ"။

"သူက သိပ်သဘောကောင်းတာ၊ လိမ်မာလို့ အသေစော တာနဲ့ တူပါတယ်ကွယ်"။

"ကျွန်တော် သေရင် ဒုက္ခမခံဘဲ မြန်မြန်သာ သင်္ဂြိုဟ်လိုက် ပါလို့ ငါ့ကို ပြုံးဖြဲဖြဲနဲ့ ဟိုနေ့ကဘဲ ပြောနေ သေးတယ်၊ သူ့နိမိတ် သူဖတ်တာနဲ့တူပါရဲ့"။

"အလုပ်ကပြန်လာလျှင် ဗြုန်းကနဲ ရေမချိုးနဲ့ အအေး ပတ် တတ်တယ်လို့ သတိပေးသား၊ သူကဇွတ် ရေချိုးတတ် တာကိုး၊ အအေးပတ်သွားမှာပေါ့"။

သေဆုံးသူအား ပြောဆို ဝေဘန်နေကြသော ချီးမွမ်းသံ၊ ကဲ့ရဲ့သံ၊ ကရုဏာသံတို့သည်လည်း နားမဆန့်အောင် ကြားနေ ရပါသည်။

"မသာတခေါက် ကျောင်းဆယ်ခေါက်၊ မီးနေအိမ်တခေါက် မသာဆယ်ခေါက်" ဆိုသော စကားကို ကြားယောင်လာသည်။

"ရှေ့မဝေးပြီဘု သေမဘေးရယ်တဲ့ နီးခဲ့ပြီ၊
ကိလေသာ ညှော်အငွေ့တွေနဲ့
ပျော်၍သာ မေ့မိမှားလျှင်ဖြင့်
လားလိမ့်အောက်ဆီ။

သင်္ခါရေ ရုပ်နာမ်စုကိုလ
ထင်တာတွေ ဟုတ်မှန်ဘူ့ရယ်လို့
တင်ရှုလို့ တရားမှီ
သာကီတို့ကျင့်မြဲ။

တိမ်းမစောင်းပါမှ
ကိန်းအောင်းရာ တကယ်မှန်တဲ့
ပြည်နိဗ္ဗာန် အောင်ရွှေနန်းကိုကွယ်
မြန်းရမလဲ့"။

ဓမ္မနယ်ပယ်မှ အတွေးများက စိတ်ထဲသို့ တခုပြီး တခု ဝင်ရောက် လာကြသည်။

အော်-မသာအိမ်ဆိုသည်မှာ သောက ပရိဒေဝ ဒုက္ခ တို့ဖြင့် ကြွက်ကြွက် ဆူနေသော လောကကို ငြီးငွေ့စိတ် ပေါက်ချင် လာသည့် အမနာပနေရာကြီးပါတကား။

လောကဓမ္မတာအရ သူသေလျှင် ငါတို့ပို့ကြ၏၊ ငါသေလျှင် သူတို့ပို့ကြ၏၊ သို့သော် ပို့ရုံ သက်သက်ဆိုလျှင် များများလာရန် ပင် မလိုပါ၊ လူသုံးလေးယောက်နှင့်ပင် သုသာန် ပို့သည့်ကိစ္စ ပြီးနိုင်၏၊ ဖိတ်စာထဲတွင် "အသုဘရှုကြပါ"ဟု ရေးထားသည်၊ ဖိတ်စာ၏ ရည်ရွယ်ချက်အတိုင်း တောင်စဉ်ရေမရ ပြောဆိုဝေဖန် နေမဲ့အစား ထုံးတမ်းစဉ်လာ သဘောကို ပယ်စွန့်၍ "ငါလဲ သူ့လို သေရမှာပါကလား၊ သေရခြင်းသဘောကို ငါမလွန်နိုင်၊ မသေရာကို ပို့ပေးနိုင်သည့် ကုသိုလ်တွေကို ငါတကယ်လုပ်တော့ အံ့"ဟု မရဏာနုဿတိကမ္မဋ္ဌာန်းကိုပွား၍ ဖြူစင်သောလုပ်ငန်းစဉ် ကို ချမှတ် ကျင့်သုံးနိုင်ကြလျှင် မည်မျှကောင်းသော အသုဘ

ပို့ခြင်းဖြစ်လေမည်နည်း၊ ဖိတ်စာ၏ ရည်ရွယ်ချက်သည် မည်မျှ အောင်မြင် လေမည်နည်း။

မြန်မာ့သမိုင်းတွင် ထင်ရှားသောအမတ်ကြီးဦးပေါ်ဦးသည် အရေးကြီးသော သေတမ်းစကားတခုကို မှာထားခဲ့သည်၊ သူ သေသောအခါ ကျန်ရစ်သူတို့က သူ့သေတမ်း စကားအတိုင်း ခေါင်းကို ဖောက်၍ လက်ကို ဖြန့်ထုတ်ပြထားကြရ၏၊ အမတ်ကြီး၏ ရည်ရွယ်ချက်မှာ မသေခင်က ဝတ္ထုကာမ ကိလေသကာမတွေကို ဘယ်လောက်ပင် အလုအယက် ရှာဖွေခဲ့ကြသော်လည်း သေသည့်အခါ ဘာမျှ ယူမသွားနိုင်၊ လက်ချည်း သွားရသည်၊ ကိုယ့်နောက်ပါနိုင်တဲ့ ကုသိုလ် အထုပ်အထည်ကိုသာ ရအောင် စုဆောင်းကြပါလို့ ရည်ရွယ်ရင်းဖြစ်သည်၊ အမတ်ကြီးသည် ဘာမျှ တန်းဘိုးမရှိသော အလောင်းကောင်ပုပ်မှ တန်ဘိုးရှိလှသော အသိဉာဏ်ကို ထုတ်နုတ်ပြသ သွားခြင်းပင် ဖြစ်လေသည်။

ဆရာတော်ကြီးတပါး ပျံလွန်တော် မူသွားသည့် အခါ တပည့်တို့က ဘုန်းကြီးပျံ ထုံးစံအတိုင်း ကြီးကြီးကျယ်ကျယ် သင်္ဂြိုဟ်ရန် စီစဉ်ကြ၏၊ ထိုဆရာတော်ကြီး ရေးသားထားခဲ့သော အရေးကြီးသည့် သေတမ်းစာကို တွေ့ကြတော့မှ အရှိန်သတ်လိုက်ကြရ၏၊ သေတမ်းစာကို သံပေါက်သွားဖြင့် ရေးသားထား၏၊ အဓိပ္ပါယ်မှာ တန်ဘိုး ဘာမျှမရှိတော့သည့် အကောင်ပုပ်ကို အလကား တန်ဆာ ဆင်မနေကြပါနှင့်၊ အကျယ်ချဲ့မနေကြနှင့်၊ ဘုန်းကြီးသေ ရှာကြေဆိုတာမျိုး ဖြစ်အောင် မလုပ်ကြနှင့်၊ အမြန်လွှဲချ သင်္ဂြိုဟ်လိုက်ကြ၊ ပကာသနမမက်ကြနှင့်၊ ငွေအကုန်မခံကြနှင့်၊ ရတနာသုံးပါးကိုတော့ လှူသာ လှူပါ၊ လှူနိုင် ပူဇော်

နိုင်လျှင် အကောင်းဆုံး ဖြစ်ကြောင်း မှာထားခဲ့ခြင်း ဖြစ်လေသည်။

စဉ့်ကူးမြို့နယ် ဆည်သည်ရွာမှ တန်ခိုးဂုဏ် အတော်ကျော်ကြားသော ဆွေမျိုးမကင်းသည့် ဆရာတော်ကြီး နှစ်ပါးသည် ပြိုင်တူလိုလို နာမကျန်းဖြစ်နေကြစဉ် သက်ဆိုင်ရာ ကျေးရွာဒကာ ဒကာမတို့အား သေတမ်းစကား မှာကြားလိုကြသည်၊ သို့သော် ရှေ့တွင် တမျိုး ကွယ်ရာတမျိုး လုပ်ရစ်ကြမည်ကို ဆရာတော်ကြီးများက စိုးရိမ်မကင်း ဖြစ်နေကြ၏၊ သို့အတွက် ဒကာ ဒကာမတွေကို ခေါ်ပြီး "ဒီဘုန်းကြီးတွေ ပျံတော်မူလျှင် ဘာမျှ အကျယ်မချဲ့ကြပါ၊ ပွဲလမ်းသဘင် လုံးဝ မထည့်ကြပါ၊ ခုနစ်ရက်အတွင်း အကျဉ်းဆုံး အမြန် သင်္ဂြိုဟ်ကြပါမည်" ဟု သစ္စာဆိုစေပြီး မှာကြားထားခဲ့ကြသည်၊ ထိုဆရာတော်ကြီးနှစ်ပါးသည် တနေ့တည်းမှာပင် နာရီပိုင်းလောက်သာ ခြား၍ ပျံလွန်တော် မူသွားကြသည်၊ ကျန်ရစ်သူတို့ကလည်း ဆရာတော်ကြီးများ သဘောကျ အကျဉ်းချုံး၍ ဈာပနကိစ္စ ဆောင်ရွက်ကြရလေသည်။

မြန်မာနိုင်ငံ သာသနာရေးလောကတွင် ရှေ့ကျင့်ဂိုဏ်း သံဃာတော်များ၏အသုဘကိစ္စ ကျင့်ထုံးမှာလည်း အတော်ပင်သဘောကျစရာ ကောင်းသည်၊ စာသင်သားသံဃာ ပျံတော်မူလျှင် တရက်၊ စာချ သုံးရက်၊ ကျောင်းထိုင် ခုနစ်ရက်ထား၍ အကျဉ်းဆုံး သင်္ဂြိုဟ်ရမည်ဟု ဂိုဏ်းစည်းမျဉ်း ရှိသည်၊ ဤထုံးစံအတိုင်း ရှေ့ကျင့်သာသနာပိုင် စံကင်းဆရာတော်ကြီး ပျံလွန်တော် မူသည့်အခါမှာပင် ပွဲလမ်းသဘင် လုံးဝမပါဘဲ ခုနစ်ရက် အတွင်း အကျဉ်းချုံး၍ သင်္ဂြိုဟ်လိုက်ကြလေသည်။

လိုရင်းအချုပ်မှာ သေသူက ဖော်ထုတ်ပြသခဲ့သော အမှန်တရားများကိုသာ ရယူတတ်ရန်လိုသည် "ကြီးကြီးငယ်ငယ် ဘယ်သူမဆို ကျုပ်လို သေကြရလိမ့်မည်၊ ကောင်းမှုကို ခုပင် လုပ်ကြလော့၊ နက်ဖြန်ကျမှ သေပါမည်ဟု သေမင်းနှင့် အချိန်းအချက်လုပ်၍ မရ၊ သေခြင်းဆိုတာတဦးတယောက်အတွက်သာ မဟုတ်၊ သတ္တဝါအားလုံးအတွက် ဖြစ်သည်၊ ကျုပ်သေတာ ဘာပစ္စည်းမှ ယူမသွားနိုင်၊ ပစ္စည်းရအောင် ယူတဲ့နည်းကို ကျင့်သုံးကြပါ၊ ထောင်မြင်လျှင် ဆယ်စွန့်ကြပါ၊ အဓိပ္ပာယ်ကို မသတ်နိုင်လျှင် ကျုပ်လို အဖန်ဖန် သေနေကြမှာဘဲ" ဟု သူသေ တမန်တော်က အထပ်ထပ် ပြောပြ၍ နေပါသည်။

ဤ ကိုယ်ခန္ဓာသည် ကံ–စိတ်–ဥတု– အာဟာရတို့ စုပေါင်းပြုပြင် အမွန်းတင် ခံနေရတုန်းမှာသာ လှုပ်ရှားနိုင်၏၊ အသုံးကျသလို ရှိ၏၊ ကာမဂုဏ်သားတို့က အကောင်ပုပ်ကို အဟုတ်ထင်ပြီး လိုချင်နှစ်သက် တွယ်တာကြ၏၊ ဥတုဇ ရုပ်အလောင်း ဖြစ်သည့် အခါမှသာ လိုချင်သူကင်း၍ စွန့်ပစ်ခြင်း ခံရလေတော့သည်၊ အမြော်အမြင်ကြီးသူတို့မှာ မသေမီကပင် မိမိ အလောင်းကို ဆေးသိပ္ပံသို့ လှူဒါန်းသွားကြ၏၊ ဆေးသင်တန်းသားတို့က မိမိ ရုပ်အလောင်းကို ခွဲစိတ် လေ့လာကြခြင်းဖြင့် ဆေးပညာ အသိဉာဏ် ပိုမိုတိုးတက်လာမည်၊ ဤသည်မှာလည်း အသုံးမကျသော ရုပ်အလောင်းကို အသုံးကျအောင် စီမံဆောင်ရွက်ခဲ့ကြခြင်းပင် ဖြစ်ပေသည်။ကိုယ့်ဒုက္ခကို သူတပါးတို့အား အချည်းနှီး အကျိုးမဲ့သော နည်းဖြင့် ပေးခဲ့မည့်အစား အကျိုးရှိအောင် လုပ်ဆောင်ခဲ့ခြင်းမျိုးကား တန်ဘိုး ရှိလှပါပေသည်။

## သီရိမာအလောင်းကို လေလံတင်ခြင်း

သီရိမာ–သီရိမာ ဆိုသော နာမည် ကလေးသည် လူတိုင်း၏ ပါးစပ်တွင် ရေပန်းစားနေ၏၊ သူမ၏အစ်ကိုဖြစ်သူ သမားတော် ဆရာဇီဝက၏အရှိန်အဝါကြောင့်လည်း သူမကို ပို၍ လူသိများကြ ၏၊ သီရိမာဆိုလျှင် ထီးသုံး– နန်းသုံး– မင်းသုံး– စိုးသုံး ဂုဏ် သရေရှိ လူတန်းစားတို့၏ ဘုံဆိုင် အထက်တန်းလွှာ အလှ သူယောင်မကလေးအဖြစ် သိကြ၏၊ တနေ့ အတွက် အသပြာ တထောင်ပေးနိုင်မှသာ သီရိမာနားသို့ ကပ်ခွင့် ရကြ၏၊ သူ၏ အလှအပကို လူတိုင်းတပ်မက် ငေးမောကြရပါသည်၊ စိတ်ဓာတ် နုသေးသော ရဟန်းငယ်ကလေးများကိုပင် သီရိမာ၏ အလှက ယစ်မူးအောင် ဖမ်းစားနိုင်ပါပေသည်။

မေတ္တာရှင်မကလေး ဥတ္တရာကို ပြစ်မှားမိခဲ့သည့် အခါမှစ၍ ဗုဒ္ဓနှင့်တွေ့ပြီး သောတာပန် သူတော်စင်မကလေးဘဝသို့ သီရိမာ ရောက်ခဲ့ရပါသည်၊ ဗုဒ္ဓသာသနာကို လွန်စွာကြည်ညိုလှ သဖြင့် သူ့အိမ်သို့ ရဟန်းတော်ရှစ်ပါး နေ့စဉ် ဆွမ်းပင့်ဆက်ကပ်၏။

ရဟန်းငယ် တပါးသည် သီရိမာကို ပြောသံကြားနှင့်ပင် စွဲမက်နေခဲ့၏၊ သီရိမာ၏အိမ်သို့ ဆွမ်းသွားစားလှည့်ကျလာသော အခါ အတိုင်းမသိ ဝမ်းသာသွားသည်၊ သို့သော်– သီရိမာကို မတွေ့ရ၊ အခိုင်းအစေတို့ကသာ ရဟန်းတော်များကို ဆွမ်းလုပ် ကျွေးလျက် ရှိကြသည်၊ ဆွမ်းအနုမောဒနာ ပြုချိန် ရောက်မှ ပွေ့ထုတ် ယူဆောင်လာသော ဝေဒနာရှင် သီရိမာကို တွေ့ရ လေသည်။

"မကျန်းမမာတုန်းတောင် သီရိမာဟာ ဒီလောက် လှနေလျှင် ကျန်းမာသည့်အချိန်များဆိုပါက မည်မျှအထိ လှလေမည်နည်း"။

ရဟန်းငယ် ကလေးက သီရိမာ၏အလှကို စိတ်ထဲမှ အမွန်းတင်လိုက်ပါသည်၊ သီရိမာ၏အလှက ဖမ်းစား ခံလိုက်ရသော ရဟန်းငယ် ကလေးသည် သီရိမာအပေါ်၌ အချစ်မီး ပွားခဲ့လေပြီ၊ ငါကရဟန်း–သူက အမျိုးသမီး၊ ငါ့ဘဝနှင့် သီရိမာဘဝကို ဘယ်သို့ ပေါင်းစပ်ရမည်နည်း၊ ဘယ်သို့ နီးရပါမည်နည်း။

သီရိမာ အပေါ် တပ်မက် စွဲလမ်းသော စိတ်များကို သူဖျောက်၍မရတော့ပါ၊ အမူး အရူး ချစ်မိခဲ့သော သူသည် အာဟာရကိုပင် စားရကောင်းမှန်း မသိတော့ဘဲ အိပ်ရာထဲမှာသာ အချိန်ရှိသရွေ့ ခွေလဲနေခဲ့ပါတော့သည်၊သူ၏အချစ်ဆုံး "သီရိမာဆုံးရှာပြီ"ဆိုသော သတင်းစကားကိုပင် သူမကြားမိခဲ့ပါ။

ဗိမ္ဗိသာရမင်းကြီးသည် ကလေးငယ် များမှတပါး တိုင်းသူပြည်သားအားလုံး သီရိမာရုပ်အလောင်းကို လာကြည့်ကြရမည်ဟု အမိန့်ထုတ်ဆင့်လိုက်သည်၊ ဗုဒ္ဓကိုယ်တော်တိုင်ပင် ရဟန်းတော်များနှင့်အတူ အသုဘကမ္မဋ္ဌာန်း ကြွရောက် စီးဖြန်းရန် ပြင်ဆင်တော်မူလျက်ရှိသည်။

"ဗုဒ္ဓကိုယ်တော်တိုင် သီရိမာကို သွားကြည့်လိမ့် မတဲ့..." ဆိုသော သတင်းစကားသည် အချစ်ရူး ရဟန်းငယ် ကလေး၏ နားသို့ မကွဲမပြား ရောက်လာသည်၊ သို့သော် သူကတော့ လှပရွှန်းစိုနေသော သီရိမာကိုပင် အထင် ရောက်နေ ပါသည်၊

"အော်-သီရိမာ နေကောင်းသွားပြီ၊ အလှတွေ တိုးချင်တိုင်း တိုးနေတော့မည်"၊ သီရိမာနှင့် ပြန်လည်တွေ့ဆုံရမည့် အရေးကို တွေး၍ ပျော်နေပါတော့သည်။

ဗုဒ္ဓသည် သီရိမာရုပ်အလောင်းရှိရာ သုသာန်သို့ ရဟန်းတော်များနှင့်အတူ ကြွတော်မူခဲ့သည်၊ တိုင်းသူပြည်သား အားလုံးလဲ အတော် စုံနေကြလေပြီ၊ ဖူးဖူးယောင်ပြီးအပုပ်ရေများ ယိုစီး ထွက်ကျနေသော သီရိမာ၏ရုပ်အလောင်းကို တွေ့လိုက်ရသော အခါ ရဟန်းငယ် ကလေး၏ ပါးစပ်မှ "ဘယ်ဒင်း ပါလိမ့် သီရိမာ"ဟု ရေရွတ်ရင်း အလွန်အံ့ဩ သွားပါ တော့သည်၊ သီရိမာကို ဘယ်လို ချစ်ရမှန်း သူမသိတော့ပါ။

ဗုဒ္ဓ၏ ညွှန်ကြားချက်အရ ဗိမ္ဗိသာရ မင်းကြီးသည် သီရိမာ ရုပ်အလောင်းကို အသပြာတထောင် ဈေးစခေါ်၍ ရောင်းချ သည်၊ မည်သူမျှဝယ်မည့်သူမရှိ၊ ငါးရာ၊ နှစ်ရာ့ငါးဆယ်မှ စ၍ တကျပ်အထိ ဈေးလျှော့ ရောင်းပါသော်လည်း လိုချင်သူ ပေါ် မလာပါ၊ အလကား ယူကြပါ ဆိုသော်လည်း ယူမည့်သူ မရှိ၊ သီရိမာသည် လုံးဝတန်ဘိုးမဲ့ခဲ့ချေပြီ တကား-။

ဗုဒ္ဓသည် တူသော်လည်း ထူးနေသော သီရိမာ နှစ်မျိုးကိုပြ၍ ရဟန်းငယ်၏ အချစ်မီးကို ငြိမ်းပေးလိုက်ပါသည်။

ငှက်ပျောတုံး၊ လက်ပန်တုံးကိုမှ ရောင်းလျှင် ဝယ်မည့်သူ ရှိသေး၏၊ အသက်ဝိညာဏ်ကင်းသော အကောင်ပုပ်ကို လိုချင် နှစ်သက်သူမရှိ၊ ဘာမျှအသုံးမကျ၊ စက်ဆုပ် ရွံရှာဘွယ်သာ ဖြစ်ချေသည် ဇာတိလူဆိုးက ချော့ခေါ်တာကို ယုံစား မိနေ သမျှ ကာလ ပတ်လုံး ဇရာဗျာဓိ လူမိုက်ကြီးတို့၏ ရိုက်ပုတ် နှိပ်စက်မှု မရဏ လူသတ်သမား၏ အသေသတ်မှုကိုလည်း ခံနေ

ကြရမည်သာ ဖြစ်လေသည်၊ သူသေတမန်တော်သည် သူ့ရဲ့ ဒုက္ခဘဝသရုပ်မှန်ကို ဖော်ထုတ်ရင်း လူသား၏ ဘဝ လွတ်မြောက်ရေးလမ်းစကို ညွှန်ပြနေချေသည်တကား။

## သံဝေဂ ဝတ္ထု ၈–ပါး

ဗုဒ္ဓသည် သံဝေဂယူရမည့်အရာတို့မှ သံဝေဂဉာဏ်ကို အရယူ၍ တကယ်ကျင့်ကြံအားထုတ်ကြရန် ညွှန်ကြားတော်မူခဲ့၏၊ အဘယ် အရာများသည် သံဝေဂဉာဏ်ကို ဖြစ်ပေါ်စေနိုင်သနည်း။

(၁) ပဋိသန္ဓေ နေရခြင်းဆင်းရဲ၊
(၂) အိုရခြင်းဆင်းရဲ၊
(၃) နာရခြင်းဆင်းရဲ၊
(၄) သေရခြင်းဆင်းရဲ၊
(၅) အပါယ်ဝဋ်ဆင်းရဲ၊
(၆) အတိတ်က ဖြစ်ခဲ့သောဆင်းရဲ၊
(၇) အနာဂတ်၌ ဖြစ်လတ္တံ့သောဆင်းရဲ၊
(၈) ယခုခေတ် မျက်မှောက်၌ အစာရှာရသော ဆင်းရဲ။

ဤဆင်းရဲဒုက္ခများကို သိမြင်ရသည့်အခါ ဆင်းရဲကိုကြောက်သော သံဝေဂဉာဏ်ပေါ်ပေါက်လာရလေသည်၊ တကယ် သံဝေဂ ရမှသာလျှင် ဘဝ လွတ်မြောက်ရေးအတွက် ကြိုးစားချင်လာမည်၊ မျက်ခြေမပြတ် တကယ် လေ့လာစရာကောင်းသော သစ္စာတမန်ငါးဦးနှင့် သံဝေဂဝတ္ထုတို့ကို အမြဲ လေ့လာသုံးသပ်ခြင်းဖြင့် ဘဝလွတ်မြောက်ရေး လမ်းစဉ် သုံးသွယ်မှ ပထမအဆင့်ဖြစ်သော "သိ" လမ်းစဉ်ကို လက်တွေ့အကောင်အထည် ဖော်ရာ ရောက်ပေလိမ့်မည်။

## (၂) ပယ်စရာတဏှာ

ဘဝလွတ်မြောက်ရေး လမ်းသုံးသွယ်၏ ဒုတိယ အဆင့်သည် "ပယ်" လမ်းစဉ် ဖြစ်၏၊ဘာတွေကိုပယ်ရမည်နည်း၊လွတ်မြောက်မှု၏ အန္တရာယ်ကို အမျိုးမျိုးပြုနေသော အဝိဇ္ဇာ တဏှာ ဦးစီးသည့် အကုသိုလ်အညစ်အကြေးများကို ပယ်ရပေမည်။

"ခန္ဓာ-အာယတန-ဓာတ်တို့၏ အဆက်မပြတ် ဖြစ်ပေါ်နေခြင်းကို သံသရာဟု ခေါ်ဆိုရလေသည်။

ခန္ဓာ-အာယတန-ဓာတ်ဆိုသော အမည်များမှာ ရုပ်နာမ်တရားများကိုပင် အမည်တပါးဖြင့် သုံးစွဲထားခြင်း ဖြစ်၏၊ ထို့ကြောင့် သံသရာဟူသည် ရုပ်နာမ်တရားများ အဆက်မပြတ်နိုင်ဘဲ ထပ်ချည်တလဲလဲ ဖြစ်ပေါ်နေကြသည်ကိုပင် ဆိုလိုရင်းဖြစ်သည်။

ယင်းသို့သော ရုပ်နာမ်နယ်ပယ်ကြီးကိုမည်သည့်အရာများက ခြုံထွင်ပြီး အဆက်မပြတ်အောင် လုပ်ဆောင် နေကြသနည်း၊ တဏှာ-မာန-ဒိဋ္ဌိတို့မှာ သံသရာ၏ အစီးအပွားကို ဆောင်ရွက်နေသော နယ်ချဲ့သမားတို့ ဖြစ်ကြသည်။

တဏှာသည် ရုပ်နာမ်တို့ကို မရ ရအောင် ရှာဖွေ၏၊ မာနသည် ယင်းတို့ကို အထင်ကြီးနေ၏၊ ဒိဋ္ဌိသည် အတွင်းသဘောကို မသိဘဲ အပြင်ဘန်းကို ကြည့်၍ အဟုတ် ထင်နေ၏၊ တဏှာ-မာန-ဒိဋ္ဌိတို့က မိမိတို့၏မူဝါဒအသီးသီးဖြင့် လက်တွေ့ တာဝန်ထမ်းဆောင်ကြသောအခါ သံသရာ ခေါ်သော ရုပ်နာမ်များ ပေါ်ပေါက်လာကြလေသည်၊ ရုပ်နာမ်နှင့် တဏှာ-မာန-ဒိဋ္ဌိတို့ ရင်းနှီးနေသမျှ ကာလပတ်လုံး သံသရာ ကြီးလည်း ပေါ်နေမည်သာဖြစ်သည်။

ရုပ်နာမ်၏ အပြစ်ဒုက္ခများကို မမြင်တတ်အောင် ယင်း–ရုပ်နာမ်တို့မှ လွတ်မြောက်ရေး လမ်းကို မရှာဖွေ တတ်အောင် တဏှာ–မာန–ဒိဋ္ဌိတို့က စိတ်ကိုလိုက်၍ အနှောက်အယှက်ပေးနေကြသည်၊ ညစ်ထေး နောက်ကျုအောင် လုပ်ပေး နေကြသည်၊ မိမိ၏စိတ်ကို သတိတရားကြီးစွာထား၍ တဏှာ–မာန–ဒိဋ္ဌိတို့နှင့် မပေါင်းသင်းမိအောင် ရှောင်ကွင်းနေရပေမည်၊ မိမိ၏စိတ်တွင် ယင်းသို့သော မကောင်းသည့် အပေါင်းအသင်းများ မရှိတော့မှသာ ရုပ်နာမ်ခန္ဓာတို့နှင့်ဝေးရာ သံသရာ၏ တဘက်ကမ်းသို့ တက်လှမ်းကူးမြောက်နိုင်ကြပေမည်။

## စိတ်ကို ဖျက်ဆီးသူ

"ရဟန်းတို့–စိတ်သည် ပကတိအားဖြင့် တောက်ပ ဖြူစင်လှ၏၊ထိုစိတ်သည် ပြင်ပအညစ်အထေးတို့ကြောင့်သာ ညစ်နွမ်းရလေသည်"။

ဤသို့ ဗုဒ္ဓက စိတ်၏ပကတိသဘောနှင့် ညစ်နွမ်း သွားတတ်ပုံကို ထုတ်ဖော်တော် မူခဲ့သည်၊ ယင်းသို့စိတ်ကိုညစ်နွမ်းအောင် ပြုတတ်သောတရားများမှာ၊

(၁) လောဘ လိုချင်မှု၊
(၂) ဒေါသ အမျက်ထွက်မှု၊
(၃) မောဟ မသိမိုက်မှားမှု၊
(၄) မာန အထင်ကြီးမှု၊ ထောင်လွှားမှု၊
(၅) ဒိဋ္ဌိ အဟုတ်ထင်မှု၊
(၆) ဝိစိကိစ္ဆာ မဆုံးဖြတ်နိုင်မှု၊
(၇) ထိန ထုံထိုင်းမှု၊

(၈) ဥဒ္ဓစ္စ ပျံ့လွင့်မှု၊
(၉) အဟိရိက မရှက်မှု၊
(၁၀) အနောတ္တပ္ပ မကြောက်လန့်မှု။

ဟူ၍ ဆယ်မျိုးရှိလေသည်။

လူကောင်းသူကောင်းတယောက်သည် သူခိုးဓားပြများနှင့် အပေါင်းအသင်း မှားမိသည့် အခါ လူဆိုး ဖြစ်သွားရသလို လိုချင်မှု စသော အညစ်အကြေး တရားတခုခုသည် သူ၏ အပေါင်းအသင်းများ ဖြစ်သော ထိခိုက်မှု–ခံစားမှု–မှတ်သားမှု စေ့ဆော်မှု– စုံမြဲမှု– စောင့်ထိန်းပေးမှု နှလုံးသွင်းမှုများနှင့် အတူ စိတ်၌ လာရောက်ပူးကပ်သည့်အခါ စိတ်၏ ပကတိအဖြူ ခဏပျောက်၍ လိုချင်တပ်မက်သော စိတ်အဖြစ် စသည်သို့ ကူးပြောင်းလျက် နောက်ကျုညစ်နွမ်း သွားရလေသည်။

သို့သော် စိတ်က ဖြစ်နှင့်နေပြီး အညစ်အကြေး အပေါင်း အသင်းများက နောက်မှ ပေါ်ပေါက် ကပ်ရောက်လာသည်ဟု မမှတ်သင့်ပါ။ စိတ်နှင့် အညစ်အကြေးတို့သည် တပြိုင်နက်ပင် ပေါ်လာကြပါသည်၊ ရုပ်ခဏ် နာမ်ခဏ် မှန်သမျှ အစဉ်အမြဲ ဖြစ်ပေါ်နေသော တရားဟူ၍ မရှိပါ၊ အကြောင်းတိုက်ဆိုင်မှ သာလျှင် ပေါ်လာကြပြီး ပျောက်ကွယ်သွားကြ သည်သာ ဖြစ်ပါသည်။

လူဆိုးတဦး၌ ပင်ကိုကပင် ခိုးတတ်သည့် ညဉ်သဘော ရှိနေ၏၊ ခိုးစရာမြင်လျှင် ခိုးချင်စိတ် ပေါ်လာ၏၊ ဖြစ်နိုင်လျှင် ခိုးမှုကိုပါ ကျူးလွန်လေတော့သည်၊ ထို့အတူပင် သတ္တဝါတို့၏ ခန္ဓာအစဉ်တွင် ယင်း အညစ်အကြေးများ ကိန်းအောင်းနေ၏၊

လိုချင်စရာ စိတ်ဆိုးစရာစသော အာရုံတခုခုတို မြင်ရသည့်အခါ လိုချင်စိတ် ဒေါသစိတ် စသည် ပေါ်လာ၏၊ ဖြစ်နိုင်လျှင် ခိုးခြင်း သတ်ဖြတ်နှိပ်စက်ခြင်း စသည်ကို ကျူးလွန်လေတော့သည်။

ဤသို့ သတ္တဝါတို့၏ ခန္ဓာအစဉ်၌ အမြဲကိန်းအောင်း တည်ရှိနေသော အညစ်အကြေး များကို "အနုသယကိလေသာ"ဟု ခေါ်သည်၊ အာရုံနှင့် တိုက်ဆိုင်သည့် အခါ ပေါ်လာသော အညစ် အကြေးများကို "ပရိယုဋ္ဌာန ကိလေသာ" ဟု ခေါ်သည်၊ ဖောက်ပြန် ကျူးလွန်လိုက်သည့် ထင်ရှားကြီးကျယ်သော အညစ်အကြေးများကို "ဝီတိက္ကမ ကိလေသာ" ဟု ခေါ်သည်၊ ဤအညစ်အကြေးများသည် စိတ်နှင့် အစဉ် ပူးပေါင်း၍ မလိုလားအပ်သော အသစ်အသစ်ဖြစ်သည့် ဒုက္ခရုပ်ဓာတ် နာမ်ဓာတ်များ ဆက်လက်တိုးပွားအောင် ဖန်တီးနေကြလေသည်။

စိတ်တွင် ပေါင်းဖက်စရာ အညစ်အကြေးများ ရှိသလို မလိုချင်မှု အမျက်မထွက်မှု၊ အမှန်သိမှု စသော ဖြူစင်သန့်ရှင်းသည့် မိတ်ဆွေကောင်းများလည်း ရှိသည်၊ စိတ်သည် ဤသို့သော သန့်ရှင်းသည် မိတ်ဆွေများနှင့် ပေါင်းသင်းရသည့် အခါ ဖြူစင် သန့်ရှင်းသော စိတ်အဖြစ်သို့ ရောက်ရ လေတော့သည်၊ စိတ်တွင် ဤသို့သော အသန့်တရားများက အမြဲဝင်ရောက်နေရာယူထားသည့်အခါ အညစ်တရားများ ဝင်ရောက်မလာနိုင်တော့ချေ၊ သို့သော် အသန့်နှင့် အညစ်တို့ သူဝင်ကိုယ်ထွက် အားပြိုင်နေကြလျှင်ကား သန့်တလှည့် ညစ်တလှည့်နှင့် တည်ငြိမ်ခိုင်မြဲမှုကို ရနိုင်မည် မဟုတ်ပေ။

## စိတ်ကို ဆေးကြောနည်း

စိတ်ထဲတွင် အညစ်အကြေးများ ပယ်ထုတ် ဆေးကြောရန် အတွက်-

(၁) တဒင်္ဂပဟာန် ခေတ္တပယ်နည်း၊
(၂) ဝိက္ခမ္ဘနပဟာန် အတော် နည်းသွားအောင် ပယ်နည်း၊
(၃) သမုစ္ဆေဒပဟာန် အပြတ်ပယ်နည်း၊
(၄) ပဋိပဿဒ္ဓိပဟာန် အငြိမ်းဓာတ် ထာဝရကိန်းဝပ် စေ၍ပယ်နည်း၊
(၅) နိဿရဏပဟာန် လုံးဝကင်းရှင်း လွတ်မြောက် မှုကို ယူ၍ပယ်နည်း။

ဤ နည်း ၅ါးမျိုးတို့ကို အသုံး ပြုရမည်။

ကာမကုသိုလ်ခေါ် ဒါန သီလ အမှုများ ပြုနေစဉ်အခါ စိတ်တွင် ခေတ္တခဏမျှ ဖော်ပြပါ အညစ်အကြေးများ ကင်းစင်၍ ကြည်နူးမှု အသန့်ဓာတ်များ ဝင်ရောက်နေသည်၊ ကုသိုလ်ပြုမှု ကိစ္စပြီးသည့်အခါ စိတ်ထဲသို့ အညစ်အကြေးများ ဝင်ရောက်မြဲ ရောက်လာကြပြန်သည်၊ ဤပယ်နည်းမျိုးသည် ခေတ္တပယ်နည်း မျိုးဖြစ်၏။

မဟဂ္ဂုတ်ကုသိုလ်ခေါ် သမထဘာဝနာတခုခုဖြင့် သမာဓိ လုပ်ငန်းကို လုပ်ကိုင်ရရှိနေသည့်အခါ သမာဓိ တည်နေသမျှ ကာလပတ်လုံး အညစ်အကြေးများ အတော်ကြာကြာ ပျောက် နေကြ၏၊ သမာဓိ ပျက်သွားသည့် အခါမှသာ အညစ်အကြေး များ ဝင်ရောက်လာခွင့် ရကြသည်၊ ဤသည်မှာ အတော်နည်း သွားအောင် ပယ်နည်းမျိုး ဖြစ်၏။

လောကုတ္တရာ ကုသိုလ်ခေါ် မဂ်ကုသိုလ် များကို ပွားများ ရရှိသည့်အခါ အညစ်အကြေးများ နောက်ထပ် ဝင်ရောက်ခွင့် မရကြတော့ဘဲ စိတ်ဓာတ်အစဉ်သည် ထာဝရ သန့်ရှင်း ဖြူစင် သွားလေသည်၊ ဤပယ်နည်းမျိုးမှာ အပြတ်ပယ်နည်း ဖြစ်၏။

မဂ်ကုသိုလ်၏အကျိုးဖြစ်သော ဖိုလ်စိတ်များ ပေါ်ပေါက် နေသည့်အခါ အကုသိုလ် အညစ် အပူဓာတ်များ မည်သည့် အခါမျှ မလာတော့ဘဲ ထာဝရ ငြိမ်းအေးမှုကို ရရှိလေသည်၊ ဤသည်မှာ အငြိမ်းဓာတ်ထာဝရ ကိန်းဝပ်စေ၍ ပယ်နည်းမျိုး ဖြစ်၏။

နိဗ္ဗာနဓာတ် ကိန်းဝပ် ပြီးသူ တို့၏ သန္တာန်၌ ကာမဓာတ်– ရူပဓာတ်–အရူပဓာတ်တွင် ပါဝင်သော အညစ် အပူဓာတ်များ လုံးဝ လွတ်မြောက်၍သွားတော့၏၊ ဤသည်မှာ လုံးဝကင်းရှင်း လွတ်မြောက်မှုကိုယူ၍ ပယ်နည်းဖြစ်၏။

အညစ်အကြေး လွန်စွာထူပြောသောစိတ်ကို သန့်စင်စေရာ၌ ပထမ ခေတ္တ ပယ်နည်းမျိုးဖြင့် မကြာမကြာ အလေ့အကျင့် ရအောင်လုပ်ပေးရမည်၊ အလေ့အကျင့် ရလာသောစိတ်သည် အမေနှင့် မကြာမကြာ ခေတ္တခဏ ခွဲလေ့ရှိသော ကလေးကဲ့သို့ ကိလေသာ အညစ်အကြေး များနှင့် အချိန်အတန်ကြာ ကင်းကွာ နေနိုင်သော အဆင့်ကို ရလာမည်၊ ဤအခါ တွင် သမာဓိလုပ်ငန်းဖြင့် အတော်နည်းသွားအောင် လုပ်နည်းကို အသုံးပြုနိုင်လာမည်၊ ဤလုပ်နည်းအောင်မြင်သည့်အခါ အပြတ် ပယ်နည်းကို လွယ်ကူစွာ ပြုလုပ်ကျင့်သုံးနိုင်၍ လုံးဝ ဖြူစင်သော စိတ်၏ အဆင့်အတန်းကို ရရှိနိုင်မည် ဖြစ်ပေသည်။

## (၃) ပွားစရာမဂ္ဂင်

ဘဝလွတ်မြောက်ရေးကို ကြိုးပမ်းရာ၌ သိလမ်းစဉ်၊ ပယ်လမ်းစဉ်များအပြင် ပွားလမ်းစဉ်သည်လည်း အထူးအရေးပါလှပေသည်။

ယာမြေတခုကို ပေါင်းသင် စိုက်ပျိုးသော အခါ သီးနှံပင်ကလေးတွေ ပေါက်ရောက်လာမည်၊ ပေါင်းပင်နှင့် သီးနှံပင်သည် ဆန့်ကျင်ဘက် ပဋိပက္ခဖြစ်၏၊ ပေါင်းပင်ရှိနေလျှင် သီးနှံပင်များမတိုးပွားနိုင်ချေ၊ သီးနှံပင်များ အားကောင်းနေ လျှင်လည်း ပေါင်းပင်များ မစိုးမိုးနိုင်ချေ၊ ပေါင်းပင်ကို နေ့စဉ်ရှင်းလင်းခြင်းဖြင့် သီးနှံပင်များကို တိုးပွားအောင် ပြုစုပျိုးထောင်ရလေသည်။

ဘဝလွတ်မြောက်ရေး အတွက် ကျင့်သုံးရာ၌လည်း စိတ်ကိုညစ်နွမ်းစေသည့် အကုသိုလ်အညစ်အကြေးများကို ပယ်လမ်းစဉ်ဖြင့် ပယ်လိုက်သောအခါ ကုသိုလ်စိတ် ပေါ်လာသည်၊ ယင်းကုသိုလ်စိတ်ကို အကုသိုလ် ပေါင်းပင်က ပြန်လည် မဖုံးလွှမ်းနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်၍ တိုးပွားအောင် လုပ်ပေးရသည်၊ အကုသိုလ်ပေါင်းပင်ကို အမြဲနုတ်ပယ် ခြင်းဖြင့် ကုသိုလ်သီးနှံများကို တိုးပွားအောင် ပြုစု ပျိုးထောင်ရ လေသည်၊ ကုသိုလ်သီးနှံများ ပေါက်ရောက်တိုးပွားမှု အလွန်အားကောင်းသွားသည့်အခါအကုသိုလ် ပေါင်းပင်များ နောက်ထပ် ပေါက်ရောက်ရှင်သန်နိုင်စွမ်း မရှိတော့ပါ၊ ကုသိုလ်သီးနှံများ ရှင်သန်၍အမြဲ တိုးတက်နေရေးအတွက် ပွားလမ်းစဉ်ကို အသုံးပြုရလေသည်။

(၁) သမ္မာဒိဋ္ဌိ မှန်ကန်သောအမြင်၊
(၂) သမ္မာသင်္ကပ္ပ မှန်ကန်သောအကြံ၊
(၃) သမ္မာဝါစာ မှန်ကန်သောစကား၊
(၄) သမ္မာကမ္မန္တ မှန်ကန်သောအလုပ်၊
(၅) သမ္မာအာဇီဝ မှန်ကန်သောအသက်မွေးမှု၊
(၆) သမ္မာဝါယာမ မှန်ကန်သောအားထုတ်မှု၊
(၇) သမ္မာသတိ မှန်ကန်သော အောက်မေ့မှု၊
(၈) သမ္မာသမာဓိ မှန်ကန်သော တည်ကြည်မှု။

ဤရှစ်ပါးမှာ မိမိသန္တာန်၌ အမြဲ ဖြစ်ပေါ် နေအောင် ကြိုးစားလေ့လာရမည့် ပွားလမ်းစဉ်ဖြစ်သည်၊ မဂ္ဂင် ရှစ်ပါးဟု ဗုဒ္ဓက ဟောပြတော်မူခဲ့သည်၊ သတ္တဝါတို့၏ အတ္တဘောခန္ဓာမှာ ဒုက္ခအနာအဆာမှန်သမျှကို အမြစ်ပါမကျန် သတ်ဖြတ် နုတ်ပယ် ပေးနိုင်သည့် အထက်မြက်ဆုံးသော ဒုက္ခပျောက်ဆေးတော်ကြီး ဟု ဆိုလိုပေသည်။

ဤတရားများ ထုထယ်အင်အား ကြီးမားစွာ တိုးတက် ပွားများရရှိသည့်အခါ အကုသိုလ်အညစ်အကြေးများ စိတ်ထဲသို့ ဘယ်အခါမျှ တိုးဝင်မလာနိုင်တော့ဘဲ လုံးဝ သန့်ရှင်းဖြူစင်သော စိတ်၏အဆင့်အတန်းကို ရရှိ၍ ဘဝမှလွတ်မြောက်ရ၏၊ ထိုအခါ မှသာလျှင် တကယ် ဒုက္ခမရှိသော နိဗ္ဗာန် သစ္စာသို့ "ဆိုက်" ရောက်ရလေတော့သည်။

## မသေဆေးရှာဖွေခြင်း

(ဓမ္မပဒ၊ ကိသာဂေါတမီဝတ္ထု)

"ချစ်သားတို့–မိမိစကား လိုက်နာသော မိတ်ဆွေ တို့ကို သနား စောင့်ရှောက်လိုလျှင် သစ္စာလေးပါးကို ဟုတ်တိုင်း မှန်စွာ သိစေခြင်းငှာ တိုက်တွန်းရာ၏"။

"ချစ်သားတို့ အဝတ်ဦးခေါင်း မီးလောင်သည်ကို လျစ်လျူ ရှု၍သော်လည်း သစ္စာလေးပါးကို သိရန် လွန်စွာ အားထုတ် အပ်၏"။

"သစ္စာလေးပါး သိမြင်သူအပေါင်းကို ပဋိသန္ဓေ–အို–နာ– သေရေးစသော ဒုက္ခအပေါင်းမှ လွတ်ကုန်၏ဟု ငါဘုရား ဟော တော်မူ၏"။

"ချစ်သားတို့–လူသေ၍ လူပြန်ဖြစ်သူသည် လက်သည်းခွံ ပေါ်က မြေမှုန့်မျှ နည်းလှ၏၊ အပါယ်၌ ဖြစ်သူသည် မြေထု တမျှ များလှ၏၊ အကြောင်းကား သစ္စာလေးပါး မသိခြင်း ကြောင့်တည်း"။

(သစ္စသံယုတ်)

ရုပ်နာမ်တို့၏ အတွင်းသဘော ဒုက္ခအမှန်တရား၊ ဒုက္ခဖြစ် ကြောင်း သမုဒယ အမှန်တရား၊ ဒုက္ခကုန်ကြောင်း မဂ္ဂ အမှန် တရား၊ ဒုက္ခမရှိသည့် နိရောဓ အမှန်တရားကို သိအောင် လေ့ လာရှာဖွေသူသည် မသေဆေးအစစ်ကို ရှာဖွေနေသူပင် ဖြစ်၏၊ အခြား နည်းမျိုးဖြင့် ရှာဖွေသူမှာ သေဆေး စားနေခြင်းပင် ဖြစ်သည်။

သာဝတ္ထိမြို့မှ သူဌေးကြီးတဦးသည် အဖြစ်ဆိုးနှင့် ကြုံတိုးခဲ့ရလေသည်၊ သူပိုင်ပစ္စည်းမှန်သမျှ တခုမကျန် မီးသွေးတုံးတွေဖြစ်သွားကြ၏၊ မဖြစ်စဘူး ထူးကဲလှသော သူ့ဘဝအကြောင်းအတွက် များစွာ ပူပင်သောက ရောက်နေရှာလေသည်၊မိတ်ဆွေအပေါင်းအသင်း များကလည်း အားမငယ်ရန် လာရောက်နှစ်သိမ့်ကြ၏။

"အဆွေတော်–ဒီမီးသွေးတွေကို ဈေးထဲမှာ သွားရောင်းစမ်းပါ၊ အချို့က ဘာဖြစ်လို့ မီးသွေးတွေ ရောင်းနေရသလဲလို့ မေးကြလိမ့်မည်၊ တချို့က ရွှေငွေတွေ ရောင်းနေသလားလို့ မေးကြလိမ့်မည်၊ ရွှေငွေတွေ ရောင်းနေသလားလို့ မေးသူကို ဘယ်မှာလဲလို့ အပြခိုင်းပါ၊ သူကယူပြလျှင် တကယ့် ရွှေငွေတွေဖြစ်သွားနိုင်ပါတယ်" ဟု မိတ်ဆွေတဦးက အကြံပေးသည်။

သာဝတ္ထိဈေးကြီးတွင် ရောင်းသူ ဝယ်သူတို့နှင့် စည်ကားနေ၏၊ "သူဌေးကြီး မီးသွေး ရောင်းတယ်ဟေ့လို့" တချို့က ပြောင်လှောင်ကဲ့ရဲ့ကြသည်၊ ပိန်ပိန်ပါးပါး ဆင်းရဲသားအမျိုးသမီးတဦးသည် သူဌေးကြီး ဆိုင်နားသို့ ရောက်လာ၏။

"သူဌေးကြီး–ရွှေငွေတွေ ရောင်းနေသလား"။

ထိုအမျိုးသမီးက နှုတ်ဆက်ရင်း မေးလိုက်သည်။

"ဟုတ်တယ်–သမီးရဲ့"။

"နေပါအုံး–သမီးပြောတဲ့ရွှေငွေတွေဆိုတာဘယ်မှာလဲ၊ဦးကိုယူပြစမ်းပါ"။

"ဒီမှာလေ သူဌေးကြီးရဲ့ ဒါရွှေငွေတွေဘဲ၊ ရော့လေ"

ထိုအမျိုးသမီး ကိုင်ပေးလိုက်သော မီးသွေးများမှာ ရွှေငွေပကတိ ပြန်ဖြစ်သွားကြသည်။

"အမယ်လေး–ကျေးဇူးတင်လိုက်တာ သမီးရယ်၊ ဦးအဖြစ်ကို သမီးနောက်ကျလျှင် သိရမှာပေါ့"။

"နေပါအုံး–သမီးနာမည်က-"

"ကျွန်မနာမည် ကိသာဂေါတမီလို့ ခေါ်ပါတယ်"။

"သမီး ဘယ်မှာနေသလဲ၊ သိပါရစေလား"။

"ကျွန်မ ဒီမြို့ကပါဘဲ၊ အစကတော့ ကျွန်မ မိဘတွေမှာ ပစ္စည်းပြည့်စုံပါတယ်၊ နောက်တော့ ကံမကောင်း အကြောင်း မလှလို့ ပစ္စည်းတွေ ဆုံးပါးပြီး ဆင်းရဲခဲ့ရပါတယ်"။

"ငါ့သမီးက ကိုယ့်အိုးကိုယ့်အိမ်နဲ့လား"။

"မဟုတ်ပါဘူး သူဌေးကြီး–ကျွန်မ မိဘတွေနဲ့ဘဲ အတူ နေပါတယ်"။

ကိုင်း–ဒါဖြင့် သမီး မိဘတွေနဲ့ ဦး လိုက်တွေ့ပါရစေ၊ ငါ့ သမီးအတွက် ဦးတခု စီစဉ်ချင်တယ်"။

"ဟုတ်ကဲ့ သူဌေးကြီး–လိုက်တွေ့နိုင်ပါတယ်"။

သူဌေးကြီးသည် ကျေးဇူးရှင် သူဆင်းရဲမ ကလေးအား ကျေးဇူးဆပ်သောအားဖြင့် သားနဲ့ လက်ထပ် ထိမ်းမြားရှ် ပစ္စည်းအားလုံး လွှဲအပ်ပေးလိုက်လေသည်။

ကိသာဂေါတမီတွင် သားဦးကလေးတယောက် မွေးဖွားလာ သည်၊ သားကို ချစ်ရသော အချစ်မျိုးကို သူတခါမှ မတွေ့ကြုံ ဘူးသေးပါ၊ မိဘမောင်ဘွား လင်သားတို့ကို ချစ်ရသော အချစ် ထက် ပိုမိုလေးနက်လှကြောင်းကိုသူသိရပါသည်၊ "သားတို့ရုပ်ရည် သီတာမည်သား ရေကြည်ချမ်းမြ တပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်း" ဆိုသော စကား၏ အဓိပ္ပါယ်ကို သူ လက်တွေ့

သဘောပေါက်ခဲ့ရသည်၊ သူသည် သားကို ချစ်၏၊ ခင်၏၊ တွယ်တာ၏၊ မြတ်နိုး၏၊ သူ့မျက်စိအောက်ကပင် အပျောက် မခံနိုင်ပါ။

သား၌ချစ်သော သူ၏အချစ်သည် အရေ–အကြော–အသား အရိုးတို့ကို ထွင်းဖောက်၍ ခြင်ဆီအထိပင် စွဲလျက် ရှိပါသည်၊ ကိသာဂေါတမီသည် သားဦးကလေးမို့ ချစ်မဝ နိုင်တော့ပါ၊ ယုယ ပိုက်ထွေး ကျွေးမွေးရသည်ကိုလည်း သူ မမောနိုင်ပါ၊ ကြီးမားလှသော မိဘမေတ္တာ၏ စံချိန်သစ်ကို တင်နေသူမှာ ကိသာဂေါတမီပင်ဖြစ်ပါသည်။

သားသား ကလေးတွင် အအေးပတ်၍ နှာစီး ချောင်းဆိုး ရောဂါဝင်လာသောအခါ ကိသာဂေါတမီမှာ ထိတ်ထိတ် ပြာပြာ ဖြစ်ခဲ့ရ၏၊ နေ့မအား ညမအား အအိပ်ပျက် အစားပျက်ခံ၍ ပြုစု ရပါသည်၊ သို့သော်–သားသား ကလေးရဲ့ ဝေဒနာမှာ ရော့ မသွားဘဲ တိုး၍သာလာပါသည်၊ ကိသာဂေါတမီ ခမျာ ပို၍ ရင်ခုန်လာရပါသည်၊ မနေမနား ပြုစုသည့်ကြားမှ သူငယ်နာ ငန်းဖမ်းရောဂါ ဝင်လာပြီး သားသားကလေး တက်သွားပါ တော့သည်။

ဆေးဆရာ အမျိုးမျိုးတို့ဖြင့် ကုသပါသော်လည်း သူ့သား အသက်ကို သူပြန်မရတော့ပါ၊ ချစ်ရတာမှ မကြာ သေးသည့် သားကလေးအတွက် ကိသာဂေါတမီ မည်သို့ဖြေနိုင်ပါမည်နည်း၊ သူသည် အိပ်မရတော့ပါ၊ စားမဝင်တော့ပါ၊ နေမထိ ထိုင်မထိ မချိပူပြင်း သောက ပရိဒေဝတို့၏ အညှဉ်းဆဲခံဘဝသို့ ရောက်ခဲ့ ရပါတော့သည်။

"ဟေ့-ငါ့သားကို မမြှုပ်ကြနဲ့၊ ငါ့ရှင်အောင်ပြန်ကုမယ်"။

ကိသာဂေါတမီသည် သုသာန်သို့သွားရောက် မြှုပ်နှံမည့်သူများလက်မှ သားသေကို ဆွဲလုလိုက်ပြီး အိမ်ထဲမှ တဟုန်ထိုး ပြေးထွက်ခဲ့လေသည်။

"ငါ့သား မသေရဘူး၊ ငါ့သား ပြန်ရှင်နိုင်တဲ့ ဆေးကို ငါရအောင်ရှာမယ်"။

ကိသာဂေါတမီ၏ ဆံပင်များမှာ ဖရိုဖရဲ ပြန့်ကြဲ၍ကျနေ၏၊ အင်္ကျီတွင်လည်း ကြယ်သီး မရှိတော့ပါ၊ တတောင်ဆစ်နှင့် ညှပ်ထားသော ထမီမှာလည်း ကျွတ်မကျရုံသာ ရှိတော့၏၊ ချိုင့်ဝင်နေသော မျက်တွင်းများအတွင်းမှ နီသောမျက်လုံးကို တွေ့ရ၏၊ မျက်ရည်အယဉ်များ တသွင်သွင် စီးဆင်းနေ၏၊ ပါးစပ်မှလည်း ပြောချင်ရာပြောနေ၏။

"ဒီမှာ ဦးဦး-မသေဆေး တခွက်လောက် မစပါ-! ဒီမှာ-ဒေါ်ဒေါ်-မသေဆေး တခွက်လောက်မစပါ"။

"ဟဲ့ ငါ့တူမ-အသက်ပြန်ရှင်တဲ့ မသေဆေးဆိုတာ ဘယ်မှာရှိနိုင်ပါ့မလဲကွယ်၊ ငါ့တူမ တရားနဲ့ဖြေမှပေါ့"။

"ဟုတ်ပါဘူး-ရှိမှာပါရှင်"။

"ဒီမှာ အစ်ကိုကြီး-မသေဆေး တခွက်လောက်မစပါ၊ ဒီမှာ အမကြီး-မသေဆေးတခွက်လောက် မစပါ"။

"ဟယ်-ဒီကောင်မက အသက်ပြန်ရှင်တဲ့ မသေဆေး ဆိုတာ နင်ဘယ်တုန်းက ကြားဘူးသလဲ၊ ကြံကြံဖန်ဖန် ပေါက်ပေါက်ရှာရှာ နင်ရူးနေပြီနဲ့တူတယ်၊ သွား-သွားစမ်း"။

"အော်-ရှင်တို့က ဒုက္ခရောက်သူကို ကူညီဖော် မရတဲ့အပြင် ဝေါက်လား-မန်လားနဲ့ ဒီမှာ-ရှင်တို့မပေးရင်လဲ အရေးစိုက်

စရာမလိုပါဘူး၊ ပေးတဲ့လူကို လိုက်ရှာမယ်၊ရှာမယ်-မရရအောင် ရှာမယ်”။

စိတ်ခေတ်၏ တည်ငြိမ်မှုကို မရရှိသေးသော ပုထုဇဉ်တို့မှာ လောကဓံ၏ ဖိနှိပ်မှုကို ခံနေရဦးမည်သာဖြစ်သည်။

ကိသာဂေါတမီသည် သားသေအတွက် ရတက်မီးတောက်၍ ဖောက်ပြန်သောစိတ်၏ လှည့်စားချက်ကို ခံနေရချေပြီ၊ သူ့ကို အရူးလို့ ဆိုရမည်လား၊ အကောင်းလို့ ဆိုရမည်လား၊ သူသည် စင်စစ် အရူးမျိုးရိုးမှ ပေါက်ဖွားလာသော အရူးဗီဇ မကင်းသေးသည့် နုတလှည့် ကြမ်းတလှည့် အရူးမတယောက်ပင် ဖြစ်ချေသည်၊ သားဟု စွဲလမ်းဖောက်ပြန် ယူဆထားသော အမှတ်သညာကြောင့် သူသည် သားရှိသည်ဟု ထင်နေ၏၊ သားဟူသော ပညတ်၏ အရင်းအမြစ် တကယ်အရှိ ဖြစ်သော ပရမတ္ထ ရုပ်နာမ်နှင့် ထိုရုပ်နာမ်တို့၏ ဖောက်ပြန်တတ်သော သဘော အမှန်ကို မမြင်၊သားသေတမန်က ပြောပြနေသော သေရခြင်း၏ ဒုက္ခတရား အမှန်ကိုလည်း သူမထင်၊ မရှိသည်မှာ ပညတ်သား၊ ရှိသည်မှာ ရုပ်နာမ် ပရမတ္ထတရား၊ သူသည် မရှိကို အရှိ-အရှိကို မရှိ လုပ်နေသော အကန်းစာရင်းဝင် တယောက်ပါတကား။

“အို-အရပ်ကတို့၊ ကျွန်မကို သနားလျှင် မသေဆေး ပေးကြပါ”။

သနားတတ်သော လူကြီးတဦးက သားသေမိခင်ကို စိုက်ကြည့်နေမိ၏၊ “အော်-ကလေးမနှယ် သနားစဘွယ်ပါ တကား၊ ဒီလိုသာ မရနိုင်တဲ့ ဆေးကို ရှောက်တောင်းနေလျှင် သောက ကျွမ်း၍ သေလမ်းသွားရချေတော့မည်၊ သူ့ကို တမျိုးဆွဲဆောင် ရလျှင် ကောင်းမှာဘဲ”။

"ဟေ့–ကလေးမ–ကလေးမ"။

"ရှင်–ဦးလေး၊ ကျွန်မခေါ်သလား"။

"အေး–အေး၊ လာပါအုံးကွယ် တူမရယ်၊ ငါ့တူမ ကြည့်ရတာလဲ အပူဖုံးလို့ လူလုံးတောင် မလှတော့ဘူး၊ လာ ဒီမှာ ထိုင်အုံး ငါ့တူမ"။

"ကဲ–ဦး၊ ဆေးပေးရင်ပေး၊ မပေးရင် ကျွန်မ ကြာကြာ မနေနိုင်ဘူး၊ ကျွန်မသား မြန်မြန် အသက်ရှင်ဘို့က အရေးကြီးနေတယ်"။

"ထိုင်သာ ထိုင်ပါ၊ ငါ့တူမ လိုချင်တဲ့ဆေး ဦးလေး ပြောပါ့မယ် မပူပါနဲ့"။

"ဟာ– ဝမ်းသာလိုက်တာ ဦးရယ်၊ သူများတွေက ကျွန်မကို အော်လား ငေါက်လားနဲ့၊အရူးမလို့ ပြောတဲ့ လူကလဲ မရှားဘူး၊ ဒါ့ကြောင့် ကျွန်မကတော့ ဒီဆေး တနေရာရာက ကိန်းသေ ရမှာဘဲလို့ တွက်ပြီးသားပါ၊ဟိုလူတွေ အလကား မကောင်းဘူး၊ မေတ္တာကင်းတဲ့ လူတွေ"။

"ကဲ–ပေးလေ ဦး–ကျွန်မသားလေး အသက်ရှင်တာ မြင်ချင်လှပြီ"။

"ဒီမှာ ငါ့တူမ၊ ဦးပြောမယ်၊ အခု ဦးမှာတော့ ငါ့တူမ လိုချင်တဲ့ဆေး မရှိဘူး"။

"ဟင်"။

"အော်–ငါ့တူမကလဲ၊ ခက်လိုက်တာ၊ ဆုံးအောင် နားထောင်အုံးမှပေါ့"။

"ဟုတ်–ဟုတ်ကဲ့"။

"ငါ့တူမ လိုချင်တဲ့ဆေးရှိတဲ့ နေရာကို ဦး လမ်းညွှန်လိုက်မယ်၊ ဒီလမ်းအတိုင်း တောင်ဘက်ကို လျှောက်သွားရင် ဇေတဝန်ကျောင်းတော်ကို ရောက်လိမ့်မယ်၊ ကျောင်းထဲကို ငါ့တူမ ဝင်သွား၊ ဗုဒ္ဓဆိုတာ ဘယ်ဟာလဲလို့ မေးပြီး ငါ့တူမ လိုချင်တဲ့ ဆေးကိုတောင်း၊ ငါ့တူမ ကိန်း သေရစေ့မယ် ကြားလား"။

"ဟုတ်ကဲ့"။

"သိပ် ကျေးဇူးတင်တာဘဲ ဦး၊ ကိုင်း-ကျွန်မ သွားလိုက်ပါ အုံးမယ်"။

"အေး-အေး၊ ကောင်းပြီ တူမရေ-သွားပေတော့"။

ဇေတဝန် ကျောင်းတော်ကြီးမှာ မီးရှူး မီးတိုင် အရောင်တို့ဖြင့် ထိန်ထိန်လင်းနေ၏၊ လူတယောက်မျှ မရှိဟု ထင်ရလောက်အောင် တိတ်ဆိတ် ငြိမ်သက်လျှ၏။

ကိသာဂေါတမီသည် မဝင့်ဝံ့ ဝင့်ဝံ့နှင့် ချီတုံချတုံ ဖြစ်နေ၏၊ သားအမြန် ပြန်ရှင်မှုမှာ သူ့အတွက် အရေးအကြီးဆုံး ဖြစ်နေသဖြင့် အရဲစွန့်၍ ဝင်လိုက်တော့သည်။

ညဥ့်ဦးယာမ် အချိန်ဖြစ်သဖြင့် လူပရိသတ် များများမရှိ၊ တယောက်စ နှစ်ယောက်စသာ တွေ့ရ၏၊ ရဟန်းတော်များမှာကား ကျယ်ဝန်းသော ကျောင်းတော်ကြီးတခုလုံး ပြည့်နေ၏၊ သို့သော် ချောင်းဟန့်သံ ချီသံမျှပင် မကြားရအောင် တိတ်ဆိတ် ငြိမ်သက်လျက် ရှိပါသည်။

"ဗုဒ္ဓ ဆိုတာ ဘယ်ဟာပါလဲ ဘုရား"။

ကိသာဂေါတမီက အပေါက်ဝနားရှိ ရဟန်းတော်များကို အရဲစွန့်၍ မေးလိုက်သည်။

"အို-ဒကာမလေး၊ ဟောဟို ပလ္လင်ပေါ်မှာ ထိုင်နေတော်မူတာဟာ ဗုဒ္ဓဘဲ"။

"ဒါဖြင့် ခေတ္တဝင်ခွင့် ပေးပါဘုရား"။

ကိသာဂေါတမီသည် ဗုဒ္ဓနှင့် နီးနိုင်သမျှနီးအောင် အဝင်းတိုး၍ ဝင်ခဲ့သည်။

"ရှင်တော် ဗုဒ္ဓဘုရား-တပည့်တော်မကို သနားသော အားဖြင့် မသေဆေး ပေးသနားတော်မူပါဘုရား"။

ကိသာဂေါတမီ၏ ထူးဆန်းသော ပြုမူချက်ကို အချို့ ရဟန်းတော်များက အံ့အားသင့်စွာ ကြည့်နေကြသည်၊ ဒီကလေးမလေးနှယ် မဖြစ်နိုင်တာကို ဘာ့ကြောင့် တောင်းလေသနည်း။

ဗုဒ္ဓသည် ကိသာဂေါတမီ၏ အဇ္ဈာသယကို သိ၍ သူ့ဘဝလွတ်မြောက်ရေးအတွက် အကောင်းဆုံး နည်းလမ်းကို ရွေးချယ်တော် မူလိုက်သည်။

"အို-ချစ်သမီး ကိသာဂေါတမီ၊ သင်လိုသော ဆေးကိုငါပေးအံ့၊ လူ မသေဘူးသော အိမ်မှ မုန်ညင်းဆန် တလက်ဆုပ်လောက်ရအောင် ရှာကြံ ယူဆောင်ခဲ့လော့"။

"ဝမ်းသာလှပါသည် ဘုရား၊ ထိုအရာကို တပည့်တော် မရရအောင် ရှာခဲ့ပါအံ့"။

ကိသာဂေါတမီသည် ဤအချိန်အထိပင် သစ္စာတမန်တို့၏ အရိပ်အကဲကို နားမလည်သေးချေတကား၊ လောကတွင် မသေဆေး ဆိုသည်မှာ မရှိသော အရာဟူ၍ သူ မတွေးတတ်အောင်ပင် ရှိသေး၏။

ကိုသာဂေါတမီသည် မသေဆေးဖော်ရန် မုန်ညင်းဆန် ရရှိရေးအတွက် သွားသေကိုပိုက်၍ ပြေးခဲ့ရပြန်ပါသည်၊ ညဉ့်နက်လာပြီဖြစ်သဖြင့် မြို့တွင်းမှာ တိတ်ဆိတ်စ ပြုလျက် ရှိနေပြီ၊ ခွေးဟောင်သံများနှင့် အတူ ကိုသာ ဂေါတမီသည် တအိမ်တက် တအိမ်ဆင်း လုပ်နေရပါသည်။

"အိမ်ရှင်တို့–ကျွန်မကို မုန်ညင်းဆန် တလက်ဆွမ်းလောက် ပေးကြပါ"။

"ရမယ်–ရမယ်၊ ငါ့တူမ ရော့ရော့"။

"နေပါအုံးရှင်...အဒေါ်တို့ အိမ်မှာ လူများ သေဘူးခဲ့သလား"။

"ဟယ်–ငါ့တူမ ဘယ့်နှယ် ပြောပါလိမ့်၊ သေဘူးတာပေါ့ကွဲ့"။

"ဒါဖြင့်ရင်လဲ ရှိပါစေတော့၊ ကျွန်မ ရှေ့ရှောက် ရှာလိုက်ပါအုံးမယ်"။

အိမ်ပေါက်စေ့သာ လျှောက်ခဲ့ရသည်၊ သူလိုချင်သော မုန်ညင်းဆန်ကိုမရပါ၊ ညဉ့်မှာလည်း တဖြည်းဖြည်း နက်၍ နက်၍ သာလာသည်။

"အော်–ဒုက္ခ ဒုက္ခ–ငါရောက်ခဲ့တဲ့ အိမ်တွေလဲ မနည်းတော့ပါဘူး၊ ငါ့သားသာ သေတာမဟုတ်၊ အိမ်တိုင်းမှာ လူတွေသေကြတာပါကလား၊ဒီလိုမြို့တိုင်း ရွာတိုင်း တိုင်းပြည်တိုင်း သေကြမှာဘဲ၊ အားလုံး သေကြသလို ငါလဲဘဲ သေရမှာပါကလား၊ သေမှုနဲ့ မကင်းနိုင်တဲ့ လောကကြီးပါကလား၊ မဖွယ် မရာကို ရှက်စရာ ငါလုပ်မှားမိချေပြီ၊ မသေဆေး ဆိုသည်မှာ မရှိနိုင်သည့်အရာပါကလား၊ငါ ရှာလို့ မည်သို့ရချေမည်နည်း"။

သူသည် မသေဆေးရှာခဲ့ခြင်းမှ မှန်ကန်သော အတွေ့အကြုံ အသိဉာဏ်ကို ရခဲ့ပါပြီ၊ သူ့စိတ်မှာ သစ္စာတမန်များ ခိုနားရောက်ရှိနေပါပြီ။

သား–သား–သားဆိုတာကော ဘယ်မှာရှိသလဲ၊ ငါ့စိတ်က မှည့်ခေါ်ထားလို့ သူဟာ ငါ့သားဖြစ်နေတာ၊ ငါ့မှာ သားမရှိတော့ဘူး သွား–"။

ကိသာဂေါတမီသည် တကယ်မရှိသော ပညတ်သား၏ ရုပ်အလောင်းကို တောထဲမှာ စွန့်ပစ်ခဲ့၍ ပရမတ္ထသစ္စာကို ရင်မှာပိုက်ပြီး ဗုဒ္ဓထံသို့ အမြန်ပြန်လာခဲ့ပါတော့သည်။

သူသည် ဗုဒ္ဓရှေ့မှောက်တွင် ခပ်ရှက်ရှက်နှင့် ထိုင်လိုက်ပြီး.... ဦးအကြိမ်ကြိမ် ချနေမိပါတော့သည်။

"ချစ်သမီးကိသာဂေါတမီ–အသို့နည်း၊ မုန်ညင်းဆန်ကို ရခဲ့လေသလော"။

ဗုဒ္ဓက သိလျက်နှင့် ဖြေစေချင်၍ မေးတော်မူလိုက်သည်။

"ဘုန်းတော် ကြီးတော် မူသော မြတ်စွာ ဘုရား...ဘုရားသမီးရဲ့ မိုက်မှားမှုတွေကို ခွင့်ပြုတော်မူပါ၊ သမီး အမြင်မှန်ရပါပြီ၊ ဘုရာ့သမီးကို ဒုက္ခမီးထဲမှ ကယ်တင်တော်မူပါဘုရား"။

"ချစ်သမီး ကိသာဂေါတမီ၊ သင်သည် ငါ့၌ သာလျှင် သားငယ်သေဆုံးဘိသည်ဟူ၍ အောက်မေ့ မှတ်ထင်သလော၊ သတ္တဝါတို့အား ဤသေလွန်ခြင်း သဘောတရားသည် အမြဲ နိစ္စထာဝရသာတည်း၊ မပြတ်ရိုက်ခုန် တဟုန်တည်း စီးဆင်းနေသော ကြီးစွာသောရေအယဉ်ကဲ့သို့ သေမင်းသည် မပြည့်စုံ နိုင်သော အလို အဇ္ဈာသယရှိကုန်သော သတ္တဝါ အပေါင်း တို့ကို ဆွဲငင်

ယူဆောင်၍ အပ ါယ်လေးပ ါး တည်းဟူသော မဟာသမုဒ္ဒရာ၌ ထည့်သွင်း၍နေချေသည်တကား”။

ကိသာဂေါတမီသည် သမ္မုတိသစ္စာနယ်ပယ်ကို ထွင်းဖောက်၍ အရိယာသစ္စာနယ်ထဲသို့ ရောက်ခဲ့ပါပြီ၊ သောတာပန် အဆင့်ဖြင့် နိဗ္ဗာန်၏ မုခ်ဦးထဲသို့ သူဝင်နိုင်ခဲ့ပါပြီ။

ဖန်ဝါသက်န်း ဆင်မြန်းထားသော ကိသာ ဂေါတမီ၏ အသွင်မှာ ငြိမ်းအေးသော လက္ခဏာကို ဆောင်နေ၏၊ အခု သူသည် ရှုတ်ထွေးလှသော လူ့ဘောင်ကို ခွါရှောင်၍ ဘိက္ခုနီ ရဟန်းမဘောင်သို့ ရောက်ရှိနေပါပြီ။

ကိသာဂေါတမီထေရီမသည် သိမ်ထဲတွင် ထွန်းညှိထားသော ဆီမီးတိုင်ကို သဘာဝကျသော အကြည့်ဖြင့် ကြည့်နေမိ၏။

“ဤ ဆီမီးလျှံကဲ့သို့ပင် သတ္တဝါတို့သည် ဖြစ်ပျက် နေကြ ကုန်၏၊ နိဗ္ဗာန်ရောက်ပြီးသူတို့သာ အဖြစ်အပျက်ကို လွန်မြောက် နိုင်ကြလေသည်တကား”။

ဗုဒ္ဓသည် ကိသာဂေါတမီ၏ရှေ့တွင်ထိုင်နေသကဲ့သို့ ဩဘာသ ရောင်ခြည်တော်ကို ကွန့်မြူး၍ ကိသာဂေါတမီအား နိဗ္ဗာန် ထုတ်ချောက် အရောက်သွားသည့် နည်းကို ညွှန်းတော်မူလိုက် သည်။

“ချစ်သမီးကိသာဂေါတမီ၊ အကြင်သူသည် ၄ စုတိချုပ်ကြွေ သေလွန်ခြင်း ကင်းသော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့ စံရာ အမှန် ပြည်နိဗ္ဗာန်ကို ကြည့်ရှုထင်ထင် မသိမြင်ဘဲ အနှစ်တရာ မြင့်ရှည်စွာသော ကာလပတ်လုံး အသက် ရှည်နေရသော်လည်း မမြတ်သည်သာတည်း၊ နိဗ္ဗာန်ကို ကြည့်ရှုထင်ထင် သိမြင်သော သူ၏ တရက်မျှ အသက်ရှည်ရခြင်းသည်သာ မြတ်လှစွာ၏”။

ကိသာဂေါတမီသည် ဘဝသံသရာ တလျှောက် သူတခါမျှ မရောက်ဘူးသေးသည့် နိဗ္ဗာန်ရွှေမြို့တော်သို့ ပဋိသမ္ဘိဒါလေးပါးနှင့်အတူ ရောက်ခဲ့ရလေပြီ၊ဗုဒ္ဓကိုယ်တိုင် ချီးမြှင့်သော အမြတ်ဆုံးပံ့သုကူဆောင် ဧတဒဂ်ဘွဲ့ထူးကြီးကိုလည်း ဆွတ်ခူးရရှိခဲ့ပါပြီ၊ သူသည် သစ္စာတမန်တို့၏ ပြောပြချက်ကို တကယ် နားလည်သဘောပေါက်ခဲ့ချေပြီတကား။

———

# နိဂုံး

လောက၏အလှနှင့် သဘာဝ ဓမ္မတို့၏ လျှို့ဝှက်ချက်ကို ပယ်လှန်၍ အမှန်တရားကို ဗုဒ္ဓနည်းဖြင့် ရှာကြံ ဖော်ပြခဲ့သော ဤ "သစ္စာတမာန်"သည် ၁၃၃၄ ခုနှစ် တပို့တွဲလဆန်း ၁၀–ရက် (၁၂–၂–၇၃) တနင်းလာနေ့ည ၉–နာရီ အချိန်တွင် နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့ပါပြီ။

"လက်ဦးဆရာ မည်ထိုက်စွာသား ပုဗ္ဗာစရိယ မိနှင့်ဘ" ဟု ဓမ္မပညာရှင်များက သားသမီးတို့၏ ပုဗ္ဗာစရိယ (လက်ဦးဆရာ) ကို ရှာပြတော်မူခဲ့ကြ၏၊ သစ္စာတမန်၏ ပုဗ္ဗာစရိယကို ညွှန်ပြပါ ဆိုလျှင် ဗုဒ္ဓကိုပင် ညွှန်ပြလိုပါသည်၊ ထိုဗုဒ္ဓမှ အဆင့်ဆင့် ဆင်းသက်တော်မူလာကြသော လက်ရှိခန္ဓာအစဉ်ကို လှပတင့် တယ်အောင် ပြင်ဆင်မွမ်းမံ ပေးခဲ့ကြသည့် ပစ္စက္ခဆရာများကို လည်း သစ္စာတမန်က သတိရ မှတ်တမ်းတင်လိုပါသည်။

(၁) မြောင်းမြမြို့၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် ဇေယျ မေဒနီ ဆရာတော် ဦးပဏ္ဍိတ၊

(၂) မိဘတမျှ ကျေးဇူးကြီးလှသောလပွတ္တာမြို့နယ် ပကိုတ် ကလေး ဆရာတော် ဦးသုမန၊

(၃) မြောင်းမြမြို့နယ်၊ ဒေါင့်ကြီးဆရာတော် ဦးတေဇဝန္တ၊

(၄) မြောင်းမြ မြို့နယ်၊ ချောင်းကွဲကြီး ဆရာတော် ဦးစန္ဒောဘာသ၊

(၅) မြောင်းမြမြို့၊ ဇေယျမေဒနီ တိုက်အုပ် ဆရာတော် ဦးကုဏ္ဍလ (ပျံလွန်)

(၆) ရန်ကုန်မြို့၊ ဗားကရာတောရတိုက်၊ စာချဆရာတော် ဦးဝဇိရဗုဒ္ဓိ၊
(၇) မန္တလေးမြို့၊ တောင်ထီးလင်းတိုက်၊ ဇောတိကာရုံ ဆရာတော် ဦးကုသလဗုဒ္ဓိ၊
(၈) မန္တလေးမြို့ မစိုးရိမ်တိုက်၊ စာချ ဆရာတော် ဦးစန္ဒောဘာသ၊
(၉) မန္တလေးမြို့ ငွေတောင်တိုက် စိန်သုခနှင့် ကျော်ဇေယျ အုန်းပကျောင်း ဆရာတော် ဦးဇာဂရ စသည်တို့မှာ သစ္စာတမန်၏ ပစ္စက္ခဆရာများ ဖြစ်ကြပါသည်။

"ဆရာ သင်ပေးသော အတတ်ကို ပြု၍ ရသော ဥစ္စာသည် ဆရာပေးသော ဥစ္စာပင် ဖြစ်၏"ဟု ရှင်မဟာဗုဒ္ဓဃောသဆရာက ပါထိကဝဂ္ဂအဋ္ဌကထာ သိင်္ဂါလသုတ်တွင်ဖွင့်ပြ၏၊ သစ္စာတမန်ကို တစုံတခုသော အတိုင်းအတာဖြင့် သူတော်သီတို့၏ မျက်မှောက် ရောက်အောင် ပြသနိုင်ခဲ့သည်မှာလည်းသစ္စာတမန်၏ ဆရာများ အစွမ်းပင် ဖြစ်ပါသည်။

သို့သော် သစ္စာတမန်တို့ မှားမည်းများမှာကား ထိုဆရာတို့၏ မှားမည်းများမဟုတ်၊ အားနည်းသော အသိဉာဏ်ကြောင့် ဖြစ်ရသည့် သစ္စာတမန် တဦးတည်း၏မှားမည်း အပြစ်သာ ဖြစ်ပါသည်၊ ဤသို့သော မှားမည်းများကို တွေ့ရှိပါက သူတော်သီတို့က သစ္စာတမန်၏ အားနည်းချက်ကို ခွင့်လွှတ်၍ အားသစ် ဖြည့်တင်း ပေးကြပါရန် အနူးအညွတ် တောင်းပန်လိုပါသည်။

ရေဝတီတိုင်း လပွတ္တာမြို့နယ်၊ ပကိတ်ကလေးရွာ အဘ ဦးဘိုးရ (ကွယ်လွန်) အမိ ဒေါ်မြတင်တို့အား ဘဝတကွေ့မှာ

ဇူလိုင်လ ၁၂၅-၁၆

ဆုံတွေ့ခဲ့ရသော အနန္တ ကျေးဇူးရှင်များအဖြစ် သစ္စာတမန်က ထုတ်ဖော် မှတ်တမ်းတင်လိုပါသည်။

ဘာသာရေးပန်းဥယျာဉ်တွင် လန်းပွင့်၍လာသည့်ဤ "သစ္စာတမန်" တည်းဟူသော ပန်းအလှဖြင့် အနန္တဂုဏ်ရှင် ထိုထိုသော ဆရာသခင် အပေါင်းတို့အား အစဉ်ရိုးကျိုး ရှိခိုးပန်ထွာ ဆက်ကပ် တင်လှူလိုက်ပါသည် ဘုရား။

ဤမည်သော "သစ္စာတမန်" ပန်းအလှကို သူတေသီ တို့အား ဆင်မြန်းပေးရသော စေတနာကမ္မကြောင့် စိတ်၏ အလှသရဖူကို အမြန်ဆုံး ဆောင်းနိုင်သူ ဖြစ်ရလိုပါ၏၊ သစ္စာတမန်ကြောင့် ရရှိမည့် ခံစားခွင့် မှန်သမျှကို သတ္တဝါ အမည်ခံသူ အားလုံး အတွက် ပေးဝေပါ၏၊ ညီတူညီမျှ ရရှိခံစား နိုင်ကြပါစေကုန် သတည်း။

စကြဝဠာအနန္တရှိ သတ္တဝါ အပေါင်းတို့သည် အချင်းချင်း စစ်မှန်သော မေတ္တာတရားဖြင့် ပေါင်းကူးဆက်သွယ်ကြလျက် သဟာယအားမြသော ကမ္ဘာသစ်ကြီးကို တည်ဆောက်နိုင်ကြပါစေ၊ သဘာဝဓမ္မတို့၏ အမှန်တရားကို ရှာကြံ၍ ဘဝသံသရာမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းနိုင်ကြပါစေ၊ ဗုဒ္ဓကိုယ်တိုင် ခက်ခဲစွာ ထုတ်ဖော်ခဲ့ရသော သစ္စာဉာဏ် အလင်းရောင်ဖြင့် ကမ္ဘာ၏ အမှောင်ထု မှန်သမျှကို ဖြိုခွဲဖျက်ဆီးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသတည်း။

မြကဝိန် (ဦးကဝိဓဇာဘိဝံသ)
မြေမင်္ဂလာကျောင်း၊စည်ပင်သာယာရပ်၊
မိုးကုတ်မြို့။